

စိန်စိန်
ပန်းချီစံတိုး

## စိန်စိန် [၁၉၂၈–၁၉၇၂]

သာယာဝတီမြို့၌ အဖ လယ်သမားကြီး ဦးမိုးသီး၊ အမိ ဒေါ်ကျီးညိုတို့က ၁၉၂၈ ခု ဇန်နဝါရီ ၁၂ ရက် ကြာသပတေးနေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း ရှစ်ယောက်တွင် အငယ်ဆုံးသမီး ဖြစ်သည်။ ငယ်မည် အပု၊ အမည်ရင်း စိန်စိန် ဖြစ်သည်။

ဦးကျောက်လုံး မြန်မာ မူလတန်းကျောင်း၊ ဆရာကြီး ဦးထွန်းဖေ အစိုးရ အထောက်အပံ့ခံ မြန်မာစာသင်ကျောင်း (သာယာဝတီမြို့)၊ ဘုရားကြီးကုန်းရွာ မြန်မာအလယ်တန်းကျောင်း၊ ဦးသာဇံ မြန်မာ အလယ်တန်းကျောင်း (ဇီးကုန်းမြို့)၊ အေဘီအမ် အထက်တန်းကျောင်း (သာယာဝတီမြို့) များတွင် ဆယ်တန်းအထိ ပညာသင်ယူခဲ့သည်။ ကျန်းမာရေး အခြေအနေကြောင့် ကျောင်းမှ ထွက်ခဲ့ရသည်။

အသက် ၁၁ နှစ်အရွယ်တွင် ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် ကြုံကြိုက်၍ နိုင်ငံရေး စိတ်ဓာတ် မျိုးစေ့ရခဲ့သည်။ ဂျပန်ခေတ် အေဘီအမ် ကျောင်းတွင် ကျောင်းနေရင်း တို့ဗမာ အစည်းအရုံးသို့ ဝင်ကာ နိုင်ငံရေး စတင် ဆောင်ရွက်ခဲ့သည်။ မြို့နယ် အမျိုးသမီးဌာန 'ဒို့ဗမာမမှူး' ဟု ခေါ်သော အတွင်းရေးမှူးအဖြစ် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ရာ 'ရဲရဲတောက် စိန်စိန်' ဟူ၍ အမည်တွင်ခဲ့သည်။ 'တန်းမြင့် စကားရည်လုပွဲ' အဖွဲ့တွင် ဒုဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ အတွင်းရေးမှူး၊ ဗမာ့ဝန်ထမ်းအဖွဲ့ (ယာယီ) အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

စာလုံးများကို ပေါင်းဖတ်တတ်သည့် အရွယ်မှ စ၍ စာနယ်ဇင်းများ ဖတ်ခဲ့သည်။ ၁၂ နှစ်သမီး အရွယ်တွင် ဝတ္ထု ကဗျာများ စတင် ရေးစမ်းခဲ့သည်။ ၁၉၄၇ တွင် အာဇာနည်ကြီးများ ကျဆုံးစဉ် "ဂနိုင်မေ" ကလောင်အမည်ဖြင့် ရေးသည့် 'ခရီး ဆက်ကြပါစို့' လေးချိုးကြီးမှာ ၁၉၄၇ ခု ဇူလိုင်လထုတ် 'တိုင်းရင်းသူဂျာနယ်' တွင် ပါဝင်ခဲ့သည်။ ယင်းမှာ ပထမဆုံး ပုံနှိပ်စာမူပင် ဖြစ်သည်။ စစ်ပြီးခေတ် စာနယ်ဇင်းများတွင် 'ဂနိုင်မေ'၊ 'အထွေး'၊ 'စိန်စိန်' ကလောင်အမည်များဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ စာညွန့်ပေါင်း ၁၀၀ ကျော်မျှ ရေးခဲ့သည်။

**သားလိမ္မာ** (၁၉၅၄)၊ **အောင်နိုင်** (၁၉၆၀)၊ **မြေဓာပြုန်းမှ ဆုံးမှာလားရှင်** (၁၉၆၁)၊ **ချစ်ပြီးချစ်မဟန်** (၁၉၆၂)၊ **လွမ်းသစ္စာတိုင်** (၁၉၆၃)၊ **နင်းသက်ဆယ်ပြန်** (၁၉၆၆)၊ **မလင်းတစ်ဖုံ လင်းတစ်ဖုံ** (၁၉၇၀)၊ **ရိုးမတောင်ကြီးကိုသာ ဖြိုလိုက်ချင်တော့** (၁၉၆၆) စသည့် ဝတ္ထုများ၊ **ခရီးဝက်ပါ** (၁၉၇၀) ကိုယ်တိုင်ရေး ရဟာသန် အတ္ထုပ္ပတ္တိ၊ **သိစေချင်ပါသည်** (၁၉၆၄) ဝတ္ထုတိုပေါင်းချုပ်၊ **သီတာချမ်းမြ** (၁၉၆၃) [မောင်သိခ်နှင့် တွဲ၍]၊ **အရှက်** (၁၉၇၂)၊ ကိုယ်တွေ့ ဝိပဿနာနှင့် ဆိုင်သော **စွန်းလွန်းသောဆေးနည်း** (၁၉၆၂)၊ **ကြုံရွှေးမှ ယုံစေ့ယ** (၁၉၆၂) တို့မှာ ထင်ရှားကြသည်။ 'သားလိမ္မာ' ဖြင့် ၁၉၅၄ ခုနှစ် ရှမဝတစ်ထောင်ဆု၊ 'လွမ်းသစ္စာတိုင်' ဖြင့် ၁၉၅၇ ခုနှစ် ဘားမားစတား ဝတ္ထုရှည်ပြိုင်ပွဲ စာမူဆုနှင့် ၁၉၆၃ ခုနှစ် အနုပညာစာပေဆိုင်ရာဆုတွင် ဝတ္ထုရှည် ပထမဆု၊ 'ရိုးမတောင်ကြီးကိုသာ ဖြိုလိုက်ချင်တော့' ဖြင့် ၁၉၆၆ ခုနှစ် အမျိုးသားစာပေဆုတွင် ဝတ္ထုရှည် စတုတ္ထဆု၊ 'ခရီးဝက်ပါ' ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေဆုတွင် စာပဒေသာဆု ရရှိခဲ့သည်။ 'ခရီးဝက်ပါ' ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ 'ရိုးမတောင်ကြီးကိုသာ ဖြိုလိုက်ချင်တော့' နှင့် 'ခရီးဝက်ပါ' တို့သည် အံ့သြဖွယ် လက်ရာများ ဖြစ်ကြသည်ဟု မလိခက ညွှန်းဆိုခဲ့သည်။

၁၉၇၂ ခုနှစ် ဇွန်လ ၆ ရက် ည ၇:၄၅ နာရီတွင် သာယာဝတီ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

**၂၀၁၆–၂၀၁၈ ထုတ် ရာပြည့်စာအုပ်များ**

၄၃၅။ တက္ကသိုလ်ဝင်းမွှန် ၏ ခေတ်သစ်ကဗျာ မိတ်ဖွဲ့
၄၃၆။ ကိုပညာ (အမရပူရ) ၏ တောင်သမန် အလွမ်းစာများ
၄၃၇။ မောင်ပေါ်ထွန်း ၏ အကြီးအကဲ [THE HAJ by Leon Uris]
၄၃၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ခင်မြင့်ကြီး [ပေါင်းချုပ်]
၄၃၉။ ငွေလင်း ၏ ဤယမုန်
၄၄၀။ ညီမြ ၏ တစ်ကိုယ်တော် [Shane by Jack Schaefer]
၄၄၁။ စိန်စိန် ၏ လွမ်းသစ္စာတိုင်
၄၄၂။ လင်းယုန်နီ ၏ မချော
၄၄၃။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း
၄၄၄။ ကျော်အောင် ၏ လူ့သမိုင်း
၄၄၅။ ရွှေကိုင်းသား ၏ ရှေးခေတ်ပုဂံပြည်နှင့် သမိုင်း စာပေ၊ ယဉ်ကျေးမှု အထွေထွေ
၄၄၆။ မစ္စတာ အိုးနိုတိုးရု (မြန်မာပြန်) ၏ ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ
၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရာဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်
၄၄၉။ မောင်ခင်မင် (ဓနုဖြူ) ၏ အမိတက္ကသိုလ်၏ ရင်ခွင်မှာ
၄၅၀။ မာန်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၅၁။ ဟန်ဝင်းအောင် ၏ ၁၄/၁၅/၁၆
၄၅၂။ သခင်ဘသောင်း ၏ ခြေလေးချောင်း တော်လှန်ရေး
၁၇(ဒု)။ မောင်ထင် ၏ မိုပါဆွန်း ဝတ္ထုတိုများ
၄၅၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ စာဏကျနီတိကျမ်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၅၄။ ထွန်းသစ် (ပြုစုသည့်) တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ပထမအုပ်]
၄၅၅။ သိန်းသန်းထွန်း ၏ ဘယ်ပုန်းချို ရေးလို့မှ မမှီ
၄၅၆။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်
၄၅၇။ ဒေါက်တာလှသော ၏ ပညာပါရမီနှင့် အတွေးအမြင်စာစု
၄၅၈။ ငွေလင်း ၏ ပင်းမြို့သူ
၄၅၉။ ဆရာမာဃ ၏ ပုသိမ်ရာဇဝင်
၄၆၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သုတ္တန္တနီတိကျမ်း
၉၉(ဒု)။ မောင်ထင် ၏ ဝတ္ထုတိုပေါင်းချုပ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သခ်ါ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းခိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲကစစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ

**၂၀၁၈ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၄၆၈။ ထွန်းသစ် (ပြုစုသည့်) တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတီနီတိကျမ်း [ပေါင်းချုပ်]
၄၇၀။ စာတာတော်ပုံ ရာဇဝင်
၄၇၁။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၂။ မော်ဘီဆရာသိန်း ၏ စကားပဒေသာ
၄၇၃။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခေတ်မှ သမိုင်းဝင် ဇေတီပုထိုးများ [၆၇၂–၁၂၄၇]
၄၇၄။ သစ်ဇင်ဦး (မြန်မာပြန်) ၏ မဟာကရုဏာရှင် ဖလောရင့်(စ်) နိုက်တင်ဂေး

ရာပြည့်စာအုပ် ၄၆၇

# ချစ်ပြီးချစ်မာန်

## စိန်စိန်

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်
အမှတ် ၂၆၂ (ခ)၊ ပန်းဆိုးတန်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ – ၂၄၃ ၃၅၁၊ ၀၉၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁ – ၃၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၆၂) ရှမဝစာအုပ်တိုက်
ဒုတိယအကြိမ် – (၂၀၁၈) ရာပြည့်စာအုပ်တိုက်
(အောက်တိုဘာ ၂၀၁၈)
အုပ်ရေ [၇၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

မျက်နှာဖုံး၊ ပန်းချီ
စံတိုး နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး
၃၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## [၁]

လွန်ခဲ့သော တစ်ဆယ့်ခြောက်နှစ်ကျော်က ဖြစ်ပျက် တိမ်မြုပ်ခဲ့သော ဤအိမ်ကြီး၏ အရှုပ်တော်ပုံသည် မကြာမြင့်မီ ကာလတွင်မှ ကျွန်တော်၏ ရှေ့မှောက်ဝယ် အရင်းအမြစ်နှင့်တကွ ရှင်းလင်း ထင်ဟပ်၍ လာခဲ့ရပေသည်။

အထက်ပါ စကားရပ်သည် ကောင်းစွာ ပြည့်စုံ လုံလောက်ခြင်းတော့ မရှိသေးဟု ထင်ပါသည်။ အကြောင်းမှာ ... "ဖြစ်–ပျက်–တိမ်မြုပ်ခဲ့သော" ဆိုရာ၌ ဟိုစဉ်က ကျွန်တော် လုံးလုံးလျားလျား မသိခဲ့သေးသော အကြောင်းအရာ အရင်းအမြစ်၏ တိမ်မြုပ်မှုကိုသာ ဆိုလို၍၊ ထိုအကြောင်းအရာ မူရင်း ဇာစ်မြစ်မှ ကူးလူးဆက်နွှယ်ခဲ့သော အရှုပ်အထွေး အညွန့်အစကလေးများကဖြင့် မတိမ်မြုပ်ရုံသာ မက နေ့စဉ်နှင့်အမျှ ဆိုသလို ဤအိမ်ကြီးအား ဖမ်းစား လှုပ်ချောက်စေခဲ့သောကြောင့် ဖြစ်ပါသည်။

သို့ကြောင့်လည်း ကျွန်တော်က ဤအိမ်ကြီးသို့ ရောက်စမှာပင် ဤအိမ်ကြီးနှင့် ပတ်သက်၍ လျှို့ဝှက် နစ်မြုပ်နေသည့် အခြင်းအရာ တစ်ခုခုများ ရှိလိမ့်မည်လားဟု သံသယရှိခဲ့ရခြင်း ဖြစ်ပါသည်။

အကယ်၍ ကျွန်တော်သာ လည်ပတ် ပါးနပ်သူ၊ စပ်စုတတ်သူ တစ်ယောက် ဖြစ်ခဲ့ပါလျှင်လည်း ဤတိုက်အိမ်အိုကြီးမှ ဤမိသားစု၏ စိတ်မချမ်းမြေ့ဖွယ်၊ ကြေကွဲထိခိုက်ဖွယ်သော ဖြစ်စဉ်ကြောင်းရာများသည် ဤမျှ မြုပ်ကွယ်၍ မနေနိုင်။ အရိပ်အမြွက် ဆိုသလိုတော့ ရှိရမည်ပင် ဖြစ်ပေသည်။ သို့သော် တစ်နည်းအားဖြင့် ဆိုတော့လည်း ကျွန်တော့်အဖို့ ယခုလို အေးနိုင်၊ အ နိုင်လွန်း၍သာ "ကြီးကြီးငွေ" နှင့် သင့်မြတ်၍ ဤတိုက်အိမ်အိုကြီးတွင် ကပ်နိုင်ခဲ့သည် ဖြစ်ရာ၊ အားလုံးသော အကြောင်းအရာတွေကို အစမှ ပြန်ကောက်မှသာ ရှင်းလင်းနိုင်ပေတော့မည်။

*

ကံတရား၏ စေညွှန်းရာသို့ လျှောက်သွားနေခဲ့ရသော ကျွန်တော့်ဘဝခရီး၏ စ တည်ရာ ဌာနမှာ ဘုန်းဘုန်း၏ ကျောင်းတော်ဝိဟာပင် ဖြစ်ပါသည်။ ဘုန်းဘုန်း၏ကျောင်းတွင် ကျွန်တော် မနေထိုင်မီက အရပ်ထဲတွင် ကျွန်တော်တို့တစ်တွေ ဘယ်ပုံ နေထိုင်ခဲ့ရသည်ကိုတော့ ကောင်းစွာ မှတ်သား မိခြင်း မရှိတော့ပါ။ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီ ဆိုသော ကျွန်တော့်မိခင်နှင့် ဖခင်ကိုလည်း ပုံပန်းသဏ္ဌာန်မှ စ၍ ကျွန်တော် လုံးဝ မမှတ်မိတော့ပါပြီ။

ကျွန်တော် သိရသည်မှာ ... ကျွန်တော်သည် ဘုန်းဘုန်း၏ အခြားသော စာသင်သားများနှင့် မတူဘဲ ဘုန်းဘုန်းက အပိုင် မွေးစားခြင်းကို ခံယူထားရသည် ဆိုခြင်းပင် ဖြစ်ပါ၏။

ဘုန်းဘုန်းထံ စာသင်ရသည်မှာလည်း အခြား အခြားသော ဘုန်းကြီးကျောင်းများမှာကဲ့သို့ ဘာသာရေး သင်ခန်းစာများချည်း မဟုတ်ပါ။ ဘုန်းဘုန်းမှာ (ကျွန်တော်တို့ အရပ်အခေါ်) လောကဓာတ်ကျောင်း ခေါ်သည့် အစိုးရ အထောက်အပံ့ခံ အလယ်တန်းကျောင်း၏ ကျောင်းအုပ်ကြီးလည်း ဖြစ်ကာ၊ ကိုယ်တော်တိုင် ဝင်ရောက်သင်ပြနိုင်သော အရည်အချင်းနှင့်လည်း ပြည့်စုံပါသည်။

ကျွန်တော်သည် ဘုန်းဘုန်းကျောင်းမှာပင် တိုင်းရင်းဘာသာ (၇) တန်းမျှထိ သင်ကြား တတ်မြောက်ခဲ့ရပါ၏။ ဤအတွင်းမှာ အမှတ်တရ ဖြစ်လောက်သော အပြောင်းအလဲများလည်း ရှိပါသေးသည်။ အင်္ဂလိပ် အပြေး ဂျပန် အဝင်နှင့်၊ ဂျပန် အပြေး အင်္ဂလိပ် အဝင်တွင် ကျွန်တော်တို့ ဘုန်းဘုန်းကျောင်း၌ စစ်ပြေး အိမ်ထောင်စုများဖြင့် ရှုပ်ထွေး စည်ကား၍ နေတတ်ကာ ပျော်စရာလိုလို၊ စိတ်ညစ်စရာလိုလို ဖြစ်၍ နေရခြင်းပင် ဖြစ်ပါသည်။

ဘုန်းဘုန်းသည် ထိုဒကာ ဒကာမ မိသားစုများ ရှေ့မှောက်သို့ ကျွန်တော့်အား ခေါ်ထုတ် ပြသကာ 'ဒါ ကျုပ်သား သီလဝကလေးပေါ့၊ ကြီးရင်သာ ဘာဖြစ်မယ် မသိတယ်၊ မျက်နှာထားက သိပ်ပြီး ရင့်ကျက်တာဗျ၊ စကားနည်းတာကလည်း လွန်ပါရော' ဟူ၍လည်း ပြုံးရယ်ရွှင်ပျစွာ ပြောဆိုတတ်ပါသေး၏။ ပြီးတော့ ... ခေတ်ကောင်းလျှင် ကျွန်တော့်အား အင်္ဂလိပ်ကျောင်းသို့ ရွှေ့ပြောင်းထားရှိကာ အထက်တန်း ပညာတတ်ကြီး

ရာပြည့်စာအုပ်တိုက်

တစ်ဦး ဖြစ်စေချင်ကြောင်းကိုလည်း သူ၏ လူကုံထံ ဒကာ ဒကာမများ ရှေ့တွင် မကြာခဏ ထုတ်ဖော် ပြောဆိုတတ်ပါသေးသည်။

သို့ရာတွင် ကျွန်တော်၏ ဘဝလမ်းစဉ်အား ပြုပြင် ညွှန်ကြားလျက် ရှိသော ကံကြမ္မာ တစ်ဆစ်ချိုးကွေ့၍ လမ်းပြောင်းပေးလိုက်ပြန်ပါသေးသည်။ တိုတို ပြောရလျှင် ... ဂျပန် အပြေး၊ အင်္ဂလိပ် အဝင် ခေတ်ကောင်းစွာ မငြိမ်မသက်ရသေးမီမှာပင် ဘုန်းဘုန်းဘုရားသည် တိုက်ဖွိုက်ရောဂါ ဖြစ်ကာ မမျှော်လင့်ဘဲနှင့် ရုတ်တရက် ပျံလွန်တော်မူသွားခြင်းပင် ဖြစ်ပါ၏။

ဘုန်းဘုန်းဘုရား ပျံလွန်တော်မမူမီ ဝေဒနာ ခံစားဆဲ အချိန်အတွင်းမှာကား ဘုန်းဘုန်းသည် ကျောင်းတွင် ခိုလှုံနေသော ဒကာ ဒကာမများထဲမှ သူနှင့် ကျွမ်းဝင်ရင်းနှီးသော ရန်ကုန်မှ ဝတ်လုံတော်ရကြီးတစ်ဦး ဖြစ်သူ ဦးသိန်းအား ခေါ်ယူပြီး ကျွန်တော့်ဘဝ ရှေ့ရေးအား တာဝန်ယူပါရန်နှင့် ကျောင်းထားပေးပါရန်ကို အထပ်ထပ် မှာကြားကာ အပ်နှံခဲ့ပါ၏။

သို့ဖြစ်၍လည်း ကျေးဇူးရှင် ဘုန်းဘုန်းဘုရား ပျံလွန်တော်မူပြီးသည်၏ နောက်ပိုင်းတွင် ရန်ကုန်သို့ ပြန်လည် ပြောင်းရွှေ့ကြသော ဦးကြီးသိန်းတို့ အိမ်သားစုနှင့်အတူ ကျွန်တော်သည် ခိုကပ် မှီတွယ်ကာ လိုက်ပါခဲ့ရပြန်တော့သည်။

ထိုအချိန်တွင်ကား ... ကျွန်တော်သည် အသက် ၁၅ နှစ်သို့တိုင် ရောက်ခဲ့ရပေပြီ။ ကျွန်တော်၏ မှီတွယ် ခိုကပ်စရာ ဘဝရိပ်မြုံကား မတည်တံ့သေး။ ဦးကြီးသိန်း (ဝတ်လုံတော်ရ) ၏ အိမ်သို့ ရောက်စမှာပင် ကျွန်တော့်မှာ စိတ်နေ အလွန် ကျဉ်းကျပ်ခဲ့ရသည်။ အကြောင်းကား ... ဘုန်းဘုန်းဘုရား၏ အမှာအတိုင်း ပညာကို ဆက်လက် သင်ကြားပေးသည် ဆိုသော်လည်း သင်ကြားပေးသည် မည်ကာမတ္တမျှသာ ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

ကျွန်တော်သည် မည်သည့်ကျောင်းကိုမျှ နေရခြင်း မရှိခဲ့။ သူတို့အိမ်တွင် ဗာဟီရ လုပ်ကိုင်ရင်းသာ သူတို့၏ သမီးကြီး မမကြီးနှင့် သားကိုကိုတင်တို့၏ ဖြစ်ကတတ်ဆန်း သင်ကြားပေးမှုကို ခံယူရပါသည်။ အင်္ဂလိပ်စာ တတ်မှ လူရာဝင်သည်ဟုပြောကာ အင်္ဂလိပ်စာကိုပါ သင်ယူ

ရသည်ကဖြင့် ဘုန်းဘုန်းကျောင်းမှာထက် သာလွန်ခဲ့ပါ၏။ သို့သော် ... တိုင်းဗုံးကို ဖက်ထားရသူ တစ်ယောက်ကဲ့သို့ ဤ အင်္ဂလိပ်ဘာသာ အချိန်တိုင်းကိုဖြင့် ကျွန်တော် စိုးရွံ့ လန့်ထိတ်မိဆုံး ဖြစ်ပါသည်။

ဦးကြီးသိန်းမှ လွဲ၍ ကျွန်တော့်အပေါ်တွင် ပြေပြစ်စွာ ဆက်ဆံမှု မရှိသလောက် တင်းမာကြသူများ၏ ရှေ့မှောက်ဝယ် အသံကိုမျှ ဝံ့ဝံ့စားစား မထွက်ရဲခဲ့သော ကျွန်တော့်အဖို့ လျှာလိပ်သံ၊ လျှာဖျားသံ ကလေးများနှင့် ရှုရှုညင်ညင် ပွတ်ဆွဲလှုပ်ခါ၍ ပြောရသည်ထင်သော ဤအင်္ဂလိပ်စာလုံး၊ စကားလုံးများက ကြိမ်ဖန်များစွာ အခက်အခဲ တွေ့စေပါသည်။ ဤအခက်အခဲများကို မမကြီးနှင့် ကိုကိုတင်တို့၏ ထန်မာသော မျက်နှာထား ကလည်း နှစ်ဆ ပို၍ ကြီးလေးစေသည်ဟု ထင်မိပါ၏။

'ဖေဖေ့အကောင်က ဘယ်တော့များ သင်လို့ တတ်တော့မှာလဲ ဖေဖေ၊ မမကြီးတို့သာ အာပေါက်တော့မယ်'

'ဟုတ်တယ် ဖေဖေ၊ ခြောက်လလောက် သင်လို့မှ "ရီဒါတူး" မကုန်နိုင်တဲ့ အကောင်ကို ကျွန်တော် စိတ်မရှည်ချင်ဘူး'

သူတို့ မောင်နှမ၏ နှုတ်ဖျားမှ ဤလို စကားသံမျိုးများ ထွက်ပေါ်လာသော အခါမျိုးတွင်မူ ကျွန်တော့်တွင် မည်မျှ အနေကျုံ့၍ သွားရတတ်သည်ကို ပြောမပြတတ်အောင် ရှိပါတော့သည်။ ဤမှတစ်ဆင့် လွန်၍ မာရီသိန်းနှင့် ဂျင်မီသိန်းခေါ် သူတို့၏ ညီငယ် ညီမငယ်ကလေးများကို ခေါ်ပြီးလျှင် ကျွန်တော်နှင့် အပြိုင်သင်ယူ ရွတ်ဖတ်စေကာ၊ နှုတ် လျှာသွက်လှသော ထိုကလေးများ၏ ပြက်ရယ် လှောင်ပြောင်မှုကို ခံယူစေသည်ကဖြင့် ကျွန်တော့် မျက်နှာတွင် သွေးဖြန်းဖြန်းတက်အောင် ရှက်သွေး မွှန်ရတတ်ပါသေးသည်။

မင်းကတော်ကြီး၏ အဖို့မှာ ဆိုလျှင်လည်း ကျွန်တော့်အတွက် ဘယ်သောအခါမျှ မျက်နှာကောင်း မရခဲ့ပါ။ သူ၏ စည်းစနစ်အတိုင်း အိမ်မှုကိစ္စ အဝဝကို ကျွန်တော်က အဘယ်မျှပင် ကြိုးစား၍ ကူညီပေးခဲ့သည် ဖြစ်စေ၊ နဂို နှုတ်နည်းလှသည့် အဖြစ်ကပင်လျှင် သူ့အဖို့ အပြစ်တစ်ခု ဖြစ်နေခဲ့ပါသည်။ သူကား ဝတ်လုံတော်ရကတော် ပီပီ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သွက်သွက်လက်လက် ပြောရဲဆိုရဲမှ ကြိုက်တတ်သူပါပေ။ သို့ကြောင့်ပင်လည်း ဟုတ်တာ မဟုတ်တာကို အပဲထား၍ ရဲရင့် ဝံ့စားစွာ

ဖြန်းဖြန်းကွဲ ပြောဆိုလေ့ ရှိကြသော သူ၏ သားသမီးများက အပြစ် တစ်စုံ တစ်ခု ရှိတိုင်း ကျွန်တော့်အား ပုံချလာသော အခါများတွင် ကျွန်တော်၏ မှန်ကန်တိကျသော ခုခံကာကွယ်မှုတို့မှာ အချည်းနှီးပင် ဖြစ်ခဲ့ရတတ် တော့သည်။

ဤလို အခါမျိုးတိုင်းမှာပင် ကျွန်တော်က တစ်ယောက်တည်း ရှိုက်ငင် ငိုကြွေးခဲ့ရသည်။ ကျွန်တော်၏ မျက်နှာငယ်လှသော ဘဝ အခြေ အနေအား အသက်ဝိညာဉ် ကင်းမဲ့ခဲ့ပြီ ဖြစ်သော ဘုန်းဘုန်းဘုရားက တမလွန်ဘဝမှနေ၍ သိမြင်သွားလေမည်လား ဟူ၍ပင် ပေါက်ပေါက် ရှာရှာ စိုးရိမ်ဝမ်းနည်းမိပါသေး၏။ ယုတ်စွအဆုံး ဘုန်းဘုန်း လာရောက် ပြုပြင်ပေးနိုင်မည် မဟုတ်တော့သော ကျွန်တော်၏ မရေရာလှသည့် ဘဝ အား ဘုန်းဘုန်း၏ သင်္ချိုင်းတော် ရှေ့မှောက်မှာပင် အရိပ်အယောင် ပြလိုစိတ် မရှိသည်အထိ ဖြစ်ပါသည်။ ကျွန်တော့်ဘဝနှင့် ကျွန်တော် ဖြစ်ပျက် ကြုံတွေ့လေသမျှအား အတတ်နိုင်ဆုံး ခံနိုင်ရည်ရှိအောင်သာ ကြိုးစား အားထုတ်ရပါတော့၏။

ကျွန်တော်၏ အနွံအတာ ခံနိုင်မှုကို ဦးကြီးသိန်း တစ်ယောက်က တော့ အသိအမှတ်ပြုမိပုံ ရပါသည်။ သို့သော် ... သူလည်း သံဃာအားကို ဘုရား မဆန်သာ ဖြစ်ရဟန်တူပါသည်။ သို့ဖြစ်၍ပင် တစ်နှစ်တာနီးပါးမျှ သူတို့အိမ်တွင် ကျွန်တော် အနေကြာခဲ့ပြီးသည်၏ နေ့တစ်နေ့တွင် ဦးကြီး သိန်းသည် စာတိုက်မှ ရောက်လာသော စာတစ်စောင်ကို ဖောက်ဖတ်ရာမှ– 'မင်းကို မင်းနဲ့ အင်မတန် သင့်လျော်မယ့် နေရာတစ်နေရာကို အပ်နှံပြီး နေရာချထားပေးမယ်၊ တို့ စီမံရာကို မင်း နာခံနိုင်မလား' ဟူ၍ အမေးရှိလာ ပါတော့သည်။

ကျွန်တော့်အဖို့ကား စဉ်းစားရန်ပင် မလိုခဲ့။ ကျွန်တော်၏ စိတ် ဓာတ်ဝယ် "ဖြစ်ချင်ရာဖြစ်" ဟူသော ဂါထာဆောင်ပုဒ်သည် ဦးမခံ ဖွမရွတ် ဘဲနှင့်ပင် စွဲမြဲပြီးသား ရှိခဲ့လေပြီ။ သို့ဖြင့် 'ဒေါ်ငွေခင်တို့ဟာ အလုပ်မရှိဘဲ တောင် တစ်သက်လုံး ထိုင်စားလို့ မကုန်နိုင်တဲ့ သူဌေးတွေပဲ၊ ဒေါ်ငွေခင်နဲ့ မင်းနဲ့တော့ သိပ်ကိုက်မှာပါကွာ' ဆိုသော ဦးကြီးသိန်း၏ ထပ်မံ နှစ်သိမ့် ပေးခြင်းကို ခံယူလျက် မသိဖူးသော၊ မရောက်ဖူးသော အရပ်တို့ကို ရမ်းဆ တွယ်ဖက်လိုက်ရခြင်းဖြင့် ထူးခြားပွေလီသော တိုက်အိမ်အိုကြီး၏ အရိပ်ကို ခိုဝင်ခဲ့ရခြင်း ဖြစ်ပါသည်။

သူ့ဝင်း သူ့ခြံဖြင့် ကျယ်ကျယ်လွင့်လွင့် ရှိကာ နေခင်းထိုင်ခင်း သာယာဟန် ရှိသော မြို့ကလေး၏ မြို့စွန် ရပ်ကွက်သို့ ဝင်မိသည် ဆိုလျှင်ပင် ဆန့်ကျင်ဘက် မြင်ကွင်းနှစ်ခုက ကျွန်တော့်စိတ်ကို ဆွဲငင် လှုပ်ရှားစေခဲ့ပေသည်။

ကျွန်တော်တို့ လျှောက်လာခဲ့သော ပေ ၅၀ မြေနီလမ်းကလေး၏ လက်ဝဲဘက် ခြံကြီးကား ရေးရမည်ပင် စိတ်ပျက်စဖွယ် ရှိလှသည်။ ခြံစည်းရိုး ကာထားသော ပုဏ္ဏရိက်ပင်များမှာ အတိုအရှည် အထူအပါး မညီမညာ ရှိနေသည့်ပြင် ခြံအတွင်းဘက်ဆီမှာလည်း မြက်တော စုတ်စုတ် ချုံပုတ် ရိုင်းရိုင်း နှင့် လူသူမနီးသည့် သုသာန် တစပြင် နီးပါးမျှ ပစ်စလက်ခတ် ရှိနေပုံရပေသည်။ ရေညှိစိမ်းများ တက်ကာ အင်္ဂတေ အက်ကြောင်းများ ထင်နေသော နှစ်ထပ်တိုက် အိမ်အိုကြီးမှာလည်း လူတို့ စွန့်ပစ်ထားခြင်းကို နှစ်ကာလ ရှည်လျားစွာ ခံယူထားရလေသည့်ပမာ တံခါးများ ပိတ်လျက် တိတ်ဆိတ် ငြိမ်သက်နေပေသည်။

ထိုတိုက်ကြီးနှင့် မျက်နှာချင်းဆိုင် တည့်တည့်ရှိ လမ်း၏ လက်ယာဘက်တွင်မူ ကျွမ်းကျင်နိုင်နင်းစွာ ပြုစုထားပုံရသော ကြီးမား ကျယ်ဝန်းလှသည့် ပန်းဥယျာဉ်ကြီးမှာ ရှုမငြီးစဖွယ် ရှိလှသည့်ပြင်၊ ကြက်ဥနှစ်ရောင် ဆေးသစ်များ သုတ်ထားသည့် ခေတ်ဆန် နှစ်ထပ်တိုက်ကြီးမှာလည်း ခြံဝင်း၏ ကျက်သရေကို ဖြည့်စွမ်းသည့်ပမာ လှပခံ့ထည်စွာ တည်ရှိနေပေသည်။ လေတွင် လွင့်နေသည့် ပိုးဇာနှ ခန်းဆီးကလေးများနှင့် ချိုလွင်စွာ ထွက်ပေါ်နေသော စန္ဒရားသံ တစ်သံမှာလည်း ဤဂေဟာ ပိုင်ရှင်များ၏ ဂုဏ်ပုဒ်ကို လိမ္မာပါးရှိစွာ ဖော်ပြနေသယောင် မှတ်ထင်ရသည်။

သို့နှင့် ... "အင်း–ဒီတိုက်ကြီးမျိုးများ ငါ နေလိုက်ရရင်တော့" ဟူသော စိတ်မှာ ငြိတွယ် ပေါ်ပေါက်လာမိရလေ၏။

'ကဲ ရောက်ပြီဟေ့၊ အစစ အရာရာမှာ သတိတော့ ထားနိုင်မှနော်'

ကျွန်တော့်အတွေးကိုဖြတ်ကာ ဦးကြီးသိန်းက ဤသို့ သတိပေးလိုက်ပြန်သည်တွင်မှ "ဟင် လက်စသတ်တော့ ဒီတိုက်ကြီးမှာ တကယ်ကို ငါ နေရတော့မှာပါလား" ဟူသော အသိဖြင့် ရင်ထဲမှာ လှိုက်ဖိုသွားရပြန်ကာ၊ အမိပ္ပာယ် မဖော်နိုင်ဘဲနှင့်ပင် လက်ထဲမှ သားရေသေတ္တာကလေးကို ပိုမို တင်းကျပ်စွာ အားယူ ဆုပ်ကိုင်ထားလိုက်မိပါသည်။ ပြီးမှ ကိုယ့်ကိုယ်

ကို အတွင်းကျိတ် သရော်မိပြန်ရင်းနှင့် စိတ်အားကို ပြန်တင်းလျက်၊ လှပသော ခြံကြီးဆီသို့ ရဲရင့်စွာ မျက်နှာမူပြီး ချီးကွေ့လိုက်ရပါသည်။ သို့သော်–

'အောင်မယ်လေး ... ဟဲ့ သူငယ်၊ တို့ သွားရမှာက ဟိုဘက်တိုက်ကွ' ဟု ဦးကြီးသိန်းက ကျွန်တော့်ပခုံးကို လှမ်းဆွဲလိုက်ပါသည်။ ကျွန်တော့်မှာ "ဟောဗျို" ဟု ယောင်ယမ်း မအော်မိစေရန်ပင် အတော် သတိထား၍ ထိန်းချုပ်လိုက်ရကာ 'ဟင် လူမရှိတဲ့ တိုက်ကြီးကိုလား' ဟု အံ့ဩစွာ မေးမိရသည်။

'ရှိပါတယ် မောင်အောင်တင်ရယ်၊ မရှိရင် မင်းကို လာပို့ပါ့မလား'

ထိုအခါတွင်မှ ကျွန်တော်က သက်ပြင်းတစ်ချက်ကို မသိမသာ ရှိုက်ချလိုက်မိကာ ဖြစ်သမျှကို ဝံ့ဝံ့စားစား ရင်ဆိုင်တော့ရန်အတွက် ခြေလှမ်း ခပ်သွက်သွက် လှမ်းပြီး ပြန်ကွေ့လိုက်ရပေသည်။

မှုန်ကုပ်ကုပ်နှင့် ခြောက်သွေ့နေသော အိမ်ကြီး၏ ဆင်ဝင်နံဘေးရှိ လှေကားဆောင်မှ မတ်စောက်သော လှေကားကြီးအတိုင်း တက်သွားကြပြီးနောက် ရင်ဆိုင်တွေ့နေရသော သစ်သားတံခါးမကြီး တစ်ခုကို ဦးကြီးသိန်းက လက်နှင့် ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ ခဏကြာသွားသည့် တိုင်အောင် အတွင်းမှာ ဘာသံမှ မကြားရသောအခါ လူရှိပါသည် ဆိုသော ဦးကြီးသိန်း၏ စကားကို ကျွန်တော့်စိတ်က ပို၍ သံသယ ဖြစ်လာမိပါ၏။ အကယ်၍ လူရှိသည်တိုင်အောင် ဤမျှ ဖြစ်ကတတ်ဆန်း နေထိုင်သူများမှာ ဘယ်လို လူစားတွေပါနည်းဟု စိတ်ပျက် အားငယ်ခြင်းများလည်း ဖြစ်မိသည်။

ဦးကြီးသိန်းကတော့ နောက်တစ်ကြိမ် ထပ်၍ တံခါးကို ခပ်ပြင်းပြင်း ထုလိုက်ပြန်သည်။ တစ်ခဏမျှကြာလျှင် အတွင်းမှ ခပ်ဖြည်းဖြည်း နင်းလာသော ခြေသံတစ်သံကို ကြားလိုက်ရပြီးနောက် တံခါးအနီးချောင်းကြည့်ပေါက်ကလေးမှ မျက်လုံးတစ်စုံ ပေါ်လာလေ၏။ ပြီးတော့မှ အထက်အောက် တံခါး မင်းတုပ်များကို ဂျိန်းခနဲ ဂျိန်းခနဲ ဆွဲဖွင့်သံ ကြားရသည်။ ကျွန်တော်မှာ တွေ့ရမည့်သူကို အထူး အာရုံစိုက်နေမိပါ၏။

တံခါး ပွင့်သွားလျှင်ကား ... ကျွန်တော်တို့ကို တံခါးဖွင့်ပေးလိုက်သည့် အသက် ၄၀ ကျော်ခန့်အရွယ် အမျိုးသမီးကြီး တစ်ဦးကို အပေါက်ဝ

အနီးမှာ ကပ်ခါ မသဲမကွဲ တွေ့မြင်လိုက်ရသည်။ တရုတ်ကတ်များ တပ်ဆင်ထားသည့် ပြတင်းပေါက်များကို အားလုံးကုန် ပိတ်ထားသဖြင့် ဆင်ဝင် ဧည့်ခန်းတစ်ခုလုံးမှာ မှောင်ကျိုကျို ဖြစ်နေပေသည်။ အလင်းမှလာသော ကျွန်တော်တို့၏ မျက်စိများက ကျင့်သားမရသေးသည်မို့လည်း အားလုံးကို မှုန်ဝါးဝါး ဖြစ်နေသည်။ ထိုနေ့မှာ အတော်လေး အိုက်စပ်ပူလောင်သော နေ့တစ်နေ့လည်း ဖြစ်ပါ၏။

'ဒီမှာ– ကျုပ်တို့ လာတာ ဒေါ်ငွေခင်ကို ပြောလိုက်ပါဦး'

ဦးကြီးသိန်းက အမျိုးသမီးကြီးအား အသံခပ်အုပ်အုပ်နှင့် ခပ်ကျယ်ကျယ် ပြောလိုက်ရာ အမျိုးသမီးကြီးမှာ ခေါင်းတစ်ချက်သာ ပြန်ညိတ်လိုက်ကာ အထက်အောက် တံခါးမင်းတုပ်များကို ဂျိန်းခနဲ ပြန်ပိတ်နေပါသည်။ ထိုနောက်မှ ထိုအမျိုးသမီးကြီးမှာ ကျွန်တော်တို့ဘက်သို့ မျက်နှာမူလိုက်ကာ ဧည့်ခန်းဆီသို့ လက်ညွှန်ပြရင်း တစ်စုံတစ်ခုကို ပြောလိုက်ရာ၊ ကျွန်တော်မှာ စိတ်ပျက်ခြင်း ကြီးစွာဖြင့် ခေါင်းတစ်ချက် ယမ်းမိသွားပါသည်။

ဤအဖြစ်တွင် ကျွန်တော် ကဲလွန်းသည်ဟု မထင်မိပါ။ ထိုအမျိုးသမီးကြီး ပြောဆိုသည်မှာ တစ်စုံတစ်ရာသော စကားသံမှ မဟုတ်ဘဲ အိုးအိုးအစ်အစ် အ–အ–အေး–အေး နှင့် ဝမ်းတွင် ဂလိုင်သံကြီးပါအောင်–

"ဩော် ... ဘုရား ... ဘုရား ... ဘယ်လိုဟာများ လာတွေ့နေရပါလိမ့်"

ကျွန်တော်ကသာ စိတ်ထဲမှ ညည်းညူမိသော်လည်း ဦးကြီးသိန်းကတော့မှု 'ကဲ လာဟေ့' ဟု ရှေ့ဆောင်ပြုကာ ကျွန်တော့်အား အတွင်းဘက်ဆီသို့ ခေါ်ဆောင်သွားပါသည်။ ဤအိမ်ကြီး၏ ခင်းကျင်းထားပုံအရ ချောပြောင်နေသော ကြမ်းပြင်အခင်းကို နှစ်လှမ်း၊ သုံးလှမ်းမျှ လျှောက်မိလျှင်ပင် မွေးပွ ကော်ဇောကြီး၏ အစွန်းကို နင်းမိရသည်။ ထိုနောက်မှ ကြီးမားခံ့ထည်သော ကျောက်စားပွဲကြီးကို ဝိုင်းရံထားသည့် ဆိုဖာများကို တွေ့ရသည်။ ကျွန်တော်လည်း လက်ထဲမှ သေတ္တာငယ်ကို အနီးမှာ ချကာ ဦးကြီးသိန်းနှင့်အတူ ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ရလေ၏။

တစ်အောင့်မျှ အကြာတွင် အတွင်းခန်းဆီမှ တဖျတ်ဖျတ် နင်းလာသော ခြေသံတစ်သံကို ကြားရပြန်ပြီးနောက် ဆင်ဝင်ခန်းနှင့် အတွင်း

ဆောင်ကို ခြားကာထားသည့် ခန်းဆီးစမှာ လှုပ်ယမ်းသွားလေသည်။ ကျွန်တော်လည်း ထိုနေရာဆီသို့ ဂရုပြုကာ ကြည့်နေမိပြန်ရာ၊ ထွက်ပေါ်လာသည့် သဏ္ဌာန်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံး လှုပ်ခါသွားရလောက်အောင် ချောက်ချားမိကာ ကယောင်ကတမ်းနှင့် ထပြေးဖို့ပင် ဟန်ပြင်နေလိုက်မိသည်။ ကျွန်တော့် အရိပ်အခြည်ကို စောင့်ကြည့် အကဲခတ်နေဟန်တူသော ဦးကြီးသိန်းက ကျွန်တော့် လက်မောင်းအိုးကို ကိုင်ဆွဲလိုက်ကာ 'ရှူး ... ဣန္ဒြေမပျက်စမ်းပါနဲ့ကွဲ့၊ မငွေခင် လာနေပြီ' ဟု တီးတိုး သတိပေးနေ၍သာ ကျွန်တော်သည် စိတ်ကို အတင်းထိန်းပြီး ဟန်မပျက် နေခဲ့ရပေသည်။

ကျွန်တော့်အနေနှင့်တော့ ကျက်သရေ ကင်းမဲ့သော ဤအိမ်အိုကြီးတွင် နေ့လယ်ကြောင်တောင် တစ္ဆေခြောက်နေပြီဟုပင် အခိုင်အမာ ဆိုလိုက်ချင်ပါ၏။ ကြည့်ပါဦး၊ မှောင်မည်းသော ဧည့်ခန်းထဲသို့ တလှုပ်လှုပ်နှင့် လှမ်းဝင်လာနေသည်မှာ သက်ရှိ လူသားတစ်ဦး ဟူ၍ ဘယ်နည်းနှင့်မျှ ယုံကြည်နိုင်ဖွယ် မရှိပါ။ အလွန်တရာ ပိန်ချုံး ခြောက်ကပ်လျက်ရှိသော အမယ်အို တစ်ယောက်သည် ရေခဲခန်းမှ လူသေတစ်ကောင် လမ်း ထလျှောက်လာသည်နှင့် မခြား ဖြူရော် အေးစက်လှသော မျက်နှာထားသေကြီးမျိုးဖြင့် လျှောက်လာနေပါသည်။

သူ၏ သွေးရောင်ကင်းမဲ့သော မျက်နှာ၊ ခြေလက်များတွင် သနပ်ခါးထူထူကို ပိန်းနေအောင် လိမ်းကျံထားသည်ကိုလည်း မှောင်ထဲတွင် အတော် ကျင့်သားရသွားပြီ ဖြစ်သော ကျွန်တော့်မျက်လုံးများက စေ့စပ်စွာတွေ့မြင်မိပါသည်။ လက်အဖျား ကားကားတိုတိုနှင့် ပွရောင်းသော ပိုးသားအင်္ကျီ ဝါကြန့်ကြန့်၊ တစ်ပတ်နွမ်း ဇင်းမယ်ထဘီ၊ ပုံတော် ဖိနပ်တို့မှာလည်း သူ၏ ဖုတ်ဝင်ထားသလို ဟန်ပန်ကို တစ်စက်ကလေးမျှ ဖုံးကွယ်ထားနိုင်ဟန် မတူပါ။

သူသည် ဖြည်းနေး လှုပ်ရှသော ခြေလှမ်းများဖြင့် ကျွန်တော်တို့ထံ နီးကပ်လာပါ၏။ မသိမသာလိုလိုနှင့် သိသိသာသာကြီး စောင့်ကြည့် အကဲခတ်နေမိသော ကျွန်တော်၏ မျက်လုံးများက သူ၏ခန္ဓာကိုယ်မှ တစ်ခုတည်းသော လိုက်လျောညီထွေမှုကို နောက်ဆုံးပိတ် အဖြစ်နှင့် စစ်စစ်ပေါက်ပေါက် တွေ့မြင်လိုက်သည်ကတော့ ဟောက်နေသော မျက်တွင်း

ချိုင့်ထဲမှ မာန်စောင်မှု အရိပ်အယောင် မကင်းသည့် စူးရှသေးငယ်သော မျက်လုံးအစုံနှင့် သူ၏ အင်္ကျီမှ ရွှေကွင်းတပ် မဟူရာ ကြယ်သီးတစ်စုံသာ ဖြစ်ပါလေသည်။

'မမြိုင်က ညွှန်သည်လာတယ်ဆိုလို့ ဘယ်သူများလဲ မှတ်ပါ- ကိုသိန်း ထင်ပါရဲ့၊ ဘာကိစ္စများ ဖြစ်ပါလိမ့်'

လူသေနှင့် တူလှသော သည်အမေအို၏ ပါးစပ်ကတော့ စကားသံများ ချောချောမောမောပင် ကြားရပေသည်။ သို့သော် တစ်စုံတစ်ယောက်ကို ပြောဆိုနေပုံနှင့် မတူဘဲ သူ့ဘာသာ ရွတ်ဆိုနေသလိုပင် အသံနေအသံထားက တောင့်တောင့်တင်းတင်း တိုတိုပြတ်ပြတ် ရှိလှသည်။

'ဩော် ... ကျွန်တော် ကြိုတင်ပြီး စာရေးထားတဲ့ ကိစ္စအတွက်လေ၊ မငွေခင်တို့ ကျွန်တော့်စာ ရတယ် မဟုတ်လား'

'ဟင့်အင်း ... ရတယ်နဲ့ တူပါရဲ့၊ ဟုတ်ကဲ့-မသိဘူးလေ၊ မေ့နေပြီ'

ရော ... ခက်ပါချေပြီ။ ဖုတ်ဝင်သော လူသေ မဟုတ်လျှင် သူငယ်ပြန်နေသော အမေအိုပင် ထင်ပါ၏။ ဦးကြီးသိန်းကတော့ သည်ထိအောင်ပင် ခွင့်လွှတ်သော အပြုံးမျိုးကို ဆောင်ယူထားနိုင်ပါသေးသည်။

'ဟုတ်ကဲ့၊ မေ့နေလို့ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် ဒီသူငယ်ကလေးကို မငွေခင်တို့ အဖော်လိုချင်တယ်ဆိုလို့ လာပို့ပေးတာလေ'

ဤတွင် အမေအို၏ မျက်လုံးများက ကျွန်တော့်မျက်နှာဆီသို့ စူးစူးစိုက်စိုက် ရောက်ရှိလာပါတော့၏။ ကျွန်တော်က ကြက်သီးမွေးညင်း ထ ကာ မျက်လွှာကို ချထားလိုက်ရသည်။ သို့သော် အမယ်အိုသည် ဘာစကားကိုမျှ မဆိုဘဲ ကျွန်တော်တို့ ရှေ့တည့်တည့်မှ ဆိုဖာတွင် ဝင်ထိုင်လိုက်လေ၏။

'မမြိုင်ရေ၊ မီးအိမ် ယူလာခဲ့ဟေ့'

အမယ်အိုက အတွင်းခန်းဆီသို့ လှမ်းအော်လိုက်ပြန်သည်။ ကျွန်တော့်မှာ အံ့အားသင့်၍ သွားရပြန်ပါ၏။ ကောင်းစွာ လင်းချင်း၍နေသော နေ့လယ် တစ်ချက်တီးသာသာခန့် အချိန်ကြီးတွင် ပြတင်းပေါက်များကို ဖွင့်လိုက်လျှင် အလင်းရောင်ကို လိုသလောက် ရနိုင်ပါလျက်နှင့်၊ နေ့လယ်ကြောင်တောင် အမှောင်ချပြီးမှ မီးအိမ်ထွန်းရမည် ဆိုခြင်းမှာ လုပ်ရိုးလုပ်စဉ်ထက် ဆန်းနေသော အပြုအမူတစ်ခုလည်း ဖြစ်နေပါ၏။ သို့

ကြောင့်လည်း ကျွန်တော်က အံ့အားသင့်ခဲ့ရခြင်း ဖြစ်ရာ၊ ဦးကြီးသိန်းကတော့ ကြို့တင် နားလည်မှု ရှိထားဟန်ဖြင့် ခပ်မဆိတ်ပင် နေလေသည်။

ခဏနေလျှင် တံခါးဖွင့်ပေးသည့် မမြိုင် ဆိုသူ အမျိုးသမီးကြီးပင် ကြွေအုပ်ဆောင်းနှင့် စားပွဲတင်မီးအိမ် တစ်လုံးကို လာရောက် ချထားခဲ့ကာ ခပ်ယို့ယို့ ပြန်ထွက်သွားလေသည်။ လင်းနေသော မီးရောင်အောက်တွင်မှ ကျွန်တော်တို့ ထိုင်နေရာနှင့် အတွင်းကျကျ တစောင်းစွေစွေတွင် ရှိသော မှန်စီရွှေချ ဘုရားဆောင်ကို ပြတ်သားစွာ မြင်လာရသည်။ သပ္ပာယ်လှသော ကျောက်ဆင်းတု ကိုယ်တော်၏ ရှေ့တွင် ဖြူဆွတ် မွှေးကြိုင်လှသော နှင်းပန်းတွေကလည်း ဝေလို့ပါပေ။

အတွင်းဆောင် အဝင်ဝ အိမ်နံရံတွင်တော့ ပြက္ခဒိန် တစ်ခုသာ ရှင်းရှင်းလင်းလင်း ချိတ်ဆွဲထားပေသည်။ သည့်ထက် ပို၍တော့ ဘာကိုမျှ မမြင်ရ။ အတွင်းဆောင်သို့ အဝင် တံခါးပေါက်ကြီးမှာလည်း အပြည့် ချထားသော နက်ပြာရောင် ခန်းဆီးတစ်စက အလုံအလောက် ကာကွယ်ထားပေသည်။ အပြင်လမ်းမနှင့် အိမ်ရှေ့ ခြံထဲသို့လည်း တရုတ်ကတ်များကို မျက်နှာအပ်ကာ တမင် ချောင်းကြည့်မှပဲ တွေ့ရပေလိမ့်မည်။

အပြင်အပတွင် ကြည့်စရာ မရှိတော့မှ ကျွန်တော်၏ မျက်စိများက စားပွဲဝိုင်းဆီသို့ ပြန်ရောက်လာခဲ့သည်။ လန်းဆတ် ဖြူရွှနေသော နှင်းပန်းများပင် စိုက်ထိုးထားသည့် ငွေပန်းအိုး တစ်လုံး၊ ပန်းကြွမျာ ဖော်ထားသည့် ငွေကွမ်းအစ် တစ်လုံးနှင့် လှပသော ကြွေထည် ဆေးလိပ်ခွက် တစ်ခုသာ တင်ဆောင်ထားသည့် ကျောက်စားပွဲကြီးမှာ ကြီးမား ခံ့ထည် လှသည်နှင့်အမျှ လှပ ချောနုလှသော်လည်း ဆိုဖာများမှာမူ အတော်ပင် ဟောင်းနွမ်းနေပြီ ဖြစ်ကြောင်းကိုလည်း သတိထားမိလိုက်ပါ၏။

သို့လျှင် ကျွန်တော်က ဟိုဟိုသည်သည် မျက်စိကစားနေခိုက်ဝယ် အမေအို၏ စကားသံများကတော့ တရစပ်ကြီးပင် ထွက်ပေါ်နေခဲ့ပေသည်။ သူ့အသံမှာ စောစောကလို ပြတ်တောင်းတောင်း အသံမျိုးလည်း မဟုတ်တော့ပါ။ အနည်းငယ် သွက်လက်လာဟန် ရှိပါသည်။ သူသည် ဦးကြီးသိန်းတို့ မိသားစု အကြောင်းကို တစ်ယောက်စီ တစ်ယောက်စီ ခွဲ၍ သေချာစေ့ငု မေးမြန်းနေရာ၊ ဦးကြီးသိန်းတွင်လည်း ပါးစပ်ဇွေမနေရပါ။ နောက်ဆုံးတွင်တော့ ကျွန်တော့် အကြောင်းသို့ ဆိုက်ရောက်လာပါတော့သည်။

ဤတွင်လည်း ကျွန်တော်၏ အကြောင်းအရာ အဖြစ်သနစ်ကို ဇာတိဇာစ်မြစ်မှ စ၍ အကုန်အစင် ဇွေငု စစ်မေးနေသည်ပင် ဖြစ်ရာ၊ ဦးကြီးသိန်းက သူသိသမျှသော အကြောင်းအရာများနှင့်တကွ ကျွန်တော်သည် စကားနည်းလွန်း၍ ရိုးသား အေးဆေးလှကြောင်း၊ အလုပ်အကိုင် ဆိုလျှင်တော့ စေခိုင်းသူ၏ စည်းစနစ်အတိုင်း နာယူသိမှတ်လွယ်၍ လျင်မြန်စွာ လုပ်ကိုင်တတ်ကြောင်းများကို အတန်တန် အထပ်ထပ် ဆိုသလို ပြောပြရပေသည်။

ဤတွင်မှ အနည်းငယ် စိတ်ကျေနပ်သွားဟန် တူသော အမေအိုက 'အင်း ... စကားတော့ နည်းမှပဲ ဖြစ်လိမ့်မယ် ကိုသိန်းရေ၊ ဟိုပါ သည်ပါ စပ်စပ်စုစု ဗလောင်းဗလဲတွေ လုပ်လာရင်တော့ ကျွန်မစိတ်နဲ့ အခန့်သင့်လိမ့်မယ် မဟုတ်ဘူး' ဟု ဆိုလိုက်ကာ ကျွန်တော့်အား ခပ်စူးစူး ကြည့်နေပြန်တော့ရာ၊ ကျွန်တော့်တွင် အနေခက်လှသောကြောင့် ခေါင်းကိုသာ တွင်တွင် ငုံ့နေရတော့သည်။ သည်အခြေအနေကို ဦးကြီးသိန်းက ရိပ်စားမိဟန် တူပါသည်။

'အလှူကော လှူရသေးသလား' ဟု ဖြတ်မေးလိုက်ပါသည်။

'လှူတယ်လေ၊ ဒီနှစ် တစ်သောင်း ပြည့်လုပြီ။ သီဟိုဠ်က ဆရာတော် အတွက် ဝတ္ထုကပ်ဖို့နဲ့ ယိုးဒယားက ကျောင်းအဆောက်အဦ ပြင်မှာပါ ဆိုရင် တစ်သောင်းကျော်ချင် ကျော်ဦးမယ်'

အမယ်အိုက လိုက်လျောစွာပင် ပြောပြနေပေသည်။ ထိုခဏတွင် အပြင်ဘက်မှ တံခါးခေါက်သံ နှစ်ချက်၊ သုံးချက်မျှ ထွက်ပေါ်လာလေ၏။

'ဟော ... ကိုအေးကျော်တို့ လာနေပြီ၊ ဟဲ့ ... သူငယ် နင့်ဘာဘကို တံခါးဖွင့်ပေးလိုက်စမ်းဟေ့'

ဤကား ကျွန်တော့်အပေါ်တွင် ပထမဆုံး ကျရောက်လာသည့် အိမ်ကြီးရှင် အမေအို၏ ခိုင်းစေချက်ပင် ဖြစ်ရာ၊ ကျွန်တော်က ကျိုးနွံစွာ ဦးညွတ်လျက် 'ဟုတ်ကဲ့ ... အမေငွေ' ဟု ဆိုလိုက်ရပေသည်။ သို့ရာတွင် ဤမျှ ရိုကျိုးလှသော ကျွန်တော့်စကားတွင် ဘယ်လို အငြိအစွန်းများ ပါရှိသွားပြန်သည် မသိ။ အမေအို၏ မျက်နှာမှာ ရုတ်ခြည်းပင် မည်းမှောင်သွားသည့်ပြင်–

'ငါ့ကို မခေါ်ပါနဲ့၊ ဒီလို မခေါ်ပါနဲ့၊ မကြားချင်ဘူး မကြားချင်ဘူး'

ဟု လှိုက်လှိုက်ခုန်နေသော အသံကြီးမျိုးဖြင့် ပြောဆိုရင်း တစ်စုံတစ်ရာ မသက်မသာ ခံစားနေရသည့်သဖွယ် သူ့ရင်ဘတ်ကို သူ့လက်နှင့်ပင် ဖိထားလိုက်ပါတော့သည်။ ကျွန်တော့်မှာလည်း စိတ်မကောင်းကြီးစွာဖြင့် ငေးကြည့် နေရုံအပြင် မတတ်နိုင်တော့ပါ။

'မင့် ... ကြီးကြီးငွေက ပြောနေတယ် မဟုတ်လား၊ ဘဘ ဦးအေးကျော်ကို တံခါးသွားဖွင့်ပေးလိုက်ဦးလေ'

အကင်းပါးသော ဦးကြီးသိန်းက ဤသို့ ဝင်ရောက်ကာ ဖေးမ ပြောဆိုလေတော့မှသာ ကျွန်တော်သည် ဤအသက် (၇၀) ရွယ် အမယ်အိုကြီးအား "ကြီးကြီးငွေ" ဟု ခေါ်ရမည်ကို နားလည်မှု ရှိသွားပါသည်။ သို့တိုင်အောင် အခေါ်အဝေါ်ကိုပင် တစ်ချက်မှား မခံလေသော အခြေအနေအတွက် ရင်ထဲမှာ လေးကျပ်သွားမိကာ နေးကွေးစွာပင် တံခါးရှိရာသို့ ထ လာ ဖွင့်ပေးလိုက်ရပါသည်။

ကျွန်တော်က "ဘဘ ..." ဟု ခေါ်ဆိုရမည် ဖြစ်သော ဦးအေးကျော်ကိုကား ကျွန်တော်သည် မြင်လျှင်မြင်ချင်းပင် နှစ်လို ခင်မင်မိပါ၏။ ဘဘကား အသက် (၅၀) ကျော်ခန့်၊ ဖြူဖြူဖိုင့်ဖိုင့် ကိုယ်ကာယတွင် ပွဲထိုင်အဝတ်အစားများကို အဆင်ပြေ ခံ့ညားစွာ ဝတ်ဆင်ထားလေသည်။ သူ၏ခေါင်းထက်မှ ဆံပင်ဖြူ အနည်းငယ် ရောနှောလျက်ရှိသော ကိုက်ညှပ်ပြီးစ ဗိုလ်ဆံ အတိုကလေးမှာလည်း သူ၏မျက်နှာနှင့် လိုက်လျောလှပါပေသည်။

ဘဘ၏နောက်မှ ပါလာသူကတော့ အရပ်ရှည်လွန်းလှသည့် အသက် ၄၀ ခန့် ကုလားလူမျိုးတစ်ယောက် ဖြစ်ပါသည်။ သူသည် ဘဘ ခေါင်းထက်မှ ချွတ်ပေးလိုက်သော ကြက်ဥနှစ်ရောင် ခေါင်းပေါင်းနှင့် အပေါ်ဝတ်ပိုးအင်္ကျီကို လက်နှစ်ဖက်ဖြင့် ခံယူ ပွေ့ပိုက်ကာ၊ ခန်းဆီးစကို ကိုယ်တစောင်း တိုက်၍ အတွင်းဆောင်သို့ ရဲရဲရင့်ရင့်ပင် ဝင်သွားလေရာ၊ ဤအပြုအမူကို ကြည့်ခြင်းအားဖြင့် သူသည်လည်း ဤအိမ်သားတစ်ယောက်ပင် ဖြစ်နိုင်စရာ ရှိပါသည်။

ဘဘကတော့ ရုတ်တရက် ထွက်ခွာသွားခြင်း မရှိသေးဘဲ တံခါးအဝင်ဝရှိ ဖိနပ်စင်တွင် ရှူးဖိနပ်ကို လဲစီးရင်းနှင့် အထက်အောက် ချက်မင်းတုပ်များ ချ၍ ကျွန်တော် တံခါးပြန်ပိတ်သည်ကို စောင့်စား ကြည့်ရှုနေပါသည်။ ကျွန်တော် တံခါးပိတ်ပြီး၍ ပြန်အလှည့်တွင် သူနှင့် မျက်နှာ

ချင်း တစ်ခါ ဆုံမိကြတော့မှ ပြုံးပြုံးကြီး စိုက်ကြည့်နေရာက 'ကိုသိန်း စာရေးထားတဲ့ မောင်အောင်တင် ဆိုတာလားဟေ့' ဟု ဖော်ရွေ ရောနှော သော အမူအရာဖြင့် မေးပါ၏။

ကျွန်တော်က ခင်မင်ရိုညွတ်စွာ ပြန်ကြည့်ရင်း 'ဟုတ်ပါတယ်' ဟု ပြောလိုက်တော့မှ ခေါင်းတဆတ်ဆတ် ညိတ်ကာ ရှေ့မှ ထွက်သွားပါ သည်။ ဤအိမ်ကြီးတွင် ဆက်ဆံမှု ပြေပြစ်ဖွယ်ရာဖြစ်သော ဘဘလို လူတစ်ယောက် ရှိနေသေးပါလား ဟူသော အသိမှာလည်း ကျွန်တော်၏ လေးနေသောရင်ကို အတော် ပေါ့ပါးသွားစေပေသည်။

'ဩော် ... ပစ္စည်းတွေတောင် မသိမ်းရသေးပါလား၊ အားလုံးတော့ အဆင်ပြေကြပါရဲ့နော်'

ဘဘက ဆိုဖာပေါ်တွင် ပစ်မှီထိုင်ချလိုက်ကာ ရုပ်လက်ရှည် လည် ပင်း ကြယ်သီးကို ဖွင့်လျက် ဟူးခနဲ လေနှင့်မှုတ်ပြီး အပန်းဖြေနေပါသည်။ ဦးကြီးသိန်းကလည်း ခေါင်းတစ်ချက်သာ ဆတ်လိုက်ကာ ခပ်ငေးငေး ပြန်ကြည့်နေပါသည်။

'ဟုတ်ပါရဲ့၊ စကားကောင်းနေရတာနဲ့ပဲ ပစ္စည်းတွေတောင် နေရာ မချရသေးဘူး၊ နေ့လယ်စာလည်း စီစဉ်ဦးမှပဲ၊ ကိုအေးကျော် ... ရှင်ကော ဘာစားဦးမှာလဲ'

'အားလုံးအတွက် ခပ်အေးအေးပဲ စားသောက်ဖို့ ကောင်းပါတယ် ကွယ်။ အလှူမလဲ ပလာတာ ကြက်သားနဲ့၊ ဂျင်းသုပ်နဲ့ အပူတွေချည်း တွေ့လာရတယ်'

ဘဘနှင့် ကြီးကြီးငွေတို့ အပြန်အလှန် ပြောကြပြီးနောက် ကြီးကြီး ငွေ အတွင်းခန်းသို့ ဝင်သွားပါသည်။ ဤတွင် ဦးကြီးသိန်းက ဘဘအား ခပ်စိုက်စိုက် ကြည့်လိုက်ပြန်ကာ– 'ဘယ့်နှယ်လဲ၊ စိတ်ပြောင်းပုံ မရသေး ပါလား' ဟု လေသံ ခပ်တိုးတိုးဖြင့် ပြောလိုက်ရာ၊ ဘဘက ခေါင်းတစ်ချက် ကိုသာ ညိတ်လိုက်ပြီး သက်ပြင်းကို သံရှည်ဆွဲ၍ ရှိုက်ချလိုက်ပါသည်။ အဝေးသို့ လှမ်းမျှော်ပြီး တစ်စုံတစ်ခုကို တွေးငေးနေဟန်လည်း ရှိပါသည်။ စိတ်ချမ်းမြေ့ဖွယ်ရာ အတွေး၊ အငေးတော့ ဟုတ်ဟန် မတူပါ။

'ဒီတစ်ခါ စကားတွေလည်း တော်တော် ပြောတယ်ဗျ၊ မေးစမ်း သွားတာတွေလည်း စုံလို့ပဲ' ဟု ဦးကြီးသိန်းက စကား စ ပြန်ပါသည်။

'အင်း ... သူ စကားပြောရမယ့်လူက ၂ နှစ် နေလို့မှ တစ်ခါ မပေါ်ပေါက်ဘဲကိုး။ ဒါကြောင့် နှုတ်ရှင်နေတာပေါ့။ ကြည့်ပါလား၊ ကျုပ်ကိုတောင် ဘာစားမလဲလို့ မေးဖော်ရသေးတယ်၊ ဟဲ ... ဟဲ'

ဘဘက ခြောက်သွေ့သွေ့နှင့် ရယ်နေပါသည်။ ဤတွင်မှ ကြီးကြီးငွေ အကြောင်းကို သူတို့ ပြောနေကြမှန်း ရိပ်မိရပါသည်။ သူတို့ အပြောအရ ကြီးကြီးငွေမှာ ထူးခြားချက် တစ်ခုတော့ ရှိနေသည်ဟု ယူဆရန်ရှိနေသည့်ပြင် စိတ်နောက်နေသူပေလား ဟူသော အတွေးတစ်ရပ်သည်ပင် ကြံကောင်းစည်ရာ ပေါ်လာမိပါသေးသည်။ ထိုအခိုက် ဒေါ်မြိုင်သည် ရေခဲအသင့် ရောစပ်ထားပြီးသော လိမ္မော်ရည် ဖန်ခွက်များနှင့် ကိတ်မုန့် ပန်းကန်များကို လင်ပန်းတစ်ခုဖြင့် ယူဆောင် လာပို့ပေးပါသည်။

ထိုမိန်းမကြီးအား ဘဘက ကျွန်တော်တို့ ပစ္စည်းများကို ယူဆောင်သွားရန် လည်းကောင်း၊ သူ အိုက်လွန်း၍ ယပ်တောင် တစ်ချောင်း လာပေးရန်ကို လည်းကောင်း လက်ပြ ခြေပြနှင့် ပြောဆို ခိုင်းစေလိုက်ရာ၊ ဒေါ်မြိုင်သည် မပီမသ အိုးတိုး အင့်တင့် အသံတစ်မျိုးကို ပြုရင်းနှင့်မှ ကျွန်တော်တို့ ပစ္စည်းများကို ယူဆောင်ပြီး ထွက်ခွာသွားပါသည်။

'ဟဲ ... ဟဲ ... ခုအနေတော့ သူ့စိတ်အလိုမှာ မယ်မြိုင်လို ဟာမျိုးနဲ့မှ အကိုက်ဆုံးပေါ့'

ဘဘက ခြောက်ခြောက်သွေ့သွေ့ကြီးပင် ရယ်နေပြန်လေသည်။ ကျွန်တော်ကတော့ ခရီးပန်းလှ၍ ခေါင်းထဲတွင် ရီတီတီ ငြီးစီစီကြီး ရှိနေရသည့် အထဲတွင် ပို၍ နောက်ကျိစရာတွေ ကြုံတွေ့နေရသည်ဟု အောက်မေ့မိပါသည်။ သည့်ထက်သည် စိတ်မရှင်းနိုင်စရာ တစ်ခုကိုလည်း ညနေချိန် ရောက်၍ ကြီးကြီးငွေ၊ ဘဘ၊ ဦးကြီးသိန်းနှင့် ကျွန်တော်ပါ ထမင်းစားပွဲတွင် ဝိုင်းဖွဲ့ စားသောက်နေစဉ် ကြုံတွေ့ရပါသေး၏။

**'ဟောဒီ လောကကြီးမှာ–ပျော်စရာချည်းပါ၊ အဟက်–အဟက်–ဟဲ ... ပျော်လွန်းလို့ပါဗျာ၊ ဟောဒီ လောကကြီးမှာ ပျော်စရာ ... ပျော်စရာချည်းပါ'**

အိမ်နောက်ဖေး မနီးမဝေးဆီမှ နက်ကျယ် ခြောက်ကပ်လှသော ရယ်သံကြီးကို ညှပ်သွင်းကာ သီချင်း မဟုတ်၊ ဘာမဟုတ်နှင့် အော်ကြီးဟစ်ကျယ် ဆွဲငင် သီဆိုလိုက်သော အသံကြီးသည် ထပ်ကာ ကျော့ကာ ပေါ်ထွက်၍ လာလေရာ၊ ထမင်းကို ဟုတ်တိပတ်တိ စားရခြင်း မရှိသော

ကြီးကြီးငွေသည် ယောင်ယမ်း လန့်ဖျပ်၍ပင် သွားလေသလား မသိ၊ ပါးစပ်ထဲသို့ သွင်းအံ့ဆဲဆဲ ထမင်းလုတ်ကလေးမှာ ပန်းကန်ထဲသို့ ပြန်လည် လွတ်ကျသွားပါသည်။ ပြီးလျှင် 'ဟဲ ... ဟဲ ... ကျွန်မ စားကောင်းလိုက်တာ ရှင်၊ လေခံနေလို့သာ၊ စား-စား ကိုသိန်းတို့ စားကြ' ဟု ပြောလျက် ထမင်းပွဲမှ လက်စသိမ်း၍ ထ သွားပါလေတော့၏။

ဦးကြီးသိန်းနှင့် ဘဘတို့ကလည်း အဓိပ္ပာယ်ရှိလှသော မျက်နှာများဖြင့် တစ်ယောက်ကိုတစ်ယောက် စိုက်ငေး ကြည့်ရှုလိုက်ပါသည်။

'ဒါ သူ့အသံပဲ မဟုတ်လား'

ဦးကြီးသိန်းက ခပ်တိုးတိုး မေးလေသည်။

'ဟုတ်တယ်၊ သူ့အသံပေါ့၊ ဂရုစိုက်မနေပါနဲ့ ကိုသိန်းရယ်၊ စားမှာ စားပါ၊ ဟိုသူငယ်လည်း စားကွယ့်'

ဘဘက ဦးကြီးသိန်းနှင့် ကျွန်တော့် ပန်းကန်ထဲသို့ ဟင်းများကို ခပ်ထည့်လိုက်ပါသည်။ သို့ရာတွင် ဦးကြီးသိန်းရော ဘဘပါ စိတ်များ တခြားသို့ ရောက်နေကြဟန်ဖြင့် ထမင်းကို တို့ကာ ထိကာ နေးကွေး လေးလံစွာသာ စားနေကြပါသည်။ ကျွန်တော့် အတွေးနယ်တွင်တော့ (ဘုန်းဘုန်း ရွတ်ဆိုပြလေ့ရှိသော) "နိပါတ်နယ် ရှုပ်ပွေသည်၊ အရုပ်တွေ ပြည်ဖုံးနှင့်လေး ..." ဟူသော တေးထပ်သည်သာ ဝေ့လည် ပျံ့ဝဲလျက် ရှိနေပါတော့၏။

## [၃]

'ဟေး-ဟေး-မမေး မစမ်းနဲ့ ဘယ့်နှာလဲ၊ ပြန်ပိတ် ပြန်ပိတ်'

ကုလားကြီး၏ မျက်နှာထားက ပြူးကလူး ပြာကလာ နိုင်လှသည်။ နံနက် မိုးသောက်ထ စောစောစီးစီးကြီးတွင် ဖြစ်ပါ၏။ ကျွန်တော် အတော် စိတ်တိုသွားမိပါသည်။ သံချေးတက်ကာ လေးလံနေသော တံခါးမင်းတုပ်များကို တအား ဆွဲဖွင့်ထားရသည်မို့လည်း ကျွန်တော့်လက်များက နာနေပါပြီ။

'ဘာလဲဟင်၊ တံခါးဖွင့်တာ ဘယ်သူ့ကို မေးစမ်းပြီး အမိန့်ခံရဦးမှာလဲ' ဟု စကားမရှည်စဖူးဘဲနှင့်လည်း ရှည်ပစ်လိုက်မိပါတော့သည်။

ညက ဆိုလျှင်လည်း ကျွန်တော်သည် မနေ့က ကြုံတွေ့ရပုံတွေကြောင့် ဘယ်လို အရှုပ်အထွေး ပယောဂတွေ ကပ်နေမှန်း မသိသော ဤအိမ်ကြီးမျိုးတွင် ကျွန်တော် ကြာရှည် နေနိုင်ပါမည်လော၊ ဦးကြီးသိန်းနှင့် ပြန်လိုက်ရသည်ကပင် ကောင်းလေမည်လား၊ အရပ်သို့ပြန်ကာ သင်္ကန်းဆီးနေရသည်ကပင် အေးချမ်းဦးမည် ထင်ပါရဲ့နှင့် အတွေးတွေ ပွေရှုပ်ကာ အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရပြီး တစ်မှေးတစ်ငိုက်မျှသာ အိပ်စက်လိုက်ရသည်။ ထိုနောက် အိပ်ရေးမဝမီမှာပင် အရုဏ်တက်နေ၍ ထ လာခဲ့ရသည် ဖြစ်ရာ၊ "ခရီး ရောက်မဆိုက်၊ မျက်အိုက်မာန်သွင်း၊ ထမင်းစားကာ၊ အိပ်ရာထစ၊ ခံရဝေဒနာ၊ ဆာလောင်မွတ်သိပ်၊ ခြောက်ပါးဟိတ်သည်၊ မြွေဆိပ်တမျှ၊ ခက်ထန်လှ၏" ဆိုသော စာဆိုနှင့်လည်း အတော် ညီညွတ်နေပုံ ရပါသည်။

တကယ်ဆိုတော့လည်း မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ၊ အိမ်ရှေ့တံခါးတွေကို မဖွင့်လို၍ နေ့လယ်ကြောင်တောင် မီးအိမ်ထွန်းရသည်ကိုသာ ကျွန်တော် သိထားပါ၏။ ဤမီးဖိုဆောင် နောက်ဖေးဘက်မှ ပြတင်းတံခါးတွေကို မဖွင့်ရဘူး ဟူ၍တော့ ကျွန်တော် မသိသေးပါ။ ဘာ့ကြောင့် စည်းကမ်းတွေ ဤမျှ ရှုပ်နေရသလဲ ဆိုတာကိုတော့ တော်တော်ကြီးပဲ စိတ်ချဉ်ပေါက်လာမိပါသည်။

ကျွန်တော်၏ ငေါက်ဆတ်ဆတ် အသံကြောင့် ကုလားကြီးမှာလည်း အတော် မခံချင် ဖြစ်သွားဟန် တူပါသည်။ သူသည် ကျွန်တော် ဖွင့်ထားသော တံခါးပေါက်ကို ပြန်ပိတ်ရင်း ခပ်ငေါက်ငေါက်ပင် ပြန်ပြောနေပါ၏။

'ဒီလို လုပ်တာကို ကြီးကြီးငွေ မကြိုက်ဘူး၊ ကြီးကြီးငွေ မကြိုက်လို့ စိတ်မချမ်းသာရင် ဘဘလည်း စိတ်မချမ်းသာဘူး'

'နို့-တံခါးဖွင့်တာနဲ့ စိတ်မချမ်းသာ ဖြစ်ရရင် ဟိုအပေါက်တွေတော့ ဘာလို့ ဖွင့်ထားသေးလဲ'

ကျွန်တော်ကလည်း မီးဖိုဆောင် ဘေးတစ်ဖက်စီမှ ဖွင့်ထားသော တံခါးပေါက်များကို ညွှန်ပြကာ အတွန့်တက်ပစ်လိုက်ပါ၏။

'ဒီအပေါက်တွေက အိမ်ရှေ့နဲ့ နောက်ဖေးကိုမှ မမြင်ရဘဲ'

ကိုရွှေကုလားကလည်း မခိုင်လုံသော ဆင်ခြေကို ပြန်၍ပေးပါသည်။

မတ်တတ် ရွှံ့မီးဖိုတွင် ရေနံလောင်းကာ မီးမွှေးနေသော ဒေါ်မြိုင်ကြီးကပင် ကျွန်တော်တို့ကို ပြူးတူး ကြောင်တောင်နှင့် ကြည့်ကာ ဘာတွေမှန်းမသိ ဝင်ပြောနေပါသည်။

'ဘာလဲဟေ့ စီတာရန်း၊ ဘာဖြစ်ကြတာလဲ'

တစ်အိမ်လုံးတွင် ကျွန်တော်၊ ဒေါ်မြိုင်နှင့် ကိုရွှေကုလားတို့သာ ထ ကြသေးရာ၊ ယခုမှ ထ လာပြီး မေးမြန်းသူမှာ ဦးကြီးသိန်း ဖြစ်ပါသည်။ ကိုရွှေကုလား၏ နာမည်မှာ "စီတာရန်း"ဖြစ်ကြောင်းကိုလည်း ယခုမှ သိမှတ်လိုက်ရပါ၏။

'ကျွန်တော် နေလို့မှ ဖြစ်ပါ့မလား ဦးကြီးသိန်း'

ကျွန်တော်က စိတ်ထဲမှာ ရှိနေသည်ကို စီတာရန်း အလျှင် ပြောလိုက်မိသည်။ စီတာရန်းကလည်း ဖြစ်ပျက်ပုံကို ပြန်ပြောပြနေပါ၏။ စီတာရန်း စကားဆုံးလျှင် ဦးကြီးသိန်းသည် သွားတိုက်ဆေး ပုံထားသော သွားပွတ်တံကို ပါးစပ်တွင်းသို့ ထိုးသွင်းလိုက်ရင်းနှင့်မှ ကျွန်တော့်ပခုံးကို ခပ်သာသာ ကိုင်ညှစ်ကာ သူ့နံဘေးမှ ဆွဲခေါ်သွားပါသည်။

'စိတ်ကူးမလွဲနဲ့ အောင်တင်၊ ဒီပြတင်းတွေ မဖွင့်ရတာဟာ စိတ်ရှုပ်စရာ မဟုတ်ပါဘူး၊ အိမ်ရှေ့နဲ့ နောက်ဖေးကို မမြင်လိုတဲ့ အကြောင်းရှိလို့ ဆိုတာသာ မှတ်ထားပေါ့။ အေး ... သူတို့အိမ်မှာ ဒွိပြင် အကြောင်းအရာကလေးတွေလည်း ရှိချင်ရှိလိမ့်ဦးမယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်ဘူးလို့သာ သဘောထားပြီး ခပ်အေးအေး နေပေတော့၊ အစမှာ နားမလည်သေးရင် နားလည်အောင် စောင့်ကြည့်ပြီးမှ သူတို့စည်းကမ်းအတိုင်း လုပ်၊ မင့်ဖို့ ဒီအိမ်ထက် သင့်လျော်တဲ့နေရာ မရှိပါဘူးကွာ'

သွားတိုက်ရင်း၊ မျက်နှာသစ်ရင်းမှ ဦးကြီးသိန်းက ညင်သာ လေးဆေးသော အသံဖြင့် ပြောဆိုနေပါသည်။ သူ နောက်ထပ် ဆက်လက်ပြောပြသော အကြောင်းများကဖြင့် ကျွန်တော့်စိတ်ကို အတော် ထိခိုက်၍ သွားရပါ၏။ ကျွန်တော့်အပေါ်တွင် စေတနာရှိရှာသော ဦးကြီးသိန်းကိုလည်း သနားမိပါသည်။

သူ ပြောပြ၍ အမှန်အတိုင်း သိလာရသလောက် ဆိုလျှင် ဘုန်းဘုန်းဘုရားထံတွင် ကျွန်တော်၏ ရှေ့ရေးအတွက် သူ တာဝန်ယူခဲ့သည်မှာ တကယ်တမ်း သန့်စင်စွာ ထားရှိခဲ့သော သူ၏ စေတနာအရပင် ဖြစ်ပေ၏။

သို့သော် ... အခက်အခဲ ရှိနေသည်မှာ သူသည် ယခင်က နာမည်ကြီး ဝတ်လုံတော်ရ တစ်ယောက်ပင် ဖြစ်ခဲ့သည့်တိုင် ယခုခေတ်တွင်မူ ယခင်ကလောက် ဝင်ငွေမဖြောင့်ခဲ့တော့။ သို့ဖြင့် သူတို့ ဇနီးမောင်နှံစုံ နှစ်ယောက်၊ သားသမီး ၄ ယောက်၊ မိုးခိုသူ ယောက္ခမကြီးနှင့် ညီတစ်ယောက်တို့ဖြင့် ဤမျှ ကြီးမားလှသော အိမ်ထောင်စရိတ်မှာလည်း အလျဉ်မမီနိုင်အောင် ဖြစ်လာခဲ့သည်။

ဤကဲ့သို့ "ဟန်" လောက်သာ ရှိတော့သော အခြေအနေဝယ် သူ့သမီးအကြီး မမကြီးမှာပင် အထက်တန်းစာရေး တစ်နေရာကို ဝင်လုပ်ရင်းနှင့် သက်ကြီးတက္ကသိုလ်တွင် ပညာဆက်သင်နေရသည်ဖြစ်ရာ၊ ကျွန်တော်၏ ကျောင်းစရိတ်ကိုလည်း မည်သို့မျှ တာဝန်မယူတော့နိုင်။ စေတနာအလျောက် အိမ်တွင် သင်ကြားပေးစေပါသော်လည်း ထင်တိုင်း မပေါက်ရတော့။ အမှန်မှာတော့လည်း သူတို့တွင် ပညာရေး တစ်ဖက်၊ အလုပ်တစ်ဖက်နှင့် ရှက်ရွံ့ တွန့်ဆုတ်နေသော ကျွန်တော့်အား စာသင်ပေးရသည်မှာ စိတ်မရှည်နိုင်စရာပါပေ။

သည်လို အခြေအနေထဲတွင် ကြီးကြီးငွေတို့ထံမှလည်း လူလိုနေကြောင်းကို သိလာရသည်။ ကြီးကြီးငွေနှင့် ဘဘတို့ကတော့ ဦးကြီးသိန်းနှင့် ရင်းနှီးသော မိတ်ဆွေဟောင်းကြီးများလည်း ဖြစ်ခဲ့၍၊ ငွေရေးကြေးရေးနှင့် ပတ်သက်ကာ မကင်းရာ မကင်းကြောင်း ဖြစ်သော ကျေးဇူးခံ ကျေးဇူးစားမျိုးလည်း ဖြစ်ခဲ့သည်။ သို့ကြောင့်လည်း ကျွန်တော့်အား သူက ယုံစားစွာ အပ်နှံလာခြင်း ဖြစ်သည်ဟု ဆိုပါ၏။

ဤအိမ်မှာ နေခြင်းဖြင့် ကျွန်တော့်တွင် ကျောင်းပညာကို ဆက်လက် သင်ယူရခြင်း မရှိသည့်တိုင် မိမိဘာသာ လေ့ကျင့် တိုးပွားနိုင်သည့် အချိန်ကတော့ ကောင်းစွာ ရရှိနိုင်သည်ကိုလည်း ပြောပြပါသည်။ ထို့ပြင် သူ့တွင် ငွေရေးကြေးရေး ချောင်လည် တတ်စွမ်းနိုင်သည့်အခါမှာ ကျွန်တော် နေချင်သည့် ကျောင်းကို ထားပေးပါမည် ဆိုသည်ကိုလည်း ကတိပေးရှာပါ၏။

သည်လို သူ၏ အတွင်းရေးများကို ဦးကြီးသိန်းက ဖွင့်ဟပြောဆိုပြန်တော့လည်း ကျွန်တော့်အဖို့ တုံ့ပြန်၍ ကရုဏာ မသက်ဘဲ မနေနိုင်

တော့ပါ။ ဤအိမ်သားစုနှင့် အဆင်ပြေ ကျေနပ်မှုရအောင် ကောင်းမွန်စွာ ကြည့်ရှု နေထိုင်ပါမည် ဟူ၍သာ လိုက်လှဲစွာ ကတိပေးလိုက်ရပါ၏။

သို့ဖြင့် အကြောင်းရှိရှိ မရှိရှိ သူ့ထံ မကြာခဏ စာရေးရန်နှင့် မည်သည့်အခါတွင် ဖြစ်စေ၊ ဤအိမ်တွင် မနေလိုပါက သူ့အား မှာကြားလိုက်ရန်တို့ကို သွန်သင်နှုတ်ဆက်ကာ ထွက်ခွာသွားတော့သော ဦးကြီးသိန်းအား ကျွန်တော်သည် လွမ်းဆွတ် အောက်မေ့စွာသာ ခွဲခွာပြီး ကျန်ရစ်ခဲ့ရတော့သည်။

*

ဦးကြီးသိန်း ပြန်သွားပြီးသည်၏ နောက်ပိုင်းမှာ ဆိုလျှင်တော့ ကျွန်တော့်တွင် အမှားများစွာ မရှိတော့ပါ။ တစ်နေ့ အိမ်ရှင်းရာတွင် ထောင့်တစ်ထောင့်၌ ဖုန်များနှင့် တင်းကျမ်းပြည့်နေသော စားပွဲတစ်လုံးကို ရှင်းမိမည်ဆဲဆဲ ဖြစ်သွားသည်လောက်ကိုသာ ပြောစရာ ရှိတော့ပါ၏။

ကြီးကြီးငွေသည် အလွန်တရာ အသန့်အပြန့် ကြိုက်သူမှန်း ကျွန်တော် သိသဖြင့်လည်း အမြင်မတော်သောဤစားပွဲကို ရှင်းလင်းမည် ပြုမိခြင်း ဖြစ်ပေသည်။ ထိုစားပွဲပေါ်၌လည်း ပိုးပုဆိုး အဟောင်းတစ်ထည်ဖြင့် ရစ်ပတ် ထုပ်စည်းထားသော အထုပ်ကြီးကြီး ပြားပြားကြီး တစ်ခုက ရှိနေပါသေး၏။ သည်အထုပ်ကြီးမှာလည်း ပင့်ကူများ အိမ်ဖွဲ့ တွယ်ကပ်၍ ပိုးဟပ်ချေး၊ ပိုးဟပ်ကောင်များပါ အရောရော အထွေးထွေး ရှိနေပေသည်။

ဒါကို ကျွန်တော်က ဖုန်ခါ ရှင်းလင်းရန်အတွက် ကြိုးစများကို အလျင် ဖြေဖြန့်လိုက်ရပါသည်။ အထုပ်တွင်းမှ ပစ္စည်းများကတော့လည်း ဘာမျှ မထူးဆန်းပါ။ အားလုံးကုန် မှန်ပေါင်သွင်းပြီးသား ဓာတ်ပုံ အရွယ်အစားစားများသာ ဖြစ်နေပါ၏။ အပေါ်ဆုံးမှ တွေ့ရသော ဓာတ်ပုံတစ်ခုကို ကျွန်တော်က ကောက်ယူပြီး သေချာစွာ ကြည့်လိုက်မိသည်။ မှန်ပေါ်တွင် ကပ်ငြိနေသော ဖုန်အမှုန်များ အကြားမှပင် ကြည်လင်စွာ ပြုံးနေသည့် အသက် ၂၀ ခန့် ယောက်ျားပျို တစ်ယောက်၏ အလှမှာ ကျွန်တော့်မျက်စိကို ဖမ်းစား ညှို့ယူထားသလို ရှိနေပါ၏။

သို့ရာတွင် ကျွန်တော့်အဖို့ ကြာရှည်ကြည့်ရှုနိုင်ရန် အချိန်မရတော့ပါ။ ဒေါ်မြိုင်ကြီး အပြေးရောက်လာကာ လက်ပြ ခြေပြနှင့် တားမြစ်နေ

သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်လည်း ရှည်ရှည်ဝေးဝေး တွေးတော မနေတော့ဘဲ အမြန်ပင် သိမ်းထုပ်လိုက်ရပါ၏။

အနည်းငယ် ထူးဆန်းသလို ရှိသည်မှာတော့ ကျွန်တော်တို့တစ်တွေ ဤသို့ ပြုမူနေကြခြင်းကို ဘဘသည် တည့်တည့်ထင်ထင် တွေ့မြင်သွားပါလျက်နှင့် မမြင်ယောင်ပြုကာ လွှဲရှောင်သွားခြင်းပင် ဖြစ်ပါသည်။ နားလည်ရန် ပို၍ပင် ခက်သေးသည်ကား၊ ထိုနေ့ ညဦးပိုင်းတွင် ဘဘသည် နံနက်က ကျွန်တော် သည်အတိုင်း ထားခဲ့ရသော စားပွဲပေါ်မှ အထုပ်ကြီးအား အသက် အသံ မပြုဘဲနှင့် သူကိုယ်တိုင် ဖုန်ခါရှင်းလင်းနေခြင်းပင် ဖြစ်ပါသည်။ ဖုန်များ ပေရေနေသော ဘဘ လက်ကို တွေ့ရသောအခါ ကျွန်တော်က တကယ် စိတ်မကောင်း ဖြစ်သွားမိပေသည်။

'ကျွန်တော့်ကိုတော့ စိတ်မချလို့လား ဘဘရယ်၊ ကျွန်တော့်ကို ခိုင်းရောပေါ့'

ကျွန်တော်က ဘဘအနီးသို့ တိုးကပ်သွားကာ ဤသို့ ပြောမိရာ ဘဘက 'ရှူး ... တိုးတိုး' ဟု ဟန့်တားလိုက်ပါသည်။ ထိုအခိုက်တွင် အခန်းတွင်းမှ ကြီးကြီးငွေ၏ ချောင်းဟန့်သံ တစ်ချက်ကို ကြားလိုက်ရရာ ဘဘသည် အထုပ်ကြီးကို မျက်ကလဲဆန်ပျာနှင့် ပြန်ထုပ်လိုက်ရပါ၏။

ဤအိမ်ကြီး၏ "ပုံစံ" ကတော့ သည်အတိုင်းပင် ဖြစ်ပါသည်။ ဤအသေးအဖွဲကလေးတွေမှာ ဘာတွေကြောင့် ဘယ်လို ဖြစ်နေသည်ကို ကျွန်တော် တစ်ယောက်သာ မသိနိုင်၊ မထင်နိုင် ဖြစ်နေရသော်လည်း ဤအိမ်၏ လက်စွဲတော် ဒေါ်မြိုင်နှင့် အောက်ထပ်မှ စီတာရန်းတို့ကတော့ အကြောင်းစုံ သိပေမည်။ သို့သော် ဒေါ်မြိုင်မှာ ဆွံ့အ နားထိုင်းနေသည်နှင့် အမျှပင် စီတာရန်းကလည်း နှုတ်ငြိမ်လှသည် ဖြစ်ရာ၊ သူတို့ထံမှ အကြောင်း တစ်စွန်းတစ်စမျှ မရနိုင်ပါပေ။

တကယ်ဆိုတော့လည်း ဤအိမ်ကြီးရှိ လူများ အားလုံးမှာ အကျယ်ချုပ် သဘောမျိုးဖြင့် အပြစ်ဒဏ် ခံနေသူများနှင့် သဏ္ဌာန်တူလှပါသည်။ သည်အထဲတွင် တစ်အိမ်လုံး၏ ဂရုတစိုက် လေးစားမှုကို ခံယူလျက် ရှိရသည့် အိမ်ကြီးရှင် ကြီးကြီးငွေ တစ်ယောက်၏ ဘဝအနေအထားက ပို၍ အကျဉ်းအကျဆုံး ဖြစ်ပါသည်။ သူ့အား လှုပ်ရှားနိုင်သော လူသေ တစ်ယောက် ဟုသာ ဆိုဖွယ်ရာ ရှိပါတော့၏။

"သူ စကားပြောရမယ့် သူက ၂ နှစ် နေလို့မှ တစ်ခါ မပေါ်ပေါက်ဘဲ ကိုးကွာ" ဟု ကျွန်တော်တို့ ရောက်စက ဘဘ ပြောခဲ့ဖူးသည့် စကားအတိုင်း ဟိုနေ့ဆီကပင် ပြောစရာ စကားများ ကုန်ခန်းလေဘိအလား နှုတ်အငြိမ်ကြီး ငြိမ်သက်လှသည်မှာလည်း အံ့တစ်ပါးပါပေ။

မြေကြီးဆို ထွာညီမျှ လှမ်းဖူးသည် မရှိခြင်းမှာလည်း ဘယ်လောက်ကြာမြင့်သော နှစ်ပရိစ္ဆေဒက အလေ့အကျင့်ပေလဲ မသိ။ ကုန်ကုန် ပြောရလျှင် အိမ်အောက်ထပ် တိုက်ခန်းကိုပင် ယောင်၍မျှ ဆင်းခဲ့မိခြင်းမျိုး မရှိပါ။ သူ့ကို အချိန်အကြာမြင့်ဆုံး တွေ့နိုင်သည်မှာ ဘုရားစင်ရှေ့နှင့် အပ်ချုပ်စက်တွင် ဖြစ်၍၊ ကျန်အချိန်များ အားလုံးမှာ သူတို့၏ အိပ်ခန်းရှည်ကြီးထဲတွင်သာ အနေများပါသည်။ အခင်းအလေး ကိစ္စများမှာလည်း ဂျာဒူးကုလား ငှားရမ်းထားကာ ထိုအိပ်ခန်းရှည်ကြီးနှင့် ဆက်လျက်ရှိသော အိမ်သာခန်းတွင်သာ ကိစ္စပြီးစေပါသည်။

ကျွန်တော်တို့ အားလုံးကတော့ ခြံနောက်ဖေး ဝင်းထဲမှာ ဆောက်လုပ်ထားသော အိမ်သာသို့ သွားရခြင်းသာ ဤအိမ်မှ အပသို့ ထွက်ရာ ခရီးပေါက် ဖြစ်ပါ၏။ သည့်ထက် အခွင့်အရေး အနည်းငယ် ပိုသူမှာတော့ စီတာရန်း တစ်ယောက်ပင် ဖြစ်သည်။ သူကတော့ အိမ်ပေါ်မှာလည်း မနေပါ။ အောက်ထပ်မှ အခန်းငယ် တစ်ခန်းတွင် နေ၍ သူ့ထမင်းကိုလည်း အောက်ထပ်မှာပင် သူ့ဘာသာ ချက်စားသူ ဖြစ်ပါသည်။

နံနက်မိုးလင်းပြီ ဆိုလျှင်တော့ သူသည် အိမ်အပေါ်ထပ်ကို ရောက်လာပြီး ဘဘနှင့် ကြီးကြီးငွေအား ယနေ့ ဘာစားမည်ကို တစ်ယောက်စီ မေးမြန်းရသည်။ ဘဘက သူ စားချင်တာကို သူပြော၍၊ ကြီးကြီးငွေကတော့ သူ စားချင်တာအပြင် တစ်အိမ်လုံးအတွက် လိုအပ်ရာရာများကိုပါ မှာကြားလိုက်ပေသည်။ ပြီးလျှင် ကျွန်တော်နှင့် ဒေါ်မြိုင်က ချက်ပြုတ်၍ အားလုံးပင် ကောင်းမွန် သင့်တင့်သော အစားအသောက်များကို စားသောက်ရပေသည်။

အစားအသောက်နှင့် ပတ်သက်၍ သာမန်ထက် ပိုလွန်သော ထူးခြားချက် တစ်ရပ်ကို ပြောရဦးမည် ဆိုလျှင်တော့ ဤအိမ်ကြီးတွင် အားလုံးသော စားကောင်းသောက်ဖွယ်များကို နေ့စဉ်အားဖြင့် အိမ်သားများ စားသောက်နိုင်သည့် အတိုင်းအတာထက် တစ်ဆမျှ ပိုလွန်ကာ ချက်ပြုတ်

ရခြင်းပင် ဖြစ်ပါသည်။ အနည်းငယ်မျှကို ဆွမ်းတော်တင်သည်မှအပ စားသောက်၍ ပိုလျှံသမျှသော ထမင်းဟင်းလျာများအား မည်သို့ ပြုမူသည်ကို ဖော်ပြရလျှင်လည်း မျက်မြင်ကိုယ်တွေ့ မဟုတ်သူများအဖို့ ယုံကောင်းမှ ယုံနိုင်ပေလိမ့်မည်။

ကျွန်တော်ကတော့ ယုံကြည်နိုင်ဖွယ် မရှိသော ဤအဖြစ်ကို ကိုယ်တိုင် နေ့စဉ် ပြုလုပ်နေခဲ့ရပါ၏။ နံနက်စာနှင့် ညစာ စားပြီးတိုင်းတွင် ကျွန်တော်သည် နေ့စဉ် ၃–၄ မျိုးထက် မနည်းအောင် ချက်ထားသော အသားဟင်းလျာများနှင့် ထမင်းများအား ဒန်လင်ပန်းကြီး တစ်ခုနှင့် ထည့်ကာ ခြံနောက်ဖေး ကွက်လပ်ကြီးသို့ သွားရောက် ချထားရပါသည်။

ထိုတစ်ခဏတွင် ခွေးလေ ခွေးလွင့်တို့၏ ကိုက်သံ၊ ဟိန်းသံများလည်း ဆူညံ၍ သွားတတ်ပါသည်။ အမြဲတစေ စားရနေကျ ဤနေရာကို သူတို့ကလည်း သူ့ထက်ငါ ဦးအောင် တစ်ကောင့် တစ်ကောင် အလစ်မပေးဘဲ ကြိုတင် စောင့်ဆိုင်းနေကြဟန် တူပါသည်။ ခွေးများ စားသောက်ပြီး၍ မြေတွင်ဖိတ်စဉ်ကာ အကတ်အသတ်မျှ ကျန်ခဲ့သော ထမင်းစေ့များ ဟင်းစများကိုလည်း ကျီးများ တရုန်းရုန်း ဖြစ်နေတတ်ပါသည်။

ထိုအခါမျိုးတွင် ကျောချင်း ကပ်နေသော နောက်ဖေး ခြံထဲက တဲကလေးဆီမှ **'ယောဒီ လောကကြီးမှာ ပျော်စရာရှည်းပါ၊ အဟတ်–ဟတ်–ဟား – ပျော်လွန်းလို့ပါများ၊ ယောဒီ လောကကြီးမှာ'** ဟူသော နက်ကျယ်အက်ကွဲလှသည့် အသံဆိုးကြီးကိုလည်း အမြဲတမ်း ကြားရတတ်ပါသေးသည်။ တစ်ခါတစ်ရံတော့ နေဝင်ဖျိုးဖျအချိန် ဤတိုက်အိမ်အိုကြီး၏ နောက်ဖေး ကွက်လပ်ထဲမှ အရိုင်းထနေသော ချုံနွယ်ပေါင်းမြက်တို့၏ အကြားဝယ် ဤအသံခြောက်သွေ့သွေ့ကြီးကို ကြားရသည်မှာ ကြက်သီးထ လု မတတ် စိမ့်မြသွားတတ်ပါသည်။

ယခုအချိန်မှာတော့ ဤအသံရှင်မှာ မည်သူဖြစ်သည် ဆိုတာကိုလည်း ကျွန်တော် သိထားခဲ့ပြီ ဖြစ်ပါသည်။ အသံရှင်မှာ သူ့အသံနှင့် လိုက်လျောသော ရုပ်ရည်ရှိသူ ဖြစ်ပါ၏။ ဖွာလန်ကြဲလျက်ရှိသော ဆံပင်များ အောက်မှ ပွရောင်းရောင်း မျက်နှာကြီးတွင် မျက်ထောင့်နီကြီးကို စွေစောင်း၍ ကြည့်တတ်လေ့ရှိသော အဝတ်အစား စုတ်ပြတ်ပြတ်နှင့် ထိုအသံရှင် အရက်သမားကြီးကား ... သူတကာ ရှောင်ကွင်းထားသည့်

နောက်ဖေး ချုံနွယ်များကိုမှ လမ်းလုပ်၍ ဖြတ်သန်းကာ သရဲတစ္ဆေ ခြောက်သလို ဘွားခနဲ ပေါ် ပေါ် လာတတ်လေ့ ရှိပါသည်။

သူနေသည့် နောက်ဖေး တဲကုပ်ကလေးကိုလည်း ကျွန်တော် တစ်ခါက အိမ်သာထဲမှ ချောင်းကြည့်ဖူးပါသည်။ စုတ်ချာ ယိုင်နဲ့လျက်ရှိသော ဤတဲငယ်တွင် ကြက်များ၊ ဘဲများနှင့် လူများမှာ အရောရော အထွေးထွေး ဖြစ်ကာ ညစ်ပတ်ပေကျံနေပုံလည်း ရှိပါသည်။ ထိုအရက်သမားကြီးမှာ ဘာအလုပ်ကိုမှလည်း လုပ်ကိုင်ပုံ မရပါ။ အသက် ၅၀ ခန့် မည်းမည်း၀၀ နှင့် ရုပ်ကြမ်း၊ နှုတ်ကြမ်း ရှိပုံရသော သူ၏ ဇနီးသည်ကသာ ဘူးသီးကြော်၊ ပဲကြော် စသော အကြော်မျိုးစုံကို နေ့ရှိသမျှ အသြော်တိုက်ကာ တောင်းနှင့် ရွက်ပြီး လမ်းတကာကို လည်ရောင်းရဟန် တူပါသည်။

အစားအသောက်နှင့် ပတ်သက်၍ ဆက်စပ်မိရာများကို ငှီကာချဲ့ပြီးသည် နောက်တွင် ကျွန်တော်တို့တစ်တွေ နေထိုင်လုပ်ကိုင်ရပုံကို ပြန်ကောက်ချင်ပါသေးသည်။ ကျွန်တော်တို့တွင် အခြားသော လုပ်ဖွယ် ဆောင်တာကတော့ မများလှပါပေ။ အိမ်ရှင်း၊ အ၀တ်လျှော် စသော အိမ်မှုကိစ္စ ဗာဟီရကလေးလောက်သာ ရှိပေသည်။ ဒါကိုလည်း ကျွန်တော်တို့ သုံးယောက် စလုံးပင် တစ်ယောက်စီ ၀ိုင်း၀န်းလုပ်ကိုင်ကြပါသည်။ ကျန်သော အချိန်များတွင်တော့ ကျွန်တော်က ကျောင်းစာများကို အဖန်တလဲလဲ ဖတ်ရှုနေတတ်သလို ဒေါ်မြိုင်ကြီးမှာလည်း ဓာများ၊ ပန်းများကိုသာ တကုပ်ကုပ် ထိုးချုပ် နေတတ်ပါသည်။

စီတာရန်းတွင်တော့ ဈေးသွားသည့်အပြင် အိမ်မှ ထွက်ရသော အခါများလည်း အတော်များများ ရှိပါသေး၏။ ၎င်းကား ဘဘ အလုပ်ရှိရာ ဆီစက်သို့ ဘဘအား လိုက်ပို့၊ ပြန်ခေါ်ရခြင်းနှင့် သာရေး နာရေး အပြင်အပ ကိစ္စများသို့ ဘဘ သွားရောက်ရသည့် အခါတွင် ဆိုက်ကားနင်း၍ လိုက်ရခြင်းပင် ဖြစ်ပေသည်။

ဤတွင် ဦးကြီးသိန်း၏ အဆိုအရ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး ဘာမျှမလုပ်ဘဲ တစ်သက်တာ ထိုင်စား နေနိုင်လောက်အောင် ကုံလုံကြွယ်၀သူများဟု သိရပါလျက်၊ အခြားသော သူဌေး သူကြွယ်များနည်းတူ ကားသစ်ကြီးများကို မစီးဘဲ ဘာ့ကြောင့် ဆိုက်ကားမျှနှင့် ကျေနပ်နေရသလဲ ဆိုတာကိုတော့ ကျွန်တော့်စိတ်တွင် ရံဖန်ရံခါ အဖြေရှာကြည့်မိပါ

၏။ သို့သော် ... အများထဲတွင် ရောရှ်မရသော ဤအိမ်ကြီး၏ သီးခြားပုံစံ အရ ဤအကြောင်းအရာမျှသည်လည်း ပို၍ ထူးခြားနေသည်ဟုဖြင့် မဆို သာပါချေ။

ဤအကြောင်းအရာနှင့် ပတ်သက်၍ စီတာရန်းအားလည်း ကျွန်တော် တစ်ခါက စပ်စုကြည့်မိဖူးပါသေးသည်။

'ဘဘတို့များဗျာ ... ကားလေး ဘာလေး ဝယ်စီးရောပေါ့၊ ဒရိုင်ဘာ မငှားချင်တောင် ခင်ဗျားကို ကားမောင်း သင်ပေးရင် ဖြစ်နိုင်သားကို'

ဤတွင်တော့ စီတာရန်း၏ အမူအရာက လိုလိုချင်ချင် ပြောဆိုပုံပင် ရပါသည်။ 'အမယ် ... ငါ ဘာလို့ ကားမမောင်းတတ်ရမှာလဲ၊ ဘဘ တို့မှာ ကားရှိတုန်းက ငါပဲ မောင်းနေတာ၊ မြင်းလှည်းတုန်းကလည်း ငါပဲ မောင်းခဲ့တာပဲ။ ဟော–ဟိုမှာ မမြင်ဘူးလားကွ ကားရုံ'

စီတာရန်း လက်ညွှန်ပြသည်မှာတော့ အိမ်နံဘေး ခပ်လှမ်းလှမ်း ဝင်းခြံ အစပ်တွင် ဆောက်လုပ်ထားသော သွပ်မိုး ပျဉ်ကာ အဆောက် အဦ ကလေးပင် ဖြစ်ပါသည်။ ထိုအဆောက်အဦကလေးမှာ ကားရုံနှင့်ပင် တူသည်ဟု ကျွန်တော် မဆွက မှတ်ထင်မိဖူးသော်လည်း ယခုမှာ ဘဘတို့ ဆီစက်အတွက် မြေပဲအိတ်များ၊ နှမ်းအိတ်များ သိုလှောင်ထားရာ နေရာ ဖြစ်ရှိနေပါသည်။

'နို့ ... အဲဒီကားက ဘယ်ရောက်သွားလို့လဲဗျ'

သည်တစ်ခါတော့ စီတာရန်းမှာ ငေးငိုင်၍ သွားပြန်ပါသည်။ 'ဟာ ကွာ–ကြီးကြီးဌေ ကြားသွားပါဦးမယ်၊ အကျိုးမရှိတာတွေကို မမေးစမ်း ပါနဲ့' ဟူ၍လည်း နှုတ်ပိတ် ရေငုံ လုပ်ကာ လွဲရှောင် ထွက်ခွာသွားပါသည်။

ဤအိမ်ကြီး၌ ဘဘအကြောင်းမှပဲ ဆက်နွှယ်လာသည် ဖြစ်စေ၊ အဆုံးသတ်မှုမှာ ကြီးကြီးဌေ အလိုကျ ဖြစ်ရန်သာ ပို၍ အရေးကြီးပုံ ရပါသည်။ မြို့ပိုင် ရုံးစိုက်ရာ မြို့တစ်မြို့သာမို့ ထိုစဉ်က လျှပ်စစ် ဓာတ် အားပေး ဌာနမှာလည်း နေ့ဘက်မှာ မပေးဘဲ ညဘက်မှ ပေးသည်ဖြစ်ရာ၊ နေ့လယ်ပိုင်းတွင် တဝန်တပိုးဖြင့် ရေနံဆီ အကုန်ခံကာ မီးအိမ်ထွန်းလျက် တံခါး အလုံပိတ်ထားရာမှ အစ ယခုအချိန်ထိအောင် အဖြစ်အပျက်ကလေး များကိုလည်း ကျွန်တော့်အနေနှင့် ဘဲဥ အစရှာမရသလို အကြောင်းရှာ၍ မရနိုင်သေးပါ။

ကိုယ့်ထက် အသက်အရွယ် များစွာကြီးပုံရသော ဇနီးသည် တစ်ဦးအား ဤမျှ အလိုလိုက်နိုင်လွန်းသော ဘဘကိုသာ အံ့ဩမိပါသည်။ ဘဘမှာ နေ့ပိုင်းတွင် အိမ်မှာ အနေနည်းသော်လည်း အိမ်ပြန်ရောက်လာသည့် ညနေပိုင်းများမှာ ဆိုလျှင် အိမ်ရှိလူများ အားလုံးကုန်ကိုပင် နေကောင်းမကောင်းမှ စ၍ တစ်ယောက်စီ ဂရုစိုက် မေးမြန်းလေ့ ရှိပါသည်။

ဘဘ၏ အမူအရာမှာ ညင်သာသိမ်မွေ့လှသည်နှင့်အမျှ အားလုံးအပေါ်တွင် ကြင်နာ မျှတသော စိတ်ထားနှင့်လည်း ပြည့်စုံပါသည်။ သို့ကြောင့် လူ့လောကနှင့် သီးခြား ကင်းလွတ်နေသလို ရှိသော ဤအိမ်ကြီးဝယ် ဘဘ တစ်ယောက်သည်သာ ကြည်ညို အားကိုးစရာ ဖြစ်သည်ဟု ကျွန်တော် ထင်မြင်မိပေ၏။ ရံခါ စိပ်ပုတီးကို လက်နောက်ယှက်၍ စိပ်ပြီး အိမ်ပေါ်တွင် စင်္ကြံလျှောက်နေပြန်တော့လည်း ဘုန်းဘုန်းနှင့်ပင် တူသယောင် ရှိသဖြင့် ဘဘကို ပိုချစ်မိပါသည်။

[၄]

ဘဲဥကို အစရှာမရသည့်အထဲတွင် အမယ်ဘုတ်၏ သူ့ချည်ခင်က သပွတ်အူလိုက်၍ နေပြန်ပါလေပြီ ဟူ၍သာ ကျွန်တော် ဆိုလိုက်ချင်ပါသည်။

အနေကြာသလောက် အသားကျမလာနိုင်သေးဘဲ တစ်နေ့ထက်တစ်နေ့ ပျင်းရိစရာကောင်းလာခြင်း၏ ဒဏ်ကိုလည်း ကျွန်တော်က ကြိတ်မှိတ်ပြီး ခံစားနေရပါသေး၏။ အားလပ်ချိန်တိုင်းတွင် ဦးကြီးသိန်းတို့အိမ်မှ ယူလာခဲ့သော ကျောင်းသုံး စာအုပ်များကိုချည်း လှေလာဖတ်ရှုရခြင်းမှာလည်း ငြီးငွေ့စဖွယ်ပင် ဖြစ်နေသည်။

တစ်နေကုန်၍မှ စကားဆယ်ခွန်း ပြည့်အောင် ပြောစရာ မရှိခြင်းကို တောမိနှင့် သီလဝဘွဲ့ ရထားခဲ့ဖူးသူ ကျွန်တော်က အမှုမထားလောက်သည်တိုင်အောင် တစ်ပါးသူတို့၏ လူမှုလူရာ၊ ရွာရေးရပ်ရေး ကိစ္စလောက်ကိုမျှ ကြားနိုင် သိနိုင်ခြင်း မရှိဘဲ လူ့လောကနှင့် လုံးဝ အဆက်ဖြတ်ထားသလို ရှိနေခြင်းအား တစ်နေ့ တစ်ရက် မဟုတ်ဘဲ ရက်ရှည် လများ ခံစားလာရသည့် အခါတွင်တော့ သည်းမခံနိုင်လောက်အောင် စိတ်ပျက်လာမိသည်။

"ဩော် ... ငါ့ဘဝဟာ ထောင့်တစ်သက် လွတ်ရက်မရှိ ကျနေတဲ့ အကျဉ်းသားလို လွတ်လမ်းမှ မြင်နိုင်ပါဦးမလား၊ ဒီတိုက်အိမ်အိုကြီးထဲမှာ

ဒီလိုသာ အသက်ထက်ဆုံး နေသွားရမယ် ဆိုရင်တော့ ငါတို့လည်း ကြီးကြီး ငွေရဲ့ လမ်းစဉ်ကို လိုက်ပြီး–အင်း ... မသေခင်က မသာရုပ် ပေါက်လာတော့မှာ သေချာပါတယ်ဗျာ"

တစ်နေ့ထက်တစ်နေ့ လုပ်လဲ့လုပ်လီနှင့် ဖြူဖပ်ဖြူရော် ဖြစ်ခါလာသော ကြီးကြီးငွေအား ကြည့်ကာ ဤလို မှတ်ချက်ချမိရသည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပါပြီ။ ဤအဖြစ်ကို အနိုက်အတန့်အားဖြင့် သက်သာရာ ရစေသူကတော့ ဘဘပင် ဖြစ်ပါ၏။

'မောင်အောင်တင်ရယ်၊ မင်းမလဲ တစ်နေ့တစ်နေ့မှာ ဒီစာတွေချည်း ဖတ်နေရတာ ပျင်းလှရော့မယ်ပေါ့။ ဘဘလည်း မင်းကို ကျောင်းထား ပေးချင်ပါတယ်ကွာ၊ ဒါပေမဲ့ ဘဘနဲ့ စီတာရန်းတို့ အပြင်အပ သွားနေတဲ့ အခါ မယ်မြိုင်နဲ့ မင့်ကြီးကြီးငွေနဲ့ချည်း ကျန်ရစ်ရင် စိတ်မချစရာ သိပ် ကောင်းတာ။ မင်းတစ်ယောက် ရောက်လာပေလို့သာ ဘဘတို့ စိတ်ဖြောင့် လက်ဖြောင့် နေရတာကွယ့်။ အင်းလေ ... တစ်နေ့မှာ မင်းလည်း ထိုက် သလောက်တော့ အကျိုးခံစားရလိမ့်မယ်ပေါ့ကွယ်၊ အဲ အခုတော့ သည်းခံ နေဦးပေါ့ ဟုတ်လား၊ မင်း ဖတ်ဖို့ ဘဘ စက်ထဲက သတင်းစာတွေလည်း ယူလာပါဦးမယ်'

ဘဘသည် ကျွန်တော့်အား နှစ်သိမ့် အားပေးရှာသည်။ အခါတိုင်း က စက်ထဲတွင်သာ ဖတ်ပြီး ထားရစ်ခဲ့ပုံရသော သတင်းစာများကိုလည်း ထိုနေ့မှ စ၍ ယူလာပေးပါသည်။ ဤစနစ်မှာ အတော် အောင်မြင်သည် ကိုလည်း ဒိဋ္ဌမမ္မ သိရှိလာရပါ၏။ လူသည် လူ၏ အကြောင်းကို စိတ် အဝင်စားဆုံး ဖြစ်ကာ အထီးကျန်လို မနေနိုင်ကြောင်းကိုလည်း ကိုယ်တွေ့၊ လက်တွေ့ သဘောပေါက်လာရပါသည်။

ကျွန်တော်သည် သက်ရှိ လူသားများကို တိုက်ရိုက် တွေ့ကြုံရခြင်း မရှိသည်တိုင်အောင် အရပ်ရပ် အနယ်နယ်မှ လူသားများ၏ အဖြစ်အပျက် အဆိုးအကောင်း အကျိုးအကြောင်းများကို သတင်းစာမှတစ်ဆင့် တွေ့သိ လာရသောအခါ အတော်ကလေး စိတ်ကျေနပ် နှစ်သိမ့်မှုကို ရရှိသွားပါ သည်။ ထို့ထက် စိတ်အာရုံ ခံစားမှုနှင့် အစွဲအလမ်း ပိုလာသေးသည်မှာ တော့ သတင်းစာတွင် တစ်မျက်နှာမျှသာ ပါရှိသော "သည်းလွှာရွှေစင်" အခန်းဆက် ဝတ္ထုရှည်ကြီးကို နေ့စဉ်ရက်ဆက် စောင့်မျှော် ဖတ်ရှုနေရ ခြင်းပင် ဖြစ်ပါ၏။

ဝတ္ထုမှာ ဇာတ်လမ်း ဇာတ်ကွက် ကောင်းမွန်သည်နှင့်အမျှ ဇာတ်လိုက် ဖြစ်သူ လူရွယ်၏ စိတ်သဘောထား ကြီးရင့်ပုံ၊ စင်ကြယ် မွန်မြတ်သော နှလုံးသားနှင့် စာရိတ္တကို ထိန်းသိမ်းပုံ၊ အမျိုးမျိုးသော ဒုက္ခနှင့် အခက်အခဲများအား ရင်ဆိုင် ဖြေရှင်းရပုံတို့မှာ စိတ်ဝင်စားစရာနှင့် လေးစားအားကျစရာကြီး ဖြစ်နေပါသည်။ ထိုဝတ္ထုကို ရေးသော စာရေးဆရာ "လှမွန်" ဆိုသူမှာ အရေးအသားတွင် ပိုင်နိုင် ကျွမ်းကျင်လှပြီးလျှင် စာဖတ်သူများ၏ စိတ်အာရုံကို ဖမ်းစား ညှို့ယူနိုင်စွမ်းလည်း ရှိလှပါသည်။

ထိုစာရေးဆရာ "လှမွန်" ဆိုသူ၏ လက်ရာမှာ ဤမျှတော့ မကသေးပါ။ သူ၏ ဘောဂဗေဒနှင့် နိုင်ငံရေးရာ ဆောင်းပါးများမှာလည်း တစ်ပတ်လျှင် နှစ်ကြိမ်ကျ သီးသန့် ပါရှိလာတတ်ပါသေးသည်။ ထိုဆောင်းပါးများကိုတော့ ကျွန်တော့်အဖို့ ကောင်းစွာ နားလည်နိုင်ခြင်း မရှိသေးသဖြင့် တစ်ခါတစ်ရံမျှသာ ကြိုးစား ဖတ်ရှုလိုက်ကာ မဖတ်ဘဲ နေသည့် အခါက ပိုများပါသည်။

ဤကဲ့သို့ ကျွန်တော့်အဖို့ တစ်ဖက်တစ်ဖမ်းမှ အဆင်ပြေနေခဲ့သော်လည်း ဤအိမ်အိုနှင့် ဤအိမ်သားများ၏ "မှု" ကတော့ တစ်စက်ကလေးမျှ ပြောင်းလဲလာခြင်း မရှိပါ။ ပြောင်းလဲမှု မရှိသည့်ပြင် အထက်၌ ကျွန်တော် ဆိုခဲ့သလို ဘဲဥကို အစရှာမရနိုင်သည့် အထဲတွင် အမယ်ဘုတ်၏ သူ့ချည်ခင်က သပွတ်အူ လိုက်၍ပင် လာပြန်ပါလေသည်။

တစ်နေ့သော နံနက်ပိုင်း၌ ကျွန်တော်တို့သည် နံနက်စာ စားသောက်ပြီးစီးကြပြီးနောက် ကိုယ်စီကိုယ်င သူ့အလုပ်နှင့်သူ ရှိနေကြပါသည်။ ကြီးကြီးငွေသည် သူနှင့် ဒေါ်မြိုင်အတွက် အဝတ်အထည်များကို သူ ကိုယ်တိုင်ပင် ချုပ်လုပ်တတ်သည်ဖြစ်ရာ၊ ထိုနေ့မှာလည်း ထမင်းစားပြီးလျှင် ပြီးချင်းပင် အခန်းတွင်းသို့ တန်းဝင်သွားကာ တဂျုံးဂျုံး တဂျိုင်းဂျိုင်းနှင့် စက်ချုပ်နေသံ ကြားရပါသည်။ ဘဘကတော့ ဆီစက်သို့သွားရန် အဝတ်အစားများ လဲလှယ်ပြင်ဆင်လျက် ရှိပါ၏။

ကျွန်တော်နှင့် ဒေါ်မြိုင်ကတော့ မီးဖိုခန်းမှ မထွက်ရသေးပါ။ ဒေါ်မြိုင်သည် ပန်းကန်ခွက်ယောက်များကို တိုက်ချွတ် ဆေးကြောနေ၍၊ ကျွန်တော်ကတော့ လူနှစ်ယောက်စာမျှရှိသော ထမင်း ဟင်းလျာများကို ဒန်လင်ပန်းကြီးတွင် ပုံထည့်ကာ အခါတိုင်းကဲ့သို့ပင် နောက်ဖေး ခြံထဲသို့ သွားချရန်

ပြင်ဆင်နေပါသည်။ ထိုအခိုက်တွင် ကြီးကြီးငွေ အခန်းတွင်းမှ ပြန်ထွက်လာကာ ကျွန်တော့် အနီးတွင် ရပ်လာပါသည်။

'စီတာရန်း ရှိသေးလားဟေ့ အောင်တင်'

'ဘဘမှ မသွားသေးတာ၊ သူလည်း ရှိမှာပေါ့'

'ဒါဖြင့် သွားပြောစမ်း၊ အပ်ချည်လုံး ကုန်နေတယ်၊ မြန်မြန် သွားဝယ်လိုက်စမ်း လို့'

ကြီးကြီးငွေက လက်ထဲမှ ကျပ်တန် တစ်ရွက်ကို ကမ်းပေးလိုက်သောအခါ ကျွန်တော်က လှမ်းယူပြီး အောက်ထပ်သို့ ဆင်းခဲ့ရပြန်ပါသည်။ ထိုအခိုက်မှာပင် ကျွန်တော်သည် ဘယ်လိုမျှ တွေးမရနိုင်သော အရှုပ်အထွေးအစအနများကို တွေ့လာရခြင်း ဖြစ်ပါ၏။

ဖြစ်ပုံမှာ ကျွန်တော်သည် စီတာရန်း၏ အခန်းသို့ သွားရောက်ရာ၌ စီတာရန်းအား မတွေ့ရဘဲ ရှိနေလေသည်။ ထို့အပြင် အောက်ထပ်၌ ထာဝစဉ်သော့ပိတ်၍ ထားခဲ့သော ဧရာမ ခန်းကျယ်ကြီးမှာလည်း တံခါးများ ပွင့်ဟ၍ နေကာ အတွင်းမှ တလှုပ်လှုပ် တရှုပ်ရှုပ် လှုပ်ရှားနေသံကိုလည်း ခပ်သဲ့သဲ့ ကြားနေရပေသည်။ ကျွန်တော်လည်း အသက် အသံ မပြုဝံ့ဘဲနှင့်ပင် ထိုအခန်းဆီသို့ ဖြည်းညင်းစွာ လျှောက်လာမိပါ၏။

ဟ နေသော တံခါးရွက်ကြားသို့ မျက်နှာအပ်ကာ ချောင်းကြည့်လိုက်မိသည်တွင်တော့ ကျွန်တော့် မျက်လုံးများမှာ တော်တော်နှင့် ခွာမရအောင် ဖြစ်ရပါတော့သည်။

ဤအိမ်ကြီးတစ်ခုလုံးတွင် အလှအပ ဆင်သ ခြယ်လှယ်ထားသည့် ပစ္စည်းများ ဟူ၍ ဘာတစ်ခုမျှ ထူးထူးထွေထွေ မရှိလှသည်တိုင်အောင် သည်အခန်းတွင်မှ လှမျိုးစုံအောင် ဆင်ယင် ခြယ်သထားခြင်းနှင့် ဤလိုပစ္စည်း ပရိဘောဂများ ပြည့်နှက်နေသည့် ခန်းမဆောင်ကြီးမျိုးကို ဘာတစ်ခုမျှ မသုံးစွဲ မတို့ထိရအောင် ပိတ်လှောင်ထားခြင်းမှာလည်း အံ့ဩစရာ ကောင်းလှပါသည်။ တိုတိုပြောရလျှင် ဤအခန်းကြီးတွင် စားပွဲ–စားပွဲမို့၊ ကုလားထိုင်–ကုလားထိုင်မို့ အားလုံးပင် တကယ့် အဖိုးထိုက်အဖိုးတန် အလှအပ ပစ္စည်းများ ဖြစ်နေသည်။ ဧရာမ မှန်ဗီရိုကြီး နှစ်လုံးတွင် အထပ်လိုက်၊ အခေါက်လိုက် ထည့်သွင်းထားသည့် ယောက်ျားသုံး အဝတ်အထည် အသုံးအဆောင်များမှာလည်း ဆိုင်ကြီးတစ်ဆိုင်တွင် ခင်း

ကျင်း ပြသထားသည်နှင့်ပင် တူသေးတော့သည်။ စားပွဲပေါ်၊ မှန်ဗီရိုကြီး များပေါ် တင်ထားသည့် ကိန္နရီ ကိန္နရာ၊ မင်းသမီး မင်းသားရုပ်၊ သမင်ရုပ် -ဆင်ရုပ် စသည်တို့မှာကား ဂုဏ်မြောက်သော ပန်းပု ပညာသည်၏ တန်ဖိုးမြင့်လှသော လက်ရာများပင် ဖြစ်ဟန်တူသည်။

အနေအထား ကျနစွာ ချိတ်ဆွဲထားလိုက်သည့် ဆီဆေးရောင်စုံ ပန်းချီကားကြီးမှာလည်း ဖုန်အမှုန့်၊ အမှိုက်သရိုက်တို့ ကြားမှာပင် ရှုမော စရာ ဖြစ်ရသေးသည်။ ထိုထက် အခန်းအလယ်တွင် အလင်းအမှောင် အနေအထားနှင့် ချိန်ဆ၍ ထားရှိဟန်တူသော ပန်းချီဆွဲသည့် ကိရိယာ အစုံအလင်ကိုပါ တွေ့ရှိနိုင်ခြင်းကဖြင့် သာ၍ ဆန်းကြယ်ပါပေသည်။ ပန်းချီဆရာ တစ်ယောက်ပင် နေဖူးလေသလောဟု ထင်မှတ်စရာ ဖြစ်နေ ပါ၏။

သည် အရာများအပြင် အခန်းထောင့် တစ်နေရာတွင် မွေ့ရာ၊ ခြင်ထောင်၊ စောင် စသည်တို့ အပြည့်အစုံ ခင်းကျင်းလျက်သား ရှိနေ သည့် တစ်ယောက်အိပ် ခုတင်နှစ်လုံးကို ဖုန်တဖွေးဖွေးနှင့် မြင်ရသည်မှာ ဖြင့် လွမ်းဆွတ် ကြေကွဲဖွယ်ရာလိုလို ရှိလှသည်။ အနက်မထင်နိုင်သော အတိတ်ကာလမှ လွမ်းစရာ့ပုံပြင် တစ်ခုကိုပင် သည်သက်မဲ့ ပစ္စည်းစုများက သရုပ်ဆောင်ကာ ပြသထားကြလေသလား၊ သည်ပစ္စည်း အစုစု၏ ပိုင်ရှင် များကား ကြီးကြီးငွေနှင့်ဘာဘာ အပြင် ဘယ်သူများ ဖြစ်လေဘိသနည်း။

အိမ်အပေါ်ထပ် စားပွဲပေါ်တွင် ဖုန်သုတ်ရင်းနှင့် တွေ့မြင်ခဲ့ရသော ဓာတ်ပုံထဲမှ ယောက်ျားပျိုသည်ပင် ဤအခန်းနှင့် တစ်စုံတစ်ရာ ဆက်စပ်မှု ရှိလေသလား မဆိုနိုင်။ ထိုခုတင်နှစ်လုံး၏ စပ်ကြား ခေါင်းရင်းပိုင်းကျကျမှ လူတစ်ရပ် သာသာခန့် အမြင့်နှင့် အဝတ်မည်းကြီး ဖုံးအုပ်ထားသည့် သဏ္ဍာန်မှာလည်း ဘာကြီးမှန်း မသိရပေ။

စီတာရန်း တစ်ယောက်ကတော့ တစ်နေရာမှ တစ်နေရာသို့ ဖြည်း ညင်းစွာ ရွေ့လျား သွားလာကာ ကြက်မွေးတံမြက်စည်း တစ်ချောင်းဖြင့် ဖုန်သုတ်လျက် ရှိပေသည်။ ကျွန်တော်သည် အားရပါးရ တဝကြီး ငေး ကြည့်နေမိပြီးမှ ကြီးကြီးငွေ လွှတ်လိုက်သော ကိစ္စကို သတိရရှိကာ တံခါး ကို ခပ်ဖြည်းဖြည်း တွန်းဝင်သွားရသည်။ ကျွန်တော့်ကို တွေ့မြင်ရသော အခါ စီတာရန်းမှာလည်း အတော်ပင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရှာပါ

သေး၏။ နောက် ကျွန်တော်က ကြီးကြီးငွေ လွှတ်လိုက်သည်ဟု အကျိုးအကြောင်းကို ရှင်းပြတော့မှပင် သူ့မှာလည်း ဘဘ၏ ခိုင်းစေချက်အရ ဤအခန်းကို အကြမ်းဖျင်းအားဖြင့် ဖုန်ခါ ရှင်းလင်းနေရကြောင်း၊ ကြီးကြီးငွေ မသိအောင် ဘဘကို အခန်းသော့ ပိတ်လှည့်ပါဟု ပြောလိုက်စေလိုကြောင်းဖြင့် ပြန်လည် မှာထားကာ ထွက်ခွာသွားပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ ဘဘအား ချက်ချင်း သွားရောက် ပြောကြားနိုင်ခြင်း မရှိသေးပါ။ စိုးရိမ်စိတ် တစ်ဝက်၊ သိလိုစိတ်တစ်ဝက်ဖြင့် အခန်းထောင့်သို့ လျှောက်သွားကာ အဝတ်မည်းကြီး ဖုံးအုပ်ထားသော အရာကို ခိုးကြောင်ခိုးဝှက် ဖွင့်ကြည့်မိလိုက်ပါသေးသည်။ ရုတ်တရက်သော် ... ကျွန်တော်သည် ဘုရား တ ကာ ယောင်ယမ်း ဟစ်အော်မိမယောင်ပင် ဖြစ်သွားရပါ၏။ နောက်မှ ကိုယ့်စိတ်ကိုယ် ပြန်ချုပ်ကာ ပါးစပ်ကို တင်းတင်း စေ့ထားလိုက်ရပါသည်။

ထိုအရာမှာ ဆန်ကောဝိုင်းခန့်ရှိ သုံးချောင်းထောက် စားပွဲအမြင့်တစ်လုံးပေါ်မှာ ဒေါက် ထောက်ကာ တင်ထားသော ပန်းချီကားချပ်ကြီးတစ်ခုသာလျှင် ဖြစ်နေပါသည်။ ဆီဆေး ရောင်စုံခြယ်ကာ ဆွဲထားသည့် ထိုပုံမှာ လှပစွာ ပြုံးနေသော အသက် ၁၈ နှစ်ရွယ် လုလင်ငယ်ကလေး၏ ကိုယ်တစ်ပိုင်းပုံပင်ဖြစ်၍ လူလောက်နီးနီးပင် ကြီးမားပါသည်။

သို့ရာတွင် ထူးဆန်းသည်မှာ ထိုငယ်ရွယ် လှပသော ယောကျ်ားပျိုကလေး၏ မျက်နှာတွင် ဓားမြှောင်ဖြင့် ခြစ်ဆွဲထားသည့်ပမာ ကန့်လန့်ဖြတ် ကြက်ခြေခတ် အစင်းကြောင်းကြီး နှစ်ခုမှာ အောက်ခံဂျပ်စက္ကူ အထူကြီးကိုပင် ပေါက်ထွက်လုနီးမျှ ထင်းထင်းကြီး ဖြစ်နေပါသည်။ ထို့ပြင် ရင်ဝတွင် စိုက်လျက်သား တန်းလန်းကြီး ရှိနေသော ရှမ်းဓားမြှောင်ကြီးကိုလည်း အသည်းအူ တုန်လှုပ်စဖွယ် တွေ့မြင်နေရပါသေးသည်။ ထိုချစ်ချင်စဖွယ် လုလင်ငယ်သာ လူသားစင်စစ်တစ်ယောက် အနေနှင့် ယခုအဖြစ်မျိုးကို ခံယူရသည် ဆိုလျှင်တော့ ...။

ကျွန်တော့်မှာ ဆက်လက်၍ မတွေးရဲတော့သလောက်ပင် ရှိနေပါသည်။ ထိုလူရွယ်မှာ အိမ်ပေါ်ထပ် စားပွဲပေါ်တွင် ကျွန်တော် ဖုန်သုတ်မည်ပြုစဉ်က တွေ့မြင်ရဖူးသော ဓာတ်ပုံထဲမှ လူငယ်တော့ မဟုတ်နိုင်ပါ။ သူတို့နှစ်ဦး၏ လှပပုံက တစ်မျိုး တစ်ဘာသာစီပင် ဖြစ်ပါသည်။ ဩော်

... သည်ပန်းချီကားချပ်ထဲမှ လူငယ်မှာ ဘယ်လို အဖြစ်ဆိုးနှင့်များ ကြုံတွေ့ရရှာပါလိမ့်။

တစ်အိမ်လုံး၏ ကျက်သရေဆောင်အဖြစ် ဂုဏ်ယူ ထားရှိထိုက်သော ဤအခန်းကြီးကို ဤသို့ ခိုးကြောင်ခိုးဝှက် ပိတ်လှောင် ထားရှိရခြင်းမှာလည်း ဘယ်လို ရှုပ်ထွေးသော အကြောင်းများကြောင့်ရယ်ဟု မဆိုနိုင်။ ဤအခန်းဆောင်သည်ပင် စုန်း၊ ကဝေ၊ တစ္ဆေ၊ အမှောင့်ပယောဂတို့ ခိုအောင်းရာ ဖြစ်လေသလော။ သို့တည်းမဟုတ် ကြီးကြီးငွေကိုပင်လျှင် အမှောင့်ပယောဂတို့ ပူးဝင် စွဲကပ်၍ နေလေသလော။ သွေးရိုးသားရိုးဖြင့် မဟုတ်တန်ရာပြီ ထင်သည်။

ဤအတွေးတစ်ချက် ဝင်လာသောအခါ ကျွန်တော့်ကျောထဲမှာ စိမ့်တက်သွားကာ ကြက်သီးမွေးညင်းများ ထ လာပါသည်။ သို့နှင့် ပန်းချီကားချပ်ကို အဝတ်မည်းကြီးနှင့် ပြန်ဖုံးလိုက်ကာ ခပ်သုတ်သုတ် ပြေးထွက်ခဲ့ရပါ၏။ အိမ်ပေါ် ရောက်ပြန်တော့လည်း ဘဘကို မတွေ့ရတော့ပြန်ပါချေ။ ဒေါ်မြိုင်ကြီးကသာ ကျွန်တော် စောစောက ချထားခဲ့သော ထမင်းဟင်းအပြည့်နှင့် လင်ပန်းကြီးကို ခြံထဲမှာ သွားရောက် ချထားတော့ရန် လက်ပြခြေပြ ပြောနေလေသည်။

ကျွန်တော့်မှာတော့ အခါတိုင်း ပြုနေကျ ဤအလုပ်ကိုပင် သွေးရှုံ့နေမိတော့ပေသည်။ ဤသို့ ထမင်း ဟင်းလျာများကို နေ့စဉ် အဓိပ္ပာယ်မရှိ စွန့်ကြဲနေရခြင်းမှာ ရိုးရိုးတန်းတန်း မဟုတ်ဘဲ ဝိညာဉ် တစ်ခုခုသို့ ရည်ညွှန်းကာ ကျွေးမွေးနေရခြင်းပေလားဟု တွေးမိပြန်တော့လည်း ဤအပြုအမူ အပေါ်မှာ စိတ်မသန့်စရာပင် ဖြစ်နေရပါသည်။ သို့နှင့် ဘဘဘယ်သွားသလဲ ဆိုတာကိုသာ ဒေါ်မြိုင်ကြီးအား ပြန်မေးလိုက်ရလေ၏။

ဒေါ်မြိုင်မှာ သူကသာ အသံပီသအောင် မပြောတတ်ပေမင့် သူတစ်ပါး ပြောသည်ကိုတော့ ပါးစပ်လှုပ်ဟန်ကို ကြည့်ရုံနှင့် နားလည်လွယ်သူ ဖြစ်ပါသည်။ ဘဘ အိမ်သာ သွားနေကြောင်းကို လက်ညွှန်ပြကာ ပြောလိုက်ရှာပါ၏။ ဤတွင်မှ ကျွန်တော်က လုပ်ရန်ရှိနေသေးသော အလုပ်အတွက် ထမင်း လင်ပန်းကြီးကို ကောက်ယူပြီး ထွက်ခွာလာနိုင်ပါတော့သည်။ ဘဘ တစ်ယောက်လုံး အိမ်သာထဲမှာ ရှိနေလျှင်တော့

ကျွန်တော့်အတွက် ကြောက်စရာ မလိုတော့ပြီ မဟုတ်ပါလား။ ပြီးတော့ အောက်ထပ် အခန်းကြီးကို သော့ပိတ်ရန်လည်း ဘဘကို ပြောရပေဦးမည်။

သို့ရာတွင် သည်ယနေ့ကို ဘာဖြစ်နေသည် မသိတော့ပါ။ ကျွန်တော့် ခြေလှမ်းများသည် နောက်ဖေး လှေကားရင်း အုတ်ခုံပေါ်မှာတင် ရပ်တန့်၍ သွားရပြန်ပါသည်။ ကျွန်တော် ခြံထဲသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ တွင် ဘဘသည် အိမ်သာသို့ သွားနေခြင်း မဟုတ်ဘဲ၊ အိမ်သာနှင့် အတော် ကလေး အလှမ်းဝေးကွာသည့် ခြံစပ်တစ်နေရာမှ ဝါးပိုးရုံနှင့် ဆီးချုံတစ်ချုံ တို့ အကြားတွင် တိုးတိုးဝှေ့ဝှေ့ ရပ်လျက် တစ်စုံတစ်ယောက်ကို စောင့် မျှော်နေပုံ ရပါသည်။ တစ်ဖက်သော တဲငယ်ဆီမှ ဘဘ ရှိရာကို ဦးတည် လျှောက်လာနေသော အရက်သမားကြီး၏ မယားကိုလည်း ဝါးရုံပင်များ အကြားမှ မြင်တွေ့ရပါသည်။ တစ်ခဏအတွင်းမှာ သူတို့ နှစ်ဦး ဆုံတွေ့ မိကြတော့လည်း တစ်စုံတစ်ရာကို တီးတိုး ပြောဆိုနေကြပြန်လေ၏။

ကျွန်တော် ချစ်သော ဘဘ၊ ကျွန်တော် ကြည်ညိုလေးစားခဲ့သော ဘဘသည် ဤအရက်သမား မယားမျိုးကို ဘာ့ကြောင့်များ လျှို့ဝှက်စွာ ချိန်းဆို တွေ့ဆုံနေရပါသနည်း။ ကျွန်တော့်ရင်ထဲမှာ အနေခက်ကာ အောင့် သက်သက် ဖြစ်လာပါသည်။ ဘဘ စိတ်ဆိုးချင်လျှင်လည်း ဆိုးစေတော့၊ ကျွန်တော် ဤအတိုင်း စောင့်ကြည့်ပြီး မနေနိုင်တော့ပါ။ လင်ပန်းကြီးကို အုတ်ခုံပေါ်မှာ တင်ထားခဲ့ကာ သူတို့ ရှိရာသို့ ခပ်ဖြည်းဖြည်း ချောင်းကွယ်၍ ထွက်လာခဲ့မိပါသည်။ ဘဘ မြင်၍ မေးလျှင် အခန်းသော့ပိတ်ဖို့ ပြောရန် လာခဲ့ကြောင်းဖြင့် အကာအကွယ် ယူရန်လည်း စိတ်ထဲမှ တွေးမိပြီး ဖြစ် နေပါ၏။ သူတို့ကတော့ ကျွန်တော် ခပ်လှမ်းလှမ်းသို့ ရောက်လာသည့် တိုင်အောင် မြင်တွေ့ကြဟန် မရှိပါ။

'ခင်ဗျားက အရေးတကြီး လိုနေပါတယ် ဆိုလို့သာ မငြိမ်းတင်... ဟိုကောင်နဲ့ တွေ့နေမလားလို့ ကျုပ် သိပ်စိုးရိမ်မိတာပဲ'

ဘဘသည် ပြောရင်းနှင့် တစ်ဆယ်တန် ငွေစက္ကူသုံးရွက်ကို တစ်ရွက် စီ ဖြန့်ပြပြီးမှ လှမ်းပေးလိုက်ပါသည်။

'သူ မရှိပါဘူး- အစ်ကိုရယ်၊ သူ မရှိလို့သာ တောင်းဝံ့တာပါ'

"မငြိမ်းတင်" ဆိုသူ အဒေါ်ကြီးကလည်း ခေါင်းငုံ့လျှိုးနှင့် ပြောကာ လှမ်းယူလိုက်သည်။

'အေးလေ ... ခင်ဗျားလည်း ကျုပ်စေတနာကို အသိသားပဲ။ ဒါပေမဲ့ အိမ်က အမယ်ကြီး သိမှာကြောက်ရ၊ ဟိုကောင်သိမှာ ကြောက်ရနဲ့ လွတ်လပ်တာ မဟုတ်ဘူး။ နောက်ဆိုရင်လည်း ဒီမှာ ကျုပ် လာမပေးနိုင်ဘူး။ လိုချင်ရင် စက်ထဲကို လာနိုင်တယ်။ စီတာရန်းကိုလည်း မှာနိုင်တယ်။ ဒါပေမဲ့ ခဏ–ခဏ ဆိုရင်လည်း ဟိုကောင် သိလို့ မီးပွင့်နေပါဦးမယ်'

'မသိစေရပါဘူး အစ်ကိုရယ်၊ သူ သိမှာကို ကျွန်မက ပိုကြောက်ပါသေးတယ်။ ဟော ... ဟိုမှာ ဘယ်သူလဲ'

သူတို့ ပြောဆိုနေသော စကားများကို ကျွန်တော် ကောင်းစွာ ကြားလိုက်ရပါသည်။ အရေးထဲတွင် စားနေကျအစာကို စောင့်ဆိုင်းနေသော ခွေးများက ကျွန်တော် ရှိရာသို့ ဝိုင်းဝန်း လိုက်ပါလာကြကာ အချင်းချင်း ဟောင်ဟိန်း နေကြသဖြင့် အရက်သမား မယားကြီး ဒေါ်ငြိမ်းတင်က ကျွန်တော့်အား အလျင် တွေ့မြင်သွားကာ "ဟိုမှာ ဘယ်သူလဲ" ဟု မေးရင်းနှင့် ချာခနဲ လှည့်ပြီး ခပ်သုတ်သုတ် ပြန်ပြေးသွားတော့သည်။ ဘဘလည်း အတော် ပျာလောင်ခတ်ကာ စိုးရိမ်ဟန်မျိုးဖြင့် လှည့်ကြည့်ရာမှ ကျွန်တော့်ကို မြင်သောအခါ သက်ပြင်းတစ်ချက်ကို မသိမသာချကာ ပြုံးလိုက်ပါသည်။

ကျွန်တော်ကား ... ဘဘ၏ အပြုံးကိုသော်မှ ပြန်လည် တုံ့ပြန်ပြီး ပြုံးလိုက်နိုင်ခြင်း မရှိပါ။ မမျှော်လင့် မစပ်အပ်သော အဖြစ်မျိုးနှင့် ဘဘအား တွေ့မြင်နေရခြင်းကိုပင် ရင်ထဲမှာ တနုံ့နုံ့နှင့် မကျေချမ်းနိုင်သလို ဖြစ်နေရလေသည်။ သို့သော် ဤအဖြစ်ကို ဘဘ ရိပ်မိသွားမည်ကိုလည်း အားတုံ့အားနာနှင့် စိုးရိမ်မကင်း ရှိနေရသေးသည်မို့ 'စီတာရန်းက အောက်ထပ် အခန်းကို သော့လာပိတ်လှည့်ပါလို့ မှာသွားပါတယ် ဘဘ' ဟူ၍သာ အသံကို မနည်းထိန်းပြီး ပြောလိုက်ရသည်။

'အေး–အေး၊ စက်ထဲသွားဖို့တောင် အချိန်နီးနေပြီ၊ စီတာရန်းက ဘယ်သွားလို့လဲ'

'သူ့ကို ကြီးကြီးငွေ ဈေးလွှတ်လိုက်ပါတယ်'

'ဟေ ... အောက်ထပ် အခန်းကို ရှင်းနေတာများ မငွေခင် သိသွားသေးလား'

'မသိပါဘူး ဘဘ'

'အေး– ဘဘ မငြိမ်းတင်ကို ငွေပေးတာလည်း မင်းမြင်လိုက်မလား မသိဘူး၊ အဲဒါလည်း သူ့ကိုတော့ တစ်စွန်းတစ်စကလေးမှ မသိစေပါနဲ့ ကွာ။ သေတာတောင် ကိုယ့်ပယောဂမှ ကင်းရဲ့လားလို့ သံသယ ဖြစ်နေရမှာတော့ ဘဘ ကြောက်လွန်းလို့ပါ'

ဘဘက ကျွန်တော့်ကို ခပ်အေးအေးနှင့် ပြောဆိုမှာကြားကာ ရှေ့မှ ခပ်စိုက်စိုက် ထွက်သွားပြန်တော့လည်း ကျွန်တော်က 'ဟုတ်ကဲ့' တစ်ခွန်းကို ဝန်ခံလိုက်ရကာ နောက်မှ လိုက်ခဲ့ရပြန်သည်။ "ဩော် ... ငွေပေးတာကလေးနဲ့ ဘဘကို မရိုးမသားတော့ မစွပ်စွဲသာပါဘူးလေ" ဟူ၍လည်း ကိုယ့်ဘာသာ စိတ်ထဲမှ ဆင်ခြေတက်မိသည်။

ထက်ကောင်းကင်တွင်တော့ တိမ်စိုင် တိမ်လိပ်များသည် သဏ္ဌာန်အမျိုးမျိုးပြောင်းကာ လေတွင် လွင့်မျော နေကြလေ၏။ ကျွန်တော် မှီခိုနေရသည့် အိမ်ကြီး၏ အရေးအခင်းများမှာလည်း "ခု–နီလို့ ခု ဝါတယ်–ပြာချင်ပြာ မှိုင်းတဲ့ပုံခင်း" ပင် ဖြစ်ရှိနေဟန် တူပေသည်။

**[ ၅ ]**

'တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား ...။

'တပည့်တော်မသည် နောင်ဖြစ်လေရာရာဘဝ၌ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် တစ်ယောက်တည်း တစ်ကိုယ်တည်းသာ ဖြစ်ရပါစေ။ အိမ်ထောင် သားမွေးရသော အဖြစ်မျိုးမှ ဘဝတိုင်း ကင်းလွတ်ရပါစေ ...။

'ကိုယ့်ကို မချစ် မနှစ်သက်သူတို့နှင့် တစ်ရံတဆစ်မျှ မပတ်သက်မဆက်ဆံရတဲ့ ကိုယ်ဖြစ်ပါစေ။ ဘုရားတပည့်တော်မအား ဤဝဋ်ဆင်းရဲမှ အမြန် ကယ်မတော်မူပါ ဘုရား'

ဘုရားစင်ရှေ့တွင် ဒူးတုပ် ဝပ်တွားကာ ဆုတောင်းရှည်ကြီးကို အထပ်ထပ် ရွတ်ဖတ်နေသော ကြီးကြီးငွေ အသံနှင့် ဟိုးနောက်ဖေး တဲငယ်ဆီက 'ဟောဒီ လောကကြီးမှာ ... ပျော်စရာချည်းပါ' ဟူသော အရက်သမားကြီး၏ မုန့်လုံးစက္ကူကပ်လို လုံးလည်လိုက်နေသည့် သီချင်းသံမှာ ကျွန်တော့်နားထဲတွင် ထွေးလုံးရစ်ပတ် ဖြစ်နေကြပေသည်။

ကြီးကြီးငွေသည် ဘုရားစင်ရှေ့တွင် ဘုရား ရှိခိုးလိုက်၊ ဆုတောင်းလိုက် ပြုလုပ်နေသည်မှာ တစ်နာရီထက် မနည်းတော့ ကြာမြင့်နေပြီ ဖြစ်၏။ ကျွန်တော်ကတော့ မီးအိမ်ထွန်းထားသော ဆင်ဝင်ဧည့်ခန်းတွင် ကြမ်းတိုက်ပြီး၍ စားပွဲကုလားထိုင်များကို ဖုန်သုတ်နေပါသည်။

ထိုအခိုက်တွင် တံခါးခေါက်သံ တဒေါက်ဒေါက်ကို ကြားရလေ၏။ ကျွန်တော်က ချောင်းကြည့်ပေါက်မှ သွားရောက်ကြည့်ရှုကာ 'ဘယ်သူလဲ' ဟု မေးလိုက်ရာ 'သံကြိုးစာ၊ လက်မှတ်ထိုးယူရမယ်' ဟု အဖြေရလေသည်။ သို့နှင့် ကျွန်တော်က 'သံကြိုးစာတဲ့ ကြီးကြီးငွေ' ဟု အသံပြုလိုက်ရင်း၊ တံခါးကို ဖွင့်ပေးလိုက်ရသည်။ ကြီးကြီးငွေလည်း ဘုရားကို ကပျာကသီ ဦးကုန်းချပြီး ထ လာခဲ့လေ၏။

'သံကြိုးစာက ဦးအေးကျော် (သို့မဟုတ်) ဒေါ်ငွေခင် လိပ်စာတပ်ထားတော့ အမေကြီး လက်မှတ် ထိုးယူနိုင်ပါတယ်'

စာပို့လုလင်က ရည်မွန်စွာ ပြောဆိုပြီးသည့် အဆုံးတွင် စာပို့သူလက်မှ ဖောင်တိန်ကို လှမ်းယူကာ ကြီးကြီးငွေသည် သူ၏ နာမည်လက်မှတ်ကို ကောင်းမွန်လှပစွာ ရေးထိုးပြီး သံကြိုးစာကို လက်ခံလိုက်လေသည်။

'ကဲ–ရော့ ... ဖတ်စမ်း အောင်တင်'

စာပို့သူ ထွက်သွားတော့လည်း ကြီးကြီးငွေသည် သံကြိုးစာရွက်ကို ကျွန်တော့်သို့ လှမ်းပေးကာ ဖတ်ခိုင်းနေပြန်ပါ၏။ ကျွန်တော်က စာရွက်ကို လှမ်းယူပြီး အပြန်ပြန် အလှန်လှန် ကြည့်နေမိသည်။ မသပ်မရပ်နှင့် ရှုပ်ထွေးစွာ ရေးထားသော အင်္ဂလိပ်စာများမှာ ဘယ်လိုမှ အဓိပ္ပာယ်ဖော်၍ မရနိုင်အောင် ဖြစ်နေရပါ၏။

'သံကြိုးရိုက်တာကတော့ ရန်ကုန် မမကြီးဆီကပဲ ကြီးကြီးငွေ၊ ဒီ့ပြင်တော့ ကျွန်တော် မဖတ်တတ်ပါဘူး'

'ဒါဖြင့် စီတာရန်းကို ပြောလိုက်စမ်း၊ ကိုအေးကျော်ကို သွားခေါ်ချည်လို့'

ကျွန်တော်က စီတာရန်းကို သွားပြောရန် ထွက်လာခဲ့ရာ၊ အခန်းပေါက်ဝမှ ခန်းဆီးစကို လက်နှင့် ဖယ်ကာ ကျွန်တော်တို့ကို ကြည့်နေသော ဒေါ်မြိုင်ကြီးကို တွေ့ရလေသည်။ ဒေါ်မြိုင်ကြီးသည် ကျွန်တော့်အား တစ်စုံတစ်ခုကို ပြောလိုဟန်ဖြင့် လည်ချောင်း တနင်နင် အားယူနေသေးသော်

လည်း နောက်ဆုံးတွင် ဘာမျှ မပြောတော့ဘဲ ကိုယ်ကို ယို့ကာ နံဘေးသို့ ဖယ်ပေးလိုက်သည်။

ကျွန်တော်လည်း နောက်ဖေးဆောင် အတွင်းဘက်မှ တပ်ဆင်ထားသော လှေကားအတိုင်း ခပ်သုတ်သုတ် ဆင်းလာခဲ့ရာမှ လှေကားရင်းသို့ မရောက်မီကပင် စီတာရန်းအား အော်ခေါ်ပြီး ပြောလိုက်ရသည်။ ထိုအခိုက်မှာ ဒေါ်မြိုင်ကြီးသည် လှေကားပေါ်မှ ခပ်သုတ်သုတ် ပြေးဆင်းလိုက်ပါလာပြန်ကာ စီတာရန်း၏ လက်မောင်းကို ဆုပ်ကိုင်ပြီး တစ်စုံတစ်ခုကို ခြေပြ လက်ပြ ပြောဆိုနေပြန်လေသည်။

စီတာရန်းကတော့ ခေါင်းကို တွင်တွင်ယမ်းကာ 'ဟာဗျာ၊ မဖြစ်နိုင်တာကြီးကို' ဟု ငြင်းဆိုလျက်ရှိသည်။ ဒေါ်မြိုင်ကြီးကလည်း မလျှော့ပါ။ လက်ပြ ခြေပြနှင့် အထပ်ထပ်သာ ပြောဆိုနေရာ 'ဟာ–မဖြစ်နိုင်တာကို ချည်း ခိုင်းနေတယ်' ဟု ဒေါသသံ ခပ်ပါပါဖြင့် ပြောလျက် စီတာရန်းက သူ့လက်ကို ရုန်းထွက်လိုက်ပါသည်။ ကျွန်တော်လည်း မအောင့်နိုင်တော့သဖြင့် 'ဒေါ်မြိုင် ဘာပြောသလဲ' ဟု မေးကြည့်ရပါသည်။ ဒေါ်မြိုင်၏ လက်ပြ ခြေပြ စကားကိုတော့ ကျွန်တော်က အလုံးစုံ နားလည်နိုင်ခြင်း မရှိသေးပါ။

'အလကားကွာ ... သံကြိုးစာ ဆိုတာ အရေးကြီးတတ်တယ်၊ ဟိုနောက်ဖေးတဲက ကိုကိုထွန်းဝေကို သွားဖတ်ခိုင်းပါတဲ့ ပြောနေတာ။ ဘယ်ဖြစ်မလဲကွ'

'အဟား ... ဟုတ်ဟုတ်သေးတော့၊ ဒီအရက်သမားကြီးကကော ဖတ်နိုင်မတဲ့လားဗျာ'

ကျွန်တော်က ဒေါ်မြိုင်ကြီး စိတ်ကူးစိတ်ရ ရှိတတ်ပုံကိုပင် ရယ်သွမ်းသွေးမိတော့ရာ စီတာရန်းက 'တိုးတိုး ပြောစမ်းပါကွာ၊ ကောလိပ်ကျောင်းထွက် တစ်ယောက်လုံးက မဖတ်နိုင်ဘဲ ရှိမလားကွ' ဟု ခပ်ဆောင့်ဆောင့်ပြောပြီး ထွက်သွားတော့သည်။

ထိုစကားဖြင့် အသိတစ်ခု တိုးရသလောက် ကျွန်တော့်တွင် အံ့ဩလိုက်ရပြန်ပါ၏။ အသက် ၄၀ ခန့်၊ အရက်ရှိန်တက်၍ နီကြန် ပွရောင်းသော အသားအရေ ကြမ်းထော်ထော်ကြီးနှင့် စုတ်ပြတ် ညစ်ပေနေသော ဤအရက်သမားကြီးမှာ ကောလိပ်ကျောင်းထွက် ဖြစ်ပါလျက်နှင့် ဤလိုတဲစုတ်မျိုးတွင် ဘာ့ကြောင့်များ ကလေကချေ နေထိုင်ရပေသနည်း။ အသက်

၅၀ ခန့် ထောင်ထောင်မောင်းမောင်း၊ မည်းမည်း ဝဝကြီးနှင့် မျက်နှာထား အလွန်ဆိုးသော သူ့မိန်းမကြီးမှာလည်း အကြော်မျိုးစုံကို အမြဲတိုင်း အညော် တိုက်ကာ အရပ်ထဲမှာ လည်ရောင်းရသည်ကို မြင်တွေ့ဖူးပြီး ဖြစ်ပေရာ၊ သူတို့၏ အနေအထိုင်မှာ "ကောလိပ်ကျောင်းထွက်" ဟူသော ဂုဏ်ပုဒ်ကို ဘယ်လိုမျှ အဖတ်ဆယ်နိုင်စရာ မရှိပါ။ သူတို့သည်လည်း ဤနည်းအား ဖြင့် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ပင် ဖြစ်ရာ၊ ဤတိုက်အိမ်အိုနှင့် ထို တဲစုတ်ငယ်တို့၏ ထူးခြားချက်များသည် လှမ်းမြင်သိစွမ်းနိုင်ခြင်း မရှိသော အတိတ်၏ ဖြစ်စဉ်များတွင် တစ်နည်းနည်းနှင့် အဆက်အစပ် ရှိခဲ့လေ သလော ဟူ၍ပင် ထင်တွေးစရာ ဖြစ်လာရပါ၏။

ကျွန်တော်က တောင်စဉ် ရေမရတွေကို သည်လို တွေးကာ ခေါ်လှမ်း ခပ်လေးလေးနှင့် ပြန်တက်လာပြီး လုပ်လက်စ အလုပ်ကို ဆက်လက် လုပ်ကိုင်နေရပါသည်။ မကြာမီတွင် စီတာရန်း သွားခေါ်လာသော ဆိုက်ကား နှင့် ဘဘ ပြန်ရောက်လာပါ၏။ ဘဘသည် ရောက်လျှင်ရောက်ချင်းပင် ကြီးကြီးငွေထံမှ သံကြိုးစာကို တောင်းယူ ဖတ်ရှုကာ ကျွန်တော့်ကိုပါ ခေါ်ပြီး အကျိုးအကြောင်းကို ပြောပြလေသည်။

'ကိစ္စကတော့ ဝမ်းနည်းစရာပဲ မောင်အောင်တင်ရေ၊ ကိုသိန်း တစ်ယောက် မနေ့က လေဖြတ်ပြီး ရုတ်တရက် ဆုံးသွားရှာသတဲ့၊ နက်ဖြန် သင်္ဂြိုဟ်မယ်လို့ ဆိုတယ်၊ ခမျာများလည်း အတော်ပန်းနေရှာတဲ့ အထဲမှာ ကွယ် ... ငွေကြေးအကူအညီလည်း လိုရှာပေလိမ့်မယ်၊ ဘဘလည်း ညနေ ရထားနဲ့ လိုက်သွားဦးမှပါပဲ၊ အင်း ... ကိုသိန်း ကိုသိန်း၊ ဖြစ်ရလေကွယ်'

ဘဘက အတော်စိတ်မကောင်း ဖြစ်သွားဟန် တူပေသည်။ စကား ကို ညည်းညည်းညူညူနှင့် အဆုံးသတ်လိုက်ကာ ဆိုဖာပေါ်မှာ ခြေပစ်လက် ပစ် ထိုင်ချလိုက်ပါသည်။ ကျွန်တော့်မှာလည်း အတော် စိတ်ထိခိုက်သွား ရပါ၏။ ဦးကြီးသိန်း မရှိလျှင် ကျွန်တော့်အဖို့ ဤအိမ်ကြီးမှ တစ်ပါး အခြား မှီတွယ်စရာ မရှိတော့ပြီ ဆိုသည့် အသိမှာလည်း တစ်နည်းအားဖြင့် အား ငယ်စရာ ဖြစ်နေပါသေးသည်။ ကိုယ့်အပေါ်မှာ စိတ်ကောင်းစေတနာ ထား နိုင်ရှာသည့် ကျေးဇူးရှင်ကြီး ပေမို့လည်း နမြောဝမ်းနည်းရပါ၏။

'ကောင်းပါလေရှင် ... စောစောသေ စောစောအိပ်ရတာပေါ့'

ဤအခြေအနေထဲမှာ ဤမှတ်ချက်ကို ချပေးလိုက်နိုင်သူကတော့

ကြီးကြီးငွေပင် ဖြစ်ပါသည်။ သူသည် လူသေနှင့် တူလှစွာသော သူ၏ မျက်နှာကြီးကို တစ်ချက်မျှ ရှုံ့မဲ့လိုက်ပြီးမှ သွားကျဲကျဲ ပေါ်နေသည့် အရိုးစု ကမ္ဗဋ္ဌာန်းကောင် တစ်ကောင်လို အသက် လုံးဝမပါသည့် အသွင်မျိုးဖြင့် ရယ်မောရှုပင် နေလိုက်ပါသေးသည်။ ဘဘကလည်း မနှစ်မြို့နိုင်ဟန်ဖြင့် မျက်မှောင်ကို တွန့်ကာ ကြီးကြီးငွေအား ဖျတ်ခနဲ မော်ကြည့်လိုက်လေသည်။

'မကြည့်ပါနဲ့ ... သားဒဏ် သမီးဒဏ်ကို ရှန်းကန်ပြီး ခံနေရတဲ့ ကိုသိန်းအတွက်သာ ပြောတာပါ။ ကျွန်မတော့ မသေချင်သေးပါဘူး'

ကြီးကြီးငွေက သည်လို ပြောလိုက်ကာ တစ်ချက် ထပ်ရယ်ပြန်သည်။ ထိုနောက် ဘဘက ဘာမျှ ပြောရခြင်း မရှိမီမှာပင် မျက်လုံးများ မီးဝင်းဝင်း တောက်လာလျက် 'မှတ်ထားလိုက်စမ်း ... ကိုအေးကျော်၊ ဒီကောင်ကို အရှုံး ပေးပြီးတော့ဖြင့် ကျုပ် ဘယ်တော့မှ မသေဘူး' ဟု ဒေါမာန်ပါပါနှင့် ပြောလိုက်ပြန်ရင်း အခန်းတွင်းသို့ လှည့်ဝင်သွားတော့သည်။

'ခက်ပါလားကွယ်'

ဘဘက တိုးတိုးကလေး ညည်းရှာပေသည်။ ကျွန်တော့်မှာ သူတို့၏ စကား အစဉ်အဆက်ကို နားလည်ခြင်း မရှိလှသော်လည်း ဘဘကို အင်မတန် ကရုဏာသက်မိပါသည်။ ဘဘသည် ကိုယ့်ထက် အသက်ကြီးသော ဇနီးသည်တစ်ယောက် အပေါ်မှာ အနွံအတာ ခံနိုင်လွန်းလှသည်ဟု လည်း စိတ်ထဲမှ တွေးထင်မိသည်။

'ဘဘရယ် ... ကြီးကြီးငွေက အသက်ကြီးလာလို့နော်'

ကျွန်တော့်နှုတ်ဖျားမှ ခိုင်လုံခြင်းမရှိသော နှစ်သိမ့်စကားမှာလည်း အလိုလို ထွက်သွားမိပါသည်။ ကျွန်တော်၏ ကရုဏာရသ ပါရှိသော စကား သံကို ဘဘသည်လည်း ကောင်းစွာ သိရှိခံစားလိုက်မိပုံ ရပါ၏။ ကျွန်တော့် အား မဆီမဆိုင် ဝင်စွက်ရမလားဟု ငြိုငြင်ဟန်ကို လုံးဝ မပြပါ။

'အသက်နဲ့ မဆိုင်ပါဘူးကွာ၊ မင့်ကြီးကြီးက ဘဘထက် အပုံကြီး ငယ်ပါသေးတယ်' ဟူ၍သာ ပြောရှာပြန်ပါသည်။

ကျွန်တော်ကတော့ ဘဘ၏ နှုတ်မှ ထွက်လာသော စကားပေမို့ သာ လက်ခံမှတ်သား လိုက်ရပါ၏။ သြော် ... ဤအိမ်ထက်ဝယ် အသက် ကို သော်မျှလည်း ခန့်မှန်းတွက်ကြည့်၍ မှန်းခြေ မကိုက်နိုင်ပါတကား ဟူ၍တော့ စိတ်ထဲမှ ညည်းညူမိပေသည်။ ဘာပဲဖြစ်ဖြစ် အကျီအိတ်ထဲမှ

ကြိမ်ပုတီးကုံးကို ဆွဲထုတ်ကာ တည်ငြိမ်သော အသွင်ဖြင့် မျက်လွှာချပြီး ပုတီးစိပ်နေပြီဖြစ်သော ဘဘကိုတော့ ကျွန်တော်သည် ချစ်ခင် ကြည်ညိုစွာဖြင့် ကရုဏာ ပွားများမိသည်မှာ အမှန်ပင် ဖြစ်ပါချေသည်။

*

သည်မှ နောက်ပိုင်းတွင်တော့ ထူးထူးထွေထွေ မှတ်မှတ်ရရ ပြောစရာ ဖြစ်လောက်အောင် ပြောင်းလွဲခြင်း မရှိလှတော့ဘဲ ယခင်မူအတိုင်းနှင့်ပင် ၄–၅ လမျှ ကုန်ဆုံးခဲ့လေသည်။ ရာသီမှာ မိုးနှောင်းပိုင်းသို့ ရောက်ခဲ့ပြီဖြစ်သည့်တိုင် မိုးသည် တော်တော်နှင့် ကုန်ဆုံးနိုင်ခြင်း မရှိသေးဘဲ ကောင်းမြဲ ကောင်းလျက် ရှိလေရာ၊ အမြဲအားဖြင့် စွတ်စိုထိုင်းမှိုင်း၍သာ နေတတ်လေ၏။

ကျွန်တော်တို့လို တိုက်အိမ်အို၏ အကျဉ်းသမားများ အဖို့မှာကား ဤရာသီမှာ ပိုမို ငြီးငွေ့စရာ ကောင်းသလို ထင်ရသည်။ ကျွန်တော့်အဖို့ကား တစ်နေ့တာလုံးတွင် ဘဘ ဆီစက်မှ ပြန်လာမည့် အချိန်ကိုသာ စိတ်စော မျှော်လင့်နေရသည်။ ဘဘ ပြန်ရောက်လာ၍ 'နေကောင်းရဲ့လားဟေ့ ... ဒီနေ့ အားလုံး အဆင်ပြေကြပါတယ်နော်' ဟု ကြင်ကြင်နာနာ ပြုံးကာ အမေးခံရခြင်းမှာ တစ်နေ့တာလုံး၏ ငြီးငွေ့မှုအတွက် ဖြေဆေး တစ်ပါး ဖြစ်နေသလို၊ ဘဘ လက်ထဲက သတင်းစာကို လှမ်းယူပြီး စာရေးဆရာ လှမွန်၏ ဝတ္ထုတစ်မျက်နှာကို ဖတ်လိုက်ရခြင်းမှာလည်း စိတ်၏ အစာ အရသာတစ်ပါးပင် ဖြစ်ပေသည်။

စာရေးဆရာလှမွန်၏ ယခုဝတ္ထုမှာ ကျွန်တော် ယခင်က ဖတ်ရှုနေသော "သည်းလွှာရွှေစင်" ဝတ္ထုကြီးလည်း မဟုတ်တော့ပါ။ "သည်းလွှာရွှေစင်" ဝတ္ထုကြီး ပြီးဆုံးသွား၍ နောက်ထပ် အသစ်တစ်ပုဒ် ထည့်သွင်းထားသော "မဖြေသာနိုင်" ဝတ္ထုကြီး ဖြစ်ပါသည်။ ဤဝတ္ထုကြီးမှာ စလာကတည်းက အလွမ်းဘက်သို့ ယိုင်သယောင်ရှိသော်လည်း "သည်းလွှာရွှေစင်" ဝတ္ထုကြီးထက်ပင် အရသာလေးနက်ကာ ဆွဲအားရှိနေသည်ဟု ထင်ရပါ၏။

ယနေ့ ဘဘ အပြန်တွင် အခါတိုင်းထက် ထူးခြားသည်ဟု ဆိုရန် ရှိသည်မှာတော့ ဘဘတွင် အခါတိုင်းကဲ့သို့ သတင်းစာမျှသာ ပါရှိလာခြင်း

မဟုတ်ဘဲ လုပသော ဆေးရောင်စုံ မျက်နှာဖုံးနှင့် "သည်းလွှာရွှေစင်" လုံးချင်း ဝတ္ထုကြီးပါ ပါရှိလာခြင်း ဖြစ်ပေသည်။

'ဟင် ... ဟန်ကျလိုက်တာနော်- ဘဘ၊ အခု "မဖြေသာနိုင်" ကို လည်း ဒီလို လုံးချင်းထုတ်ပေးရင် ကောင်းမှာ၊ အခုတော့ တစ်နေ့မှ နည်း နည်း ကလေး ဖတ်နေရတာ မချင့်မရဲ ဖြစ်စရာကြီး'

'ဩော် ... ဒါမှ သတင်းစာ ပိုပြီး တွင်ကျယ်တော့ မပေါ့ကွယ့်၊ ခု ဝတ္ထုလည်း သတင်းစာမှာ ဆုံးအောင် ထည့်ပြီးတော့မှ လုံးချင်း ရိုက်မှာ ပေါ့။ ပြီးတော့ "ယနေ့ နိုင်ငံရေး" နဲ့ "ယနေ့ စီးပွားရေး" ဆောင်းပါးတွေ လည်း စုပေါင်း ရိုက်နှိပ်ပြီး စာအုပ်ထုတ်ဦးမယ် ဆိုပဲ။ ဘဘတောင်မှ ကြော်ငြာတွေ့လို့ စာအုပ်ဆိုင်ကို မှာထားခဲ့ရတယ်။ ဒါနဲ့ "သည်းလွှာ ရွှေစင်" ကို မင်း မဖတ်တော့ဘူး ဆိုရင် ဘဘ စာအုပ်ဗီရိုထဲမှာ ထည့်ထား လိုက်နော်'

ဘဘသည် အဝတ်အစားများကို လဲရင်းမှ ကျွန်တော့်အား ပြောဆို မှာကြားနေပေသည်။

'ဟုတ်ကဲ့ ဘဘ၊ နောက် ကျွန်တော် အားတော့မှပဲ "သည်းလွှာ ရွှေစင်" ကို ပြန်ဖတ်မှာပါ၊ အခုတော့ "မဖြေသာနိုင်" အဆက်ကိုပဲ ဖတ် လိုက်ပါဦးမယ်'

ကျွန်တော်က "သည်းလွှာရွှေစင်" စာအုပ်ကို ဘဘ၏ စာအုပ်ဗီရို တွင် သွားရောက် ထည့်ထားလိုက်ကာ သတင်းစာမှ "မဖြေသာနိုင်" အဆက် ကိုသာ အလျင်လှန်လှော ကြည့်ရှုနေမိသည်။ သို့ရာတွင် ဖတ်ရှု၍ တစ်ဝက် မျှသာ ရောက်ရပါသေး၏။ အောက်သို့ ဆင်းသွားသော ဘဘက ကျွန်တော့် ကို လှမ်းအော်ပြီး ခေါ်နေသည်နှင့် ဝတ္ထုကို တစ်ပိုင်းတစ်ဝက် ထားရစ်ခဲ့ ကာ ခပ်သုတ်သုတ်ကလေး ဆင်းလာခဲ့ရပေသည်။

ကျွန်တော့်အား ဘဘ ခေါ်လိုက်သည့် အကြောင်းကတော့ ခြံနံဘေး အစပ်မှ (ကားရုံဟောင်း ဖြစ်သော) ကုန်လှောင်ရုံကလေး၏ နံရံတစ်ဖက် မှာ မိုးရေဖြင့် ရိဆွေးကာ အလိုလို ပြိုကျသွားခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထိုနံရံတစ်ဖက်ကို ချက်ချင်း ပြန်လည်ပြင်ဆင်ရန် အတွက်ကို ဘဘက ကျွန်တော့်အား တာဝန် ပေးအပ်လိုက်ပါ၏။ ကျွန်တော့်မှာ ဖတ်လက်စ ဝတ္ထုကလေးအတွက် စိတ်ထဲမှာ မစပ်တဝ့်ဖြစ်ကာ နောက်ဆံတင်းရင်းနှင့်

ပင် အိမ်အောက်တွင် အသင့်ရှိနေသော ပျဉ်တို၊ ပျဉ်စများကို လွယ်ဖြင့် သင့်သလို ပိုင်းဖြတ်ကာ အမြန်ဆုံး ပြင်ဆင် လုပ်ကိုင်ရပါသည်။

သို့သော် ... ဖတ်လက်စ ဝတ္ထုကလေး၏ စိတ်ဝင်စားဖွယ် ကောင်းခြင်းထက် အဆပေါင်းများစွာ သာလွန် ပိုကဲနေသေးကာ ဘယ်သောခါကမျှ မမျှော်လင့် မထင်စားမိခဲ့လေသော ဘဘတို့၏ တကယ့်ဖြစ်ရပ်မှ သဲလွန်စတစ်စကိုလည်း ထိုအချိန်အခါမှာပင် ကျွန်တော်က ရရှိလိုက်ခြင်း ဖြစ်ပါ၏။

ဤအချိန်မှာ စီတာရန်းအား ကိစ္စတစ်ခုနှင့် အပြင်သို့ စေလွှတ်ထားခိုက် ပေမို့လည်း ကျွန်တော့်အား ဘဘကိုယ်တိုင် အကူအညီပေးလျက် ရှိပါသည်။ ဘဘက အသင့် တိုင်းထွာ ဖြတ်တောက်ထားသော ပျဉ်တစ်ချပ်ကို သစ်သားတန်းနှင့် ကပ်ပြီး မေးကိုင်ထားခိုက်မှာ ကျွန်တော်က သံတစ်ချောင်းကို ဘယ်လက်နှင့် ကိုင်ထားပြီး ညာလက်မှ သံတူကလေးနှင့် ချိန်ဆ လွှဲရိုက်လိုက်ပါသည်။ ထိုစဉ်တွင် ဘဘ မေးကိုင်ထားသော ပျဉ်ချပ်မှာ လျှောကျသွားရာ ကျွန်တော့်လက်မှ ကိုင်ထားသော သံချောင်းကလေးပါ လွတ်ကျသွားပါသည်။ ချိန်သား လွဲသွားသော သံတူသည်လည်း ကျွန်တော့် ဘယ်လက်ကိုပင် အနည်းငယ် ထုရိုက်မိလျက်သား ဖြစ်သွားပါတော့၏။

'အို–ဟယ် ... တော်တော် နာသွားသလား မောင်အောင်တင်'

တူထိသွားသော ဘယ်လက်ကို ညာလက်ဖြင့် ဆုပ်ကိုင်ပွတ်သပ်နေမိခိုက်တွင် ဘဘက ပျာပျာသလဲနှင့် ကြည့်မေး ရှာပါသည်။ 'ဘဘ မေ့မေ့လျော့လျော့နဲ့ ငေးမိသွားတယ်ကွာ' ဟူ၍လည်း စိတ်မကောင်းဟန်နှင့် ထပ်၍ ပြောလိုက်ပြန်ပါသည်။

ကျွန်တော်ကလည်း 'နည်းနည်းကလေး ထိသွားတာပါ ဘဘရဲ့၊ မနာပါဘူး' ဟု ပြန်ပြောရပါသည်။ သို့သော် ... ဘဘသည် ကျွန်တော့် စကားကို ကြားဟန်မတူတော့ပါ။ သူ၏ မျက်စိများကလည်း ကျွန်တော့်ထံမှ လွှဲဖယ်ကာ တစ်နေရာသို့ စူးစူးစိုက်စိုက် ရောက်သွားတော့ရာ၊ ဘဘ ကြည့်နေရာသို့ ကျွန်တော်ပါ လိုက်၍ ကြည့်မိရတော့သည်။

ကျွန်တော်တို့ တွေ့မြင်နေရသည်မှာတော့ အိမ်သာနံဘေးရှိ ချုံနွယ်မြက်ရိုင်းများထဲမှ တိုးလျှိုးထွက်ပေါ်လာသော နောက်ဖေးတံငယ်က အရက်သမားကြီးသာ ဖြစ်ပါသည်။ ဘဘက သူ့ကို ထက်ထက်သန်သန် ကြည့်

နေသော်လည်း ထိုလူကြီးကတော့ ကျွန်တော်တို့ကို လုံးဝ တွေ့မြင်ဟန် မရှိပါ။ သူ့ခြေဖဝါးအောက်မှ မြက်တော ခယောင်းမြေကိုသာ ငုံ့စိုက်ကြည့်ရှု၍ လာနေပေသည်။ တစ်စုံတစ်ရာကို အတွေးနက်လာဟန် ရှိပါ၏။ သူ၏ ပုံပန်းမှာလည်း ခါတိုင်း မြင်တွေ့ရသလောက်တော့ စုတ်ပြတ် ပေရေနေခြင်း မရှိပါ။ ချည်ကြမ်းပုဆိုး လတ်လတ်တစ်ထည်နှင့် ပိတ်ဖြူ ရှပ်လက်ရှည်ကို သေသေသပ်သပ် ဝတ်ထားပြီး၊ ခေါင်းထက် အတန်ငယ် ရှည်နေသော ဗိုလ်ကေကိုပင် အုန်းဆီလိမ်းကာ ကောင်းစွာ ဖြီး၍ထားပေသည်။

ကျွန်တော်ကတော့ သည့်အပြင် ဘာမျှ ကြည့်နေရန် မလိုတော့သဖြင့် အလုပ်ကို ဆက်လက် လုပ်ကိုင်တော့ရန် စောစောက ဘဘ လက်မှ လျှောကျသွားသော ပျဉ်ပြားစကို ကောက်ယူလိုက်ပါသည်။ သို့တိုင် ... ဘဘကမူ ကျွန်တော် သံရိုက်ရန် ကူညီကိုင်ထားခြင်း မပြုသေးသည်သာမက ကျွန်တော်တို့ အနီးသို့ ရောက်လုနေပြီဖြစ်သော အရက်သမားကြီးကိုပင် ငေးကြည့်၍ ကောင်းနေဆဲ ဖြစ်သဖြင့် ကျွန်တော့်မှာ လုပ်ငန်းကို တန်းလန်းပင် ရပ်ထားရပါသေးသည်။

'ဘယ်ကိုလဲဟေ့'

ဘဘ အနားသို့ ရောက်လာသော အရက်သမားကြီးကိုပင် နှုတ်ဆက်နေပြန်ပါသည်။

'ဟာ ... ဖေဖေ'

ရုတ်တရက်မို့ လန့်သွားဟန်တူသော အရက်သမားကြီးက ခပ်ကျယ်ကျယ် ပြန်အော်လိုက်ကာ ရပ်တန့်သွားပါသည်။ ကျွန်တော်ကတော့ သူ၏ ထူးခြားသော အခေါ်အဝေါ်ကို သတိထားမိလိုက်ပါ၏။

'သားရယ် ... မင်းတို့မလဲ တစ်ညလုံးကို ဆူလို့'

ဘဘက ဤလူကြီးကို အင်မတန်မှ ကရုဏာသက်လှဟန်ဖြင့် ပြောလိုက်တော့မှ ညက တစ်ညလုံးလိုလို သူတို့ နောက်ဖေးတဲဆီမှ ဝုန်းဒိုင်းကျဲအောင် ဆူညံနေကြသည်များကို ကျွန်တော်က သတိရမိသွားကာ သူတို့စကားကို စိတ်ဝင်တစား ရှိလာသည်။

'ဟဲဟဲ ... ကျွန်တော်တို့ လင်မယား သတ်ကြတာပေါ့ဖေဖေ၊ သောက်ကောင်မကြီး၊ သြော် ... ဖေဖေ့ကန်တော့နော် ... ကန်တော့၊ ဟဲ ... ကောင်မကြီးကလေ "အိ" ပုံကလေးများ ကိုင်ပေါက်ရသတဲ့၊ ဟင်း ... ဘာရမလဲ၊

ကျွန်တော် ခြေနဲ့ ထ ကန်ပစ်လိုက်တာ တစ်ခါတည်း ခွေလဲသွားတာပဲ၊ သူလည်း ခံတော့မနေပါဘူး၊ တံမြက်စည်းကြီးနဲ့ ခေါင်းကို ပိတ်တွယ်လိုက်သေးတာပေါ့။ ဒါပေမဲ့ ကျွန်တော်က ...'

'တော်စမ်းပါကွာ ... မင်းတို့ ဖြစ်လိုက်မှဖြင့် စိတ်မသက်သာစရာ၊ အခုကော ဘယ်သွားမှာလဲ'

'အိမ်မှာရှိတာတွေ တက်တက် ပြောင်ပြီလေ။ ပန်းကန်တွေရော၊ အိုးတွေရော၊ ဘုရားကားတွေ– ညောင်ရေအိုးတွေတောင် မကျန်တော့ဘူး၊ ညက ကျွန်တော် ခွဲပစ်တာ။ ဟဲ ... အဲဒါ– အခု ဆရာကြီး ဦးမြတ်စံဆီ သွားရဦးမှာပေါ့၊ အလုပ်ကလေးများ ရဦးမလားလို့'

'အင်း ... တစ်လောကလုံးမှာ ဒီအလုပ်ပဲ မင်းဖို့ ရှိတော့တယ်ပေါ့'

ဘဘက အဖြစ်ကို နာကြည်းလှသော မျက်နှာထားဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်ပါသည်။

'ဒါပေါ့ ဖေဖေ၊ ဒီ့ပြင်အလုပ် လုပ်ရအောင်လည်း ကကြီး ခခွေးနဲ့ အေ–ဘီ–စီတောင် ဘာမှန်း မသိတော့ပဲဟာ၊ ဘာနဲ့ သွားလုပ်မလဲ။ အခု အလုပ်က ငွေကလေးရမှ အိပ်ရာကိုလည်း အသစ်ထပ်ကူးရဦးမှာ၊ အခုတော့ အိပ်ရာကလေးကလည်း နွမ်းလို့ ဖေဖေရယ်'

တစ်လျှောက်လုံးမှာပင် နှုတ်ခမ်းကို မဲ့ကာ ရွဲ့ကာနှင့် ပြက်ချော်ချော် လိုလို၊ မထိမဲ့မြင်လိုလို ပြောလာသော လူကြီးမှာ နောက်ဆုံး စကားပိုဒ် တွင်တော့ အသံများပင် တိမ်ဝင် သွားတော့ပြီး အရောင်အဆင်းကင်းမဲ့ကာ ကြောင်တောင်တောင်ကြီး ဖြစ်နေလေ့ရှိသော သူ၏ မျက်လုံးအိမ် နှစ်ဖက်မှာလည်း မျက်ရည်စများဖြင့် ဝန်းဝိုင်း ရစ်ဝဲ၍ လာတော့သည်။

ဘဘကို ကြည့်လိုက်တော့လည်း မသက်သာလှပါ။ နိမ့်တုံ မြင့်တုံ လှိုင်းကြွနေသော သူ၏ ရင်အုပ်ကြီးကို ကြည့်ရုံမျှနှင့် စိတ်တွင် အဘယ်မျှ ထိခိုက် ကြေကွဲနေရသည်ကို သိသာလှပါသည်။ ကျွန်တော့်တွင်တော့ ဆန်းကြယ်နက်လေးသော ရုပ်ရှင်ကားတစ်ကား၏ ဆွေးမြည့် ဆို့နစ်ဖွယ်ရာ အခန်းတစ်ခန်းကို ကြည့်ရှုနေရသည်နှင့် တူနေပါသည်။

ထိုခဏတွင်မှ– "ဘုရား– ဘုရား ... ဒါ ဘဘသား ... သူတို့ သားအဖပဲ ဖြစ်ရမယ်" ဟူ၍လည်း ကျွန်တော့်စိတ်တွင်းမှ ရေရွတ်မိလာပါသည်။ ယခုကလေးတွင်ပင် သူတို့ နှစ်ယောက်၏ နှုတ်မှ "ဖေဖေ"

ဟူ၍ လည်းကောင်း၊ "သား" ဟူ၍ လည်းကောင်း အပြန်အလှန် ခေါ်ကြသံများကို နားနှင့်ဆတ်ဆတ် ကြား၍ ထားရသော်လည်း ကျွန်တော့်စိတ်က တကယ့် သား ဟူ၍ဖြင့် မထင်မှတ်နိုင်သေး။ ဘဘတို့တွင် သားရှိသည် ဟူ၍လည်း ဘယ်တုန်းကမှ မကြားသိခဲ့ရ။ အသက်အရွယ်နှင့် ချင့်တွက်ပြန်တော့လည်း ၅၀ ကျော်ကျော်မျှသာ ရှိမည်ဖြစ်သော ဘဘက အသက် ၄၀ ကျော် သားတစ်ယောက်ကို ဘယ်လိုနည်းနှင့်မျှ ရထားနိုင်မည် မဟုတ်ဟု ထင်ရသည်။

ယခုတော့ မသပ်ရပ်စဖူး သပ်ရပ်လာသော သည်လူကြီး၏ အပြုအပြင်အရ ယခင်ကလောက် ရင့်ရော်ခြင်း မရှိတော့လေရာ သူ၏ အသက်အမှန်သည်လည်း ကျွန်တော် ခန့်မှန်းထားသည်လောက် ကြီးပုံမရသေး။ ကျွန်တော်က အသက် ၇၀ နီးပါး ခန့်မှန်းထားသော ကြီးကြီးငွေပင် ဘဘထက် ငယ်သည်ဆိုလျှင် သည်လူကြီးသည်လည်း ဘဘသား မဖြစ်နိုင်စရာ အကြောင်း မရှိပါချေ။ ရုပ်ရည်အားဖြင့်လည်း ဘဘနှင့် ခပ်ဆင်ဆင်ရှိသည်ကို ကြည့်နေရင်းနှင့်မှ သိသာလာသည်။

ကျွန်တော်က ယခင်အခါများတွင် ဤမျှလောက် ဂရုစိုက်ကြည့်မိဖူးခြင်း မရှိသော လူကြီးအား နံဘေးမှ အကဲခတ်ကာ တစိမ့်စိမ့် ကြည့်ရှုနေမိရပြန်ပါ၏။ ကြည့်လေ ကြည့်လေ ထူးခြား၍ လာပြန်သည်ကတော့ ကျွန်တော် ဤအိမ် ရောက်စက အိမ်ပေါ်ထပ် စားပွဲပေါ်မှ ဓာတ်ပုံအထုပ်ကြီးထဲတွင် တွေ့မြင်လိုက်ရသော လှပသည့် ယောကျ်ားပျိုကလေး၏ ဓာတ်ပုံသည်လည်း ဤလူကြီး၏ မျက်နှာနှင့် တစ်မျိုးတစားတည်းလို ထင်ဟပ်လာခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ ဆေးသားနုသော ပုံချောနှင့် ကာတွန်းဆန်ဆန် ပုံကြမ်း ပုံရိုင်း ...။ ဤမျှသာ ကွာခြားပါ၏။ သည်အထဲတွင် အသက်အရွယ်၏ ခြားနားမှုနှင့် ဘဝ အနေအစား၏ မတူညီမှုတို့ကလည်း ပါဝင်ပေမည်။

သည်လို နှိုင်းယှဉ် ထင်တွေးနေရစဉ် ဘဘက တံတွေးတစ်ချက်ကို အနင့်သား မျိုချလိုက်ကာ တုန်ယင်တိုးတိတ်လှသော လေသံကလေးဖြင့် စကား စတင်၍ ပြောပါသည်။

'ဒီလိုနဲ့ မင့်ဘဝတော့ ရေစုန်မျောပါပြီကွယ်'

လူကြီး၏ မျက်နှာတွင်တော့ တစ်ခဏချင်းပင် သွေးရောင်များ လျှမ်း

တက်လာလေသည်။ အံကြိတ်လိုက်ကာ နှုတ်ခမ်းသားများလည်း တဆတ်ဆတ် တုန်ယင်လာတော့၏။ ပြီးမှ စကားလုံးတွေ ထွက်လာကြသည်။

'အဆိပ်ဆေးကိုသောက်ပြီး အူတွေ အသည်းတွေ အပိုင်းပိုင်း အတစ်တစ် အဖြစ်ခံရတာနဲ့ စာရင်တော့ ကျွန်တော့်ဘဝက မဆိုးပါဘူး ဖေဖေ'

သည်အသံလောက် တုန်ယင် ပန်းဟိုက်သော အသံမျိုးကိုဖြင့် တစ်သက် တစ်ကိုယ် မကြားစဖူးခဲ့ပါပေ။ သူပြောသော စကားလုံးနှင့် ညီမျှစွာ အသည်းထဲ၊ အူထဲမှ ဖောက်ထွင်း ထွက်ပေါ်လာရလေသလော ဟူ၍ပင် ထင်စားမိပါ၏။ ဘဘကတော့ မကြားနိုင်တော့ဟန်ဖြင့် နားနှစ်ဖက်ကို လက်ဖြင့် စုံပိတ်ထားလိုက်ရှာလေသည်။

'ထွန်းဝေ ... ထွန်းဝေ ... ငါ့အသက်နဲ့ လဲလို့ရရင် လဲပေးလိုက်ပါရဲ့ ထွန်းဝေရယ်'

ကားရုံ နံရံတစ်ဖက်ကို အားပြု ပစ်မှီလိုက်တော့သော ဘဘ၏ သနားစဖွယ် ဖြစ်အင်မှာ ကြည့်ရက်စရာပင် မရှိတော့ပါ။ လူကြီးသည်လည်း ဖုတ်ဝင်ထားသော လူသေတစ်ယောက်နှင့် မခြား သတိသညာ လုံးဝ ကင်းမဲ့နေသော အခြေအနေမျိုးကြီးဖြင့် တလှုပ်လှုပ် ထွက်ခွာသွားလေတော့သည်။

'မောင်အောင်တင်၊ တို့ကို မင့် ကြီးကြီးငွေများ မြင်သွားသေးလားကွယ်' တမေ့တလျော့ကြီး ကြာသွားတော့မှ ဘဘက မေးပါသည်။

'မမြင်နိုင်ပါဘူး ဘဘရယ်၊ ကားရုံတစ်ခုလုံး ကွယ်နေတာပဲ'

'အင်း–မမြင်လေပါမှပဲ'

ဘဘက စိတ်သက်သာသွားဟန်ဖြင့် နံရံမှခွာ၍ ရပ်ပါသည်။ ပြီးတော့ 'ဒါလောက် စိတ်ပြင်းထန်တဲ့ သားအမိတွေ စပ်ကြားမှာ တရားနဲ့ ထိန်းနိုင်ဖို့တောင် အတော် ခဲယဉ်းသားပါလားကွာ' ဟု အဝေးသို့ လှမ်းမျှော် ငေးစိုက်ကာ ညည်းညူရှာပါသည်။ ကျွန်တော့်မှာ သနားခြင်းကြီးစွာ ဖြစ်သွားရပါ၏။ ဘဘနဲ့ ကြီးကြီးငွေဟာ ဒီ သားဆိုးသားမိုက်ကြီးရဲ့ ဒဏ်ကို တပေပေ ခံနေရတာ ထင်ပါရဲ့ ဟူ၍လည်း ထွန်းဝေ ခေါ် အရက်သမားကြီး၏ အပေါ်မှာ တော်တော် စက်ဆုပ်မိပါသည်။

'ဘဘ သွားတော့လေ၊ စီတာရန်း ပြန်လာရင်သာ လွှတ်ချင် လွှတ်လိုက်ပေါ့၊ ကျွန်တော် ကြည့်လုပ်လိုက်ပါ့မယ်'

ကျွန်တော်က ဘဘအား သက်ညှာစွာ ပြောလိုက်ရာ၊ ဘဘမှာ ကျွန်တော့်ကိုပင် ကျေးဇူးတတင်တင် မျက်နှာထားမျိုးနှင့် ခေါင်းညိတ်ထွက်ခွာသွားပါသည်။

## [၆]

သည့်ထက်သည် အလုံးစုံ ရှင်းလင်းကာ အရှုပ်တော်ပုံကို နိဂုံးချုပ်သည့်နေ့ကတော့ ဤလို ဖြစ်ပျက်ခဲ့သည်မှ ၂ လခန့် လွန်မြောက်ပြီး၍ အစ်ကိုလေး တင်လှမောင် တစ်ယောက် ပေါ်ပေါက် ရောက်ရှိလာသော အချိန်တွင် ဖြစ်ပါသည်။

သည်နေ့သည် ပွဲထဲမှ ဇာတ်ပေါင်းခန်းကဲ့သို့ အခြင်းအရာ အမျိုးမျိုးတို့ဖြင့် စုပုံ ကြုံကြိုက်နိုင်လွန်းသော နေ့တစ်နေ့လည်း ဖြစ်ခဲ့ပါ၏။

မိုးနှောင်း ဆောင်းဦး နေခြည်မြူးသည့် လတန်ဆောင် အချိန်ကလေးပေမို့လည်း အတော်သာယာလှပေသည်။ မိုးများလှသော ဤလို မြို့နယ်များတွင် မိုးရာသီ တစ်ရာသီလုံးမှာပင် နေကို ကောင်းစွာ မြင်နိုင်ခွင့်မရအောင်ရှိခဲ့ပြီး စွတ်စို ထိုင်းမှိုင်းလှပေရာ၊ ယခုလို နေခြည်ကလေး ပွင့်လာပြီဆိုတော့ တစ်မျိုးပင် ရွှင်လန်းမိရပေသည်။

ထိုထက် တန်ဆောင်ပွဲတော်ကြီး၏အစ (အဖိတ်နေ့) ကလည်း ဖြစ်နေပြန်ပါသေးသည်။ ဘဘ၏ ခိုင်းစေချက်အရ ကျွန်တော်နှင့် စီတာရန်းက သွေ့ခြောက်စ ပြုနေသော အိမ်ရှေ့မြေကွက်ကို ပေါက်တူးတစ်လက်စီဖြင့် သုတ်သင် ရှင်းလင်းကာ မြေသလင်းကလေး ပြောင်ပြောင် ဖြစ်စေရမည်ကိုပင် နှစ်နှစ်လိုလို စိတ်လက်ပေါ့ပါးစရာ ဖြစ်ရပါသေး၏။

ထို့ပြင် အနောက်ဘက်သို့ နိမ့်စောင်း ခိုဝင်သွားပြီ ဖြစ်သော နေရောင် လွင်လွင်ကို နောက်ခံပြုကာ အဝါနုရောင်ဆေးများဖြင့် အသစ်မွမ်းမံခြယ်မှုန်းပြီးစ ဖြစ်သည့် အိမ်ရှေ့ နှစ်ထပ်တိုက်ကြီးမှလည်း ရောင်စုံမီးပုံးကလေးများ အသွယ်သွယ် စီတန်းကာ သူ့ဝင်း သူ့ခြံ ပန်းမန် ဥယျာဉ်ကလေးနှင့် ပန်တင့်နေသလောက်၊ ငြိမ့်ညောင်းလှသည့် သီချင်းသံ စန္ဒရားသံကလေးများပါ လောင်းကူစွက်ဖက်၍ ထွက်ပေါ်နေသေးရာ၊ ကျွန်တော်နှင့် စီတာရန်းအား အမောပြေဆေး တိုက်ကျွေး နှစ်သိမ့်ပေးနေသည့်သဖွယ် ရှိလှပါသေး၏။

သည်အထဲကမှ ခြုသံသာသာနှင့် ကြော့ကြော့ မော့မော့ကလေး ပြေးဝင်လာသော မြင်းလှည်းတစ်စီးက ကျွန်တော်တို့ ခြံဝမှာ ထိုးရပ်လာပေသည်။ ထိုမြင်းလှည်းပေါ်မှ ဝတ်ကောင်းစားလှနှင့် မျက်မှန်ထူကြီးကို တပ်လျက် ချိုရွှင်တင့်ချောသော လူရွယ်တစ်ယောက်က ဆင်းသက်လာပြန်တော့လည်း ကျွန်တော်တို့မှာ ပေါက်တူးကို ချ၍ ငေးမောမိရပေသည်။

'ဟား ... စီတာရန်းကြီး ရှိသေးသကိုး၊ လာလေဗျာ ... ပစ္စည်းကလေးတွေ ကူချစမ်းပါဦး'

ညေ့သည်လူရွယ်က မြင်းလှည်းသမားကို ပိုက်ဆံထုတ်ပေးရင်းနှင့် ဤသို့ ခေါ်လိုက်သည်တွင်မှ ကြက်သေသေကာ တငေးတမောကြီး ဖြစ်နေရှာသော စီတာရန်းမှာ အသက်ဝင်လာသလို လှုပ်ရှားနိုင်ပါတော့သည်။ ထိုခဏတွင်မှ သူသည် 'အစ်ကိုလေး ... အစ်ကိုလေး ပြန်ရောက်လာသေးတယ်နော်' ဟု တုန်တုန်ယင်ယင် ပြန်ပြောရင်းနှင့် ထိုလူရွယ်ထံသို့ အပြေးကလေး ထွက်သွားလိုက်ပါသည်။

'ကိုကိုထွန်းဝေဖြင့်လေ ... အစ်ကိုလေး'

အစ်ကိုလေး ဆိုသူ၏ အနီးသို့ ရောက်ပြန်တော့လည်း ပြောချင်သည့် စကားလုံးတွေဖြင့် တစ်ပုံတစ်ခေါင်းကြီး ပြွတ်သိပ် ပြည့်ညပ်နေဟန်ရှိသော စီတာရန်းသည် ဘာကို စ၍ ဘယ်လို ဆုံးရမည် မသိနိုင်တော့ဟန်ဖြင့် လည်ချောင်းကြီး တနင်နင် လုပ်ခါသာ စကားကို တစ်ပိုင်းတစ်လစ်ကြီး ရပ်ထားလိုက်လေသည်။

'ကျွန်တော် မြို့ထဲကလည်း ကြားသင့်သလောက် ကြားခဲ့ပါပြီ စီတာရန်း ... ရယ်'

အစ်ကိုလေး ဆိုသူက တည်ငြိမ်စွာပင် ပြန်လည် ပြောဆိုလိုက်ကာ မြင်းလှည်းပေါ်မှ သားရေသေတ္တာကလေးကို ဆွဲချလိုက်ပြီး အိမ်ကြီးဆီသို့ ခြေလှမ်း ပြင်လိုက်ပါသည်။

'ဟင် ... ဖြစ်–ဖြစ်–ပါ့မလား အစ်ကိုလေး၊ အရမ်းမသွားနဲ့လေ၊ ကြီးကြီးငွေ စိတ်နဲ့မတွေ့ရင်' ဟု စီတာရန်းကလည်း မြင်းလှည်းပေါ်မှ အစ်ကိုလေး၏ ပစ္စည်းကလေးများကို ကူချရင်းမှ ပျာပျာသလဲ တားမြစ်နေပြန်သည်။

'ဘာ ... ဘယ်က ကြီးကြီးငွေတုံးဗျ'

အစ်ကိုလေးကတော့ စီတာရန်းအား ခပ်ကြောင်ကြောင် ပြန်မေးနေပေသည်။

'အမေလေ ... အမေ၊ သူ့ကို အမေ ခေါ်တဲ့အသံ မကြားနိုင်ပါဘူး ဆိုလို့ ကြီးကြီးငွေလို့ ပြင်ခေါ်နေရတယ်'

'ဩော် ... ဒါလောက်တောင်ကို ဖြစ်နေကြသတဲ့လားဗျာ'

'ဒါလောက်မကဘူး အစ်ကိုလေး၊ အခု အစ်ကိုလေး လာတာကို သိကြရင် ကိုကိုထွန်းဝေရော၊ ကြီးကြီးငွေရော တစ်မျိုးဖြစ်ချင် ဖြစ်ကြလိမ့်ဦးမယ်'

'ဖြစ်ချင်တာ ဖြစ်ကြပေစေပေါ့၊ ရောက်ပြီးမှတော့ ကျွန်တော် မပြန်နိုင်ဘူး စီတာရန်း၊ ဖေဖေကော ရှိတယ် မဟုတ်လား'

အစ်ကိုလေး ဆိုသူသည် မေးမေးပြောပြောနှင့်ပင် သေတ္တာကလေးကို ဆွဲကာ ခပ်သုတ်သုတ် ထွက်ခွာသွားပါသည်။ စီတာရန်းသည် အစ်ကိုလေးအား လက်လျှော့ဟန်ဖြင့် မျက်နှာကို လွှဲလိုက်ကာ ခပ်ဝေးဝေးသို့ ရောက်သွားပြီ ဖြစ်သော မြင်းလှည်းကလေးကို အကြောင်းမရှိ ငေးကြည့်နေရင်းမှ– "အင်း–ဘာတွေ ဖြစ်ကြဦးမယ် မသိဘူး" ဟု တစ်ကိုယ်တည်း ညည်းညည်းတွားတွား ပြောလိုက်လေ၏။ ပြီးမှ ကျွန်တော့်ကို လှည့်ကြည့်ပြီး 'ဒါတွေ မင်းပဲ လိုက်ပို့လိုက်စမ်းပါကွာ' ဟု အစ်ကိုလေး၏ ပစ္စည်းကလေးများကို လွှဲအပ်လိုက်ပါသည်။

ကျွန်တော်မှာလည်း သည် အစ်ကိုလေးဆိုသူကို နံဘေးမှ တစိမ့်စိမ့် ကြည့်ရှု အကဲခတ်နေရင်းက ဘယ်နေရာတွင်မသိ၊ တွေ့ဖူး မြင်ဖူးသလိုလို အောက်မေ့ပြီး စိတ်ဝင်စားနေခဲ့သည် ဖြစ်ရာ ပစ္စည်းကလေးများကို မဆိုင်းမတွပင် ကောက်ယူပြီး ထိုအစ်ကိုလေး ဆိုသူကို မီအောင် လိုက်သွားမိပေသည်။

'ညီလေးက ဒီအိမ်မှာ လူသစ် ထင်ပါရဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် ရောက်တာ (၇) လလောက် ရှိပါသေးတယ်'

'ဩော်–ဩော်– ဒါနဲ့ အိမ်မှာ ဖေဖေ ရှိရဲ့လား'

'ဘဘ ဦးအေးကျော်ကို မေးတာလား ခင်ဗျာ၊ ဘဘတော့ ရှိပါတယ်'

အိမ်ဆီသို့ လျှောက်သွားနေရင်းမှ အစ်ကိုလေး ဆိုသူနှင့် ကျွန်တော်

သည် ဤမျှသာ စကားပြောဆိုမိပါသည်။ ဘဘအား ဖေဖေ ခေါ်သူ တစ်ယောက် တိုးလာပြန်ခြင်းမှာ ကျွန်တော့်အတွက် စဉ်းစားစရာတစ်ခု တိုးလာပြန်ခြင်းလည်း ဖြစ်ပါ၏။ သို့သော် ကျွန်တော်သည် ဆက်လက်၍ စဉ်းစားရမည်ထက် ဖြစ်ရှိလာမည့် အခြေအနေအား စောင့်ကြည့်ရန်ကို ပို၍ပင် စိတ်ဝင်စားမိသေးသည်မို့ 'ဒေါ်မြိုင် ... ဒေါ်မြိုင်' ဟု အသံပြုရင်း လှေကားထိပ်မှ ပိတ်ထားသော တံခါးကြီးကိုသာ ခပ်ပြင်းပြင်း ထုလိုက်ရပေသည်။

မကြာမီ ခြေသံတရှပ်ရှပ် ကြားရပြီးနောက် တစ်ဆက်တည်းမှာပင် တံခါးမင်းတုပ်များကို ဂျုန်းခနဲ ဂျုန်းခနဲ ဆွဲဖွင့်သံ ထွက်ပေါ်လာပါသည်။ တံခါးပွင့်သွားလျှင်ကား ကျွန်တော် ထင်သလို ဒေါ်မြိုင် မဟုတ်ဘဲ အကြီးအကျယ် အံ့အားသင့်ဟန်မှ တစ်မှဟုတ်ချင်းပင် တစ်မျက်နှာလုံး ချိုပြုံးသွားတော့သော ဘဘကို တွေ့လိုက်ရလေ၏။

'သား-သား၊ လူကလေး ... တင်လှမောင်'

ဘဘက လက်နှစ်ဖက်ကို ဆန့်တန်းကာ အငမ်းမရ ခေါ်လိုက်သည်နှင့် အမျှပင် တင်လှမောင် ဆိုသူ အစ်ကိုလေးကလည်း လက်ထဲမှ သားရေအိတ်ကလေးကို ဖုတ်ဖုတ်ပါအောင် လွှတ်ချလိုက်ပြီးလျှင် ကလေးငယ်တစ်ယောက်ပမာ ဘဘရင်ခွင်သို့ တိုးဝင်သွားပါသည်။

'ဖေဖေ ... ဖေဖေ၊ သားမိုက်ကို ခွင့်လွှတ်တယ်နော်'

'အို ... မဟုတ်ဘူး ... မဟုတ်ဘူး၊ သားလေး မမိုက်ဘူး၊ မင်းကို ဖေဖေ ခွင့်လွှတ်နိုင်ပါတယ် သားရယ်'

သူတို့ မျက်လုံးအိမ်များမှာ ရေကြည်ရစ်ဝိုင်းနေသည်ဟုပင် ထင်မိပါ၏။ အသံများကလည်း တိုးတိတ် ညင်သာလှပေသည်။ ကျွန်တော်ကတော့ ပစ္စည်းတွေ တိုးလိုးတန်းလန်းနှင့် သူတို့အပါးမှာ ကြောင်ရပ်နေမိဆဲပင် ရှိပါသေး၏။ အတန်ငယ်ကြာမှ-

'ဩော် ... မောင်အောင်တင်၊ အဲဒီပစ္စည်းတွေကို လက်ယာဘက်က အခန်းလွတ်ထဲမှာ သွားထားလိုက်ကွာ' ဟု ဘဘက ပြောပါသည်။

'ကျွန်တော် အောက်ထပ်က အခန်းမှာပဲ နေမှာပေါ့ ဖေဖေရဲ့'

အစ်ကိုလေး၏ သည်အသံက ကျွန်တော့်အား အသိတစ်ခုကို ပွင့်လင်း သွားစေပါသည်။ ကျွန်တော်သည် အောက်ထပ်အခန်းထဲမှ ရင်ဝတွင်

စားမြှောင်တန်းလန်း စိုက်ကာ– မျက်နှာမှာ စားဒဏ်ရာ အစင်းကြောင်းကြီးများနှင့် ရှိနေသော ပန်းချီကားကြီးအား ရုတ်ခြည်းပင် စိတ်မှန်းနှင့် မြင်ယောင်မိကာ မျက်မှန်အထူကြီး တပ်ပေးလိုက်ပါသည်။ ဘုရား ... ဘုရား ... သည်လူမှာ အစ်ကိုလေးမှ အစ်ကိုလေး တင်လှမောင် အစစ်။

သည်အတွင်းမှာ ဘဘ၏ ငြင်းဆိုသံက ထွက်ပေါ်လာပါသည်။

'မဖြစ်ဘူး သား၊ ဒီအခန်းဟာ ၃–၄ လ နေလို့မှ တစ်ခါရှင်းရတာ မဟုတ်ဘူး၊ ဖုန်တွေနဲ့ နေမှာ'

'ဒါဖြင့်လည်း ဖေဖေရယ်၊ ကျွန်တော် ခဏကလေးပဲဖြစ်ဖြစ် သွားကြည့်မယ်နော်'

'မကြည့်ချင်ပါနဲ့တော့လား သားရယ်၊ အေးလေ ... နောက်မှ မင်းမေမေ အရိပ်အခြည်ကို ကြည့်ပြီး သွားတာပေါ့၊ နေစမ်းပါဦး၊ မောင်အောင်တင်ကော အလုပ်ပြီးခဲ့ပြီလား'

'ပြီးလုပါပြီ ဘဘ၊ နည်းနည်းပဲ ကျန်ပါတော့တယ်'

'ဒါဖြင့် ကိစ္စမရှိဘူးလေ၊ စီတာရန်းပဲ ဆက်လုပ်လိုက်လိမ့်မယ်၊ မင်းက အခန်းထဲမှာ ပစ္စည်းတွေ နေရာချထားပြီး မယ်မြိုင်နဲ့ ထမင်းပွဲကူပြင်လိုက်တော့၊ ဩော်–အဲဒါပြီးတော့ မင့်ကြီးကြီးငွေကိုလည်း ဘဘ ခေါ်နေတယ်လို့ ပြောလိုက်စမ်းကွာ'

ကျွန်တော်က ဘဘ စီစဉ်ပေးသည်ကို "ဟုတ်ကဲ့" လိုက်ကာ အတွင်းခန်းဆီသို့ ခြေလှမ်းပြင်မိရုံ ရှိပါသေး၏။ အခြင်းအရာ တစ်ခုက ကျွန်တော်နှင့် တကွ ဘဘတို့ကိုပါ ဘာအလုပ်မျှ မဖြစ်အောင် ဟန့်တားနေပြန်ပါလေသည်။

ထိုအခြင်းအရာမှာ တခြားတော့ မဟုတ်ပါ။ ခန်းဆီးအဝတ်စကို ဖယ်မ,ကာ ထွက်လာပြီးမှ အစ်ကိုလေးကို လှမ်းမြင်သည်နှင့် တစ်ပြိုင်နက် အပေါက်ဝတွင်ပင် သံမှိုစွဲထားသလို မလှုပ်မယှက်ကြီး ဖြစ်နေတော့သော ကြီးကြီးငွေပင် ဖြစ်ပါသည်။ သူ့ကို မြင်ရသည်မှာ ဇာတ်ပွဲများထဲတွင် မှော်ဆရာ အပြစားခံရကာ ကျောက်ရုပ်ကြီး ဖြစ်သွားသည်နှင့်လည်း ပမာတူလှပါ၏။ မျက်တောင်မျှ ခတ်ဖော်မရသော အေးစက်စက် မာကျောလှသည့် မျက်နှာထား အမူအရာကြီးမှာလည်း ရွံ့စိုး ထိတ်လန့်စဖွယ်ပင် ရှိလှသည်။

ဤအခြေအနေအတိုင်း တစ်မိနစ် ... နှစ်မိနစ်မှသည် သုံးလေးမိနစ်သို့တိုင် ရောက်သွားလေ၏။ ထိုနောက်တွင်မှ ကြီးကြီးငွေသည် နောက်သို့ချာခနဲ ပြန်လှည့်ကာ ပြေးဝင်သွားလေရာ "မေမေ" ဟု မပွင့်တပွင့် အော်လိုက်သော အစ်ကိုလေး၏ အသံတစ်ချက်ကိုပင် ကြားနိုင်ပုံ မပေါ်တော့ပါပေ။

'လိုက်ကြည့်လိုက်စမ်းပါဟေ့ မောင်အောင်တင်၊ မင့်ကြီးကြီးငွေ တက်နေပြန်သလား မသိဘူး'

ဘဘက ကျွန်တော့်ကို ခိုင်းစေလိုက်ပြန်ရာ၊ ကျွန်တော်သည် လက်ထဲမှ ပစ္စည်းကလေးများကို ချထားခဲ့ကာ ကြီးကြီးငွေ နောက်မှ လိုက်ခဲ့ရပြန်လေ၏။

အခန်းရှည်ကြီးထဲမှ အိပ်ရာ ခုတင်ထက်တွင်ကား ကြီးကြီးငွေသည် ခေါင်းအုံးကို မျက်နှာအပ်ကာ မှောက်လျက်ကြီး လှဲချပြီး မလှုပ်မယှက်ဖြစ်နေပေသည်။ ကျောနှင့် ရင်ဆီမှ နိမ့်တုံမြင့်တုံ လှိုင်းကြွလျက် ရှိနေခြင်းတစ်ခုသာလျှင် အတွင်းစိတ်၏ မငြိမ်သက်မှုကို ဖော်ပြနေပုံရပေ၏။ ကျွန်တော်က ခြေကို ဖွဖွကလေး ထောက်ရပ်ကာ အတန်ကြာ စောင့်ကြည့်နေပြီးမှ ပြန်လှည့်ထွက်ခဲ့ပြီး ကြီးကြီးငွေ တက်နေခြင်း မဟုတ်ကြောင်းကို ဘဘအား ပြန်ပြောလိုက်ရသည်။

ဤအခိုက်တွင် ဒေါ်မြိုင်တစ်ယောက်သည် အတွင်းခန်းမှ ရောက်လာပြန်သည်။ သူသည် အစ်ကိုလေးကို မြင်သည်နှင့် တစ်ပြိုင်နက် အနီးသို့ သုတ်သုတ်ပါအောင် ပြေးသွားလေ၏။ ပြီးတော့ အစ်ကိုလေး၏ ပခုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး မျက်ရည်များ ဒလဟော သွန်ချလျက် ရှိုက်ငိုနေခြင်းကိုလည်း တွေ့ရပြန်ပါသည်။ အစ်ကိုလေးကလည်း–

'ဒေါ်မြိုင် ... ကျွန်တော် စိတ်မကောင်းအောင် မလုပ်စမ်းပါနဲ့ ဒေါ်မြိုင်ရယ်' ဟု ပြောကာ ဒေါ်မြိုင့်ပခုံးကို အသာအယာ ကိုင်ထားပါသည်။

'ကဲ–ကဲ– စိတ်မကောင်းစရာ မဖြစ်စေကြစမ်းနဲ့ကွာ၊ မမြိုင်နဲ့ မောင်အောင်တင်က လုပ်စရာရှိတာ လုပ်ကြစမ်း၊ လူကလေးလည်း ရေချိုးလိုက်ပါလား'

ဘဘက အခြေအနေကို ထိန်းကာ လူစု ကွဲစေလိုက်ပါသည်။ ကျွန်တော်က အစ်ကိုလေး၏ အသုံးအဆောင် ပစ္စည်းကလေးများကို အခန်း

တွင်းမှာ နေရာချထားပေးရာ လွယ်အိတ်ကြီးတစ်လုံးမှာ အပြည့်ထည့်လာသော စာအုပ်များပါ တွေ့ရသဖြင့် အစ်ကိုလေးမှာ စာဖတ်ဝါသနာပါသူ ဖြစ်ကြောင်း ခန့်မှန်းရပါသည်။ ထိုကဲ့သို့သော စာပေဝါသနာရှင်လူချော လူသန့်ကလေး တစ်ဦးသည် ဘယ်လို မိုက်ပြစ်မျိုးကိုများ လွန်ကျူးကာ မိဘ အရိပ်အာဝါသနှင့် အိုးစားကွဲပြီး လေလွင့် ထွက်ခွာသွားရပါလေသနည်း။

ဘဘတို့မှာ သားဆိုး သားမိုက်တွေကိုချည်း မွေးထားရသည်နှင့်တူသည်။ နောက်ဖေးက အရက်သမားကြီးမှာ အနေအထိုင် စုတ်နုပ်နံချာသလောက် ရုပ်ရည်အားဖြင့်လည်း ရင့်ရော်ရော်နိုင်လှသည်။ ယခု အစ်ကိုလေးကတော့ ထိုသို့မဟုတ်။ အသက် ၃၀ မျှ ရှိပြီဟု ခန့်မှန်းရသည်တိုင် နုပျိုလှသော ရုပ်သွင်မှာ အားကျရှုမောလောက်စဖွယ် ရှိသေးသည်။ ဝတ်ပုံဆင်ပုံနှင့် အပြုအမူ အစခပ်သိမ်းတို့မှာလည်း အထက်တန်းကျ၍ သိမ်မွေ့လှသည်။

တစ်မျိုးတစ်ဘာသာစီ တစ်သွင်စီ ခြားလျက်ရှိသော ဤညီအစ်ကိုသည် ဘယ်လို ရှုပ်ထွေးပွေလီသော အရေးအခင်းတွေနှင့်များ ဆက်စပ်၍နေလေသည် မဆိုနိုင်။ ဘဘ အနေနှင့်တော့ သားနှစ်ယောက်လုံးအပေါ် နာကြည်းစွာ ပြစ်ချက်ယူထားခြင်း မရှိကြောင်း သိသာလှသည်။

ညစာ ထမင်းစားပွဲတွင်လည်း ဘဘနှင့် အစ်ကိုလေးသည် ကောင်းနိုးရာရာ ဟင်းဖတ်များကို ရွေးချယ်ကာ တစ်ယောက်တစ်ပြန် ထည့်ပေးနေကြခြင်းဖြင့် တစ်ဦးအပေါ် တစ်ဦး ကြင်နာမြတ်နိုးမှုကို ပေါ်လွင်ထင်ရှားစေသည်။ ကြီးကြီးငွေ တစ်ယောက်သာလျှင် သူ၏ အခန်းရှည်ကြီးထဲမှ ထွက်၍လည်း မလာ၊ အသက်အသံလည်း လုံးဝမပြဘဲ ငြိမ်ချက်သား ကောင်းနေပါသည်။

ထမင်းစားရန် ဒေါ်မြိုင် သွားခေါ်တော့လည်း လိုက်လာခြင်း မရှိပါ။ နို့တစ်ဖန်ခွက်ကိုသာ ဒေါ်မြိုင်က သွားပို့ပေးရသည်။ ကျွန်တော်မှာ နေ့လယ်က ထွန်းညိုသည့် မီးအိမ်မှ ဖန်ပြောင်းကို အဝတ်နှင့် တိုက်ရင်း ဘဘတို့ထမင်းစားပွဲကို တစေ့တစောင်း ကြည့်ရှုနေမိပါ၏။

**'ဟောဒီလောကကြီးမှာ ပျော်စရာချည်းပါ၊ အဟက်-ဟက်-ဟဲ … ပျော်လွန်းလို့ပါဗျာ၊ ဟောဒီလောကကြီးမှာ ပျော်စရာ … ပျော်စရာချည်းပါ'**

သည်အသံဆိုး အသံနက်ကြီးကဖြင့် အချိန်မှန်ပင် ထွက်ပေါ်၍ လာပြန်ပါလေသည်။

'ဒါ ... ကိုကို့အသံပဲ ထင်တယ်'

ထမင်းကို သိမ်မွေ့စွာ စားနေသော အစ်ကိုလေးက လည်တိုင်ကို မြှင့်ကာ နားစွင့်ထားရာမှ မေးပါသည်။ ဘဘက ခေါင်းတစ်ချက် ညိတ်ကာ အဖြေပေးလိုက်သည်ကို တွေ့ရပါ၏။

'ကိုကို့ကို ကျွန်တော် တွေ့ချင်လှပါပြီ'

အစ်ကိုလေးက ဆက်လက်၍ ပြောလိုက်ကာ ထမင်းကို လက်စသတ်ပြီး ရေသောက်နေပါသည်။ ဘဘကလည်း ဖွန်းနှင့် ခက်ရင်းကို ချထားလိုက်တော့ကာ ခေါင်းကြီးယမ်းလိုက်ပါသည်။

'အလျင်မလိုစမ်းနဲ့ သားရယ်'

ဘဘက သည်မျှသာ ပြောပြီး ရေဖန်ခွက်ကိုယူကာ ပြတင်းပေါက်နားမှာ သွားသောက်ပါသည်။

'ဟော့–ဟော့– တင်လှမောင်၊ လာကြည့်လှည့်'

ပြတင်းပေါက်မှ တစ်စုံတစ်ခုကို မြင်ရဟန်ဖြင့် ဘဘက ခေါ်လိုက်ပြန်ခြင်း ဖြစ်ရာ အစ်ကိုလေးကလည်း သွက်လက်စွာပင် သွားရောက်ကြည့်ရှုပါသည်။

'ဟင်း ... ကိုကို–ကိုကို၊ ဒီထိအောင်ပဲ ဖြစ်နေရှာသကိုး'

ကျွန်တော်ကတော့ အပြင်ကို မမြင်ရသည်တိုင် သူ့စကားများကို ကြားရုံနှင့်ပင် အတပ်ပြောနိုင်ပါသည်။ သူတို့ မြင်နေရသည်မှာ ဆံပင်စုတ်ဖွား၊ စုတ်ပြတ် ပေရေနေသော အဝတ်အစားဖြင့် အိမ်သာနောက်ဖေးချုံပုတ် တောထဲမှ ယိုင်တိယိုင်တိုင်နှင့် တိုးလျှိုးထွက်လာနေသည့် အရက်သမားကြီး ကိုထွန်းဝေပင် ဖြစ်ရပေမည်။

'သူ ဘယ်သွားမှာပါလိမ့်'

'မသိဘူး၊ ဒါပေမဲ့ ဒီနေ့ဈေးပိုင်းမှာ ပွဲရှိတယ်၊ အဲဒီကို ဖြစ်ချင် ဖြစ်မှာပေါ့'

'ကျွန်တော်တော့ လိုက်တောင် သွားချင်တာပဲ'

'မသွားပါနဲ့ဦးကွာ၊ ခု ညတော့ စကားကလေးများ ရေလည်အောင် ပြောကြပါဦးစို့'

'ဟုတ်ကဲ့၊ စကားတွေလည်း ပြောချင်တာပါပဲ'

ကျွန်တော့်အနီးမှ သူတို့ ထွက်ခွာသွားကြပါသည်။ ကျွန်တော်နှင့် ဒေါ်မြို့င်လည်း ထိုခဏတွင်မှ ထမင်းတစ်ဝိုင်း ပြင်စား၊ ဗာဟီရကလေးတွေ လုပ်နှင့် တစ်ခဏတာမျှ သူတို့နှင့် အဆက်ပြတ်သွားပါသည်။

ထမင်းစားပြီး၍ ကျွန်တော် အိမ်ရှေ့ခန်းသို့ ထွက်လာချိန်တွင်ကား အစ်ကိုလေးနှင့် ဘဘသည် ဂျပန် မီးပုံးကလေးများကို ဘုရားစင်ရှေ့၌ ထွန်းညှိ ပူဇော်ပြီးပေပြီ။ ဤအိမ်၏ တန်ဆောင်တိုင် အထိမ်းအမှတ်မှာ ဤမျှသာ ဖြစ်ပါ၏။ အိမ်ရှေ့က နှစ်ထပ် တိုက်ကြီးမှာကား ... မီးပုံး မီးပွင့် တွေ အသွယ်သွယ် အဆန်းဆန်းနှင့် ထိန်ဝေနေပေလိမ့်မည်။ ထိုအိမ်ကြီး မှာ သီတင်းကျွတ် ပွဲတော်တုန်းကလည်း ဤသို့ပင် ထိန်ထိန်ဝေခဲ့သည်။ ယခုအချိန်မှာ လရောင်ဝင်းဝင်းကလေးကလည်း ဘယ်လောက်များ အေး ချမ်း တင့်တယ်လိုက်ပါမည်လဲ၊ ကျွန်တော်က အိမ်ရှေ့ တရုတ်ကတ်ကြားမှ ချောင်းကြည့်နေမိလေသည်။

'ဒီသူငယ် မီးပွဲကြည့်ချင်တယ် ထင်တယ်၊ မလွှတ်ဘူးလား ဖေဖေ'

ဘဘက ခေါင်းတစ်ချက် ယမ်းလိုက်ပြီးမှ 'မင့်မေမေ စနစ်အတိုင်း ပဲပေါ့' ဟု ဆိုလိုက်သည်။

'ဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ၊ သွားချင်ရှာမှာပေါ့'

အစ်ကိုလေးက ကျွန်တော့်ကို စောင်းငဲ့ ကြည့်ရှုရင်း ပြောလိုက်ကာ အိမ်ထဲသို့ ခဏဝင်သွားပြီး ပြန်ထွက်လာပါသည်။ သူသည် လက်ကိုင် သားရေအိတ်ကြီးကို ဖွင့်နှိုက်ကာ ကျွန်တော့်အနီးသို့ လျှောက်လာနေပါ၏။

'မင်းလျှောက်လည်ချင်ရင် လည်လေ၊ ရော့' ဟု တစ်ဆယ်တန် တစ်ရွက်ကို ကမ်းပေးနေသဖြင့် ကျွန်တော့်မှာ ခပ်ကြောင်ကြောင် ဖြစ်သွား ရာက ခေါင်းယမ်းလိုက်ရပါသည်။

'ကျွန်တော် မသွားချင်ပါဘူး အစ်ကိုလေး'

'မင်း လူအေးပဲ ထင်တယ်'

အစ်ကိုလေးက ခပ်သာသာကလေး ရယ်နေပါသည်။ ပြီးတော့ ဘဘ ဘက်သို့ လှည့်ကာ 'ဖေဖေ့ဖို့လည်း စာနှစ်အုပ် ပါတယ် ဖေဖေ၊ ယနေ့ စီးပွားရေး ဆိုတာ' ဟု ပြောလိုက်ပါသည်။

'ဖေဖေ့မှာလည်း ရှိပါတယ်ကွာ၊ သား ရေးတဲ့ စာအုပ်တွေဆိုရင် ဖေဖေ အားလုံး ဝယ်ပါတယ်'

'ဟင် ... "လှမွန်" ဟာ ကျွန်တော် ဆိုတာ ဖေဖေ သိတယ်ပေါ့'

အစ်ကိုလေးမှာ အတော်အံ့အားသင့်သွားပုံ ရပါ၏။ ထို့ထက် ပို လွန်ကာ အံ့အားသင့်ရသူကတော့ ကျွန်တော်ပင် ဖြစ်ပါသည်။ လှမွန်၊ ကျွန်တော် ကြည်ညိုလေးစားခဲ့သော စာရေးဆရာကြီး လှမွန်မှာ ဘဘ၏ သား၊ ဤအစ်ကိုလေး တင်လှမောင်ပင် ဖြစ်နေပါပြီကော။ ဘဘကတော့ ခပ်အေးအေးပင် ပြုံးလိုက်သည်။

'လူကလေး ထွက်သွားတည်းက ဖေဖေ သတင်းစုံစမ်းနေခဲ့တာပဲ၊ ခုလို သားလေး တင့်တင့်တယ်တယ် ကြီးပွားနေတယ် ဆိုတော့ ဖေဖေ့မှာ သိပ်ဝမ်းသာရတယ်၊ ငါ့သားလေး သူ့ကိုယ်သူ ပြုစုပျိုးထောင်ပြီး ကြီးပွား တိုးတက်နေတာ ရှိပါစေ၊ ငါတို့ရဲ့ "ငရဲခန်း" နဲ့ မဆက်စပ်မိပါစေနဲ့တော့ ဆိုပြီး ဒီက သတင်းတွေကိုလည်း မြှုပ်နိုင်သလောက် မြှုပ်ထားရတာပေါ့'

'ဟင် ... ဖေဖေရယ်'

အစ်ကိုလေးသည် ငယ်သွေး ငယ်မူ ဟန်မျိုးဖြင့် ဘဘ၏ခါးကို တွယ်ဖက်လိုက်ပြန်ကာ မျက်ရည်စို့သော မျက်လုံးများဖြင့် မော်ကြည့်နေ ပြန်လေသည်။ 'ကျွန်တော် ထွက်သွားတာ ၁၅ နှစ်တောင် ကြာခဲ့ပြီနော်' ဟူ၍လည်း ခပ်တိုးတိုးကလေး ဆိုလိုက်သည်။

ကျွန်တော်မှာ ဘာအလုပ်မျှမရှိဘဲနှင့် သည်သားအဖကို စောင့်ကြည့် နေရန်မှာ ကိုယ့်အရေး ကိုယ့်အရာ မဟုတ်သည်မို့ ထိုအနားမှ မခွာချင့် ခွာချင်ပင် ခွာခဲ့ရတော့သည်။ သူတို့ သားအဖကတော့ အိမ်ရှေ့ခန်းမှာပင် ထိုင်ကာ စကားတွေအများကြီး ပြောကြပါသည်။ အတော် ညဉ့်နက် လာ တော့မှ ကျွန်တော့်အနားမှာပင် အိပ်မည်ဟု အစ်ကိုလေး ရောက်လာပါ သည်။ ကျွန်တော်ကလည်း အိပ်မှုန်စုံမွှားကြားမှပင် ကြည်ကြည်ဖြူဖြူ အိပ်ရာပြင်ပေးလိုက်ပါ၏။

တစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၍၊ တစ်ဖက်သော အခန်းငယ်မှ ဒေါ်မြိုင်ကြီး တရှူးရှူး အိပ်မောကျနေသံကိုပင် ကြားရပါ သည်။ အစ်ကိုလေးကတော့ သူ၏ အိပ်ရာအခင်းပေါ်တွင် အတန်ကြာအောင် မလှုပ်မယှက် ထိုင်နေပြီးမှ ဇာခြင်ထောင်ကလေးကို ဆွဲချပြီး လဲလျောင်း

လိုက်သည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း တမေ့မေ့ ငိုက်မျဉ်းကာ အိပ်ပျော်သွားပါတော့၏။

[ ၇ ]

'ဖေဖေ ... ဖေဖေ ... ဟင့်–ဟီး ... အသက်ချင်း မလဲရပါဘူး ဖေဖေရယ်၊ ရှာပေးပါ ဖေဖေရယ်၊ အဟင့်–ဟီး'

ကလေးငယ်တစ်ယောက်၏ ငိုရှိုက်ခြင်းမျိုးဖြင့် ဝမ်းပန်းတနည်း ငိုရှိုက်ပြောဆိုနေသော ထိုအသံကို ကျွန်တော် နိုးလျှင်နိုးချင်း ကြားလိုက်ရပါသည်။ အစ်ကိုလေးသည်လည်း ကျွန်တော်ကဲ့သို့ပင် နိုးပြီးဖြစ်နေကာ ဓာတ်မီးခလုတ်ကို သွားဖွင့်သည်ကို တွေ့ရပါသည်။ နောက်တော့ အသံလာရာ အိမ်ရှေ့ခန်းဆီသို့ အစ်ကိုလေးက ခပ်သုတ်သုတ် ထွက်ခွာသွားရာ ကျွန်တော်မှာလည်း အမှတ်မထင်ပင် နောက်မှ ထွက်လိုက်ခဲ့ပါသည်။

အိမ်ရှေ့တံခါးပေါက်အနီး လင်းနေသော ဓာတ်မီးတစ်ပွင့်၏ အောက်တွင်တော့ အရုပ်ကြီးတစ်ရုပ်လို ရပ်လျက်သား ရှိနေသော ဘဘကို တွေ့ရပေသည်။

'ကိုကိုလား'

အစ်ကိုလေးက ခပ်တိုးတိုးလေသံဖြင့် ဘဘကို မေး၍ ဘဘကလည်း လေသံမျှနှင့်ပင် ပြန်ပြောပါသည်။

'အေး ... ဒီကောင်ဟာ မလာစဖူး အထူးအဆန်းပဲ ရောက်လာတယ်၊ ငါ့ကို တံခါးဖွင့်ပေးခိုင်းတာ ကြာလှပြီ၊ ငါက ဖွင့်မပေးသေးလို့'

'ဟင် ... ဖွင့်ပေးလိုက်ပါ ဖေဖေရယ်'

အစ်ကိုလေးက ကြင်နာခြင်း ကြီးလှသော အသံဖြင့် ပြောရာ၊ ဘဘက 'မင်း အကွယ်မှာ နေဦး' ဟု ပြောလိုက်ပါသည်။ အစ်ကိုလေးကလည်း ဆင်ဝင်သို့အကွေ့ မှောင်ရိပ်တွင် သွားရပ်နေပါ၏။ ကျွန်တော်က ဘာလုပ်ရမည် မသိဘဲ ဖိနပ်စင်နားတွင်ပင် ခပ်ကြောင်ကြောင် ရပ်နေပါသည်။ အပြင်ဘက်မှ ငိုရှိုက်သံကတော့ လှိုက်လှိုက်လှဲလှဲကြီး ဖြစ်နေရာမှပင် တိမ်ဝင်သွားပါသည်။

'ဖေဖေ ... ဖေဖေ့' ဟူသော ခေါ်သံက ဆက်လက် ထွက်ပေါ်လာပါ၏။

ဘဘက တံခါးပေါက်ကို ဆွဲဖွင့်လိုက်လေသည်။

ကျွန်တော့်မှာ အမှတ်တမဲ့သော် လန့်ဖျပ်၍ပင် သွားရပါ၏။ အပြင်ဘက်မှာတော့ အရက်သမားကြီး ကိုထွန်းဝေသည် သူ့ရူးကြီး တစ်ယောက် အသွင်ဖြင့် ငိုယိုကာ ရပ်နေပါသည်။ ခေါင်းမှ ဆံပင်များမှာလည်း နဖူးပေါ်တွင် ဖွားရရာဝဲလျက် ရှိနေရာ၊ လက်ယာဘက် ချိုစောင်းဆီမှ ဒဏ်ရာတစ်ခုမှာလည်း သွေးစက်လက် ကျဆင်းလျက် ရှိပေသည်။

'ဖေဖေ၊ အိ ... အိကို ကျွန်တော် တွေ့ခဲ့တယ် ဖေဖေရဲ့'

'သား ... သား ... သတိထားစမ်းပါကွယ်'

ဘဘသည် ငိုရှိုက်ပြောဆိုကာ လှမ်းဝင်လာသော သား၏ ဖြစ်ထွေကို မကြည့်ရက်နိုင်ဟန်ဖြင့် ဆီးကြိုပွေ့ဖက်မည် ပြုလိုက်ပါသည်။ ကိုထွန်းဝေကလည်း သူ့အဖေ၏ ရင်ခွင်သို့ ညာဘက်ပါးဖြင့် ခေါင်းအပ်ကာ တိုးဝင်လိုက်တော့မည်ကဲ့သို့ ရှိပါသည်။ ပြီးမှ ပျာကယာ ဆုတ်ခွာ၍ သွားတဲ့ပြန်ကာ ဘယ်ဘက်ပါးဖြင့် လှည့်ဝင် တိုးကပ်လိုက်ပါသည်။ ညာဘက်ပါးကိုလည်း ခပ်ကြွကြွ ခပ်ရွရွ အုပ်ထားလိုက်သည်။ နောက်မှ ရှိုက်သံ တစ်ဝက်နှင့် တိုးတိုးကလေး ပြောနေလေသည်။

'အိ ရိုက်လိုက်တဲ့ ဖိနပ်ရာကလေး ဖေဖေ၊ ပျက်သွားမှာစိုးလို့'

'သားရယ် ... ဘာတွေကို ပြောနေရတာလဲကွာ' ဟု ဘဘက ကလေးကလေး ချော့သလို ပွေ့ဖက်ကာ ချော့ရှာပါ၏။

'အဟုတ်ပါ ... ပွဲခင်းထဲမှာ အိကို ကျွန်တော် တွေ့တော့ ပျောက်သွားမှာစိုးလို့ တအားဖက်ထားရတယ်။ အဲဒါ ... အဲဒါ ... အိက အတင်းရုန်းပြီး ပါးကို ရိုက်တာပဲ'

'ခက်ကုန်ပါပြီ၊ နေပါဦး ... ခေါင်းမှာလည်း သွေးတွေနဲ့'

'ဒါက အိ အော်လို့ လူတွေ ဝိုင်းလိုက်တာ၊ မောလိုက်တာ ဖေဖေရယ်၊ တအား ပြေးရတယ်၊ အဲဒီအထဲက ဘယ်သူက ရိုက်လိုက်မှန်း မသိဘူး၊ သွေးတွေ ထွက်လာတာပဲ၊ ဒါက အရေးမကြီးပါဘူး၊ အိကို ... အိကို ရှာပေးပါ ဖေဖေရယ်'

'ကျွန်တော် ရှာပေးမယ် ကိုကို'

မှောင်ကွယ်မှ အစ်ကိုလေး ထွက်လာပါသည်။ ထိုခဏ၌ မြင်လိုက်ရသော ကိုကိုထွန်းဝေ၏ မျက်နှာကိုဖြင့် ကျွန်တော် စာမဖွဲ့နိုင်။ အေးစက်

မာကျောသော သရဲတစ္ဆေလက်ကြီးဖြင့် လည်ပင်းကို အဖျစ်ခံနေရသူ တစ်ယောက်၏ မျက်နှာသည်ပင် ဤမျှ ပြူးကြောင် ဖြူရော်သွားလိမ့်မည် မထင်။ နောက်တော့လည်း အပြောင်းအလဲက လျင်မြန်လှသည်။

'မင်းလားဟင် ... မင်း ...'

လျှပ်တစ်ပြက်လောက် အတွင်းမှာပင် သွေးရောင်များ လျှမ်းလျှမ်း တက်လာပြန်ကာ မျက်စိများ ဝင်းဝင်း တောက်သွားသော ထိုလူကြီးသည် အစ်ကိုလေးအား ဝုန်းခနဲ ခုန်အုပ်လျက်သား ရှိသွားပြန်တော့၏။ ပြီးတော့ လည်း ကျွန်တော်တို့ အံ့အားသင့်နေခိုက်မှာပင် လက်သီးဖြင့် ဆင့်ကာ ဆင့်ကာ ထိုးကြိတ်နေပြန်ပေသည်။ ကျွန်တော်က ဖျန်ဖြေကူညီရန် အပြေး ကလေး ရောက်သွားပါ၏။

'ဟော့ ... ဟော့ ... လုပ်ပေစေ၊ မဆွဲနဲ့'

အစ်ကိုလေးကား ထိုလူကြီး ထိုးကြိတ်လေသမျှကို ခေါင်းငုံ့ခံယူ လျက် ရှိသည်သာမက ကျွန်တော့်ကိုပင် အော်ငေါက်၍ ပြောနေပါသေး သည်။ ခဏနေတော့ အစ်ကိုလေး မျက်မှန်ကျွတ်ကျသွားလေ၏။ ကံသီ ၍သာ မကွဲခြင်း ဖြစ်ပေသည်။ ကျွန်တော်က ကောက်ယူထားလိုက်ရ၏။ ဘဘကတော့ 'ရှုံးပြီ ... ရှုံးပြီ ... ငါ့သား ရှုံးပြီ' ဟူ၍သာ ရေရွတ်နေ ပါသည်။ ဘယ်သူက ရှုံး၍ ဘယ်သူက ကောင်းသည်ကိုဖြင့် ကျွန်တော် မပြောနိုင်။ အရုပ်တော်ပုံကိုသာ စိတ်ရှုပ်စွာ ကြည့်နေရပါသည်။

'တော်–ကိုကို ... တော်တော့၊ မောနေဦးမယ်။ ကျွန်တော် ဘယ်မှ ထွက်မပြေးပါဘူး၊ ကိုကို သတ်ချင်ရင် သတ်နိုင်အောင် ပြန်လာတာ။ နောက် ပြီးမှ လုပ်ချင်သလို လုပ်၊ အခု– ကိုကို့အနာကို ဆေးထည့်လိုက်ဦး'

ကြာတော့လည်း အစ်ကိုလေးက ဆင့်ကဲရောက်လာသော လက်သီး ချက်များကို ညင်သာစွာ ရှောင်တိမ်းရင်း ပြောနေပါသည်။ ကိုထွန်းဝေက တော့ ဘာသံကိုမျှ ကြားနိုင်ဟန်မတူ။ အတင်း တရကြမ်းသာ ကျောက်ကန် ထိုးကြိတ်နေပါသည်။ အစ်ကိုလေးက ရှောင်တိမ်းနေ၍ သူ့လက်သီးချက် မဝင်နိုင်သဖြင့်လည်း ပိုမိုဒေါပွလာဟန် ရှိပေသည်။ အနာမှ သွေးစက်များ ကဖြင့် ကြည့်မြင်၍ပင် မကောင်းတော့။ မျက်နှာတစ်ပြင်လုံးမှာပင် နီရဲလျက် ရှိပေပြီ။ သည်တော့မှပင် အစ်ကိုလေးသည် ကိုကို၏ လက်နှစ်ဖက်ကို ဆုပ်ကိုင် ဖမ်းချုပ်ထားလိုက်တော့ပေသည်။

'ငါ့ကို ... ငါ့ကို မထိနဲ့၊ ခွေးကောင်'

ကိုကိုကား တုန်ယင် မောဟိုက်စွာ ပြန်အော်လျက်ကပင် ပျော့ခွေလဲကျ၍ သွားပေသည်။ အစ်ကိုလေးသည် ကိုကို့အား တင်းတင်းပါအောင် ပွေ့ယူထားလိုက်ပါ၏။ ဘဘမှာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါသည်။ ကျွန်တော်ကလည်း ဘာကို လုပ်ကိုင်ရမည် မသိတတ်တော့ပါ။

'ဟော့–ဟော့– အောက်ထပ်မှာ စီတာရန်းကို သွားနှိုးစမ်း၊ ဆရာဝန် မြန်မြန်ခေါ်ပေးပါ ပြော'

အစ်ကိုလေးကပင် ကျွန်တော့်ကို ကြည့်၍ ခိုင်းလိုက်ပါသည်။ ကျွန်တော်က လက်ထဲမှ အစ်ကိုလေး မျက်မှန်ကို ကမ်းပေးခဲ့ကာ အမြန်ဆင်းပြောရပါ၏။ နောက် ကျွန်တော် ပြန်တက်လာသည့်အခါတွင်မူ ကိုကို့အား ဘဘက တလှည့်ပွေ့ယူထားလျက်ရှိ၍၊ အစ်ကိုလေးက အနာကို ရေနွေးဖြင့်ဆေးကာ ပတ်တီးစည်းပေးလျက် ရှိနေသည်။ ဒေါ်မြိုင်လည်း လာရောက် ကြည့်ရှုနေသည်ကို တွေ့ရပါ၏။

'အောက်ထပ်က အခန်းကို ရှင်းရင် ကောင်းမယ်ထင်တယ် ဖေဖေ'

'ဟုတ်တယ် ... မြန်မြန်လုပ်၊ တို့အခန်းထဲမှာ သော့တွဲနှစ်တွဲ ချိတ်ထားတာရှိတယ်၊ နှစ်ချောင်းတည်း သတ်သတ်တွဲထားတာကို ဝင်ယူသွားဟော့'

ကျွန်တော်က ဘဘတို့ အခန်းသို့ အပြေးတစ်ပိုင်း ဝင်ခဲ့ရပေသည်။ သေးငယ်လှသော ဓာတ်မီးလုံး အပြာကလေး တစ်ပွင့်သာ ဖွင့်ထား၍ မှုန်မွှားသော အလင်းရောင် အောက်တွင်တော့ ကြီးကြီးငွေသည် အိပ်ရာထက်မှာ တစောင်းခွေကာ နားနှစ်ဖက်ကို လက်နှင့် ပိတ်ပြီး ငြိမ်ငြိမ်သက်သက်ကြီး ရှိနေပါ၏။ ကျွန်တော် ဝင်လာသည်ကိုမျှ လှည့်မကြည့်ပါချေ။ ကျွန်တော်လည်း တိုင်မှသော့တွဲကို အမြန်ယူ၍ ထွက်ခဲ့ရပါသည်။

ကျွန်တော်နှင့် အစ်ကိုလေးသည် ကြာမြင့်စွာက ပိတ်လှောင်ထားခဲ့သော အခန်းကြီးအား ညကြီးသန်းခေါင်တွင်မှ ထူးဆန်းစွာ ရှင်းလင်းနေရပါ၏။ ခုတင်နှစ်လုံး၏ အလယ်မှ အဝတ်မည်းကြီး ဖုံးအုပ်ထားသည့် သူ့ရုပ်ပုံပန်းချီကားကို ဖွင့်လှန်ကြည့်ရှုမိသော တစ်ခဏတွင်ကား အစ်ကိုလေးသည် "ဟာ" ခနဲ တစ်ချက်မျှ အော်လိုက်ကာ ငေးကြောင် တွေဝေ

သွားပါသည်။ 'ညီလေး အပေါ်မှာ ဒီထိအောင်ပဲ စိတ်နာသွားပြီလား ကိုကိုရယ်' ဟူ၍လည်း တစ်ကိုယ်တည်း တီးတိုးရေရွတ်နေမိပါသည်။

အတန်ငယ်ကြာမှ ပန်းချီကားတွင် ထိုးစိုက်ထားသော ဓားမြှောင်ကြီးကို သွားရောက် ဆွဲချွတ်လိုက်ကာ ပန်းချီကားကိုရော ဓားမြှောင်ကိုပါ အဝတ်ဗီရိုကြီး၏ နောက်ကွယ်နံရံကြားမှာ သွင်းဝှက်လိုက်ပါသည်။ ထို ခဏတွင်ပင် ကိုကို့မိန်းမ ဒေါ်ငြိမ်းတင်ကြီးသည်လည်း မီးအိမ်ကလေး တစ်ခုကို ကိုင်စွဲပြီး ရောက်လာခဲ့ပေသည်။

ဒေါ်ငြိမ်းတင်သည် ပွဲဈေးမှာ အကြော်ရောင်းနေရာမှ ပွဲဈေး တစ်လျှောက် ကျွက်စီကျွက်စီ ဖြစ်ကာ မြို့ပိုင် တူမကလေးကို လူတစ်ယောက်က အတင်းဆွဲ၍ လူတွေ ဝိုင်းလိုက်ကြသည်ဟု သတင်းကြားရလေသည်။ သို့သော် ... ဘယ်သူဘယ်ဝါရယ် မသိသဖြင့် အမှတ်တမဲ့ပင် နေခဲ့သည်။ နောက်မှ တွေ့မြင်လိုက်ရသူ အချို့က သူ့ခင်ပွန်း ဖြစ်ကြောင်းကို ပြောလာသဖြင့် စိတ်မချ၍ ဈေးသိမ်းပြီး ပြန်လာခဲ့ရာ၊ လမ်းတွင် စီတာရန်းနှင့် တွေ့ပြီး ကိုကိုထွန်းဝေ ဤအိမ်မှာ ရှိနေသည်ကို ပြောလိုက်သည်။ သို့ကြောင့် ပါလာသော ပစ္စည်းကလေးများကို သူတို့ အိမ်ကလေးတွင် ဝင်ထားခဲ့ပြီး လိုက်လာခဲ့ခြင်း ဖြစ်ပေ၏။

သို့နှင့် သူပါ ကျွန်တော်တို့ကို ဝင်ရောက်ကူညီကာ ကိုကို့အား အောက်ထပ်တွင် နေရာချထားနိုင်ခဲ့ပေတော့သည်။ ဆရာဝန်လည်း မကြာမီပင် ရောက်လာပါသည်။

ကိုကိုမှာ အရက်သောက်လွန်းခြင်းနှင့် အအိပ်ပျက်ခံလွန်းခြင်းတို့ ကြောင့် အသည်းရောင်ရောဂါ၊ နှလုံးသွေးအားနည်းသော ရောဂါတို့မှာ အတော် ထုထည် ကြီးမားနေပြီ ဖြစ်ကြောင်း သိရပေသည်။ ဤအထဲတွင် အကြီးအကျယ် စိတ်နှလုံး ချောက်ချားခြင်းဖြင့် သတိမေ့သွားခြင်း ဖြစ်ပေ၏။ ခေါင်းမှ ဒဏ်ရာကြီးကလည်း မသေးသိမ်လှပါပေ။

ဆရာဝန်က ကောင်းစွာ ပြုစုပေးခြင်းဖြင့် သန်းခေါင်ကျော် နှစ်ချက်တီးခန့်တွင် ကိုကိုသည်– 'အိရေ ... အထွန်းကို ပစ်ထားရက်ပြီလား၊ အိရေ' နှင့် "အိ" ဆိုသူကိုသာ တစာစာ တမ်းတကာ တစ်ခဏမျှ သတိလည်လာပါသေး၏။ သို့သော် ဆရာဝန်က ကောင်းစွာ အနားယူပြီး အိပ်စက်ရန်

လိုအပ်သေးသည်ဟု ဆိုကာ အိပ်ဆေးပေးလိုက်ပြန်ခြင်းဖြင့် အိပ်ပျော်နေရပြန်လေသည်။

ဤတွင် ဘဘက အားလုံးကို အိပ်စက်ရန် ခွင့်ပြုလိုက်ပါ၏။ သို့ရာတွင် ကျွန်တော် တစ်ယောက်ကိုတော့ သူနှင့် အတူ လူမမာ စောင့်ရင်း အိပ်စက်ရန် အစ်ကိုလေးက ခေါ်ထားလိုက်ပါသည်။ သို့ဖြင့် ဤညသည် ကျွန်တော့်အဖို့ နောက်ထပ် အိပ်စက်ရခြင်း မရှိတော့သော ညပင်ဖြစ်သွားပါတော့၏။ မည်သို့ပင် ဖြစ်စေ ကျွန်တော်ကတော့ လုံးဝ ကျေနပ်နှစ်သိမ့်ခြင်း ရှိခဲ့ပါသည်။ အကြောင်းမူ သဘောကောင်း၍ ဖော်ရွေပုံရသော အစ်ကိုလေးအား ကိုကို အမြဲ တမ်းတနေသည့် "အိ" ဆိုသူ၏ အကြောင်းကို မေးစမ်းကြည့်ရာမှ ရှုပ်သမျှ အလုံးစုံမှာ အကုန်အစင် ရှင်းလင်းသွားရခြင်းကြောင့် ဖြစ်ပေသည်။

[ ၈ ]

မြေလတ်နယ် မြို့ကလေးတစ်မြို့၌ အဆုတ်ရောဂါ စွဲကပ်လျက်ရှိသော စာရေးကလေး ကိုဘသန်း ဆိုသူတစ်ဦး ရှိလေသည်။ သူ့ရောဂါ သည်းသည်ထက် သည်းလာသောအခါ ကိုဘသန်းသည် မမာပင်စင် ယူလိုက်ရလေ၏။ ထိုစာရေးကလေးတွင် ပြုစုမည့်သူ အိမ်သူသက်ထားလည်း လွန်ခဲ့သော ၄ နှစ်ခန့်က ဆုံးပါးခဲ့သည်။ မိတဆိုး ဖြစ်သော ၈ နှစ်ရွယ် သားကလေး တင်လှမောင် တစ်ဦးသာလျှင် သူ့အတွက် အဖော်သဟဲ ပြုစရာ ရှိလေ၏။

သားလူမမည်ကလေးနှင့် ကသီကရီနိုင်လှသောအခါ တောမှ အဒေါ်ဝမ်းကွဲ တစ်ယောက်ကို ခေါ်ယူထားရသည်။ ထိုအဒေါ်မှာလည်း သူထင်သလောက် အားကိုးရာ မရခဲ့ချေ။ အဒေါ်သည် သူ၏တဝမ်းတခါးအတွက် သက်သောင့်သက်သာ မှီခိုအားထားနိုင်ပြီဟု သဘောထားသည်မှအပ သူတစ်ပါးအရေးကို ကောင်းစွာကြည့်သူ မဟုတ်။ လူမမာ တစ်ယောက်အတွက် လိုအပ်သော အပြုအစုကိုလည်း ခိုင်းမှပင် လုပ်ပေးသည်။ သားကလေး တင်လှမောင်ကိုလည်း သူ့သဘောအတိုင်း လည်ချင်ရာလည်၊ လုပ်ချင်ရာ လုပ် ပစ်ထားသည်။ အချိန်မရှိ အချိန်ရှိ ဆိုသလို အိမ်သို့ ပြန်လာသော အခါများမှသာ ထမင်းအေး၊ ဟင်းအေးများကို တော်သလို ထည့်ကျွေးသည်။

ကိုဘသန်းမှာ တစ်နေ့တွင် ဒါကိုပင် စိတ်မချမ်းမသာ ဖြစ်နေရလေ၏။ တင်လှမောင်မှာလည်း ကျောင်းတက် မမှန်တစ်ချက် မှန်တစ်ချက်နှင့် လက်ထဲမှာ လေးခွတစ်ချောင်းကို ကိုင်ဆွဲကာ အလည်ကြူးနေတတ်ပြီး၊ မိမိမှာလည်း ဆေးဖိုးဝါးခနှင့် အိမ်သုံးစရိတ်များအတွက် ဇနီးသည် စစ်စစ်စီစီ စုဆောင်း လုပ်ကိုင်ထားခဲ့သော ရွှေတိုရွှေစကလေးများနှင့် အိမ်ထောင်ပစ္စည်း ထိုက်ထိုက်တန်တန် ကလေးများကိုပင် ထုခွဲ ရောင်းချနေရပြီ။ မိမိရောဂါမှာလည်း တိုးသည်ထက် တိုးလာသည်။ အကယ်၍များ မိမိ သေလွန်သွားခဲ့သော် သားကလေး တင်လှမောင်မှာ တွယ်ရာမဲ့နှင့် ဘဝဆိုးကြုံလေတော့မည်။

သားကလေးကို စိတ်မချနိုင်တိုင်း ဤအကြောင်းကို အတန်တန် အထပ်ထပ် တွေးမိနေရာမှ တစ်နေ့သော် အဝေးမြို့ တစ်မြို့မှ (ငရုတ်သီးဆယ်တောင့်မှ တစ်တောင့်သာ စပ်သည်ဟု ဆိုရမည် ဖြစ်သော) အတော်သွေးဝေးနေပြီ ဖြစ်သည့် အစ်မတော် တစ်ယောက်ကို သွားတွေးမိသည်။ တွေးမိသည် ဆိုလျှင်ပင် ကောက်ရိုးမျှင်ကို လှမ်းဆွဲသည့် ရေနစ်သူပမာ တွယ်မိတွယ်ရာကို တွယ်ထားလိုက်ချင်သော စိတ်ကူးတစ်ခုလည်း ပေါ်ပေါက် လာသည်။

ထိုအစ်မတော် ဒေါ်ငွေခင်နှင့် ခင်ပွန်းသည် ဦးအေးကျော်တို့မှာ မြို့မျက်နှာဖုံးအဖြစ်နှင့် အထက်တန်းလွှာက ရပ်တည်နိုင်သော သူဌေးအမည်ခံယူထားသူများ ဖြစ်သည်။ သားကလေးကို အမွေစား အမွေခံ မမွေးမြူသည့်တိုင် ပညာကလေး အသင့်အတင့် တတ်၍ ကိုယ့်အား ကိုယ်ကိုးကာလူဝင်ဆံ့နိုင်ရုံကလေးဖြင့် ပြုစုပျိုးထောင်ပေးရန် ဝန်လေးကြမည် မထင်မိပေ။ နောက်တော့လည်း စိတ်ထဲမှာ တမ်းတ မှန်းဆနေရသည့် ဒုက္ခဝန်ကိုအပို ခံစားရန် မတတ်နိုင်တော့သည်နှင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု သားကလေးကို ခေါ်ပြီး၊ စိတ်နောက် ကိုယ်ပါပင် ဒေါ်ငွေခင်တို့ ရှိရာသို့ ထွက်လာမိလေ၏။

ရောက်ပြန်တော့လည်း ဒေါ်ငွေခင်တို့၏ အရှိန်အဝါက ခြောက်လှန့်ဟန့်တားသယောင် ရှိသည်မို့၊ မျက်နှာ အောက်ချလျက် အတော်ကြီးအရဲစွန့်ကာပင် လာခဲ့ရင်း ကိစ္စကို ပြောရသည်။

'ကျွန်တော်ဟာ သက်ဆိုး မရှည်နိုင်တော့ပါဘူး မမရယ်၊ ဒီရောဂါ

ဟာ အနေးနဲ့အမြန် ဆိုသလို ကျွန်တော့်အသက်ကို ခြွေဖြုတ်တော့မှာပါ၊ ဒီတော့ မလိမ်မိုး မလိမ္မာ ကျန်ရစ်ရှာမဲ့ သားကလေးအတွက်ကို တွေး လိုက်တိုင်း စိတ်မချနိုင်လွန်းလို့ လာခဲ့ရတာပါ။ ကျွန်တော့်သားကို ခိုင်းချင် တာလည်း ခိုင်းနိုင်ပါတယ် မမရယ်'

ဖခင်ဖြစ်သူ၏ စကားလုံးတွေမှာ လှိုက်လှဲဟန် အပြည့်ပါရှိနေသည် မို့ တင်လှမောင်၏ စိတ်ထဲတွင် စကားလုံးတိုင်း စကားလုံးတိုင်းကို တစ်သက်တာအဖို့ မမေ့နိုင်လောက်အောင် မှတ်မှတ်သားသား ဖြစ်မိရသည့် ပြင် သူကိုယ်တိုင်မှာလည်း ဝမ်းနည်းအားငယ်ကာ မျက်ရည်ကလေး တလည်လည် ဖြစ်နေရလေသည်။ သို့ရာတွင် ဒေါ်ငွေခင်ကတော့–

'အမယ် ... ကျုပ်အိမ်မှာ အခိုင်းအစေတွေ တစ်ပုံကြီးပါတော်' ဟု မလိုလားနိုင်သော မျက်နှာမျိုးဖြင့် ငြင်းဆိုလျက်ပင် ရှိသည်။

'ဒီလိုလည်း မဟုတ်သေးပါဘူး မမရယ်၊ မမသားနဲ့လည်း အဖော် ရတာပေါ့' ဟု ကိုဘသန်းကလည်း အားမလျှော့နိုင်သေးဘဲ ဆက်လက် ပြောဆိုနေသည်။ 'ဩော် ... ဒီလိုဆိုတော့ မင့်သားကို တို့က မွေးစားစေ ချင်တဲ့ သဘောပေါ့'

'ကျွန်တော်ပြောတာက အမွေခံ သဘောမျိုး မွေးစားဖို့လည်း မဟုတ် ပါဘူး။ သူ့တဝမ်းတခါးအတွက် ဖူလုံနိုင်လောက်ရုံ ပညာကလေးများ သင် ပေးနိုင်ရင် တော်ပါပြီ'

'အင်း–ဒီလိုဆိုရင်တော့ မခဲယဉ်းလှပါဘူးလေ၊ ကျောင်းတစ်ကျောင်း မှာ ဘော်ဒါအပ်လိုက်ပြီး လိုသလောက်ငွေကို ထောက်နေရင်လည်း ပြီး တာပဲ မဟုတ်လား'

ယခုမှ ဤစကားကို ဝင်၍ပြောသူကတော့ ဦးအေးကျော်ပင် ဖြစ် သည်။

'ဟုတ်ကဲ့၊ ဘယ်လိုပဲ ထားထား ကလေးပညာရနိုင်မယ် ဆိုရင် ကျေနပ် ပါပြီ အစ်ကိုရယ်။ အများကြီး ကျေးဇူးကြီးမားလှပါတယ် ခင်ဗျာ'

ကိုဘသန်းသည် မျှော်လင့်အားထားလှစွာဖြင့် ပြောဆိုရှာသည်။ သို့ရာတွင် သူတို့၏ အစီအစဉ်ကို ဝင်ရောက် ပျက်ပြားစေသူကတော့ ဦးအေးကျော်၊ ဒေါ်ငွေခင်တို့၏ တစ်ဦးတည်းသော သားငယ် (၁၀) နှစ် အရွယ်ရှိ မောင်ထွန်းဝေပင် ဖြစ်ပေသည်။ မောင်ထွန်းဝေသည် လူကြီးတွေ

နှင့် မလှမ်းမကမ်းမှာ တစ်ကိုယ်တည်း ကစားရင်းက ပြောဆိုကြသည်များကို နားစွင့်နေသည်ဖြစ်ရာ သူတို့ စကား အပြတ်တွင် ခပ်သုတ်သုတ်ရောက်ရှိလာလေ၏။

'ဘာလဲမေမေ၊ ဒီဦးလေးက ညီညီလေးကို ဒီမှာထားမလို့လားဟင်၊ သား ကစားရအောင် ခေါ်ထားပါနော်၊ သား ညီညီလေးနဲ့ အတူတူ နေချင်တယ် မေမေ၊ လာ ညီလေး၊ ကိုကိုနဲ့ ဘောလုံးရိုက်ရအောင် ... လာပါကွ၊ ကိုကို့မှာ ဘိုင်စကယ်လေးလည်း ရှိတယ်၊ အရုပ်ကလေးတွေလည်း ရှိတယ်၊ မုန့်တွေလည်း အမျိုးစုံရှိတယ်၊ ညီလေးကို အများကြီး ပေးမယ်နော်'

မောင်ထွန်းဝေသည် သူ့အမေကို ပြောရင်းမှ တင်လှမောင်အား အတွင်းသာ ချော့ခေါ်လျက် ရှိလေသည်။ မိဘနှစ်ပါးမှာလည်း သားအပေါ်မှာ ထားရှိသော ချစ်ခြင်းမေတ္တာဖြင့် ပြုံးရွှင်ကြည်သာလာကြသည်။

'ကဲလေ ... မင့်သားကို တို့ပဲ ခေါ်ထားပြီး ပညာသင်ပေးလိုက်ပါ့မယ်၊ ဒါပေမဲ့ ဒီကလေးကို အကြောင်းပြုပြီး ငွေစကြေးစ တောင်းလား၊ ရမ်းလားတော့ မလုပ်ရဘူးနော်'

'ကျွန်တော့်ကို ဒီထိအောင်တော့ အထင်မသေးထိုက်ပါဘူးဗျာ၊ ဒါမျိုးကို လုံးဝ မရည်ရွယ်ပါဘူး'

'အေး ကောင်းပြီလေ ... ငါကလည်း ပြောစရာ ရှိတာကို အကုန်ပြောရမှာပဲ၊ မင်း ရောဂါမျိုးက စိတ်ချရတာလည်း မဟုတ်တော့ ကလေးတွေ အတွက် စိုးရိမ်ရတယ်၊ နောက်ထပ်လည်း အဝင်အထွက် အဆက်အသွယ် မလုပ်စေချင်ဘူး'

ဒေါ်ငွေခင်၏ မျက်နှာက တင်းမာပြတ်သားလှသည် ဖြစ်ရာ ကိုဘသန်းမှာ ညိုးငယ် ဝမ်းနည်းစိတ်ဖြင့် တွေဝေသွားလေ၏။ သို့ရာတွင် တစ်ခဏချင်း အတွင်းမှာ တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်ကာ ကစားစရာနှင့် စားစရာများကို သင့်သင့်မြတ်မြတ် ဝေခြမ်းယူနေကြသော မိမိ၏ သားနှင့် မောင်ထွန်းဝေကို တွေ့ရသောအခါ သူ့စိတ်ကို သူ ချုပ်တည်း ထားလိုက်သည်။

"ငါဟာ သားကလေးကို အဆုံးသတ် ခွဲခွာသွားဖို့လည်း နီးပါပြီလေ၊ အခုက ကြိုတင်ပြီး ခွဲခွာရတဲ့တိုင်အောင် ငါ့သားလေးရဲ့ နောင်ရေးကို

စိတ်ချရရင် ပြီးတာပါပဲ" ဟု ကိုယ့်စိတ်ကိုယ် ဖြေဆည် ဆုံးဖြတ်လိုက်ပြီး သောအခါ ကိုဘသန်းသည် သားကလေးအား ပူနွေးသော မျက်ရည်များဖြင့် မျက်နှာချင်းအပ်ကာ တစ်ချက်မျှ နမ်းရှုပ်လိုက်ပြီးနောက် 'ကဲ ... ကျွန်တော် နောက်ထပ် မလာတော့ပါဘူး၊ သွားပါတော့မယ်' ဟု နှုတ်ဆက်လျက် ထွက်ခွာသွားလေသည်။

ဖခင် ထွက်သွားစဉ်တွင် ထွန့်ထွန့်လူးမျှ ငိုယို၍ ကျန်ခဲ့သော တင်လှမောင်ကိုလည်း ဦးအေးကျော်က ချိုပိုး ချော့မော့သည့်ပြင် မောင်ထွန်းဝေကပါ အမျိုးမျိုး ချော့မော့ပြီး အငိုတိတ်စေခဲ့လေသည်။

နောက်တော့ တင်လှမောင်သည် ကိုကို ခေါ်ခိုင်းသကဲ့သို့ပင် ဦးအေးကျော်နှင့် ဒေါ်ငွေခင်အား ဖေဖေ၊ မေမေ ခေါ်ခဲ့ရလေ၏။ ကျောင်းသို့လည်း ကိုကိုနှင့်အတူ လိုက်ပါသွားရသည်။ ကိုကိုက ၂ တန်းမျှ ရရှိနေကာ မိမိက သူငယ်တန်းသာမို့ ကျောင်းရောက်လျှင် တစ်တန်းစီ ခွဲသွားကြရသော်လည်း ကျောင်းသွား ကျောင်းပြန်တွင် စီတာရန်း မောင်းပို့သော မြင်းရထားကို တူတူ စီးရသည်။ ကျောင်းမှာ မုန့်စားတာကအစ ကိုကိုနှင့်အတူဖြစ်သလို အိမ်မှာလည်း တတွဲတွဲပင် နေခဲ့ကြသည်။

တင်လှမောင် ရောက်စက မေမေသည် အဝတ်အထည်ကို သီးခြားဆင်ယင်ပေးခဲ့သေးပေမဲ့ ကိုကိုက ဘာမဆို ညီလေးနှင့် ဆင်တူမှ ဝတ်ချင်ပါသည် ဆိုတော့လည်း သားချစ် အလိုကိုလိုက်ကာ ဆင်ယင်ပေးခဲ့ရသည်။ ဤသို့ဖြင့် သူ့အဖို့မှာ အနေအစား အားလုံးတွင် ကိုကိုနှင့် ဆင့်တန်းတူညီပင် ဖြစ်နေခဲ့ရာ တင်လှမောင်သည် အလို မကျစရာ ဟူ၍ မရှိတော့ လောကအောင်ပင် ဖြစ်ကာ ပျော်ရွှင်နေလေ၏။

တင်လှမောင် ပျော်ရွှင်သလောက် စိတ်ထိခိုက်ကာ လွမ်းဆွတ်နေရသူကတော့ သူ့ဖခင် ကိုဘသန်းပင် ဖြစ်သည်။ တင်လှမောင် ဤအိမ်ရောက်၍ ၃ လခန့်မျှ ကြာသွားသော နေ့တစ်နေ့တွင်တော့ ကိုဘသန်းသည် တင်လှမောင်တို့ နေသော ကျောင်းသို့ ခိုးကြောင်ခိုးဝှက်နှင့် ချောင်းမြောင်း လာရောက်ကာ သားကလေး၏ အခြေအနေကို ကြည့်ရှုခဲ့သည်။

ဝတ်ကောင်းစားလှနှင့် ပျော်ရွှင်နေသော သားကလေးကို တွေ့ရသောအခါ သူသည် ဝမ်းသာဝမ်းနည်းနှင့် ဖက်ယမ်း နမ်းရှုပ်မိပြန်လေ၏။

ပြီးတော့လည်း ညီလေးအပါးမှာ ထက်ကြပ်မကွာ ရှိနေသော မောင်ထွန်းဝေကလေးအား တောင်းပန် တိုးလျှိုးရပြန်လေသည်။

'သားလေးကို အောက်မေ့လွန်းလို့ ဦးလေး လာခဲ့တာပါကွယ်၊ ညီလေးနဲ့ ဦးလေးကို သနားရင် မင်းမေမေကို ပြန်မပြောပါနဲ့နော်'

ကိုဘသန်းသည် ဤသို့ ပြောဆိုရင်းနှင့်မှ တင်လှမောင်နှင့် မောင်ထွန်းဝေအား ငွေမတ်စေ့ကလေး တစ်စေ့စီ ထုတ်ပေးခဲ့သေးသည်။ မောင်ထွန်းဝေက ငြင်းဆန်သော်လည်း အတင်းပေးသောအခါ ယူထားရလေ၏။ အရိုးပေါ် အရေတင်တမျှ ပိန်ချုံးကာ ချောင်းတဟွပ်ဟွပ် ဆိုးနေသော ဦးလေးအား သနားလှသည်မို့ မောင်ထွန်းဝေကလည်း ထိုအကြောင်းကို သူ့မိခင်အား ပြန်မပြောခဲ့ချေ။

နောက် ၂ လခန့် အကြာတွင်လည်း ဦးလေးသည် ဤလိုပင် ကျောင်းသို့ ရုတ်တရက် ရောက်လာပြန်သေး၏။ သူ့သားကလေးကို တွေ့တော့လည်း ဖက်၍ ငိုသည်။ ဤတစ်ကြိမ်မှာလည်း သူ ဝယ်လာသော လိမ္မော်သီးကလေးများကို ပေးထားခဲ့ကာ မောင်ထွန်းဝေအား လူကြီးများကို ပြန်မပြောရန် တောင်းပန်ပြီး ပြန်သွားသည်။

နောက်တော့လည်း ကိုဘသန်း မပေါ်လာနိုင်တော့ပေ။ သူသည် အိပ်ရာမှ မထနိုင်လောက်အောင် ဖြစ်လာရာမှ သူ မျှော်လင့် မှန်းထားခဲ့သလိုပင် သားကလေးအား အပြီးအပိုင် ခွဲခွာ၍ သွားရရှာသည်။ တင်လှမောင်ကား တစ်ခါတစ်ခါ တစ်ယောက်တည်း စိတ်ထဲမှာ ကျိတ်၍ ဖခင်ကို တမ်းတတတ်သည်တိုင် ဖခင် မပေါ်လာသောအခါ "သေရှာပေပြီလား" ဟူ၍မျှ မထင် မတွေးတတ်သေးပေ။ နောင် တဖြည်းဖြည်းတွင် ဖခင်အား တမ်းတစိတ်များ လျော့ပါးစ ပြုလာကာ လက်ရှိ မေမေ၊ ဖေဖေနှင့် ကိုကိုတို့၏ အသိုင်းအဝန်းသည်သာ သူ့ဘဝဟု ထင်မှတ်သောစိတ်ဖြင့် နေသားကျလာတော့လေသည်။

## [၆]

တင်လှမောင်တို့၏ ဘဝသစ်တွင် ပြောစမှတ်ရလောက်သော အကြောင်းအရာများဖြင့် ပြောင်းလဲ ဖြစ်ပေါ်လာသည်ကတော့ ကိုကိုထွန်းဝေ ၁၅

နှစ်သား ရှိ၍ ၇ တန်း အောင်သောနှစ်တွင် ဖြစ်ပေသည်။ ထိုအခါ၌ တင်လှမောင်မှာ ၁၃ နှစ်သားရှိ၍ ၄ တန်း အောင်ရုံမျှသာ ရှိလေသေးသည်။

ကိုကိုသည် သူ ၇ တန်း အောင်လျှင် မော်တော်ကား ဝယ်ပေးရမည်ဟု စောစောကပင် ကြိုတင်ပူဆာထားသောကြောင့် စာမေးပွဲအောင်စာရင်း ထွက်လာသည်နှင့် တစ်ပြိုင်နက်ပင် မေမေ၊ ဖေဖေတို့က အော်စတင် ကားကလေး တစ်စင်းကို ဝယ်ပေးကြရသည်။ စီတာရန်းမှာလည်း မြင်းရထား မောင်းသမား ဘဝမှ ကားမောင်းသမား ဘဝသို့ ရောက်ရှိရပြန်လေ၏။

ယခင်က ညီအစ်ကိုနှစ်ယောက်သည် သူတို့၏ အထိန်းတော်ကြီးများ သဖွယ် ဖြစ်သော ရွှေရွှေခေါ် ဒေါ်မြရွှေ၊ ဒေါ်မြိုင်ကြီးတို့နှင့် တစ်ခန်းတည်း အိပ်ရလေရာ သည်နှစ်တွင်မှ အောက်ထပ် အခန်းကျယ်ကြီးသို့ ပြောင်းရွှေ့ကာ ညီအစ်ကိုနှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် နေကြသည်။

မောင်ထွန်းဝေက ငယ်စဉ်ကပင် အထုံဝါသနာ စွဲခဲ့သော ပန်းချီပညာကို မြို့အရှေ့ပိုင်းမှ ပန်းချီဆရာကြီး ဦးမြတ်စံထံတွင် ကျကျနနနည်းခံကာ သင်ယူခဲ့သည်မှာလည်း သည်နှစ်တွင်ပင် ဖြစ်သည်။ ကိုကို ပန်းချီဆရာအိမ် သွားချိန်များတွင် တစ်ယောက်တည်း ပျင်းကျန်ခဲ့ရသော တင်လှမောင်က အားကျမခံ ဆိုသလို လမ်းထိပ်က တီးဝိုင်းဆရာအိမ် သွားကာ ဘင်ဂျိုကလေး တဒေါင်ဒေါင်၊ တယောကလေး တကျွီကျွီ လုပ်နေတတ်သည်မှာလည်း ပြောစမှတ် ရစရာပင် ဖြစ်သေးသည်။

ထိုသည်တို့ထက် အထူးထား၍ ပြောစရာကား သူတို့ ဘဝထဲသို့ "အိ" ခေါ် မတင်အိ တစ်ယောက် ပါဝင်လာခဲ့ခြင်းပင်တည်း။

ကျောင်းပြန်ဖွင့်စ ဖြစ်သော "ဇွန်လ" ဆိုသည်ကတော့ သူတို့ အရပ်မျိုးမှာ မိုးဖြိုင်ဖြိုင် ရွာစေတတ်သော လပင် ဖြစ်သည်။ တစ်နေ့သော ကျောင်းတက်ချိန်တွင်လည်း မိုးသည် ခပ်သဲသဲရွာလျက် ရှိရုံမက လေကလည်း ခပ်ပြင်းပြင်း တိုက်ခတ်နေသေးသည်။

ထွန်းဝေနှင့် တင်လှမောင်သည် တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ကားကလေးထဲမှာ စကားတပြောပြောနှင့် လိုက်ပါလာကြသည်။ ဟိုး ... ခပ်ဝေးဝေး သူတို့၏ ရှေ့တူရူတွင်တော့ မိန်းမဆောင်း ဖဲထီး

ကလေး တစ်လက်ဖြင့် မိုးပြင်းလေပြင်း ဒဏ်ကို ခုခံကာကွယ်ရင်းမှ ကိုယ်အောက်တစ်ပိုင်းလုံး ရွဲရွဲစိုကာ ကသိကအောက် ဖြစ်နေရှာသော (၁၅) နှစ်ရွယ် ကျောင်းသူ မိန်းကလေးတစ်ဦးကို တွေ့မြင်ရသည်။ ကိုကိုသည် ထိုမိန်းကလေးကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် ပြောလက်စ စကားကို ရပ်ဆိုင်းကာ –

'ဒီမှာ စီတာရန်း ... အဲဒီရှေ့နားက မိန်းကလေးကို မီရင် ကားရပ်ပေးစမ်းပါ' ဟု စီတာရန်းအား လှမ်းအော်ပြောလိုက်သည်။

တင်လှမောင်မှာ ကိုကို ဘာကြောင့် ခိုင်းသည်ကို မသိနိုင် ဖြစ်နေရစဉ်မှာပင် ကားမှာလည်း မိန်းကလေးကို မီလာကာ ကျွီခနဲ ရပ်လိုက်ပြီး ဖြစ်သွားသည်။ ကိုကိုသည် မိုးကာဦးထုပ်ကလေးကို ကောက်ဆောင်းလိုက်ကာ ကားထဲမှ ကိုယ်တစ်ပိုင်း ထွက်ပြီး 'မတင်အိ ... လာ–လာ၊ ကိုယ်တို့ကားနဲ့ လိုက်ခဲ့' ဟု ခေါ်လိုက်သည်။

မိန်းကလေးသည် မျက်လုံးကလေး အဝိုင်းသားနှင့် ခပ်ကြောင်ကြောင် ပြန်ကြည့်နေရာမှ ခေါင်းကလေး ငုံ့ချလိုက်ပြီး 'ဟင့်အင်း ... နေပါစေ' ဟု မပွင့်တပွင့် ဆို၏။

'လာပါ မတင်အိရဲ့၊ ကားထဲမှာ အချောင်ကြီးပါ၊ သွားရင်းလာရင်း ကြုံလို့ပါပဲ' ဟု ကိုကိုက ထပ်၍ခေါ်သည်။

'တော်တော်ကြာ ကျောင်းက သူငယ်ချင်းတွေက အိကို ပြောင်ကြမှာ'

အိကလည်း ရှက်စနိုးကလေး ပြုံးပြီး ငြင်းပယ်ပြန်သည်။

'ဩော် ... ဒါနဲ့ပဲ ရွှဲရွှဲစိုကုန်ပါပြီဗျာ၊ အအေးမိပြီး နေမကောင်းတော့ အဲဒီ ပြောင်တဲ့လူတွေက ဆေးတစ်ခွက် လာတိုက်မှာမို့လား။ လာပါဆို'

'ဟုတ်သားပဲ၊ နေမကောင်းရင် ကိုကိုကမှ ဆေးလာတိုက်ဦးမှာ'

တင်လှမောင်ကပါ ပြုံးဖြီးဖြီးနှင့် ဝင်တောလိုက်သည်။ အိ၏ မျက်နှာကလေးမှာတော့ ပန်းဆီသွေး လွှမ်းသွားသည်။

'စေတနာနဲ့ ကောင်းကောင်း ခေါ်တာကို ဝင်မရှုပ်စမ်းနဲ့ ညီလေးရာ မတင်အိကလည်း ကျွန်တော် တကယ့်စေတနာနဲ့ ရိုးရိုးသားသား ခေါ်နေတာကို အားနာစမ်းပါဦး'

ကိုကိုက တကယ့် တည်ကြည်ရင့်ကျက်သော မျက်နှာထားဖြင့်

ခေါင်းရင်းမှ သူ့ကိုယ်ကို မိုးအစိုခံပြီး ကားအောက်သို့ ဆင်းကာ တံခါးကို အသင့် ဖွင့်ထားလိုက်သည်။ ဤသို့ဆိုတော့လည်း မတင်အိသည် အားနာ ပါးနာ ဟန်မျိုးဖြင့် ထီးကလေးကို ပိတ်လိုက်ကာ ကားထဲသို့ မရဲတရဲ ဝင်ထိုင်လိုက်လေ၏။

တင်လှမောင်ကို အလယ်မှာ ထားပြီး ဘေးတစ်ဖက်မှာ ခေါင်းကလေး ငုံ့လျက် ငြိမ်ငြိမ်ကလေး လိုက်ပါလာသော အိအား "ရိုးရိုး သားသား ခေါ်တာပါ" ဆိုသော ကိုကိုသည် မကြာခဏ ဆိုသလို တိတ်တိတ် ခိုးငေးကြည့်ကာ ပီတိဖြစ်လာပုံ ရသည်ကိုတော့ လူပါးကလေး တင်လှမောင်ပင် ရိပ်မိသိရှိခဲ့ရသည်။

'မတင်အိ ဒီနှစ် စာမေးပွဲ မအောင်တာကို ကိုယ် တကယ် ဝမ်းနည်း မိပါတယ်၊ အတန်းထဲမှာလည်း တော်ရဲ့သားနဲ့'

ခဏနေတော့ ကိုကိုက စကား စ ပြန်လေသည်။

'အိကတော့ မဖြေခင်တည်းက ရှုံးမယ်ဆိုတာ သိပါတယ်၊ နောက် ပိုင်းမှာ စာကျက်ချိန်ကလည်း လုံးလုံးမရ၊ စိတ်ကလည်း မရွှင် ဆိုတော့'

'ဟုတ်လား ... ဘာဖြစ်လို့များလဲ အိရယ်'

'အိအဖေ မမာနေတာကြောင့်ပေါ့၊ လူမမာ ပြုစုတာရော အိမ်အလုပ် တွေရော အားလုံးဟာ အိတာဝန်ချည်းပဲ မဟုတ်လား၊ ဒီနှစ်လည်း အောင်မှ အောင်ပါဦးမလား မသိဘူး'

'ဒီထိအောင်တော့ မပူပါနဲ့ဗျာ၊ ဒါလောက် ဉာဏ်ကောင်းတဲ့လူဟာ ၂ နှစ်တော့ ဆက်မရှုံးနိုင်ပါဘူး'

အိက ချစ်စဖွယ် ပြုံးရုံသာ ပြုံးနေသည်။ ကိုကို့မျက်နှာမှာလည်း ရွှမ်းရွှမ်းစိုကာ ဝင်းပနေသည်ဟု ထင်မှတ်ရလေ၏။ ကျောင်းရောက်၍ ကျေးဇူးတင်စကား ပြောကာ "အိ" ထွက်ခွာသွားတော့လည်း ကိုကိုသည် မျက်စိတစ်ဆုံး ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။

သည်နှစ် မိုးတွင်းတွင် ကျောင်းမှ အပြန်တွင် လည်းကောင်း၊ အသွား တွင် လည်းကောင်း အခွင့်ကောင်းကို ချောင်းမြောင်းကာ ဖိတ်ခေါ်ခြင်းဖြင့် ကိုကိုသည် နောက်ထပ် နှစ်ကြိမ်၊ သုံးကြိမ်မျှလည်း "အိ" အား ကားဖြင့် တင်ဆောင် ပို့ပေးနိုင်ခဲ့ပေသေးသည်။ မိုးကုန်တော့လည်း သူ့ကိစ္စမှာ ရပ် တန်းက ရပ်မသွားသေးပါ။ အကြောင်းမရှိ အကြောင်းရှာကာ အိတို့ နေ

သော မြို့ပတ်လမ်းမှ ကားကို ကွေ့ပတ် မောင်းနှင်စေပြီးလျှင် အိနှင့် ဘယ်အခါတွင် ကြုံကြိုက်ပါမည်လဲဟု ချောင်းမြောင်းရသည်မှာ အလုပ်ကြီး တစ်ခုပင် ဖြစ်နေသည်။

တစ်ခါတစ်ရံ ဆိုသလို ကားပေါ်မှာ အိကို တင်ခေါ်နိုင်ခွင့် ရလေတော့လည်း ဘာစကားမျှ ထွေထွေထူးထူး ပြောဆိုရသည် မဟုတ်။ "အိ" ၏ လှပကြော့ရှင်းသော မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ရှုနိုင်ခွင့် ရခြင်းသည်ပင် ကိုကို့အတွက် ပီတိကြွယ်စရာ ဖြစ်ခဲ့သည် ထင်သည်။

စီတာရန်းမှာ နှုတ်ငြိမ်လှသူမို့ ထိုအကြောင်းမှာ သူတို့ အိမ်သို့ ပြန်လည်ပေါက်ကြားခြင်း မရှိလေသည်တိုင် ကျောင်းတွင်တော့ အချို့သူများ၏ ငေါ့စရာ၊ စကားတင်း ဆိုစရာလည်း ဖြစ်လာခဲ့ပေပြီ။

သို့ရာတွင် အိနှင့် ကိုကိုတို့သည် အနေမှန်ကာ တည်ကြည်သိမ်မွေ့လှပေ၏။ ပြောင်လား ပြက်လား၊ ပေါလား ဝါးလား နေထိုင်တတ်သူများလည်း မဟုတ်ခဲ့ပေ။ သို့ကြောင့်သာ သူတို့သည် သားပုပ်လေလွင့်ပြောဆိုကြခြင်းများကို အရမ်းမဲ့ မခံယူကြရခြင်းလည်း ဖြစ်ပေ၏။ ၁၅ နှစ်မျှစီ ရှိသေးသော သူတို့၏ အသက်အရွယ်မှာလည်း တစ်နည်း တစ်လမ်း အားဖြင့် ငဲ့ညှာထောက်ထားစရာ ဖြစ်ရှိနေပုံ ရပေသည်။

မည်သို့ပင်ဖြစ်စေ ငုံးဆူလူမသိ ဖြစ်နေရသူမှာ ကိုကိုပင် ဖြစ်သည်။ နွေကျောင်းပိတ်ရက်နှင့် နောက်တစ်နှစ် ကျောင်းပြန်ဖွင့်ရက်မှာ ဆိုလျှင် သူ့အခြေအနေသည် အတော်ပင် သိသာ၍ လာခဲ့လေ၏။ ထိုနှစ်မှာ ဖေဖေက တင်လှမောင်အား တယောပြားကလေး တစ်လက် ဝယ်ပေးထားသောကြောင့် တင်လှမောင်သည် ဝတ္ထုမဂ္ဂဇင်း ဖတ်ချင်ဖတ်၊ နို့မဟုတ်လျှင် အားတိုင်း လပ်တိုင်းမှာပင် တယောကလေးကို လက်တည့်စမ်းပြီး ထိုးနေတတ်လေသည်။ ထိုအခါများတွင် ကိုကိုသည် တစ်ဖက်သော သူ့အိပ်ရာခုတင်ထက်မှာ နဖူးပေါ် လက်တင်ပြီး ငြိမ်သက်စွာ တွေဝေးနေတတ်လေ၏။

'တံခါးတွေ ပိတ်ထားလိုက်မှ ထင်တယ် ကိုကို'

ထိုအခါတွင် တင်လှမောင်က တယောကလေးကို နံဘေးမှာ ချလိုက်ကာ သူ့ကိုကိုကို လှမ်းပြောရသည်။ ကိုကိုက ယခုမှ ဖျတ်ခနဲ အသက်ဝင်လာသလို ဖြစ်ကာ– 'ဘာလို့လဲကွ' ဟု မအူမလည် ပြန်မေး၏။

'ဩော် ... ကိုကို့တွေးလုံး ကြံလုံးတွေ ဒီအခန်းကြီးနဲ့ မဆံ့လို့ အပြင်ကို လျှံထွက်သွားရင် သူများတွေ ခလုတ်တိုက်ကုန်မှာ စိုးလို့ပါ'

ကိုကိုမှာ သည်တော့မှ ညီလေး နောက်ပြောင်နေသည်ကို သိကာ မျက်နှာတည်တည်နှင့် ပြန်နောက်လှိုက်သည်။

'ကိုကို ဘာမှ မကြံဘူး၊ မတွေးဘူး။ မင့်းတယောသံက ဒေါ်မြိုင် ငိုသံမျိုးနဲ့ တူလွန်းလို့ အိပ်မွေ့ချခ်ရသလို ဖြစ်နေတာသိလား'

သို့ရာတွင် ကိုကို့အဖြစ်မှာ ကြာရှည်ဖုံးထား၍ လုံခြုံနိုင်သည် မဟုတ်ချေ။

'တစ်နေ့က ဈေးပိုင်းမှာ အိနဲ့ တွေ့ခဲ့တယ်၊ အိက ဒီနှစ် သူ့ စာမေးပွဲ အောင်ပေမဲ့ ကျောင်းဆက်မနေနိုင်တော့ဘူးတဲ့ ... ပြောလိုက်တယ်' ဟု သူ့ဟာသူပင် အံ့ပွင့်ပြန်လေသည်။

တကယ်တော့လည်း မတင်အိမှာ မိတဆိုးသမီး ဖြစ်ရသည့် အပေါ်တွင် ဖခင်ဖြစ်သူမှာလည်း ဈေးထဲတွင် အပ်ချုပ်စက်တစ်လုံး ချကာ အဝတ်အထည် ချုပ်လုပ်ရသော အပ်ချုပ်သည် တစ်ယောက်မျှသာ ဖြစ်လေရကား သူတို့ နေသော အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် ကျောင်းများတွင် (၇) တန်း အောင်သည်အထိ ထားနိုင်ခြင်းမှာပင် သူ့ဖခင်အား ချီးမွမ်းဖွယ်ရာ ဖြစ်လေသေးသည်။

'နောက်ပြီးတော့ အိမ်မှာ အကျီကြယ်သီးတွေ တပ်ရတယ်လို့လည်း သူက ပြောတယ်'

ကိုကိုကပင် သက်ပြင်းတစ်ချက်ကို ဟန်ပါပါ ချပြီး ဆက်နေပြန်သေးသည်။

'အင်းလေ ... ဒါ ကိုကို့အပူလား'

တင်လှမောင်ကလည်း သိလျက်နှင့် ခပ်ရွဲ့ရွဲ့လုပ်ပြီး တွန်းပေးလိုက်သည်။

'သိဘူးလေ၊ ကိုကိုတော့ ပူနေမိတာပဲ'

ကိုကိုကလည်း ပြုံးစစဖြင့် ပြန်ပြောရာမှ ရှက်စနိုးဖြစ်ကာ သူ့မျက်နှာ သူ လက်ဝါးနှင့်အုပ်ပြီး တစ်ဖက်သို့ စောင်းလှည့်သွားလေသည်။ တင်လှမောင်က တဟားဟားနှင့် အားရပါးရ ရယ်ချလိုက်လေ၏။

'ဟင် … ကိုကို့ပန်းချီကားကလည်း နောက်ချေးဗွက်ထဲ မှောက်လျက် လဲထားတဲ့ မင်းကုသရုပ်နဲ့ တူလိုက်တာဗျာ၊ ဟောဟို ကားကတော့ လေပွေမွှေပြီးစ အမှိုက်ပုံကြီးကို ကြက် ဝင်ယက်ထားသလိုပဲ'

ကိုကို့ ပန်းချီကားတွေကို ကြည့်ကာ တင်လှမောင်က မှတ်ချက် အမျိုးမျိုး ချပြီး နောက်ပြောင်နေတတ်သည်။ ကိုကိုသည် ယခုတလော တွင် ဘာစိတ်ကူးရသည် မသိ၊ ပန်းချီပညာကို ဆတက်ထမ်းပိုး တိုးတက် ကာ ဖိဖိစီးစီး လိုက်စားလျက်ရှိသည်။ ကိုကိုက လက်စွမ်းလက်စ ခေသူ မဟုတ်သည့်ပြင် နည်းညွှန်လမ်းပြသူ ပန်းချီဆရာကြီး ဦးမြတ်စံကလည်း ထူးချွန်ထက်မြက်သော ပညာရှင်ကြီးပင် ဖြစ်သည်။

ဦးမြတ်စံသည် မြို့ကြီးပြကြီးသို့ တက်ကာ ပညာစွမ်းပြမည် ဆိုလျှင် ထင်ပေါ်ကျော်ကြားသော နိုင်ငံကျော် ပန်းချီဆရာကြီး တစ်ယောက်ပင် ဖြစ်နိုင်သည်။ ပညာကို ကြောင်လက်သည်းဝှက် လုပ်ကာ ဤလို မြို့သိမ် မြို့ငယ်ကလေးမှာ အေးအေးကုပ်ကုပ် နေထိုင်၍သာ သူ့ပညာ မပွင့်လင်း နိုင် ဖြစ်ရသည်ဟု ဤပညာဘက်တွင် အကဲဖြတ်နိုင်ရည် ရှိသူများက အကြိမ်ကြိမ် မှတ်ချက်ချဖူးကြောင်းကိုလည်း ပြောစမှတ်ရှိကြသည်။ ကိုကို မှာ ထိုဆရာကြီး ဦးမြတ်စံ ကိုယ်တိုင်က ချီးမွမ်းစကား ပြောဆိုရသည့် တပည့်ရင်း တစ်ဦးလည်း ဖြစ်နေတော့ပေ၏။

အထူးသဖြင့် ဆီဆေးကိုပါ ကိုကို တော်တော် နိုင်နင်းလာသည်။ ရှုမျှော်ခင်းကား အမျိုးမျိုး ရေးဆွဲကာ အခန်းထဲမှာ ချိတ်ဆွဲထားလိုက် သည်မှာလည်း မနည်းတော့ပြီ။ လှပသော ပန်းပုလက်ရာများကိုလည်း တခုတ်တရ ဆိုသလို စုဆောင်းတတ်လာ၏။ ကိုကို ပန်းချီဆွဲနေသော အခါများတွင် တင်လှမောင်ကလည်း ကျောင်းစာကို လည်းကောင်း၊ ဝတ္ထု မဂ္ဂဇင်းများကို လည်းကောင်း ဖတ်နေတတ်သည်မို့ တစ်ခန်းလုံးမှာ အစဉ် အမြဲလိုလို တိတ်ဆိတ်ငြိမ်သက်၍လည်း နေတတ်သေးသည်။ ထိုအခါများ တွင် 'တိတ်လွန်းလှတယ် ညီလေးရာ၊ တယောထိုးစမ်းပါ' ဟု ကိုကိုက ခိုင်းတော့မှသာ တယောသံသာကို ကြားရပြန်သည်။ တင်လှမောင်၏ လက်သံကလည်း မညံ့တော့ပါပြီတည်း။

'ကျွန်တော့်တယောသံက အိ–အိ–အိ–နဲ့ မြည်သေးသလား ကိုကို' ဟု တင်လှမောင်က တမင် စ ပြန်သည်။

'အစ ဖော်မပေးစမ်းပါနဲ့ကွာ၊ ဒီအသံ ကြားရရင် ကိုကို့ရင်ထဲမှာ တစ်မျိုးကြီး နေလွန်းလို့'

ကိုကိုကလည်း ရှက်ရွံ့ဟန်နှင့် ခေါင်းငုံ့ကာ ရီးရီးကြီး ပြောရှာသည်။

'ဒါကတော့ ကိုကိုက ညံ့တာ၊ ကိုယ့်လက်ရာ ပန်းချီကားကလေး ဘာလေးအစ လက်ဆောင်ပေးဖော်ဖြင့် မရဘူး'

'အဲ ... ဟုတ်သား၊ ညီလေးကမှ အကြံဉာဏ် ရတတ်သေးတယ်၊ ကိုကို့ တစ်ခု ရွေးပေးလိုက်မယ်၊ ညီညီ သွားပို့ပေးမလား ဟင်'

'ကိုကို ခိုင်းရင် သွားမှာပေါ့'

'ဘယ်သူမှတော့ မသိစေနဲ့နော်၊ ညီလေး'

ကိုကိုသည် သူရေးဆွဲထားသော ရှုမျှော်ခင်းကားထဲမှ ချောင်းကူး တံတားနှင့် တောစပ်ကလေးကို နောက်ခံပြုကာ ရေခပ်နေသည့် မိန်းမပျို ကလေးများ ပါဝင်သော အတော် လက်ရာမြောက်သည့် ပုံကားတစ်ခုကို ရွေးချယ်ပြီး ... "အိသို့ မေတ္တာလက်ဆောင်–ထွန်းဝေ" ဟု စာတန်းထိုးကာ ပေးစေလိုက်သည်။

'အမယ် ... ကိုထွန်းဝေကြီးက တော်တော်လက်မြောက်သားပါလား၊ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါကွယ်' ဟု အိကလည်း ကိုကို့ လက်ဆောင်ကို နှစ်ခြိုက်ဝမ်းသာ လက်ခံထားလိုက်သည်။

ကိုကိုမှာ တင်လှမောင် ပြန်လည်ပြောပြသည်လောက်နှင့်ပင် ဝမ်းသာ၍ မဆုံးနိုင်ပါလေပြီ။ နောက် ၂ လ၊ ၃ လ ကြာတော့လည်း လယ်သမားကြီး တစ်ယောက် ထွန်ရေးငင်နေဟန် ပန်းချီကားတစ်ချပ်ကို ပို့လိုက်သေးသည်။ အိကလည်း ရေးနည်းတူပင် လက်ခံထားခဲ့သည်။

နောက်နှစ်ထဲမှာတော့ ကိုကိုသည် ညီလေးရုပ်ကို ပုံတူဆွဲချင်ပြန်ပြီ ဟု ဆိုလာသည်။ သို့နှင့် ကျောင်းမသွားမီနှင့် ကျောင်းပြန်ချိန်တိုင်းမှာ ကိုကို ရွေးချယ် စီစဉ်ပေးသော အနေအထားအတိုင်း ညီလေးက ပန်းချီဆွဲရန် ပုံစံပြုပေးရသည်။

ကိုကိုသည် ညီလေး၏ ပုံကို စိတ်ရှည်လက်ရှည် သဲကြီးမဲကြီး

အပင်ပန်းခံကာ ရေးဆွဲလေ၏။ ဆေးရောင်များကိုလည်း သဘာဝ အကျ နိုင်ဆုံး ရွေးချယ်ကာ ခြယ်မှုန်းခဲ့သည်။

သည်လိုနှင့် ပန်းချီကား ပြီးမြောက်သွားသော် မြင်ရသူတိုင်းက လက်ဖျားခါစရာ ဖြစ်လာခဲ့ပေ၏။ ဆရာကြီး ဦးမြတ်စံ ကိုယ်တိုင်မှာပင် 'ဒါဟာ ၁၇ နှစ်သားရဲ့ လက်ရာတဲ့ဗျာ၊ ကျုပ်တပည့် ပညာရည် ဝ လှပါ ပေတယ်' ဟု နှစ်ထောင်းအားရ ရှိနေသည်။ ကိုကိုမှာ သူ့လက်ရာကို ကျေနပ်၍ မဆုံးနိုင်တော့သလို တင်လှမောင်ကလည်း သူ့ကိုကို့ လက်ရာ ကို အမြတ်တနိုး ဂုဏ်ယူစရာ ဖြစ်ခဲ့သည်။

ပြီးတော့လည်း ကိုကိုသည် ညီလေးကိုရော၊ ညီလေး၏ ပုံတူ ပန်းချီကားကိုပါ တင်ဆောင်ပြီး ကားကို သူကိုယ်တိုင် မောင်းကာ အိတို့ အိမ်သို့ သွားလိုက်သေးသည်။ တင်လှမောင်မှာလည်း သည်တော့မှပင် ကိုကိုတစ်ယောက် လျှို့ဝှက်သိသိပ်စွာ ကွက်ကျော် ဖန်တီးထားသည့် အဖြစ်ကို သိရှိရပေသည်။

'ဟင်း ... တကယ့် ပန်းချီဆရာကြီးကို ဖြစ်နေတော့တာပါလား ကိုထွန်းဝေရယ်၊ အိဖြင့် ဝမ်းသာလိုက်တာရှင်၊ တူလိုက်တာကလည်း ဓာတ်ပုံရိုက်ထားသလိုပဲနော်'

အိက ကြည်ကြည်လင်လင်ကလေး ပြုံးကာ အားရဝမ်းသာ ဆိုလေ တော့မှ ကိုကိုက သဘောကျသလို ပြန်လည် ပြုံးကြည့်ရင်းနှင့် 'အိကို လည်း ကိုယ် ပုံတူဆွဲခွင့် ပေးမလား' ဟု အခွင့်တောင်းလိုက်သည်။

'တကယ်လား ကိုထွန်းဝေ ...'

'ဩော်–တကယ်ပေါ့ အိရဲ့'

'ဘယ်အချိန်ဆွဲမလဲ၊ အလုပ်တော့ ပျက်မှာပဲ ထင်တယ်နော်'

'ဘာလဲ ... ကြယ်သီးတံ တပ်ဖို့လား၊ ကိုယ် ပိုက်ဆံပေးပါ့မယ်၊ တခြားလူကို ငှားလိုက်ပေါ့'

'ဟင့်အင်း ... ဒီလိုတော့မလုပ်ရပါဘူး၊ အိဟာ အိပဲ ကျန်တဲ့အချိန် မှာ ဝီရိယစိုက် လုပ်လိုက်မှာပေါ့၊ မနက်ပိုင်းမှာ အချိန်နည်းနည်းယူပြီး လုပ်ရင် မဖြစ်ဘူးလား၊ ညနေပိုင်းတော့ ဖေဖေ ရှိနေမှာမို့ မကောင်းဘူး ထင်တယ်'

သို့ဖြင့် အိ စီစဉ်ပေးသည့် အတိုင်းပင် နံနက်ပိုင်း ကျောင်းမသွားမီ

မှာ အချိန်ယူပြီး ရေးဆွဲဖြစ်ကြသည်။ အိမ်မှာ ဆံပင်ဆံလုံး တုတ်သူဖြစ်ရာ၊ သူ၏ နဂိုနေအတိုင်း တစ်ပတ်လျှိုဆံထုံးလေး ခပ်မြင့်မြင့်ထုံးပြီး ဆံမြိတ်ရှည်ကလေး ချထားသည်ကပင် ကြည်လင်ရွှန်းပသော မျက်နှာကလေးကို ယဉ်စစ ဖြစ်နေစေတော့သည်။ သည်အပေါ်မှာ ကိုကိုက ခြံထဲမှ နှင်းဆီဖြူကလေး တစ်ပွင့်ကို နေ့တိုင်း ခူးယူလာကာ ပန်ဆင်စေပြန်တော့လည်း အလှရော၊ အယဉ်ရော စုနေပြန်လေသည်။

နက်ပြာရောင် ကတ္တီပါ လက်တင် ဖုံကလေးနှင့် အရောင် ခပ်လွင်လွင် အဆင်လှလှ တူရကီ ကော်ဇောတစ်ခုကိုလည်း ကိုကိုကပင် ခေတ္တအသုံးပြုရန် ယူလာပေးသည်။

အိသည် သူ့တွင် အကောင်းဆုံး ဖြစ်ဟန်ရှိသော အပြာရင့်ရောင်ပေါ်မှာ အဖြူလုံးကလေး ဖော်ထားသည့် ဇူရတီ လုံချည်ပျော့ကလေးနှင့် သနပ်ခါးသွေးနုနု ပိုးတွန့်အင်္ကျီကလေးကို ဝတ်ဆင်ထားပြန်တော့လည်း အဆစ် အချိုး ကျလှသော ကိုယ်လုံး ကိုယ်ထည်ကလေးနှင့် ရှုမငြီးစဖွယ် ပြေပြစ်လှသည်။

အိက ကတ္တီပါ လက်တင်ပေါ်မှ တံတောင်ဆစ်ကွေးကလေးကို ထောက်ကာ ကော်ဇောပေါ်မှာ ခြေကလေး အနည်းငယ်ဆင်းပြီး ခပ်စောင်းစောင်းနှင့် ပုံ့ပုံ့ကလေး ထိုင်ရသည်။ လက်တစ်ဖက်ကို ဘေးမှာ ထောက်ပြီး လက်တစ်ဖက်မှာ သွယ်လျသော ပေါင်တံပေါ်တွင် ခပ်ရွရွကလေး တင်ထားရသည်။

ပန်းချီဆရာကြီးဖြစ်သော ကိုကိုက သူ၏ ပန်းချီဆွဲ ကိရိယာ အစုံအလင်နှင့် အမျိုးမျိုး အဖုံဖုံ နေရာယူ ချိန်ဆပြီးမှ အပြီးသတ် နေရာသတ်မှတ်ကာ ရေးဆွဲသည်။ တင်လှမောင်က နံဘေးမှ ပွဲကြည့်ပရိသတ်၊ အိမ်ရှေ့ လမ်းဘေးက ကားထဲမှာ တငုတ်တုတ်တုတ် ထိုင်စောင့်ရသူကတော့ စီတာရန်း၊ ကျောင်းချိန်နီး၍ တစ်နေ့တာအတွက် အလုပ်သိမ်းပြီးတော့မှသာ ညီအစ်ကိုနှစ်ယောက်ကို ကျောင်းသို့ လိုက်ပို့ပေးပြီး စီတာရန်းက ပြန်ရသည်။

သည်လိုနှင့် နေ့ရက်ရှည်ကြာလာတော့သည်။ ဤအိမ်ရှေ့မှာ ကားနေ့တိုင်းရပ်ကာ သည်ညီအစ်ကိုတွေ ဝင်ထွက်ကြသော ကိစ္စမှာ အရပ်ထဲက ရိုးရိုးသားသားဟု မထင်နိုင်အောင် ဖြစ်လာသည်။ တစ်မြို့လုံးက

အာရုံစိုက်ခံရသည့် ကိုကို့လို အထက်တန်းလွှာ လူပျိုကလေး တစ်ယောက်၏ ချစ်ကိစ္စ ပေမို့လည်း သည်သတင်းက အများ၏ ပါးစပ်ဖျားမှာ ပို၍ ချိုမြိန်စရာ ဖြစ်လာရသည်။ တော်တော်နေတော့ မေမေ့နားသို့ပင် ပေါက်ကြားသွားပြန်သည်။ သို့သော် ... မေမေမှာ ရယ်ရွှင်ဖွယ်ရာ တစ်ရပ်လိုပင် သဘောထားနေခဲ့လေ၏။

မည်သို့ပင်ဖြစ်စေ ပန်းချီကားကတော့ ပြီးချိန်တန်သောအခါ ပြီးသွားပြန်လေသည်။ တစ်ပေခွဲပတ်လည်ခန့် ပိတ်ကားပေါ်မှာ အိသည် အသက်ဝင်စွာ ကြည်ကြည်လင်လင် ပြုံးလျက် ရှိပေပြီ။

ထိုအခါ သူ့ရုပ်ပုံလွှာပန်းချီကားကို သူ့အား ပေးထားခဲ့မည်ဟုပင် အိက ထင်သည်။ ကိုကိုကတော့မူ ... 'အစတည်းက ကိုယ် လိုချင်လို့ ပင်ပင်ပန်းပန်း ရေးဆွဲရတာ ကိုယ်ပဲ ယူရမယ်' ဟု ဆိုသည်။ သို့အတွက် အိက စိတ်မကြည်သာဟန် ပြလေတော့မှ ကိုကိုက 'အိမ်က မေမေ၊ ဖေဖေတို့ကို ကိုယ့်လက်ရာပြပြီး ကြွားရဦးမယ်၊ နက်ဖြန်ကျမှ ယူ' ဟု နှစ်သိမ့်ထားခဲ့သည်။

အိမ်ရောက်တော့လည်း သူ့မေမေကို တကယ် သွားပြသည်။

'ဟောဒါ သားကိုယ်တိုင် ရွေးချယ်ထားတဲ့ ဖူးစာရှင်ပဲ မေမေ'

မေမေက ပန်းချီကားကို တစ်ခဏမျှ ယူကြည့်ကာ ခစ်ခစ်ပါအောင် ရယ်မောပြီး ပြန်ပေးလိုက်သည်။

'သားဟာ ငယ်လွန်းပါသေးတယ်ကွယ်'

'ဟုတ်ပါတယ်၊ သား ငယ်ပါသေးတယ်၊ ဒါပေမဲ့ ကြီးလာမယ့် အချိန်အတွက် ခုတည်းက ကြိုတင်ပြီး မေမေ အသိအမှတ်ပြုထားဖို့ပေါ့'

'သား ကြီးလာတော့ သူ့ထက်သာတာတွေ အများကြီး တွေ့ရဦးမှာပါကွာ'

'ဟင့်အင်း ... သားကတော့ တစ်ယောက်ဆို တစ်ယောက်တည်းပဲ'

မောင်ထွန်းဝေက နှဲ့ဆိုးမျက်နှာဖြင့် ခြေဆောင့်ကာ ပြောပြီး နောက်ခိုင်းလိုက်သည်။ မေမေက သားကို ခပ်စူးစူးကြည့်ပြီး ပြုံးကျန်ရစ်သည်။

နက်ဖြန်ရောက်တော့ ကိုကိုသည် ပန်းချီကား နောက်ကျောမှာ အောက်ပါအတိုင်း စာတန်းတစ်ခု ရေးထိုးလိုက်သည်။

ချစ်သက်ဝေ "အိ" သို့ ...
အသည်းထဲက ပေါက်ဖွားလာသည့်
မဆုံးနိုင်သော မေတ္တာဖြင့် ...
ထွန်း

ပြီးတော့မှ ညီလေးကို ခေါ်ပြီး ပန်းချီကားကို အိထံ ပို့ပေးစေလိုက်သည်။ "နောက်ကျောက စာတန်းကို တုံ့ပြန်နိုင်မှ ယူထားပါ" ဟု ကိုကိုက မှာလိုက်ကြောင်းကိုလည်း ပြောစေသည်။ တော်တော်တော့ အကြံပိုင်သော ကိုကိုတစ်ယောက်ပါပေ။

အိကတော့မူ အကျိုးအကြောင်းသိရလျှင် ပန်းချီကားကို ယူမထားလိုက်သေးဘဲ 'ကိုထွန်းဝေ အဆင်းရဲ ခံနိုင်ရဲ့လား' ဟူသော စကားတစ်ခွန်းကိုသာ ပြန်မေးခိုင်းလိုက်သည်။ ထိုအမေးကို ကိုကို မည်သို့ ပြန်ဖြေသည်ကိုတော့ တင်လှမောင် သိခွင့်မရခဲ့ချေ။ ကိုကိုသည် သူ ကိုယ်တိုင် သွားဖြေလိုက်မည်ဟု ဆိုကာ ပန်းချီကားကိုပါ ယူပြီး ကားနှင့် ထွက်သွားသည်။ ကိုကို ပြန်လာတော့ ပန်းချီကား ပါလာသည်ကို မတွေ့ရတော့ပေ။

အိသည် ကိုကိုထွန်းဝေတို့၏ ဘဝတစ်သက်တာတွင် အရေးပါ အရာရောက်သော အစိတ်အပိုင်းမှ ထိထိရောက်ရောက် ပါဝင်လာခဲ့တော့ ပြီတည်း။

## [ ၁၁ ]

အချိန် ရင့်ညောင်းလာသောအခါ အခေါ်အဝေါ်တွေပင် ပြောင်းလဲလာသည်။ အိ၏ နှုတ်ဖျားတွင် ကိုကိုသည် 'အထွန်း'၊ ညီလေးသည် 'အမောင်' ဟူ၍ ဖြစ်လာ၏။

သို့ရာတွင် ... အိတစ်ယောက်၏ စိတ်နေစိတ်ထားကို ပေါ့ပေါ့ လျှံလျှံ တွက်ဆ၍ဖြင့် ရနိုင်မည် မထင်။ အိသည် လူငယ်သလောက် အတွေးအခေါ် ရင့်ကျက်ကာ အရာရာမှာ သိုသိပ် ကျစ်လျစ်တတ်သော အလေ့အကျင့် ရှိ သည်။ တစ်နည်းဆိုလျှင် သူ၏ ရုပ်သွင်မှာ သိမ်မွေ့သည်။ တည်ငြိမ် အေးဆေးသည်။ ကျက်သရေရှိ၍ ကြည်လင် ကြော့ရှင်း

သော ပုံဟန်ကို အချိန်အခါမရွေး ဆောင်ယူထားနိုင်သည်။ အတွင်းစိတ်ကား ခိုင်မာသည်၊ ပြတ်သားသည်၊ ဖွဲ့ရှိသည်ဟု ဆိုရပေမည်။

ကိုကိုကလည်း ထိုနည်းအတူပင် ဖြစ်၏။ လူပုံက တည်ငြိမ်အေးဆေးသလောက် ဘာမဆို မဖြစ်မနေ စိတ်ဖွဲ့ကြီးတတ်သည်။ ဤလို စိတ်သဘောချင်း တူမျှကြ၍ပင်လား မသိ၊ တစ်ဦးအပေါ် တစ်ဦး ယုံကြည်စိတ်မှာလည်း သူတို့နှစ်ဦးလုံးမှာ အညီအမျှစီ ရှိကြသည်။

စိတ်နှလုံးထား ပျော့ပျောင်း နူးညံ့ကာ သဘောလွယ်သူ၊ ဘာကိုမျှ အလေးအနက် မထားတတ်သော သူကတော့ တင်လှမောင်သာ ဖြစ်သည်။ သူသည် ကိုကိုတို့၏ "အသည်းထဲက ပေါက်ဖွားလာသော ချစ်မေတ္တာ" ဆိုသည်ကိုပင် ကောင်းစွာ နားလည် သဘောပေါက်နိုင်ခဲ့သည်လည်း မဟုတ်ပေ။ သို့သော် ကိုကိုနှင့် အတူဖြစ်စေ၊ ကိုကို ခိုင်းစေ၍ ဖြစ်စေ အိတို့အိမ်သို့ အဝင်အထွက် အရောက်အပေါက် များကာ ဆက်ဆံရဖန် များလာသောအခါ အိအပေါ်မှာ ခင်မင်ရင်းနှီးလာသည်ကတော့ အမှန်ပင် ဖြစ်သည်။ သူသည် တစ်ခါတစ်ရံမျှသာလည်း အိနှင့် ကိုကိုတို့၏ ဆက်ဆံရေး အပေါ်မှာ နားမလည့်တလည်နှင့် အကဲခတ် လေ့လာကြည့်တတ်သည်။

ဤသို့ လေ့လာကြည့်ရာ၌ အိသည် ကိုကိုတို့နှင့် ခနကြေးငွေ အခြေအနေချင်း အလှမ်းကွာဝေးလှသည့် သူ့ဘဝကို အမှုမဲ့ အမှတ်မဲ့ သဘောထားခဲ့သည် မဟုတ်ကြောင်းကိုလည်း သိရှိရပေ၏။ သို့ရာတွင် အိသည် ကိုကိုတို့၏ အဆင့်အတန်းထဲသို့ ဝင်ရောက်ရန် စိတ်ကူးယဉ် မှန်းဆခြင်းမျိုးလည်း မရှိခဲ့ကြောင်း သိသာလှသည်။

'အထွန်းနဲ့ အိနဲ့ဟာ ဆင်းရဲရင်လည်း အတူတူ၊ ချမ်းသာရင်လည်း အတူတူ တစ်ဘဝတည်း၊ တတန်းတစားတည်းများ ဘာလို့ ဖြစ်မလာရပါလိမ့်နော်။ ဒါပေမဲ့ အခုဆိုရင်တော့ အထွန်းက မနစ်နာပါဘူး အထွန်းရယ်၊ အိကသာ နစ်နာနေတာပါ' ဟူသော စကားမျိုးကို အိသည် ကြိမ်ဖန်များစွာ ပြောဆိုတတ်လေ၏။

'အစွဲအလမ်းကလည်း ကြီးလှချည်လား အိရယ်၊ ဒါလောက်ပဲ အစွဲအမြဲ ကြီးနေရသတဲ့လား' ဟု ကိုထွန်းဝေက နှစ်သိမ့်စေလိုဟန်ဖြင့်

ဆိုလျှင် စကားအိုးမကလေးက နှုတ်ခမ်းကလေး နှင်းဆီငုံ ဖြစ်ကာ မကျေမနပ်နှင့် ဆက်ပြောပြန်လေသည်။

'အထွန်းပဲ စဉ်းစားကြည့်လေ၊ အခုဆို ကိုယ်ချင်း မစာတတ်တဲ့ သူတွေက ဘာပြောမလဲ၊ အထွန်းက သူဌေးသားမို့ အိက မျှော်လင့်ချက်နဲ့ ငွေမက်ပြီး ပိုင်းတာပါလို့ ပြောချင်ကြမှာပေါ့၊ အထွန်းဘက်ကတော့ ဒီလို ပြောစရာမရှိဘူး မဟုတ်လား၊ ဂုဏ်ကြီးရှင် သမီး၊ လူကုံထံသမီးတွေကို ဖယ်ထားပြီး အိကိုမှ ရွေးချယ်လိုက်တာဟာ မေတ္တာစစ် မေတ္တာမွန်ပဲရယ်လို့သာ ပြောစရာရှိပါတယ်၊ အိကိုယ်တိုင်ကလည်း အထွန်းအပေါ်မှာ ဒီလို ယုံကြည်ချက်မျိုးကို ထားခဲ့တာပဲ'

'အို ... အထွန်းကလည်း အိမေတ္တာကို မယုံတာမှတ်လို့ အိရာ၊ အိက အလကား စိတ်ငယ်နေတာကို' ဟု ကိုကိုက အားပေးရပြန်၏။

'ဟင့်အင်း၊ အိကတော့ အိမေတ္တာအပေါ်မှာ အထင်သေးစရာ ဖြစ်နေတာကိုပဲ နည်းနည်းမှ မခံချင်မိဘူး၊ အဲဒီတော့ အိနဲ့ အထွန်းတို့ မေတ္တာရဲ့ ကြားထဲမှာ ကန့်လန့် ဝင်ရှုပ်နေတဲ့ ငွေတွေ၊ ဂုဏ်တွေကို အိ သိပ်မုန်းတယ်။ နောက်ပြီး ... အိနဲ့ အထွန်းတို့ နီးစပ်ဖို့ အရေးမှာ ဒီငွေတွေ၊ ဂုဏ်တွေက အနှောင့်အယှက် ဖြစ်လာမှာကိုလည်း အိ သိပ်စိုးရိမ်တယ်။ တကယ်လို့ အိ ပြောတဲ့အတိုင်းသာ ဖြစ်လာရင်လည်း အိမေတ္တာကို အလေးပေးပြီး ဂုဏ်တွေ၊ ငွေတွေကို စွန့်နိုင်တဲ့ စိတ်မျိုး အထွန်းမှာ ရှိစေချင်တယ်။ ဘယ့်နှယ်လဲ ... အဆင်းရဲ ခံနိုင်ပါ့မလား ဟင် ... အထွန်း'

'အထွန်း အနေနဲ့တော့ အိနဲ့ အထွန်းအတွက် အနှောင့်အယှက် ဖြစ်စရာဆိုလို့ ဘာတစ်ခုမှ မမြင်မိပါဘူး၊ အထွန်းမိဘတွေဟာ အထွန်းကို ဘယ်လောက်ချစ်တယ်၊ အလိုလိုက်တယ်ဆိုတာ နောက်တော့ အိ သိလာမှာပါပဲ။ ဒါပေမဲ့ အိ မေးတာကိုလည်း အထွန်း ရဲရဲကြီး ဖြေနိုင်ပါတယ်ကွယ်၊ ဟောဒီလောကမှာ အိနဲ့ အထွန်းနဲ့ ဝေးရဖို့ထက် ကြီးမားတဲ့ ဆင်းရဲဒုက္ခမျိုးတော့ အထွန်းအဖို့ မရှိနိုင်ပါဘူး၊ အဲဒီတော့ အိနဲ့ အထွန်းနဲ့ ဝေးရဖို့က လွဲရင်လေ ... ဘယ့်လောက်ကြီးတဲ့ ဆင်းရဲဒုက္ခကို မဆို အထွန်း ရင်ဆိုင်ဝံ့တယ် သိလား'

'အထွန်းဆီက ဒီလိုစကားမျိုး ကြားရတာ အိ သိပ်ဝမ်းသာတာပဲ၊ မေတ္တာကို အာမခံချက် ပေးနိုင်တာထက် ယုံကြည်စိတ်ချထိုက်တာလည်း

မရှိဘူးပဲ ထင်ပါတယ်၊ အိအနေနဲ့လည်း အသက်နဲ့ မေတ္တာကို ဆတူ တန်ဖိုးထားပြီး အာမခံချက် ပေးနိုင်ပါတယ် အထွန်းရယ်'

'အို ... စိန်လိုက်၊ အထွန်း မေတ္တာဟာ ဘယ်တော့မှ မပြိုကွဲဘူး၊ မပျက်ယွင်းဘူး၊ အသက်နဲ့ ထပ်တူပဲ'

အိနှင့် ကိုကိုတို့ တွေ့ကြပြီဆိုလျှင် ဤလို စကားမျိုးတွေကိုသာ မရိုးနိုင်တမ်း ပြော၍ သစ္စာတိုင်တတ်ကြသည်။ တင်လှမောင်ကတော့ သူတို့အဖြစ်ကို နံဘေးမှ ကြည့်ကာ တစ်ခါတစ်ခါမှာ အားကျစရာလိုလို၊ လေးစားစရာလိုလို ထင်မိသည်။ တစ်ခါ တစ်ခါမှာတော့ ပိုနေတာတွေပဲဟု အောက်မေ့မိ၏။

မေမေ၊ ဖေဖေတို့မှာ ကိုကို့ထက် ချစ်စရာ၊ အလိုလိုက်စရာ တစ်ဦး တလေမျှ ရှိသည် မဟုတ်ပေ။ ကိုကို့ အလိုဆိုလျှင် အားလုံးကုန် ဖြည့်စွမ်း ပေးခဲ့သည်ချည်းသာ ဖြစ်သည်။ နောင်ကိုလည်း ဖြည့်စွမ်းပေးလိမ့်ဦးမည်။ ဤသို့ဆိုလျှင် ကိုကိုနှင့် အိတို့မှာ ဘာများ ပူပင်စရာ ရှိပါသေးသနည်း။ ဤလိုပင် သူက အောက်မေ့ ထင်တွေးခဲ့မိသည်။

မည်သို့ပင်ဖြစ်စေ ... အိတစ်ယောက်ကတော့ သူ့အစွဲကို မည်သို့မျှ မေ့ပျောက်နိုင်ဟန် မတူပေ။ ကိုကိုက အဝတ်အထည် အလှအပ အသုံး အဆောင် ပစ္စည်းကလေးများ လက်ဆောင်ပေးချင်သည်ကိုပင် ဘယ်အခါ ကမျှ လက်မခံခဲ့ဘဲ 'အိက အထွန်းကို ချစ်တာ လက်ဆောင်ကို ချစ်တာ မဟုတ်ဘူး' ဟု ခါးခါးသီးသီး ငြင်းဆိုတတ်သည်။ 'ပန်းချီကားတွေက အထွန်းရဲ့ ကိုယ်ပိုင်ပညာနဲ့ ရင်းနှီးပြီး ပေးတာမို့ ယူတာ၊ ငွေနဲ့ ကြေးနဲ့ ဝယ်ပေးရတဲ့ ပစ္စည်းမျိုးတော့ အိကို ဘယ်တော့မှ မပေးပါနဲ့' ဟူ၍လည်း တားမြစ်ထားသည်။

အိသည် သူ့အိမ်သို့ ကိုကိုထွန်းဝေနှင့် တင်လှမောင် လာလျှင် ကျွေး စရာ ရှိတာကို ကျွေးမွေးကာ လက်ခံစကားပြောရုံမှ လွဲ၍ သူ၏ ကာယိန္ဒြေ ကိုလည်း အထူးပင် စောင့်ထိန်းခဲ့သည်ဖြစ်ရာ၊ ကိုကိုထွန်းဝေ အဖို့မှာ ချစ်ခြင်းမေတ္တာနှင့် အမျှပင် လေးစားမြတ်နိုးစရာလည်း ဖြစ်နေတော့ပုံ ရပေသည်။

သည်လိုနှင့် ကိုကို ၁၀ တန်းသို့ ရောက်လာခဲ့သည်။ ထိုနှစ်တွင်ပင် အိမ်ရှေ့ မျက်နှာချင်းဆိုင်မှ ခြံကွက်လပ်ကြီးမှာလည်း မေမေတို့ နှစ်ထပ်

ရာပြည့်စာအုပ်တိုက်

တိုက်ကြီး တစ်လုံးကို စတင် တည်ဆောက်ခဲ့သည်။ ထိုတိုက်ကြီး၏ ပုံစံနှင့် ဘယ်နေရာမှာ ဘယ်လို အခန်းဖွဲ့ချင်သည် စသည်တို့ကို မေမေက စိတ်ကူးရှိတိုင်း ပြောပြီး၊ ဖေဖေက ကြီးကြပ်ကာ စိတ်တိုင်းကျ ဆောက်ကြသည်။

ထိုနောက် တိုက်ကြီး ပြီးလုနီးသည့် တစ်နေ့သော အခါဝယ် မေမေက ကိုကို့အား ရွှန်းရွှန်းစားစား ကြည့်ခဲ့ကာ 'ဟောဒီ တိုက်ကြီးဟာ သား လက်ထပ်ပြီးရင် နေဖို့ပဲ' ဟု ဆိုသည်။

ကိုကိုထွန်းဝေမှာလည်း ဝမ်းသာလွန်း၍ တစ်မျက်နှာလုံး ဝင်းကြည်သွားခဲ့သည်။ ပြီးတော့ 'ညီလေးကိုလည်း သားနဲ့တူတူ ခေါ်သွားမယ်နော်' ဟု မေမေ့လက်ကို ကိုင်ဆုပ်ကာ ပြောလိုက်ရာ–

'ကြည့်လေ ... သားကတော့ ခုတည်းက တို့နဲ့ ခွဲရဖို့ကို ဝမ်းသာအားရ ဖြစ်နေပြီ' ဟု မေမေ၊ ဖေဖေတို့က ခေါင်းတညိတ်ညိတ် လုပ်ကာ ချစ်သားကို မနာလိုဟန် ပြကြသည်။

'သားကလည်း မေမေတို့နဲ့ မခွဲချင်ပါဘူး၊ ဒါပေမဲ့ လောကဓမ္မတာ လူ့တံထွာ ဆိုတော့လည်း ...'

ကိုကိုကလည်း ခေါင်းငုံ့လျှိုးနှင့် မပွင့်တပွင့်ပြောကာ မေမေ့ပခုံးနောက်ကွယ်မှာ မျက်နှာအပ်ပြီး ရှက်စနိုးနှင့် ပုန်းကွယ်နေလိုက်သည်။ တင်လှမောင်ကလည်း 'ညီလေးလည်း ကိုကိုနဲ့ လိုက်နေမှာပါပဲ' ဟု ပြောရသည်။

ကိုကိုမှာ သည်အကြောင်းကို အိတို့ထံသို့လည်း အမြန်သွားရောက်ကာ အကြောင်းကြားလိုက်ရသေးသည်။

'အိကသာ အထွန်းနဲ့ အိတို့ ကြားမှာ အတားအဆီး ရှိလိမ့်မယ်လို့ ထင်နေတာ၊ မိဘနှစ်ပါးကဖြင့် အခုဆောက်နေတဲ့ တိုက်ကိုတောင် သားတော်မောင် လက်ထပ်ပြီးရင် နေဖို့လို့ ပြောနေပြီ'

ကိုကိုက တမင်အရွှန်းဖောက်ကာ ပြောနေသည်တိုင် အိကတော့ အပြုံးယဲ့ယဲ့ပြုံးကာ 'စောင့်ကြည့်သေးတာပေါ့ အထွန်းရယ် ...' ဟု အေးတိအေးစက်ကလေးနှင့် ဆိုလိုက်သည်။

ကိုကိုက မချင့်မရဲ ဖြစ်သွားသလို အိနဖူးကလေးကို လက်သီးဆုပ်နှင့် ဖွဖွကလေး ဖိတွန်းလိုက်ပြီး 'ရွှေဘောတော် အတိုင်းပါ မိမိငယ်' ဟု ပြောတော့မှ အိက ပါးချိုင့်ကလေးပေါ်လာအောင် ခစ်ခနဲ ရယ်လိုက်ပြီး–

'ကဲ–အကြောင်း တစ်ခုခုကြောင့် ဒီတိုက်ကြီးမှာ အိက လိုက်မနေနိုင်ဘူး ဆိုပါတော့၊ ဒီလို ဆိုရင်တော့ အထွန်းက အိတို့ အိမ်ကလေးမှာ လိုက်နေနိုင်မှာလားဟင်' ဟု သူ၏ ညှို့မျက်လုံးကြီးများဖြင့် ကိုကို့မျက်နှာကို စိတ်အားထက်သန်စွာ ကြည့်ပြီး မေးလိုက်ပြန်သည်။

ကိုကိုကလည်း အိမျက်နှာကလေးကို ချို့ရွှင်စွာ ပြန်ကြည့်ရင်းမှ 'အို ... အိနဲ့ တူတူသာ ဆိုရင်လား ... စမူဆာထဲမှာ လိုက်နေရတောင် မဆလာစော် နံတယ် မပြောဘူး' ဟု ပြန်ပြောသည်။

'ဟင် ... ကြည့်ပါလား၊ သူကဖြင့် ကတ်သီးကတ်သတ်တွေကို ပြောရော့မယ်'

အိက မျက်နက်ကလေး ထောင့်ကပ်ပြီး သဘောကျ ကျေနပ်စွာ ပြုံးကြည့်သည်။ တင်လှမောင်ကသာ တစ်ထောင့်မှ နေပြီး ဝင်ပြောရလေ၏။

'ဟွန်း ... ကိုကို့များဖြင့် အိက သိပ်နိုင်တတ်တာပဲ'

'အမယ်လေး–ဒီလိုတော့ အရမ်းမဲ့ မစွပ်စွဲပါနဲ့ မောင်ရာ၊ အမောင့်ကိုကိုကသာ အစတည်းက နိုင်သူပါ။ အိတို့က အရှုံးနဲ့ ရင်ဆိုင်ရသူမို့ စိုးရိမ်လွန်းလို့၊ ကြောက်လွန်းလို့ ပြောနေတာသိလား။ အိက ဘယ်တော့မှ အနိုင်မယူချင်ဘူး၊ အရှုံးလည်း မပေးချင်ဘူး၊ အမြဲတမ်း မေတ္တာချင်း ပြိုင်နေရရင် ကျေနပ်မှာပဲနော် ... အထွန်း'

ယခုလို တင်လှမောင်ကို ဖြေရှင်းရင်းနှင့် သူ့အထွန်းကိုပါ တိုင်တည်လိုက်ပြန်တော့သဖြင့် တင်လှမောင်မှာ သီချင်းတစ်ပုဒ်ကိုသာ ကောက်ကာ ငင်ကာ သီဆိုလိုက်ရသည်။

'သူသူငါငါ ရဟတ်ပုံလယ် ... သံသရာစက်မှာကွယ် ... အဆက်မပြတ်တော့တယ်၊ ကြုံရဆုံရသူကွယ် ချစ်လမ်းတွေကသွယ်၊ ချစ်ပင် ကမ္ဘာကြီးဝယ် ... ချစ်မဝ တဝဲလည်လည်'

*

သည်လိုနှင့် အားလုံးပျော်ရွှင် ကျေနပ်စွာပင် အချိန်ကုန်လွန်ခဲ့ရာ ကိုကို ၁၀ တန်း အောင်၍ တင်လှမောင် ၇ တန်း အောင်သော နှစ်သို့ ရောက်ခဲ့ပြန်လေသည်။ ထိုအခါတွင် မေမေက ဘယ်သူမျှ မျှော်လင့်မထားသော အစီအစဉ် တစ်ခုကို တင်ပြ ပြောဆိုလိုက်လေ၏။

'ငါ့သားကြီးကို ဗမာပြည်မှာ မထားဘူး၊ ကိုလံဘို တက္ကသိုလ်ကို ပို့ရမယ်၊ သီဟိုဋ္ဌ်မှာ မင့်းဖေဖေ့ ညီဝမ်းကွဲ ဘုန်းတော်ကြီးလည်း ရှိတယ်'

ထိုအစီအစဉ်ကို ကိုကိုလည်း ခပ်ပြုံးပြုံးနှင့်ပင် လက်ခံလိုက်သည်။

'အထွန်း အသက်ဟာ ၁၈ နှစ်ပဲ ရှိပါသေးတယ်။ အချိန်ရှိခိုက်မှာ ပညာဗဟုသုတကို ရသလောက် ယူလိုက်ဦးမယ်ကွယ်–နော်' ဟူ၍လည်း သူ့သက်လှယ် အိအား ပန်ကြားခဲ့သည်။

'အိမှာ ဘာမှ ပြောစရာ မရှိပါဘူး အထွန်းရယ်၊ အထွန်း ကျေနပ်တယ်၊ အထွန်း သွားချင်တယ်ဆိုရင် ပြီးတာပါပဲ၊ အိတို့ ရှေ့ရေးကို စိတ်ချပါရစေ ဆိုတာလောက်က လွဲပြီး အိ မပြောတတ်ပါဘူး'

အိကလည်း ဤမျှသာပင် ခပ်အေးအေး ပြန်ပြောလိုက်ကာ အနူးအညွတ် ခွင့်ပြုခဲ့သည်။ ကိုကို့ထံမှ အာမခံချက် အမျိုးမျိုးကို ရရှိထားသော အိက ကိုကို့မေတ္တာကို စိတ်ချယုံစားနိုင်သလို ကိုကိုကလည်း အိမေတ္တာအပေါ်မှာ ယုံစားချက် ပြင်းထန်လှသည်မို့ပင် အခိုက်အတန့်အားဖြင့် ခွဲခွာရမည်ကို ဖြေဆည်နိုင်ကြဟန် တူသည်။

အိက လည်နေသော မျက်ရည်ကို မျက်လုံးမှ အပြင်သို့ မဖိတ်မလျှံရအောင် ထိန်းသိမ်းကာ နှုတ်ခမ်းနှစ်လွှာကို ပြုံးယောင်ပြုရင်းနှင့် ကိုကိုကိုယ်တိုင် ရေးဆွဲ ပေးအပ်ထားသည့် သူ့ရုပ်ပုံလွှာ ပန်းချီကားကို 'အထွန်း အလွမ်းပြေ ကြည့်ဖို့' ဟု ပြောကာ ပြန်လည်ပေးအပ်လိုက်ပြီး ကိုကိုကလည်း 'အိ အလွမ်းပြေ ကြည့်ဖို့' ဟု ဆိုကာ ၈× ၁၂ လက်မအရွယ် သူ၏ ဓာတ်ပုံကားတစ်ချပ်ကို ပေးခဲ့ခြင်းဖြင့် သူတို့၏ ခွဲခွာရေးကို အပြန်အလှန် နှစ်သိမ့်ပေးကြသည်။

သူတို့နှစ်ယောက် တစ်ကျွန်းစီနေ တစ်ပြည်စီ ခြားနေသော ကာလအတွင်းမှာ ဆက်သွယ်ရေးနှင့် အထွေထွေ အကြောင်းကိစ္စများကို တာဝန်ခံယူရန် လွှဲအပ်ခံရသူကား တင်လှမောင်သာတည်း။

*

ကိုကိုထွန်းဝေသည် ထွက်သွားပြီ ဆိုကတည်းက ထိုပထမနှစ် တစ်နှစ်လုံး ပြန်မလာခဲ့ပေ။ ကျောင်းပိတ်ရက်များတွင် သီဟိုဋ္ဌ်နှင့်အိန္ဒိယ တစ်ခွင်ကို နှံ့စပ်အောင် လည်ပတ်ပြီး ဗဟုသုတ ရှာမှီးနေခဲ့သည်။ မေမေတို့

ကလည်း တမင်သွားရောက်ရန် ခဲယဉ်းသည်မို့ အခွင့်ကောင်း ကြုံတုန်းမှာ လည်ပတ်သင့်သည် ဆိုကာ ကျောင်းပိတ်ရက် မတိုင်မီကပင် လိုအပ်သော ငွေကို ကြိုတင် ပို့ပေးခဲ့ကြသည်။ သို့ကြောင့်လည်း ကိုကိုက ပြန်မလာ ခဲ့နိုင်ဟန် တူပေသည်။

ကိုကိုသည် ရောက်လေရာ နေရာမှ အိန္ဒိယ ညီလေးထံသို့ လည်း ကောင်း၊ ဖေဖေ မေမေတို့ထံသို့ လည်းကောင်း စာမှန်မှန် ရေးတတ်သည့် ဝတ္တရားကိုတော့ မပျက်ခဲ့ပေ။ အိမ်အတွက် စာကိုဆိုလျှင် တင်လှမောင်က တစ်ဆင့် ပို့ပေးသည်မို့ တင်လှမောင်မှာ အိတို့ အိမ်သို့ အဝင်အထွက် အသွားအလာ မပျက်ခဲ့သည့်ပြင် အိက ကိုကို့ထံ ပြန်ရေးသမျှ စာများကို လည်း သူပင် စာတိုက်အရောက် ပို့ပေးခဲ့ရသည်။

သူ့ထံ ကိုကို ရေးသော စာများတွင် ကိုကို မရှိခိုက်မှာ အိအတွက် အကြောင်းကိစ္စ ကြီးငယ်များကို ညီလေးကပင် စောင့်ရှောက်စေချင် ကြောင်း၊ အကြောင်းထူး ရှိလျှင် သူ့ထံ စာရေးပါမည့် အကြောင်း၊ သူ စိတ်ချပါရစေ ဆိုသည့် အကြောင်းများနှင့် ညီလေးနှင့်အတူ အိတို့ အိမ်သို့ သွားရောက်ရသည့် အချိန်များကို အထူးပင် တမ်းတအောက်မေ့မိကြောင်း၊ ကိုကို လည်ပတ်ရာ ခရီးတစ်လျှောက်တွင် ညီလေးနှင့် အိကို အပါးမှာ ရှိစေချင်လှကြောင်း စသည်များ ပါတတ်သည်။

အိထံသို့ ပေးစာများတွင်လည်း "မေတ္တာရဲ့ သဘောက အနေဝေး လေ၊ ပေါ်လွင်လေ၊ ထန်ပြင်းလေ ထင်ပါရဲ့ အိရယ်။ အဝေးရောက်ပြန် တော့လည်း အလွမ်းအဆွေးနဲ့ ရောနေတဲ့ မေတ္တာစိတ်က တရိပ်ရိပ် တလှပ် လှပ်နဲ့ ပွားစီးပြီး ဆွေးရလွမ်းရ တမ်းတရတဲ့ အရသာတစ်မျိုးကို တွေ့စေ ပြန်တာပါပဲ" စသည်ဖြင့် ဖွဲ့နွဲ့ရေးဟန်ရှိသည်ကို အိထံမှ အရိပ်အမြွက် အားဖြင့် ပြန်လည် ကြားသိရလေ၏။ သို့ကြောင့်ပင် အိသည် ကိုကို့စာ ရောက်လာတိုင်းမှာ စိုစွတ်သော မျက်လုံးများဖြင့် ပြုံးယောင်ပြုကာ ဝမ်း သာ ဝမ်းနည်း လက်ခံကြိုဆိုတတ်ပေသည်။

တစ်ခါတွင်တော့ ကိုကိုသည် တင်လှမောင်မှတစ်ဆင့် အိအတွက် ပါဆယ်တစ်ထုပ်ကို ပို့ပေးလိုက်လေ၏။ ထိုအကြောင်းကို ညီလေးပါ သိစေချင်ပါသည် ဟူ၍ ညီလေး၏ စာထဲမှာ ထည့်ရေးလိုက်သည်မို့လည်း တင်လှမောင်က သိခွင့်ရခဲ့သည်။

ကိုကိုသည် လည်ရင်း ပတ်ရင်းနှင့် ရှုကွင်းရှုကွက် ကောင်းကောင်း ကလေးများကို တွေ့ရှိတိုင်းမှာ ပန်းချီရေးဆွဲခဲ့လေရာ ထိုပန်းချီကား အများ ထဲမှ ရေဆေးရောင်စုံ ကားသုံးကားကို သူလိုပင် အပန်းဖြေ အပျော်ခရီး ထွက်လာသော နိုင်ငံခြားသားတစ်ဦးက သူ့ဟာသူ တန်ဖိုးဖြတ်ကာ အတင်း အဓမ္မ ဝယ်ယူသွားခဲ့သည်။ ကိုကိုသည် သူ့ပညာဖြင့် ရင်းနှီးရရှိလိုက်သော ထိုငွေဖြင့် အိအအတွက် အမှတ်တရ "ပိုးဆာရီ" ထဘီကလေးများကို ဝယ် လိုက်ကာ "အထွန်းကိုယ်စား အလွမ်းပြေ လက်ခံပါ" ဟု ပို့ပေးလိုက်ခြင်း ဖြစ်လေ၏။

ဒါကို တင်လှမောင်ကလည်း စပ်ကြားမှ ဝမ်းမြောက်ဝမ်းသာ ဖြစ် ကာ အိထံသို့ ချက်ချင်းပင် သွားရောက် ပို့ပေးခဲ့သည်။ အိက သူ့ထုံးစံ အတိုင်း ဆာရီစကလေးကို ပါးနှင့်အပ်ကာ မျက်ရည်တွေနှင့် ပြုံးနေပြန် တော့လည်း ကိုကို့ကို တမ်းတ လွမ်းဆွတ်သော စိတ်ဖြင့် တင်လှမောင်ပါ မျက်ရည်လည်ခဲ့ရသည်။

ထို့ပြင် ... တင်လှမောင်သည် ဤနေ့အဖို့တွင် မမျှော်လင့်မိသည့် အဖြစ်ကိုပါ ကြုံရချေသေး၏။ အောက်ထပ်ရှိ သူ့အခန်းထဲတွင် ကိုကို့ စာကို ဖတ်ရင်း ပါဆယ်ထုပ်ကို နံဘေးမှာ ချထားခဲ့စဉ်က အိမ်ဖော်ကြီး ဒေါ်မြရွှေ (ရွှေရွှေ) သည် အခန်းရှင်းရင်းနှင့် တွေ့မြင်သွားခဲ့ရာ၊ မေမေ့အား ထိုအကြောင်းကို ပြန်လည် ပြောပြခဲ့သောကြောင့် ဖြစ်ပေသည်။

မေမေသည် တင်လှမောင် အိတို့ အိမ်မှ ပြန်လာလျှင် လာချင်းပင် တင်းမာသော မျက်နှာထားဖြင့် ခေါ်ယူ စစ်ဆေးတော့လေ၏။ တင်လှ မောင် ကလည်း ကိုကို ကိုယ်တိုင်ကပင် မေမေတို့ကို ပြောပြဖူးသည်မို့ ရဲရဲတင်းတင်းနှင့်ပင် မကွယ်မထောင့် ပြောပြလိုက်သည်။

'ဩော် ... အင်း ... နိုင်ငံခြားကို ပို့ပေးထားတာတောင်မှ ဒီကောင်မ နဲ့ အဆက်မပြတ်ကြသေးဘဲကိုး'

မေမေ့ပါးစပ်မှ သည်မှတ်ချက်မျိုး ထွက်ပေါ်လာတော့မှလည်း မေမေတို့ ကိုကို့အား နိုင်ငံခြားမှာ ပညာသင်စေခြင်း၏ ရည်ရွယ်ပုံ အကြောင်း ရင်းကို ရိပ်စားမိသွားကာ ကိုကို့အတွက် ရင်လေးပြီး စိတ်မချမ်းမသာ ဖြစ်ရသည်။ ကိုကိုနှင့် အိတို့၏ ရှေ့ရေးသည် ဖြောင့်ဖြူးသာယာမှ ရှိပါ လေမည်လား ...။

# [၁၂]

ဒုတိယနှစ် ကျောင်းရက်ရှည် ပိတ်သောအခါ ကိုကို ပြန်လာခဲ့လေသည်။ သည်တစ်ခေါက်၌ ကိုကို မပြန်မီ တစ်ရက်၊ နှစ်ရက် စော၍ သူတို့ အိမ်သို့ ဧည့်သည်အဖြစ် ရောက်ရှိနေသူများလည်း ရှိနေသည်။ ဧည့်သည်များမှာ စိန်ပွဲစား ဒေါ်မြ ဆိုသူနှင့် သူ၏သမီးပျို ခင်ခင်တို့ ဖြစ်ကြသည်။ သူတို့နေသော မြို့မှာ ဤမြို့နှင့် အတန်ငယ် အလှမ်းဝေးသည်။ ဘူတာစဉ် (၁၀) ခုမျှ ကျော်ဖြတ်ရသည်ဟု သိရလေ၏။

ထိုဧည့်သည်များကို မေမေက အတော်ကြီး ဂရုစိုက်ကာ အရေးတယူ ပြုစုခဲ့သည်။ ဒေါ်ဒေါ်မြမှာ စိန်ပွဲစားပီပီ စကားပြော ကောင်းသလောက်၊ ခင်ခင်မှာလည်း ရုပ်ချော နှုတ်သွက်ကလေးပင် ဖြစ်ပေသည်။ ရွှေရွှေကလည်း မေမေတို့က သည်ကောင်မကလေးအား ကိုကိုနှင့် ပေးစားလိုဟန် လက္ခဏာရှိကြောင်းဖြင့် သူ့အား တီးတိုး ထင်မြင်ချက် ပေးလိုက်သေးရာ တင်လှမောင်မှာ ကိုကို့အတွက် ရင်မလင်းနိုင်အောင် ရှိနေရပေသည်။

ကိုကို ပြန်လာမည့် နေ့တွင် ခင်ခင်သည် ခါတိုင်း နေ့များထက် အထူးပြုကာ ဝတ်စားဆင်ယင်ပြီး ခြံဝမှ လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေခဲ့သည်။

သို့သော် ခင်ခင် ခမျာမှာ မျှော်ရကျိုး မနပ်ခဲ့ရှာပေ။ ဘူတာသို့ အကြိုသွားသော စီတာရန်း၏ ကားပေါ်မှာ ကိုကို၏ ပစ္စည်းများသာ ပါလာပြီး ကိုကိုမှာ မပါလာခဲ့သေးဘဲ ရှိနေသည်။ စီတာရန်းက ကိုကို ဈေးပိုင်းမှာ ကျန်ခဲ့သည်ဟု သာမန်မျှသာ ပြောသော်လည်း တင်လှမောင်ကတော့ ကိုကို ကျန်ရစ်သောနေရာကို အမှန်အကန် သိထားနှင့်ပါလေပြီ။ မေမေကလည်း ဒါကို ရိပ်စားမိပုံရ၏။ မျက်နှာမသိမသာ ပျက်သွားပြီးမှ 'ဘာများ အရေးတကြီး လိုနေပြန်တယ် မသိဘူး' ဟု ရေရွတ်ကာ ဟန်လုပ်ပြီး ပြုံးလေသည်။

ဒေါ်မြိုင်နှင့် ရွှေရွှေက ထမင်းပွဲ ပြင်ပေးပြီးသောအခါ မေမေနှင့် ဧည့်သည်များသာမက အိမ်ရှိ လူကုန်ပင် ကိုကို့အား လည်ပင်းတရှည်ရှည်နှင့် မျှော်မိကြသည်။ ကိုကိုမှာ သည်အချိန်တိုင်အောင်ပင် မရောက်လာသေး ...။

တင်လှမောင်က ကိုကို့ခုတင်တွင် ကိုကို အိပ်ရန် နေရာကို ကိုယ်တိုင် အသင့်ပြင်နေရင်းမှ စီတာရန်းကို လက်ယပ်ခေါ်ပြီး သေချာအောင် မေးရသည်။ သူ စိတ်ထင်သည့်အတိုင်းပင် မှန်ပါ၏။ ကိုကို အိတို့အိမ်ကို ဝင်နေခဲ့ခြင်း ဖြစ်ပေသည်။

ကြာသည်ထက် ကြာလာသောအခါ ဖေဖေက 'ကဲ–သူ လာမှ စားလိမ့်မယ်၊ အိမ်ကလူတွေ စားနှင့်ကြစို့' ဟု ဆိုရတော့သည်။ အားလုံး စိတ်မပါ့တပါနှင့် ထမင်းပွဲမှာ ထိုင်မိကြတော့မှ ကိုကို ရောက်လာ၏။ မေမေက ဧည့်သည်တွေ ရောက်နေကြောင်းကို ပြောပြီး မိတ်ဆက်ပေးသည်။ ကိုကိုက ပြုံးရယ်ကာ ဝမ်းသာပါကြောင်းဖြင့် ပြန်ပြောသည်။ မေမေက တစ်ခါတည်း ထမင်းဝင်စားရန် ပြောသည်တွင်တော့ 'သား စားပြီးခဲ့ပြီ မေမေ' ဟု မလုံ့တလုံ အပြုံးနှင့် ဆိုကာ အောက်ထပ်က သူ့အခန်းထဲသို့ တန်းဆင်းလာသည်။

ဤတွင်မှ အခန်းထဲမှ ဆီးကြိုကာ ဖက်တွယ် ထားလိုက်သော ညီလေးကို တွေ့ရသည်။

'ညီလေး မကောင်းဘူးကွာ၊ ကိုကို့ကို ဘာလို့ လာမကြိုသလဲ'

ကိုကိုက သည်လို ဆိုတော့မှ တင်လှမောင်က ဝမ်းနည်းသံနှင့် ပြန်ပြောမိသည်။

'မေမေက ညီလေးကို မသွားရဘူး ဆိုလို့ ကိုကို'

မှန်သည်။ မေမေက ကိုကို ခရီးရောက်မဆိုက်တွင် အိ၏ သတင်းကို တင်လှမောင်ထံမှ တစ်ဆင့် ကြားသိရမည်ကို မလိုလားနိုင်သလား မသိ၊ ကိုကို့ကို ကြိုရန်အတွက် တင်လှမောင် လိုက်မသွားစေခဲ့ပေ။ ကိုကိုကတော့ ဒါကို အထွေအထူး တွေးမိဟန် မတူပေ။

'ကိုကို သွားတော့ အိရယ် ... သူတစ်ယောက်တည်း ထမင်းစားမလို့ လုပ်နေရင်းကလေ– "အိကတော့ ချက်ချင်း တွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားမိပါဘူး၊ အခုလို အိဆီကို အရင်ဆုံး ဝင်လာတာ တွေ့ရတော့ ဝမ်းသာလိုက်တာ အထွန်းရယ်" တဲ့၊ ရယ်လည်း ရယ်တယ်၊ ငိုလည်း ငိုသေးတယ်၊ ထမင်းလည်း မစားနိုင်တော့ပါဘူး ဆိုတာနဲ့ သူ့ကို ချော့မော့ပြီး ကိုကိုပါ ဝင်စားခဲ့ရတယ်၊ ညီလေးရော စားပြီးပြီလား'

တင်လှမောင်က ခေါင်းခါရုံပဲ ခါလိုက်နိုင်သည်။ "ကိုကို မသိရှာ

သေးဘူး၊ ကိုကို့ကို ဘယ်လို ပြောရမလဲ" ဟူသော အတွေးမှာသာ ရင်ထဲမှာ ဗလောင်ဆန်နေရသည်။ သို့ရာတွင် တင်လှမောင် ပြောပြရန် ဘာမျှ မလို တော့ပါချေ။ မျက်နှာထား ခပ်တည်တည် ခပ်တင်းတင်းနှင့် မေမေ ရောက် လာပြီး–

'အခုလိုလုပ်တာ မင်း မလွန်လွန်းဘူးလား သား' ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

'ဘာကိုလဲ မေမေ'

ကိုကိုကတော့ အနည်းငယ် အံ့အားသင့်ဟန်၊ ဝမ်းနည်းဟန်ဖြင့် ရိုးသားစွာပဲ ပြန်မေးသည်။

'အိမ်ကနေပြီး တယုတယ လွမ်းတ စောင့်မျှော်နေကြတဲ့ မိဘတွေ ကိုမှ မထောက်ထားဘဲ မင်း ဘယ်သွားခဲ့တယ်ဆိုတာ မင်း အသိဆုံးပါ'

သည်တော့မှ ကိုကိုက နွဲ့ဆိုးဟန်ဖြင့် ပြုံးလိုက်သည်။

'သားအနေနဲ့ ဘယ်မှာနေနေ ဘယ်ကိုသွားသွား မေမေတို့ သား ဟာ မေမေတို့ သားပါပဲ မေမေ၊ မေမေတို့က သားကို ပိုင်တယ် မဟုတ် လား၊ ဒီလို ပိုင်ဆိုင်ခွင့် မရသေးလို့ ပူပန်ကြောင့်ကြမကင်းနဲ့ စောင့်မျှော်ရသူ ကတော့ တစ်ဖက်သတ် သနားစရာပါ မေမေရယ်၊ ဒါ့ကြောင့် သားက ဦးစားပေးမိတာပါ'

'ဪ ... ဪ ... တော်တော်လည်း ကတ်သီးကတ်သတ် တွေး တောပြီး သနားကြင်နာတတ်နေပါပေါ့လား၊ ဒီလိုဆိုရင် နောင်ကို ခင်ခင် က ပိုပြီး သနားထိုက်တယ် ဆိုတာ မင်း သိထားစေချင်တယ် သား'

'ဘာ့ကြောင့်လဲ မေမေ ...'

'ခင်ခင်ဟာ နှစ်ဦးနှစ်ဖက် မိဘသဘောတူညီချက်နဲ့ သားကို စောင့် မျှော်နေရသူကလေးပဲ'

'ဘုရား ... ဘုရား ... မဖြစ်နိုင်တာကို မကြားပါရစေနဲ့၊ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး'

ကိုကိုက သွေးရူးသွေးတန်းသဖွယ် စိတ်ထိခိုက်စွာ ရေရွတ်နေတော့ သည်။

'လူကြီးမိဘတွေ ကိုယ်တိုင် စီမံတာက မဖြစ်နိုင်စရာ ဘာမှမရှိဘူး၊ မင်း လုပ်နေတဲ့ အလုပ်ကသာ မဖြစ်နိုင်တာ'

မေမေက နောက်ဆုံးစကားကို ခပ်ပြတ်ပြတ် ပြောခဲ့ကာ ကိုကို့ စကားပြန်ကို မစောင့်ဘဲ ထွက်သွားသည်။ ကိုကိုကလည်း စကား တစ်စုံ တစ်ရာ ပြန်ဆိုခြင်းငှာ တတ်စွမ်းနိုင်တော့ဟန် မတူ။ ညီလေး ပြင်ပေး ထားသော အိပ်ရာ ခုတင်ထက်မှာ ဟိုက်မောစွာ လှဲချလိုက်သည်။

'ညီလေး ဘာလုပ်ပေးရမလဲ ဟင်၊ ကိုကို စိတ်မချမ်းသာတာကို ညီလေး မကြည့်ချင်ပါဘူး ကိုကိုရယ်'

တင်လှမောင်ကလည်း ကိုကို့ခုတင်မှာ တင်ပါးလွှဲ လာထိုင်ရင်း သည်မျှသာ ပြောတတ်နိုင်တော့သည်။

'ဒီအကြောင်းကို အိတော့ မသိပါစေနဲ့ ညီလေးရယ်၊ သူ မျှော်မှန်း ပြီး စိုးရိမ်နေတာတွေ ဖြစ်လာပြီဆိုပြီး သိပ် စိတ်ဆင်းရဲနေရှာဦးမယ်၊ အိဟာ မြော်မြင်တတ်သလောက် ပူပင်တတ်တယ်၊ အခုတော့ သူ ပူပင်တာ တွေ ဖြစ်လာကုန်ပြီ၊ ကိုကို ဒါကို လုံးလုံး မထင်မတွေးခဲ့ဘူး၊ ဖြစ်နိုင်မယ် လို့ မထင်ခဲ့ဘူး'

ကိုကိုက သူ့ကိုယ်ကို ဝမ်းလျားမှောက်ကာ တစ်ဖက်သို့ လှိမ့်လိုက်ရင်း ခေါင်းအုံးကြီးကို အကြောင်းမဲ့ တွန်းရွှေ့ဆုပ်ခြေ၍ နေပြန်သည်။ ပြီးတော့မှ စကားတတွတ်တွတ် ဆက်ပြောပြန်၏။

'အိက ဒါကြောင့် ကိုကို့ကို အဆင်းရဲခံနိုင်ရဲ့လားလို့ တဖွဖွ မေးခဲ့ တာ၊ ကိုကလည်း ဘယ်လောက် ဆင်းရဲ ဆင်းရဲ ခံနိုင်ပါတယ် ညီလေး ရယ်၊ ဒါပေမဲ့ မေမေတို့ ကိုကို့ အလိုကို မလိုက်ကြတာအတွက် ဝမ်းနည်း တယ်၊ သိပ်ဝမ်းနည်းတယ်။ မေမေတို့ဟာ ကိုကို့ကို မချစ်ဘူး၊ မချစ်လို့ ဒီလိုပြောရက်တာ ကိုကို သိပ်ဝမ်းနည်းတယ် ညီလေးရယ်'

ကိုကိုက ခေါင်းအုံးကို ရင်ဘတ်အောက်သို့ ဆွဲသွင်း ခုထားကာ ခေါင်းငိုက်စိုက်နှင့် ငြိမ်နေပြန်လေသည်။ ကိုကိုသည် ညနေစာ ထမင်း ကိုလည်း မစား၊ အခန်းထဲမှလည်း မထွက်ဘဲ ရှိနေ၏။ မှောင်တရီတွင် တော့ ဒေါ်ဒေါ်မြနှင့် ခင်ခင်ရီတို့ အပေါ်ထပ်မှ ဆင်းလာကြသည်။

ဒေါ်ဒေါ်မြက 'မောင်ထွန်းဝေ နေမကောင်းတာ ခရီးပန်းနေလို့ ထင် ပါရဲ့' ဟု မေးနေ၏။ မေမေက ကိုကို နေမကောင်းဘူး ပြောထားဟန် တူပေသည်။ ခင်ခင်ကလည်း သူ့လက်ထဲမှာ ပါလာသော နွားနို့ဖန်ခွက် တစ်ခွက်ကို အိပ်ရာနံဘေးက စားပွဲလေးပေါ်မှာ တင်ထားလိုက်ကာ ကိုကို့

ခုတင်ပေါ်မှာ ဘေးစောင်းထိုင်ပြီး ကိုကို့နဖူးကို အသာအယာ စမ်းကြည့်သည်။ ကိုကို့အနီးမှာ ထိုင်နေသော တင်လှမောင်က စာအုပ်ဗီရို နံဘေးမှ ကုလားထိုင် တစ်လုံးဆီသို့ သွားရောက် ရှောင်ဖယ်ပေးလိုက်ရ၏။

'ဟုတ်ပါတယ်၊ ကိုယ် သိပ်မနွေးပါဘူး၊ ခရီးပန်းတာပဲ ဖြစ်ပါလိမ့်မယ်'

သားအမိနှစ်ယောက်သား အမေး–အဖြေ အတိုင်အဖောက် ညီနေကြ၏။ ကိုကိုက မချိသွားဖြဲ ပြုံးထားသည်။ တင်လှမောင်က ဒဂုန်မဂ္ဂဇင်း တစ်အုပ်ကို သက်သက်မဲ့ ကောက်လှန်နေရင်းမှ မသိမသာ စောင်းကြည့်လိုက်သည်။

'ထမင်းမစားတော့ မောနေလိမ့်မယ်။ နို့ကလေး တစ်ခွက်တော့ သောက်လိုက်ပါဦး ကိုကို'

ခင်က ကိုကို့ကို လက်မောင်းရင်းမှ ကိုင်ကာ ဆွဲထူပြီး နွားနို့ တစ်ခွက်ကို ကိုကို့ပါးစပ်မှာ တပ်ပေးတော့မည်ကဲ့သို့ပင် အမူအရာ ဖြစ်နေသည်။ ကိုကိုက 'ကျွန်တော် သောက်ချင်စိတ် မရှိပါဘူး၊ ဒုက္ခရှာလို့ပဲဗျာ' ဟု ပြောရင်းနှင့်မှ နို့ခွက်ကိုယူပြီး ၂ ကျိုက်၊ ၃ ကျိုက်မျှ အားနာသောက် သောက်လိုက်သည်။

ပြီးတော့ ခင်ခင်က ကိုတီရေမွှေးများ ကြိုင်နေအောင် ဆွတ်ထားသော သူ၏ ဘာစီတီ လက်ကိုင်ပဝါကလေးဖြင့် ကိုကို့ပါးစပ်ကို သုတ်ပေးလေ၏။ ကိုကိုက စိတ်ရှုပ်ဟန်ဖြင့် ပြန်လှဲချလိုက်တော့လည်း စောင်ကလေးကို ဆွဲယူပြီး ခြုံပေးလိုက်သေးသည်။

ခင်ခင်တို့သားအမိ ပြန်ထွက်သွားသောအခါ ကိုကိုသည် မျက်နှာစူအောက်အောက်နှင့် ထ လာပြီး စောင်တွေ၊ ခေါင်းအုံးတွေကို ဆွဲယူကာ ကိုင်ပေါက် လွှင့်ပစ်လိုက်လေ၏။ တင်လှမောင်က 'စိတ်ငြိမ်ငြိမ် ထားစမ်းပါဦး ကိုကိုရယ်' ဟု နှစ်သိမ့်ကာ ပြန်ကောက်ပေးရသည်။

နောက်တစ်နေ့ မနက်တွင်လည်း ဒေါ်မြက 'ဒေါ်ဒေါ်တို့ ပြန်တော့မယ် မောင်ထွန်းဝေရေ၊ မပြန်ခင် ဒေါ်ဒေါ်တို့ အိမ်လည်း လာလည်လှည့်ပါဦး' ဟု လာရောက် နှုတ်ဆက်သည်။ ခင်ခင်ကလည်း 'ကိုကို နေကောင်းသွားပြီ မဟုတ်လား၊ ခင်ခင်တို့ကို ဘူတာထိတော့ လိုက်ပို့နော်' ဟု ဆိုသည်။

ကိုကိုက ဝမ်းဗိုက်ကို ဟန်ပါပါ နှိပ်ရင်းမှ 'ကျွန်တော် ပို့လို့ မဖြစ်ပါဘူး၊ ညက ဝမ်းနုတ်ဆေး သောက်ထားလို့ ဝမ်းအတွက် စိတ်မချရလို့ပါ၊ ညီလေး လိုက်ပါလိမ့်မယ်၊ ညီလေးကိုပဲ ခေါ်သွားပါ' ဟု ညီလေးအား လွှဲချလိုက်သည်။

တင်လှမောင်မှာ အချောင်သက်သက် အလုပ်ရသွားလေ၏။ ကားကို သူကိုယ်တိုင် မောင်းပြီး ခင်ခင်တို့အား ပို့ပေးခဲ့ရသည်။ ခင်ခင်တို့ကို ရထားပေါ်ထိ တင်ပေးပြီး ရထားထွက်မှ ဘူတာက ပြန်လာခဲ့ရာ၊ ဈေးပိုင်းတွင် သူ့အမေအား နံနက်စာ ထမင်းချိုင့် လာပို့သော အိနှင့် ဆုံမိနေသည်။ အိက တင်လှမောင် ကားကို လက်ပြပြီး တားလိုက်လေ၏။

'ဒီမှာ အမောင်၊ အထွန်း ဘာလို့ မလာတာလဲဟင်၊ မနေ့က ညနေ လာခဲ့ဦးမယ်လို့ အိကို ပြောသွားပြီးတော့'

'ကိုကို နည်းနည်း နေမကောင်းနေလို့ပါ၊ နေကောင်းရင် လာချင်လွန်းလို့မှ ...'

'အို သိပ်ခက်တာပဲ အမောင်ရယ် ... အိကိုယ်တိုင် လာပြုစုပေးချင်တယ်၊ မဖြစ်နိုင်လို့ နေရတာလို့ ပြောလိုက်စမ်းပါ၊ မြန်မြန် နေကောင်းအောင်လည်း ကြိုးစားပါ၊ အိ စိတ်ပူနေတယ်လို့နော်။ သွားတော့၊ ဪ ... နက်ဖြန်ထိ အထွန်း မလာနိုင်သေးဘူးဆိုရင် ဘယ်လိုလဲ ဆိုတာ လာပြောပါဦး အမောင်'

စိတ်မလုံတလုံနှင့် ဘေးဘီကို မျက်စိကစားကာ ပျာပန်ညှိုးငယ်စွာ မှာကြားနေသော အိအား အခါတိုင်းလိုဆိုလျှင် တင်လှမောင်က အဖြစ်သည်းနိုင်ရန်ကောဟု နောက်ပြောင်မိဦးမည် ဖြစ်သော်လည်း၊ ဤတစ်ခါတွင်တော့ ဘာမျှ ပြောချင်စိတ် မရှိတော့ဘဲ သက်ပြင်းကိုသာ ခပ်လေးလေးချရင်း မောင်းထွက်လာခဲ့သည်။

အိမ်အရောက်တွင် ထမင်းပွဲပြင်ပြီး ဖြစ်နေ၏။ မေမေက 'တင်လှမောင်၊ သားကို ထမင်းစားဖို့ ခေါ်ခဲ့ဟေ့' ဟု လှမ်းပြောလိုက်ရင်း ဖေဖေနှင့်အတူ ထမင်းပွဲမှာ ဝင်ထိုင်သည်။

တင်လှမောင်က အောက်ထပ် အခန်းထဲမှာ ဝင်ပြီး ကိုကို့ကို ခေါ်ရာ ကိုကိုက မစားဘူးဟု အတင်း ငြင်းလွှတ်လိုက်သည်။ တင်လှမောင်က

စိတ်မကောင်းစွာဖြင့် မေမေ့ကို ပြန်ပြောရာ မေမေက ပြုံးနေသည်။ ဖေဖေက 'ဘာဖြစ်သလဲ၊ သား နေမကောင်းဘူးလား' ဟု မေးသည်။

'အလကား စိတ်ကောက်နေတာ ရှင်ရေ့'

မေမေက ပြောပြောဆိုဆိုနှင့် ဗီရိုထဲမှ လင်မနစ်တစ်ပုလင်း၊ ပူတင်းတစ်ပန်းကန်နှင့် ပန်းသီးများကို သူကိုယ်တိုင် သွားထုတ်ယူပြီး လင်ပန်းကလေးထဲမှာ ပြင်ပေးလိုက်သည်။

'မနေ့ညကလည်း ထမင်းမစားတော့ ဆာနေမှာပဲ၊ ဒါတွေတော့ သူ ကြိုက်တတ်ပါတယ်၊ တင်လှမောင် သွားပို့လိုက်ပါကွယ်၊ ထမင်းကို အိမ်ပေါ် လာမစားချင်ရင် အခန်းထဲကို ပို့ပေးရမလားလို့လဲ မေးခဲ့'

မေမေက ထမင်းစားပွဲမှာ ပြန်ထိုင်သည်။ တင်လှမောင်က မေမေ ပေးသော လင်ပန်းကိုယူပြီး အောက်သို့ ပြန်ဆင်းရပြန်သည်။

ဖေဖေက 'မင်းတို့ဟာတွေကလည်းကွာ ... ဘာမှန်းလည်း မသိဘူး၊ နေဦး ... သားကို ငါ သွားခေါ်မယ်' ဆိုရင်းနှင့် လက်ထဲမှ ဇွန်းခက်ရင်းတွေကို ချပြီး တင်လှမောင်နောက်မှ ထ လိုက်သွားသည်။

မေမေက ခပ်အေးအေး ပြုံးပြီး ... 'လူတစ်ကိုယ်လုံးမှာ စိတ်ချည်းပဲလေ၊ ချော့ကြည့်ပါဦး' ဟု ဆိုကာ ထမင်းပန်းကန်ထဲသို့ ဟင်းတစ်ဇွန်း ခပ်ထည့်လိုက်သည်။

'လင်မနစ် မသောက်တောင် ပန်းသီးလေးဖြစ်ဖြစ် စားလိုက်ပါဦး ကိုကိုရယ်'

'ဘာမှ မစားဘူး၊ ကိုကို မစားဘူး၊ ပြန်ယူသွား'

'ဒီလို မလုပ်ကောင်းပါဘူး ကိုကိုရယ်၊ တစ်ခုခုတော့ စားပါဦး'

အောက်ထပ် အခန်းထဲမှာ ညီအစ်ကိုနှစ်ယောက် အပြန်အလှန် ပြောဆိုနေကြဆဲတွင် ဖေဖေ ဝင်လာသည်။ အိပ်ရာထဲမှာ ဝမ်းလျား မှောက်ကာ ခေါင်းအုံးနှင့် မျက်နှာအပ်ထားသော သားကို ပခုံးမှ အသာ ဆွဲထူလိုက်သည်။

'မကြီးမငယ်နဲ့ ဘာများ စိတ်ကောက်စရာ ရှိလို့လဲ သား၊ ထ စမ်း၊ ဖေဖေ့ကို ပြောစမ်း'

'သား သိပ်ဝမ်းနည်းတယ် ဖေဖေ၊ ဖေဖေတို့ အပေါ်မှာ သား လျှို့ဝှက်ထားတာ ဘာမှမရှိဘူး၊ သား ရင်ထဲ အသည်းထဲက ဖြစ်လာတဲ့

ကိစ္စကိုလည်း ထိန်းနိုင်တာ မဟုတ်ဘူး၊ သား မတတ်နိုင် မထိန်းနိုင်တဲ့ ကိစ္စကို မိဘအာဏာနဲ့ ထိန်းနိုင်ရမယ်ဆိုရင် တရားနည်းလမ်း ကျသလား၊ ဖြစ်နိုင်ပါ့မလား ဆိုတာလည်း စဉ်းစားကြည့်ပေါ့'

'ဘာကိုလဲ သားရယ်၊ ဖေဖေ မရှင်းသေးဘူး'

'အရှင်းကြီးပါ ဖေဖေ၊ သားမှာ ချစ်သူရှိတာ ပြောထားရက်သားနဲ့ ဖေဖေတို့က သားကို ခင်ခင်နဲ့ ပေးစားချင်တယ် ဆိုတော့ ...'

'အောင်မယ် ... ဒီလိုလား၊ ဖေဖေ လုံးလုံးမသိခဲ့ဘူး၊ သားမှာ ချစ်သူ ရှိလိမ့်မယ်လို့လည်း မျှော်လင့်မထားခဲ့မိဘူး၊ အင်း ... လက်စသတ်တော့ ငါ့သားလည်း မခေပါဘဲကိုး'

'သူ့ဘာသာ ရင်ထဲ အသည်းထဲက ဖြစ်လာတဲ့ကိစ္စကို သား မတတ်နိုင်ပါဘူးလို့ ပြောခဲ့ပြီပဲ ဖေဖေ၊ လွန်ခဲ့တဲ့ ၃–၄ နှစ်ထဲက မေမေ့ကို အသိပေးထားတာမို့ ဖေဖေလည်း သိလိမ့်မယ် ထင်နေခဲ့တာပေါ့'

'အေးလေ ... ဘာပဲဖြစ်ဖြစ် ဒါဟာ ပြဿနာရှုပ်စရာမှ မဟုတ်တာ၊ သားကို ဘယ်သူကမှ အတင်းအကျပ် မလုပ်ဘူး၊ ဝမ်းနည်းစရာလည်း မလိုဘူး၊ ထ ... ထ ... ထမင်းစားလိုက်ဦး၊ သားလေးလည်း ထမင်းပွဲက ထ လာတော့ သွားစားလေ'

ဖေဖေက သားနှစ်ယောက်လုံးကို ကြင်ကြင်နာနာ ပြောရှာသည်။ သို့တိုင်အောင် ကိုကိုကတော့ ခေါင်းကို ယမ်းမြဲ ယမ်းလျက်က မျက်နှာကို ခေါင်းအုံးနဲ့ ပြန်အပ်လိုက်သည်။

'ဖေဖေကသာ ဒီလိုပြောတာ၊ မေမေက လူကြီးတွေလုပ်တဲ့ အလုပ်က ဘာမှ မဖြစ်နိုင်စရာ မရှိဘူး၊ မင်းလုပ်နေတဲ့ အလုပ်ကသာ မဖြစ်နိုင်တာ တဲ့၊ သားကို ဆိုသွားပြီ။ သား သိပ်ဝမ်းနည်းတာပဲ'

'ဩော် ... ဒီသားအမိကလည်း အကြောင်းမဟုတ်တာကိုကွယ်၊ လာ ... သားလေး၊ တို့ ထမင်းသွားစားမယ်'

ဖေဖေက သားကြီးကို လက်လျှော့လိုက်ပြီး သားငယ်၏ ပခုံးကို ခပ်သာသာ တွန်းကာ သူနှင့်အတူ ခေါ်သွားသည်။

ဟင်းချိုတစ်ဇွန်းကိုသောက်ပြီး ထမင်းကို လက်စသတ်နေသော မေမေက 'ဘာလဲ ... ဘာမှ မစားဘူးတဲ့လား' ဟု မေးလိုက်သည်။ ဖေဖေက ခေါင်းခါပြလိုက်ပြီး–

'မင်းတို့ လုပ်ပုံတွေဟာ မဟုတ်သေးပါဘူးကွာ' ဟု ဆိုရင်းနှင့် ထမင်းစားပွဲမှာ တင်လှမောင်နှင့်အတူ ဝင်ထိုင်သည်။ တင်လှမောင်က ထမင်းကို စိတ်မပါ့တပါနှင့် စားသည်။ ဖေဖေကလည်း ထမင်းကို ထိကာ တို့ကာ စားရင်း ဆက်ပြန်သည်။

'သားဟာ မနေ့ကမှ ပြန်လာတယ်၊ အခု ထမင်း မစားနိုင်လောက် အောင် စိတ်ညစ်ရပြီ ဆိုတော့ ကောင်းသလား၊ တို့မှာ ဒီသားနှစ်ယောက် အပြင် အလိုလိုက်စရာ လူလည်း မရှိပါဘူး၊ တကယ်ဆိုတော့ သားမှာ ဒီလို အရေးအရာမျိုးတွေလည်း ဝင်မရှုပ်စေသင့်သေးပါဘူး'

'ကျွန်မတို့က မရှုပ်စေချင်ပေတဲ့ သူ့ဘာသာ ရှုပ်နေတဲ့ အလုပ် ကိုကော ရှင် သိသလား၊ ဒါကို မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင် တားမြစ်သင့်တယ်လို့ကော ရှင် သဘာမပေါက်မိဘူးလား'

'မင့်းကိုစ္စက ဘာမှ သဘောပေါက်စရာ မလိုဘူး၊ သားဟာ သူ့စိတ် သူ မျိုသိပ်ပြီး ဒီအချိန်ဟာ ပညာသင်ချိန်ပဲ ရှိသေးတယ် ဆိုတာကို သူ သဘောပေါက်သလို တို့လည်း သဘောပေါက်ရပေလိမ့်မယ်၊ ပညာ ရပြီးတဲ့နောက်မှာ တစ်ဖက်ဖက်က အလျှော့ပေးလိုက်ရင် အားလုံး အဆင် ပြေသွားမှာပဲ'

မေမေက အောက်နှုတ်ခမ်းကို ရှေ့သွားနှင့် ဖိကိုက်ပြီး ခဏမျှ တွေဝေ စဉ်းစားနေသည်။ ပြီးတော့ အတွင်းဆောင်မှာ တပ်ဆင်ထားသော လှေကားအတိုင်း အောက်ထပ်သို့ ဆင်းသွားလေ၏။ တော်တော်ကြီး ကြာမှ မေမေ ပြန်တက်လာသည်။

တင်လှမောင် ထမင်းစားပြီး၍ အောက်ထပ် အခန်းထဲသို့ ပြန်ဝင် လာသောအခါ ပန်းသီးကြီး တစ်လုံးကို ကိုက်ဝါးရင်း ပြုံးပြလိုက်သော ကိုကို့ကို တွေ့ရသည်။

'ကိုကို ထမင်းမစားဘူးလား'

'မစားသေးဘူး၊ အိ မျှော်နေလိမ့်မယ် ထင်တယ်၊ အိဆီ သွားလိုက် ဦးမယ်'

'မနက်က ဘူတာက ပြန်လာတော့တောင် အိနဲ့ တွေ့သေးတယ်၊ ညီလေးက ကိုကို နည်းနည်းနေမကောင်းဘူး ပြောခဲ့လို့ စိတ်ပူနေရှာတယ်၊ မေမေ ဘာပြောသေးသလဲ'

'သားစိတ်ကို စမ်းကြည့်တာပါတဲ့၊ သား စိတ်မချမ်းသာစရာကို မေမေတို့ ဘာမှ မလုပ်ပါဘူးတဲ့၊ အခု ကျွန်တော် အိတို့ အိမ်ကို သွားချင်တယ် ဆိုတော့လည်း မျှော်ချင်မျှော်နေမှာ၊ သွားလိုက်ပါလားတဲ့၊ ဟဲ ... ဟဲ စမ်းကြည့်လို့ မရမှန်း မယ်ဘုရား သိတော်မူသွားပြီ၊ ထိပ်ထားလေးဆီ အဆောင်တော်ကူးဖို့ပဲ ရှိတော့တယ်'

'တော်စမ်းပါ ကိုကိုရာ၊ ချစ်သမျှကိုနဲ့ သစ္စာတိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြန်လာမယ့် ဥစ္စာများ'

'အဟဲ ... သစ္စာ ဆိုတာ စောင့်နိုင်သလောက် စောင့်ရမှာပေါ့ ညီလေးရာ၊ ရှေ့ရေးအတွက် အားလုံး အိုကေနေပြီ ဥစ္စာကို'

ကိုကိုက ပန်းသီးနှစ်လုံးကို ဆက်တိုက် စားလိုက်ပြီးနောက် ကိုယ်လုံးပေါ် မှန်ဗီရိုကြီးရှေ့မှာ အင်္ဂလိပ် သီချင်းတစ်ပုဒ် အလိုက်ကို လေချွန်ရင်း ခေါင်းဖြီးနေသည်။

"အင်း ... တကယ်ကတော့ ဒီတိုင်းသာ ဖြစ်လာရမှာပါလေ၊ တော်ပါလေသေးရဲ့"

တင်လှမောင်က ကိုကို့ကို နောက်မှ ကြည့်ရင်း စိတ်ထဲမှ မှတ်ချက်ချပြီး ပြုံးနေသည်။

## [ ၁၃ ]

'ရှေ့နှစ်ကျရင် ကိုကိုနဲ့ အဖော်ရအောင် စာမေးပွဲကို ကျွန်တော် ကြိုးစားပြီး ဖြေနေတယ်လို့ ပြောပြပါ ဖေဖေ'

တင်လှမောင်က အထုပ်အပိုး အသင့်ပြင်ကာ ခရီးထွက်လုဆဲဆဲ ဖြစ်သော ဖေဖေ့အား မှာကြားနေသည်။ ကိုကိုမှာ ရှေ့တစ်နှစ် နေလျှင် ဒီဂရီကို ရတော့မည်မို့ ကိုကို ပြန်မလာမီမှာ ကိုလံဘိုတက္ကသိုလ်သို့ မိမိ သွားရောက်နိုင်ရေးကို တင်လှမောင်က အမှန်ပင် စိတ်စောနေမိသည်။

တင်လှမောင်မှာ ယခုရက်ပိုင်းတွင် (၁၀) တန်း စာမေးပွဲကြီးကို ဖြေဆိုနေဆဲ ဖြစ်ပေ၏။ ကိုကိုလည်း မကြာမီ ပြန်လာတော့မည် ဖြစ်ပေသည်။ ဖေဖေက သားမပြန်မီမှာ ညီ ဘုန်းတော်ကြီးရှိရာ သီဟိုဠ်နှင့် ဗုဒ္ဓဂါယာ များတွင် ဘုရားဖူးလည်ပတ်ရန် လိုက်သွားပြီး သားနှင့် အတူမှ ပြန်လာခဲ့ရန် စီစဉ်ထားပေသည်။ မေမေကလည်း သီဟိုဠ် ကိုယ်တော်

အတွက် ဝယ်ထားသော ပိုးသကၤန်းတစ်စုံကို စာတိုက်မှ ပို့လှူသည်ထက် လက်ထိလက်ရောက် လှူဒါန်းရတာက ကောင်းပါသည်ဟု ပြောကာ ဖေဖေ သွားရန်ကို ထောက်ခံအားပေးလျက် ရှိလေသည်။

ဖေဖေ ခရီးထွက်သွားသော နောက်တစ်နေ့တွင် ခင်ခင်တို့ သားအမိ ဆိုက်ရောက်လာကြ၏။ တင်လှမောင်က အလည်လာတာ ဖြစ်မှာပဲ ဟု ခပ်ပေါ့ပေါ့ တွေးလေသည်။ သို့သော် ... ခင်ခင်တို့ သားအမိ ၂ ရက်မျှ နေပြီး၍ အပြန်တွင် မေမေပါ လိုက်သွားပြန်တော့ဖြင့် စိတ်ထဲမှာ အနည်းငယ် စနိုးစနောင့် ဖြစ်လာသည်။

သူ့အနေနှင့် ဒုတိယနှစ် ကိုကို ပြန်လာသည့် အချိန်အတွင်းမှာ သည်ကိစ္စအတွက် ပြီးပြီးပြတ်ပြတ် ဖြစ်သွားပြီ ထင်ခဲ့သည်။ ထိုအခါက ကိုကိုသည် အိတို့အိမ်သို့ နေ့ရှိတိုင်း သွားခဲ့သည်ကို မေမေက ကြည်ကြည် သာသာ ခွင့်လွှတ်ထားရုံမက ကိုကို ကျောင်းသို့ ပြန်သွားပြီး အိတို့ထံ စာအတန်တန် ရေးခဲ့သည်များကို တင်လှမောင်က သွားပို့ပေးတော့လည်း သိလျက်နှင့် ဘာသိဘာသာ နေခဲ့သည်။ ယခုသော် ... မေမေသည် ယခင် က လေသံမတိမ်းဘဲ နေခဲ့သော ခင်ခင်တို့နှင့် အဆက်အသွယ် ပြန်လည် သွက်လက်နေပြန်၏။ အကောင်းပေလား၊ အဆိုးပေလားတော့ မဆိုနိုင်။ သို့သော် လောလောဆယ် စာမေးပွဲ အရေးကြောင့် သည်ဘက်မှာ စိတ် မများနိုင်အားဘဲ စာဘက်တွင်သာ စိတ်ကို စူးစိုက်ထားလိုက်ရသည်။

တင်လှမောင်သည် စာမေးပွဲ ဝန်ထုပ်ကြီးကို ခေါင်းပေါ်မှ ချပြီး သည့် နေ့တွင် အပေါ်ထပ် ထမင်းစားခန်း၌ တစ်ယောက်တည်း စိတ်လက် ပေါ့ပါးစွာ ထမင်းစားနေ၏။ သည်ခါတုန်းမှာ ရွှေရွှေက သူ့စိတ်ကို အနှောင့်အယှက်ပြုမည့် စကားတစ်ခွန်းကို အဆက်အစပ် မရှိဘဲနှင့် လာ ပြောလိုက်သည်။

'အစ်ကိုလေးရေ ... ဘာတွေဖြစ်မယ်တော့ မသိဘူး၊ သမီးရှင် ဆိုပြီး ဒါလောက် ငမ်းငမ်းတက် အလောဆော်ရဲတာများ ရွှေရွှေတို့တော့ ဒီတစ်ခါ ပဲ တွေ့ဖူးပါသတော်။ ကိုကို ရှေ့တစ်နှစ် ကျောင်းဆက်နေမှ သူ့အတန်း ကုန်မှာဆို မဟုတ်လား၊ ဒါကို မစောင့်နိုင်ဘူးတဲ့လေ၊ လက်ထပ်ပြီးမှ ကျောင်းဆက်နေချင် နေပါစေတဲ့၊ မနေချင်ရင်လည်း နှစ်ဖက်မိဘ ပစ္စည်း တွေနဲ့ ထိုင်စားလောက်ပါတယ်။ သူ့သမီးလည်း လိုချင်သူတွေ ဝိုင်းဝိုင်း

လည်နေတော့ ဆိုင်းနေရင် ဖြစ်ပါမယ်လို့ အာမ မခံနိုင်ဘူးတဲ့။ ပြောပုံကိုက သမီးကို လေလံတင်နေတဲ့ အတိုင်းပဲ'

'ဒါကို မေမေက ဘာပြန်ပြောသလဲဟင်၊ ကိုကို စိတ်ဆင်းရဲအောင်တော့ လုပ်မယ် မထင်ပါဘူး'

'အဲဒါတော့ ရှေ့ရှေ့ သေသေချာချာ မသိဘူး အစ်ကိုလေးရဲ့၊ တစ်စွန်းတစ်စလောက် ကြားမိတာကို ပြောရတာ၊ ဒါပေမဲ့ အစ်မကြီးက သူ့စိတ်သဘောမတူရင် ဘာလို့များ ဟိုမြို့အရောက် လိုက်သွားရပြန်သလဲ ဆိုတာ အတွေးရ ခက်သားပဲ'

တင်လှမောင် ငိုင်သွားသည်။ သူ့အနေနှင့်တော့ ကိုကို စိတ်ဆင်းရဲမည်ကို စိုးရိမ်သည်။ အိကိုလည်း သနားမိသည်။ "အိနဲ့ အတူတူသာဆိုရင်လား ... စမူဆာထဲမှာ လိုက်နေရတောင် မဆလာစော် နံတယ် မပြောဘူး" ဟု တစ်ခါက ပြုံးပြုံးရယ်ရယ် ပြောခဲ့ဖူးသော စကားကလေးကိုလည်း ပြန်လည် ကြားယောင်မိသည်။ ကိုကိုမှာ သူ့ဘဝအတွက် အပြီးအပိုင် ဆုံးဖြတ်ချက် ချပြီးဟန် တူသည်။ ကိုကိုသာ မိဘစကားကို အဟုတ်တကယ် ပယ်ရှားမည် ဆိုလျှင်၊ အိတို့၏ သုံးပင်အိမ် ယိုင်နွဲ့နွဲ့ကလေးမှာ တကယ်ပင် သွားရောက် နေထိုင်ရတော့မည့် အခြေအနေမျိုးပင်လော၊ သားချစ်အပေါ်မှာ မေမေတို့ ဤမျှတော့ ရက်စက်နိုင်မည် မထင်ပါချေ။

သို့ရာတွင် သည်ပြဿနာအတွက် တင်လှမောင် ကြာရှည်ကြာများ ခေါင်းမရှုပ်ရပါ။ ညနေပိုင်းမှာ မေမေ ပြန်ရောက်လာသည်။ ရောက်ပြီး၍ တစ်ခဏမျှ အမောအပန်းဖြေ၊ အဝတ်များ လဲလှယ်ပြီးသည်နောက်တွင် အောက်ထပ်အခန်းသို့ ဆင်းလာ၏။

'ဘယ့်နှယ်လဲ၊ စာမေးပွဲ ဖြေနိုင်ရဲ့လားဟေ့'

'အားလုံး ဖြေနိုင်ပါတယ် မေမေ၊ အောင်ပါလိမ့်မယ်'

'အေး အေး ... ကောင်းပါလေရဲ့၊ စာမေးပွဲအောင်ရင် မင်း ဘာအလုပ်လုပ်မယ် စိတ်ကူးသလဲ'

'ခင်ဗျာ ...'

တင်လှမောင်မှာ ပါးစပ်အဟောင်းသားနှင့် အကြီးအကျယ် အံ့အားသင့်သွားသည်။ မေမေ့ထံမှ သည်မေးခွန်းမျိုး မေးလာလိမ့်မည်ဟု သူ တစ်ခါမျှ မထင်စားဖူးခဲ့ပေ။ သူ့အဖြစ်သူ ဝမ်းနည်းစိတ်ဖြင့်လည်း တုန်ခါ

၍ သွားရသည်။ သူ့အနေနှင့် ကိုကို့လိုပင် ကိုလံဘိုတက္ကသိုလ်သို့ သွားရလိမ့်မည် ဟူ၍သာ မှန်းဆခဲ့မိသည်။

သို့သော် မေမေ့ မေးခွန်းက သူ့အခြေအနေကို တိုက်ရိုက်ကြီး ဖော်ပြနေပေပြီ။ ရှက်လှပါသည်၊ ရှက်စရာ ကောင်းလှပါသည်။ သူသည် ကိုကို့ကို တုပရန် မလိုသော "မွေးစားသား" လူဝင်စား ကပ်ပါး တစ်ယောက်သာပါတကား။ အားငယ်ညှိုးလျှသော စိတ်ဖြင့် ရင်ထဲမှာ နင့်နင့်ကြီး နာပြီး ဆွေးသွားသည်။

'ဒါတော့ မင်း လုပ်ချင်ရာ လုပ်ပေါ့လေ၊ စာရေး တစ်နေရာလောက်တော့ မခဲယဉ်းတန်ပါဘူး'

မေမေက တင်လှမောင်၏ အဖြစ်ကို နည်းနည်းကလေးမှ မရိပ်စားမိသလို ဆက်ပြောနေသည်။

'ဒါထက် သားဆီက ဟိုကောင်မအတွက် စာလာသေးသလား'

တင်လှမောင်က ခေါင်းယမ်းပြလိုက်သည်။

'ဒီကောင်မမှာ ဘာများ မက်စရာ ရှိလို့လဲ၊ ရုပ်ကလေးကတော့ အတော်အသင့် ရှိပါရဲ့၊ ဒါပေမဲ့ ခင်ခင်က သူ့ထက် ပိုမလှဘူးလား'

တင်လှမောင် စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွား၏။ မေမေသည် တစ်ဖက်သားကို ချိုးနှိမ်လွန်းနေပြီ ထင်သည်။

'တစ်မျိုးစီတော့ လှကြတာပါပဲ၊ ဒါပေမဲ့ အိက ပိုပြီး ဣန္ဒြေရှိတယ်၊ ယဉ်တယ်'

မေမေက ခပ်ဟက်ဟက်ပင် ရယ်ပစ်လိုက်သည်။

'အေး–ဟုတ်ပြီ၊ မင်းတို့ နှစ်ယောက်လုံး ဒီကောင်မ ပိုက်ကွန်ထဲမှာ ငြိနေကြတာပဲ။ ဒါကြောင့် ငါ မြို့ထဲက ကြားခဲ့တာ၊ ဒီကောင်မဟာ အကြီးရော အငယ်ရော ရရာကို ချိုင်နေတာပဲ တဲ့'

'ဒါတော့ မေမေ မှားပြီ၊ ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူး၊ ကိုကိုနဲ့သာ ဖြစ်နေတာ၊ ကျွန်တော်က အိထက်လည်း ၂ နှစ် ငယ်သေးတယ်'

'ငယ်တာ ကြီးတာဟာတော့ အကြောင်းဟုတ်မယ် မထင်ပါဘူး၊ ဒါပေမဲ့ အကြီးကောင်ကို ချိုင်လို့ ရနေမှတော့ မင်းကို ခပ်ဖယ်ဖယ် ထားတော့မှာပေါ့၊ ပစ္စည်းအတွက်လည်း အကြီးကောင်က ပိုပြီး စိတ်ချရတယ် မဟုတ်လား'

တင်လှမောင်မှာ မခံချိ မခံသာနှင့် ပြောချင်သော စကားလုံးတွေ ရင်နှင့် မဆံ့သလောက် ဖြစ်လာသည်။ မေမေ့ စကားလုံးတွေက သူ့ အသည်းကို အပ်သွား မြမြနှင့် ဆွ ပေးနေသလို ရှိလှသည်။

'ဒီစကားကို ကိုကိုသာ ကြားရရင် ရင်ကွဲမတတ် နာကြည်းမိမှာပဲ၊ ကျွန်တော် သိရသလောက်ဆိုရင် အိပ်ဟာ ဘာပစ္စည်းမှ မမက်ဘူး၊ မေမေတို့ စည်းစိမ်ကို သူက စိတ်ကူးထဲတောင် မထည့်တဲ့အပြင် ကိုကို့ကိုတောင် အဆင်းရဲ ခံနိုင်ပါ့မလားလို့ မေးပြီးမှ အချစ်ကို လက်ခံတာ'

'ဩော်–ဩော်– နလပိန်းတုံး နှစ်ကောင်က ဒီစကားကို ဟုတ်လှပြီ ထင်ပြီး လေးစားကြပေသပေါ့၊ ဟင်း ... ဟင်း ... ဒီစကားလောက် မာနသံ ပါတာ ရှိသေးသလားဟေ၊ အဲဒါမှ ပစ္စည်းအားလုံးသာ မကဘဲ လူကိုပါ ကြိုကြိုတင်တင် ဖိနပ်လုပ်ထားတာဟဲ့ ... သိရဲ့လား။ တကယ်ဆိုရင် ဒင်းတို့လို အစားမျိုးက မိဘနဲ့ တည့်အောင် ပေါင်းပါ့မယ်၊ ထားရာက နေပါ့မယ် ဆိုတဲ့ စကားမျိုးကို ကိုယ်နဲ့ တန်သလိုသုံးရင် သနားရဦးမယ်၊ အခုတော့ လူကို အမိဖမ်းပြီး ဖိနပ်လုပ်ထားနိုင်ရင် ရှိတဲ့ပစ္စည်း အားလုံးဟာ သပိတ်ဝင် အိတ်ဝင်ပဲ ဆိုပြီး အကွက်ဆင်ထားတာပေါ့၊ ဒါကို ငနဲသား နှစ်ကောင်က ကိုယ့်ကိုယ် နင်းပြားဖြစ်လို့မှ ဖြစ်မှန်း မသိတာကို ငါ ရင်နာ လိုက်တာ တင်လှမောင်ရယ်၊ ဖြစ်ရလေခြင်း ဟဲ့'

မေမေက ရင်ဘတ်ကို လက်နှင့် ဖိပြီး ဒေါနှင့်မောနှင့် ဖြစ်လာသည်။ တင်လှမောင် အနေနှင့်လည်း အိမ်မှာ မာနရှိကြောင်းကို သိသည်။ သို့သော် သူ သိသော မာနမှာ အလွတ်မဲ့ ထောင်လွှားသော မာနမျိုး မဟုတ်၊ သူ၏မေတ္တာကို ဆတ်ဆတ်ထိ မခံနိုင်အောင် အမွှမ်းတင်လိုသော မာနမျိုးသာ ဖြစ်သည်။ ယခုတော့ မေမေသည် အိအား ပစ္စည်းနှင့် ပတ်သက်ကာ အထင်အမြင် လွဲမှားလျက် ရှိပေပြီ။

'မေမေ ဘာပြောပြော ကျွန်တော်နဲ့တော့ မဆိုင်ပါဘူး၊ ကိုကို လာမှပဲ မေမေ ပြောချင်တာကို ပြောပေါ့'ဟု တင်လှမောင်က သူ မကြားလိုသော စကားများကို ပိတ်ပစ်လိုက်သည်။

'မင်းနဲ့ ဆိုင်တာလည်း ပြောစရာ ရှိပါသေးတယ်၊ ဟိုကောင်မဟာ သားကိုတော့ မျှော်လင့်စရာ မရှိတော့ဘူး၊ နောက် (၁၅) ရက်လောက် ကြာရင် သား ပြန်လာမယ်၊ ပြန်လာပြီး (၁၀) ရက် အတွင်းမှာ ခင်ခင်နဲ့

လက်ထပ်မယ်၊ နေ့ရက်ရွေးပြီး ဖိတ်စာရိုက်ဖို့တောင် စီစဉ်ပြီးနေပြီ။ အဲဒီတော့ မင်းက မဟုတ်ပါဘူးလို့ ငြင်းနေတဲ့ ဒီကောင်မဟာ မင်းဘက်ကို လှည့်မချိုင်ပါဘူး ဆိုရင် ငါ့ကို ဘာပြောပြောပေါ့၊ သူ့အဖို့မှာ အကြီး မရလို့ အငယ် ရလည်း အမြတ်ချည်းပဲ မဟုတ်လား'

စကားစကို ပိတ်ပစ်လိုက်မှပင် မေမေက တင်လှမောင် နားနှင့်မဆံ့တော့သော စကားလုံးများကို တစ်လုံးပြီး တစ်လုံး ပစ်သွင်းလိုက်ကာ မထိတထိ ပြုံးနေသည်။

'တော်ပါတော့ မေမေ၊ အခု ပြောတာတွေဟာ တစ်ခုမှ ဖြစ်နိုင်တာတွေ မဟုတ်ပါဘူး'

'ဖြစ်နိုင်တယ် ဆိုရင်လည်း မင်းတို့ကို ငါ မကန့်ကွက်ပါဘူး။ ထိုက်သင့်သလောက်တော့ လက်ဖွဲ့လိုက်ဦးမှာပါ'

ယခုမှပင် မေမေက အောင်နိုင်သူ၏ မျက်နှာထားမျိုးနှင့် ပေါ့ပါးစွာ ထွက်ခွာသွားသည်။ တင်လှမောင်မှာ နောက်ကျိသော စိတ်နှလုံးဖြင့် အိပ်ရာထက်မှာ ပစ်လှဲချလိုက်လေ၏။

သူ၏ တစ်သက်တာမှာ သည်တစ်ခါလောက် ဝမ်းနည်း အားငယ်စရာ၊ ရှက်စရာကောင်းသည့် အဖြစ်မျိုး မရှိနိုင်တော့ပြီဟု ထင်သည်။ ကိုကိုနှင့် မထိုက်မတန်ဟု တစ်ဖက်သတ် စီရင်ချက် ချမှတ်ထားသည့် မိန်းကလေး တစ်ဦးကို မိမိနှင့်တော့ မကန့်ကွက်ပါဘူးဟု ဆိုသည်မှာ မိမိရော အိကိုပါ နှစ်ဦးလုံးအား အထင်သေးလွန်းစွာ ရှုတ်ချထားရက်ခြင်းပင် ဖြစ်သည်။ မေမေသည် မြေနိမ့်ရာမှာ လှံစိုက်ချင်လွန်းလှပါချေသည် တကား။

ဤအကြောင်းကို ကိုကိုနှင့် ဖေဖေအား တိုင်တည် ပြောပြချင်လှသည်။ သို့ရာတွင် ယခုနေမှာ ကိုကိုတို့သည် ဘယ်ဆီရောက်နေပြီဟု မသိ။ ကျောင်းပိတ်ခိုက်မို့ ကိုကိုက ဖေဖေ့အား ဘုရားဖူးရန်၊ လည်ပတ်ရန် ပို့ပေးနေပေလိမ့်မည်။ ယခုနေမှာ ကိုကို့ထံ စာရေး၍ပင် မရနိုင်ကြောင်းကို သိသောအခါ ပို၍ အားငယ်မိပြန်၏။ သို့နှင့် ထမင်းစားရန် ဒေါ်မြိုင် လာခေါ်သောအခါ ဟန်ဆောင်ပန်ဆောင် စားသည် ဆိုရုံမျှ စားလိုက်သည်။ နောက်တော့ အိပ်ရာထဲမှာသာ ဘယ်ပြန်ညာပြန် လူးလိမ့်ကာ စိတ်မောနေရလေ၏။

ဤအိမ်မှ ထွက်ပြေးသွားရလျှင် ကောင်းလေမည်လား ဟူ၍လည်း အကြိမ်ကြိမ် ကြံဆခဲ့မိသည်။ ဤတွင်မှ မိမိသည် ကိုယ့်ဘဝကို ရဲဝံ့စွာ ရင်ဆိုင်နိုင်သော အင်အားမရှိသေးကြောင်းကိုလည်း သိရှိလာရသည်။

မိဘစုံညီ လက်ထဲမှာ မသိပိုးဝါး နေလာရသည်က (၄) နှစ်။

ဖခင် တစ်ဦးတည်း၏ အုပ်ချုပ်မှုအောက်မှာ ကသိကအောက် ကြီးပြင်းလာရသည်က (၄) နှစ်။

မွေးစား မိဘများအား ကပ်ရပ်မှီခိုကာ နေထိုင်လာရသည်က (၁၀) နှစ်။

မည်သို့ဆိုစေ၊ အားလုံးပေါင်း (၁၈) နှစ်မျှသော သက်တမ်းဝယ် မိမိသည် တာဝန်မဲ့၊ ကြောင့်ကြမဲ့ နေထိုင်လာခဲ့ရ၏။ ယခု မိမိ ဘဝဝန်ကို မိမိ ထမ်းကာ လောကအလယ်သို့ တစ်ယောက်တည်း ထွက်ပါတော့မည် ဟု ကြံစည်မိသောအခါ စိတ်ကူးနှင့်ပင် အားငယ် ကြောက်ရွံ့လာလေသည်။

"ငါ စာမေးပွဲမှ အောင်ပါ့မလား၊ ဆယ်တန်းမှ မအောင်ရင်တော့ ခုခေတ်ကြီးမှာ အလုပ်ရဖို့ ခဲယဉ်းတယ်" ဟူသော အတွေးမှာလည်း ကြောက်စိတ်ကို ပိုမိုအားပေး လှုံ့ဆွလာပြန်သည်။ မိမိအဖြစ်ကို ဝမ်းနည်းလှသော စိတ်ဖြင့် မျက်ရည် စိမ့်စိုရပြန်လေ၏။

သည်လိုနှင့် ဤအိမ်မှ ထွက်သွားရန်ကို အကြိမ်ကြိမ် ကြံစည်လိုက်၊ အားလျော့ကာ အကြံပျက်သွားလိုက်နှင့် အချိန်ရှိသမျှ တွေး–ဆွေး–ငေးငိုင်ကာ အစားမမှန် အအိပ်မမှန် ဖြစ်ရင်းပင် ၂ ရက်တာမျှ ကုန်ဆုံးသွားသည်။ စိတ်ပန်းလျှင် ကိုယ်ကြေတတ်မြဲမို့ တစ်ခေါင်းလုံး လေးလံ ရီဝေပြီး မလှုပ် မရှားချင်လောက်အောင် နွမ်းနယ်နေသည်။

မေမေ့မှာတော့ သူ့အဖြစ်ကို ကြည့်ရှု အကဲခတ်နိုင်အားဟန်ပင် မတူ၊ အိမ်ရှေ့မှ တိုက်သစ်ကြီးသို့ သွားရောက်ကာ ပရိဘောဂ အသစ်များဖြင့် မွမ်းမံ ခြယ်သ နေရင်းသာ အချိန်ကုန်နေသည်။ ယနေ့လည်း မိုးလင်းတည်းကပင် စီတာရန်းကို ခေါ်ပြီး ထွက်သွားပြန်သည်။

"ဟုတ်တယ်၊ ကိုကိုဟာ သူဌေးသား ဆိုတော့ သူဌေးသမီးနဲ့သာ ရွှေပေါ်မြတင် လိုက်ဖက်တော့မပေါ့၊ ငါ့မှာသာ ကပ်ပါးကပ်မြှောင် မွေးစား သား ဆိုတော့ ...။ ကောင်းပါတယ်လေ၊ ကိုကိုတို့ မောင်နှံစုံက တိုက်အိမ်

သစ်ကြီးနဲ့ ပန်တင့်နေတဲ့ အချိန်မှာ အိကို ဝမ်းနည်းစရာ၊ အားငယ်စရာ မဖြစ်ရအောင် ငါ စောင့်ရှောက်ထားမယ်၊ တတ်နိုင်သမျှ ယုယထားမယ်၊ အိ သဘော ဘယ်လို ဆိုတာ တီးခေါက်ကြည့်ထားရင် အကောင်းဆုံးပဲ"

သည်အကြံကို ရတော့မှ တင်လှမောင်မှာ အနည်းငယ် သွက်လက်လာသည်။ သူသည် အဝတ်အစား အသင့်အတင့် လဲလိုက်ကာ အိတို့အိမ်သို့ ထွက်ခွာလာလေသည်။

'ဟော ... အမောင်၊ အထွန်းဆီက စာရသေးလား ဟင်'

သည်အသံကို ကြားရတော့ သူ့မှာ စိတ်မလုံသလို ဖြစ်သွားသည်။ ဩော် ... အိရဲ့ စိတ်ဓာတ်ကိုဖြင့် ဘယ်အချိန် ဘယ်အခါမှာ မဆို ကိုကို တစ်ယောက်ကသာ လွှမ်းမိုးပိုင်စိုးနေလေသည် ထင်ပါရဲ့။

'မရပါဘူး အိရယ်၊ ကိုကိုက ခု တော်တော်ကြာ ပြန်လာတော့မှာပဲ'

'အဟင်း ... သူပြန်လာရင် အိတို့အိမ်ကို အရင်ဝင်ဦးမှာပဲ၊ သိလား'

တင်လှမောင်မှာ ဘာကိုမျှ ပြန်ပြောနိုင်ခြင်း မရှိတော့ပေ။ ကိုကို မင်္ဂလာဆောင်ရန် ဖိတ်စာပင် ရိုက်နေပြီကို ပြောလိုက်ရ ကောင်းနိုး‌နိုး၊ သူ့အား မေမေက သွေးကွဲစကားပြောကာ အိနှင့် စွပ်စွဲပုံတွေကိုပဲ ပြောရအံ့ နိုးနိုးဖြင့် အစဉ်းစားလွန်ကာ ငေးငိုင်နေမိသည်။

'နေစမ်းပါဦး–အမောင် ဘာဖြစ်သလဲ၊ မျက်နှာတွေလည်း ချောင်လို့၊ နေမကောင်းဘူး ထင်တယ်၊ ဟုတ်လား'

'အမောင့် ရင်ထဲမှာ မကောင်းဘူး၊ တဒိတ်တဒိတ်နဲ့ ခုန်နေတယ်၊ ခေါင်းတွေလည်း အုံခဲနေသလိုပဲ အိရယ်'

'ဟုတ်လား ... မှန်စမ်း၊ ကိုယ်များ ပူသေးသလား၊ ဘာဆေးမှလည်း မလုပ်ဘူးလား၊ နေမကောင်းဘဲနဲ့များ နေပူကြီးထဲမှာ လျှောက်လာရသတဲ့လား အမောင်ရယ်၊ ဆေးလေး ဘာလေး သောက်ပြီး အိပ်ရာထဲမှာ ငြိမ်ငြိမ်လေး နေလိုက်ရင် ကောင်းသား'

အိက သူ့လက်ဝါးကလေးနှင့် တင်လှမောင်၏ နဖူးကို တယုတယ အုပ်ကိုင်ပြီး စမ်းသပ်လိုက်ရင်းနှင့် စိုးစိုးရိမ်ရိမ် ဖြစ်နေသည်။ အိ၏ နူးညံ့ နွေးထွေးသော လက်ဖမိုးကလေးဖြင့် တစ်ခဏတာမျှ ထိတွေ့လိုက်ရသော အချိန်မှာ တင်လှမောင် ရင်က ပိုမိုပြင်းထန်စွာ လှုပ်ရှားလာသည်။

"ခက်ပြီ ... ခက်ပြီ ... ငါ့စိတ် ငါ့သွေးတွေ ဘယ်လို ဖြစ်ကုန်ပါလိမ့်" ဟု စိတ်ထဲမှာ တိတ်တိတ်ခိုး ညည်းတွားမိရာက ပါးစပ်မှ ပြောမိပြောရာကို ဖွင့်ထုတ် ပြောမိလျက်သား ဖြစ်သွားသည်။

'အမောင်လေ ... သေလို့ရရင် သေပစ်လိုက်ချင်တယ်၊ သိပ် စိတ်ညစ် တာပဲ'

'အောင်မယ်လေးဟဲ့– အသည်းကြောင်လှချည်လား အမောင်ရယ်၊ ကလေးကလေး ကျနေတာပဲ၊ ဒါလောက်ကလေး နေမကောင်းတာများ ခု ပျောက်သွားမှာပေါ့၊ ခက်တာလားလို့။ အိ လုပ်ပေးမယ်၊ ရင်တုန်တာက သွေးဆေးကို သကြားနဲ့ သောက်ရတယ်၊ ခေါင်းကိုက်တာက ချွေးထုတ်ပစ်လိုက်ရတယ်၊ သိလား၊ အခု ချွေးထုတ်လိုက်ပေါ့'

အိက ပြောပြောဆိုဆို အိမ်ရှေ့ ခေါက်တံခါးကြီး တစ်ပေါက်နှင့် ပြတင်းပေါက်များကို သွားပိတ်လိုက်သည်။ ပြီးတော့ တံခါးပိတ်ထားသော ခေါင်းရင်းခန်းမှာ သင်ဖြူးတစ်ချပ် ဆွဲခင်းပြီး စောင်၊ ခေါင်းအုံးများနှင့် အသင့်ပြင်ထားသည်။

'ရော့–ဒီဆေးသောက်ပြီး ရေနွေးပူပူလေး တစ်ခွက်ကို မှုတ်သောက်လိုက်'

အိက ငန်းဆေးတစ်ခွက်ကို ရေခပ်နွေးနွေးနှင့် ဖျော်ပေးပြီး အငွေ့ထောင်းထောင်း ထ နေသည့် ရေနွေးပူပူကြီးကို ကော်ဖီပန်းကန်လုံးထဲမှာ ထည့်ပေးပြန်သည်။ တင်လှမောင် ဘာမျှပြန်ပြောရန် မတတ်သာတော့ဘဲ ဆေးနှင့် ရေနွေးခွက်ကို လှမ်းယူကာ ရှုံ့ရှုံ့မဲ့မဲ့ သောက်ချလိုက်ရသည်။

'ကဲ ... အဲဒီမှာ လှဲအိပ်ပေတော့'

အိက သည်လို အမိန့်ပေးပြန်တော့လည်း စောစောက ပြင်ပေးထားသော သင်ဖြူးပေါ်မှာ မဖီမဆန်ပင် လှဲချလိုက်သည်။ 'တော်တော် နေလို့ ချွေးထွက်လာရင် ခေါင်းကိုက်ပျောက်သွားမှာပဲ' ဟု ပြောရင်းနှင့် အိက ဂွမ်းစောင် တစ်ထည်ကို ခြေဖျား ခေါင်းဖျား လုံအောင် သပ်ရပ်စွာ လွှမ်းခြုံပေး၏။ ပြီးတော့ သူနှင့် မနီးမဝေးမှာ သွားပြီး ကြယ်သီးတံ တပ်နေတော့လေသည်။

'ဘယ့်နှယ်လဲ ... ချွေးထွက်ရဲ့လား အမောင်' ဟု အတော်ကြီးကြာသွားမှ အိက လှမ်းမေးသည်။

'ချွေးလည်း ထွက်တယ်၊ မွန်းလည်း မွန်းတယ်'

'အို-အို-မထနဲ့ဦးလေ အမောင်ရဲ့၊ ချွေးငုပ်သွားရင် ဖျားတတ်တယ်၊ ဘာအောက်မေ့လို့လဲ၊ မျက်နှာလေးတင် ဖော်ပြီး ခဏကလေး ချွေးပြန်နှပ်ထားဦး'

စောင်ကိုဖယ်ပြီး ထရန်ပြင်နေသော တင်လှမောင်က အိပြောသလို မျက်နှာလေးတင် ဖော်ပြီး လှဲနေရပြန်သည်။

'ရင်ခုန်တာရော ဘယ်လိုနေသေးလဲ'

'ခုန်သေးတာပဲ'

'နေဦး၊ ဒါလောက်တောင် ခုန်ချင်နေတဲ့ ရင်တော့-ကဲ ... ကဲ'

အိက ဆိုးဆိုးဆတ်ဆတ်နှင့် ထ လာပြီး တင်လှမောင် ရင်ဘတ်ပေါ်မှာ လက်ဝါးလေး နှစ်ဖက်ကို ထပ်လျက်သား ခပ်ဖိဖိ တင်ပေးထားသည်။ အိထံမှ သနပ်ခါး၊ ပေါင်ဒါ နံ့ကလေးများမှာ သူ့နှာဝတွင် သင်းနေလေ၏။

"အိဟာ ငါ့ကိုလည်း ဂရုအစိုက်သားပါ၊ ကိုကိုနဲ့သာ အဆင်မပြေတော့ဘူး ဆိုရင် အိကို မညှိုးငယ်ရရအောင်၊ ဝမ်းမနည်းရအောင် ငါ ဖြေသိမ့်ပေးမယ်။ အိဟာ ငါ့အပေါ်မှာ ကျေနပ်နိုင်မှာပါပဲ" ဟု တင်လှမောင်၏ သူခိုးစိတ်က ထ ကြွ လာပြန်သည်။

'အဲ-အဲ-ခုနေတော့ သက်သာသလိုလိုပဲ'

တင်လှမောင်က သူ့လက်ကို စောင်ထဲမှ ထုတ်ပြီး အိ လက်ကလေးနှစ်ဖက်ပေါ်မှာ အုပ်ကိုင်ထားလိုက်သည်။ အိကလည်း ဣန္ဒြေ နည်းနည်းမျှ မပျက်၊ ရှန်းကန်ရွေ့လျားခြင်း မပြုဘဲ ငြိမ်နေသည်။

'အခုနေမှာ မေမေတို့က ကိုကို့ကို မိန်းမပေးစားမယ် ဆိုရင် ဘယ့်နှယ် လုပ်ဦးမလဲဟင် ... အိ'

'အံမာ ... အထွန်းက ခံနေမလား၊ အိတို့ အိမ်ကို ပြေးလာမှာပေါ့ အမောင်ရာ့'

'တကယ်လို့ ကိုကိုက မိဘ စီမံသလိုပဲ နေမယ်၊ မလာဘူး ဆိုရင်ကော'

'ဒီလိုဆိုရင် အသည်းကွဲပြီး သေတဲ့ မသာကို အမောင်တို့ မြင်ဖူးရမှာပေါ့'

'ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူးဗျာ၊ အိကို အသည်းမကွဲရအောင် အမောင် ကူညီနိုင်ပါသေးတယ်'

'ဒီလိုဆိုရင်လည်း အားကိုးပါရစေ ဖူးစာရေး နတ်မင်းရယ်'

တင်လှမောင်က သူ့အဓိပ္ပာယ်နှင့်သူ ပြောသည်ကို အိက အဓိပ္ပာယ်တစ်မျိုး ကောက်ကာ တခစ်ခစ်ရယ်ပြီး ရင်ဘတ်ကို ဖိတွန်းပစ်လိုက်သည်။

'အလာ လာ အရမ်းလုပ်တာပဲ' ဟု တင်လှမောင်က ရှုံ့မဲ့သွားသည်။

'ကဲ ... ထ၊ သွေးဆေးနဲ့ သကြားနဲ့ သောက်ပြီး ပြန်ပေတော့'

'အမယ်ဗျာ– ဆရာမဆိုတာ လူနာကို နှင်ပစ်ရတဲ့ ထုံးစံမရှိပါဘူး'

'၄ နာရီထိုးတော့မယ် အမောင်ရာ၊ တော်တော်ကြာ ဖေဖေ ပြန်လာတော့မှာ'

အိက ပကတိ တည်ကြည်ရင့်ကျက်စွာ ပြောပြန်တော့လည်း တင်လှမောင်မှာ ဆင်ခြေမပေးသာတော့ဘဲ သကြား ရောပေးသည့် သွေးဆေးတစ်ခွက်ကို သောက်ကာ နှုတ်ဆက်ပြီး ပြန်ခဲ့ရလေ၏။ အိမ်အပြန်မှာ လာစဉ်ကနှင့် မတူဘဲ ရင်ထဲမှာ နှစ်သိမ့်မှုတစ်ခု ပါရှိလာကာ အတော်ကလေး ပေါ့ပါး သွက်လက် လာသည်ကိုတော့ တင်လှမောင် သတိပြုမိသည်။ အိ၏ လှုပ်ရှားပုံ အမူအရာ၊ အထိအတွေ့ကလေးများသည် တစ်မူထူးခြားသလို ဖြစ်ကာ သူ့စိတ်ကို ဖမ်းစားခဲ့မိပြီ တကား။

တင်လှမောင် အိမ်ဝင်းထဲသို့ ဝင်လာမိသောအခါ အိမ်အပေါ်ထပ်ပြတင်းမှာ ရပ်နေသော မေမေက ငုံ့ကြည့်ပြီး ပြုံးနေသည်။ 'နောက်ပြီးတော့ အိမ်ပေါ်ကို လာခဲ့ဦးဟေ့' ဟူ၍လည်း လှမ်းအော်ပြောလိုက်သည်။ တင်လှမောင်က မေမေ ခေါ်သည်ကို စိတ်ပါခြင်း မရှိဘဲနှင့်ပင် သွားရောက်တွေ့ဆုံရလေ၏။

'ဘယ့်နှယ်လဲ၊ နင် ဟိုအိမ်က ပြန်လာတာ မဟုတ်လား၊ နင့်ကိုကို သတင်းကော ပြောခဲ့သေးသလား'

'ပြောတော့ကော စိတ်ပျက်မယ် ထင်လို့လား မေမေ၊ အိအနေနဲ့က ကိုကိုဟာ ဂုဏ်တို့ ငွေတို့ကိုသာ စွန့်ချင်စွန့်မယ်၊ သူ့ကို မစွန့်ပစ်နိုင်ဘူးလို့ ယုံကြည်ပြီးသား ဖြစ်နေတာ။ ကိုကိုကကော ဒီအတိုင်း မဖြစ်နိုင်ဘူးလို့ မေမေ ပြောနိုင်ပါ့မလား'

တင်လှမောင်မှာ အိနှင့် တွေ့ခဲ့စဉ်က စိတ်ထဲတွင် အတော်လှုပ်ရှားကာ ဟိုဟိုသည်သည် စိတ်ကစားခဲ့မိသည့်တိုင် မေမေ့ အတွက်ကိုမူ မေမေ စိတ်တိုင်းကျ ဖြေလင့်ချက်မျိုးကို မပေးလိုသေးပေ။

မေမေကလည်း တင်လှမောင် စကားကို ကြားရသောအခါ ခပ်တွေတွေနှင့် ငေးငိုင်သွားသည်။ ခဏနေမှ စဉ်းစဉ်းစားစား အမူအရာမျိုးဖြင့် ခပ်ဖြည်းဖြည်း ပြန်ပြောလိုက်သည်။

'နင်ရော– နင့်အစ်ကိုရောဟာ ငယ်ကြပါသေးတယ် တင်လှမောင်၊ လူကြီးတွေကို ခြေရာတိုင်းပြီး ထင်ရာစိုင်းချင်လို့ မဖြစ်နိုင်သေးဘူး၊ တို့ဟာ သားကို ဘယ့်လောက် အလိုလိုက်ခဲ့သလဲ … နင်အသိပါ၊ ဒါပေမဲ့ အိမ်ထောင်ရေး ဆိုတာကတော့ ဘဝတစ်ခုလုံး ပုံအပ်ရမယ့်အရေး၊ ဒီအရေးမှာ သူထင်သလိုလုပ်တိုင်း မိဘတွေက ကြည့်နေလို့ ဖြစ်ဦးမလား၊ ကောင်းရာကောင်းကြောင်းကိုမှ ညွှန်ပြမပေးဘူး၊ ထိန်းသိမ်းမထားဘူးဆိုရင် ပတ်ဝန်းကျင်ကလည်း အလိုလိုက်လွန်းလို့ အမိုက်စော်ကားသွားတယ် ပြောကြမှာပဲ၊ ငါတို့လို မိဘကို မဆိုထားနဲ့တော့၊ နင့်သဘောကိုပဲ ပြောပြစမ်းပါဦး၊ နင့်ကိုကို ဆင်းရဲတာကို နင် ကြည့်ရက်နိုင်သလားလို့–ဟင်'

'ဒါကတော့ မေမေတို့ သဘောတစ်ခု နေမှာပါ၊ ကိုယ့်မှာ ချမ်းသာတဲ့ နောက်တော့ ဘယ်လိုလုပ် ဆင်းရဲနိုင်ဦးမှာလဲ၊ ဆင်းရဲသူကတောင် ရွှေပင်နားတော့ ရွှေကျေး ဖြစ်လာရဦးမှာ မဟုတ်လား'

'ငှက်ပျောသီး အခွံနွှာစားသလို မပြောစမ်းနဲ့ တင်လှမောင်၊ ပစ္စည်းရော သားရော ပုံအပ်ရမဲ့အရေးမှာ တို့စိတ်ကြိုက်ကိုတော့ မရွေးချယ်ရတော့ဘူးလား။ နင်တို့ ရွှေကျေးက မာန်စောင် ထက်လွန်းလို့ မိဘတွေကို ပါ နှုတ်သီးနဲ့ ထိုးဆိတ်ပစ်မှာကိုကော နင်တို့ သိတတ်ရဲ့လား၊ နင့်ကိုကိုသာ ဒါကို စဉ်းစားတတ်၊ မြော်မြင်တတ်ရင် မိဘနဲ့ အဆင်ပြေအောင် ကြိုးစားပါ၊ မိဘ ချစ်အောင် အောက်ချ ပေါင်းတန် ပေါင်းပါလို့သာ ပြောဖို့မို့လား။ ခုတော့ မိဘ လက်နဲ့ရေးတာကို ခြေနဲ့ဖျက်ပြီး ဆင်းသွားဖို့လောက် ကြံနေတော့ အင်မတန် ချစ်လွန်းတဲ့ သားမို့သာ မပြောရက် မဆိုရက် သည်းခံနေရတာ၊ ငါ့ရင်ထဲမှာ ဘယ်လောက် အောင့်တယ် မှတ်သလဲ'

ဤနေရာတွင်တော့ တင်လှမောင် အနည်းငယ် ငိုင်ကျသွားသည်။ အရင်တစ်ခေါက် ကိုကို ပြန်လာစဉ်က စိတ်ကောက်ပြီး ထမင်းမစားဘဲ

နေသောအခါ မေမေရာ ဖေဖေပါ စိတ်ပူပင်စွာ ချော့မော့ပြီး စားစေကြသည်ကို ပြန်တွေးမိသည်။ ကိုကိုက မေမေတို့ သူ့ကို မချစ်ပါဘူး ဆိုသည်မှာ မဖြစ်နိုင်၊ ချစ်လွန်း၍ ကောင်းရာ ကောင်းကြောင်း ထိန်းသိမ်း လုပ်ကိုင်ပေးရပါသည် ဆိုသော မေမေ့စကားမှာ မှားနိုင်စရာ မရှိပေ။ မေမေက တင်လှမောင်၏ အမူအရာကို အကဲခတ်ရင်းမှ လည်ပတ်ပါးနပ်စွာ ဆက်ပြောပြန်သည်။

'ထိုက်ထိုက်တန်တန် မိန်းမမျိုးကို ထိုက်ထိုက်တန်တန် လက်ဖွဲ့တင်တောင်းပေးဖို့ ဝန်မလေးပေတဲ့ လူလုံးချည်း ရှိတဲ့အပေါ်မှာ မာနတံခွန် ထူထားတဲ့ မိန်းကလေးမျိုးကို တို့က မထိုက်မတန် လက်ဖွဲ့နိုင်၊ တင်တောင်းနိုင်ပါ့မလား ဆိုတာလည်း စဉ်းစားကြည့်လေ။ အခု ခင်ခင်ဆိုရင် စိန်တစ်ဆင်ဆာနဲ့ ငွေငါးသောင်း ပါမယ်၊ ရုပ်ဆိုလည်း အပြစ်ဆိုစရာ မရှိဘူး၊ ပညာလည်း ဆယ်တန်းအောင်ပြီးသား၊ ဒီပြင်သတင်းလည်း ငါ စုံစမ်းပြီးပြီ၊ သူ့ကို ကြိုက်တဲ့လူသာ ဝိုင်းဝိုင်းလည်နေတာ၊ သူက ပြန်ကြိုက်ပြီး ရည်းစားမထားခဲ့ဖူးဘူး၊ အခု မိဘက သားနဲ့ ပေးစားမယ် ဆိုတော့လည်း မိဘစကားကို နားထောင်ပြီး နာခံရှာတယ်၊ အမှန်ပြောရရင် သားထက်တောင် အလိမ္မာ ပိုနေသေး မဟုတ်လား။

'ငါကလည်း အင်မတန် ရှင်းရှင်းပြတ်ပြတ် လုပ်တတ်တဲ့ မိန်းမစားမျိုး တင်လှမောင်၊ သားတစ်ယောက်ရယ်လို့ ရှိတဲ့ပစ္စည်း အကုန်ပုံထည့်ပြီး သားနဲ့ ချွေးမ လက်ဝေစာနဲ့ ပြန်စားနေနိုင်မဲ့ အစားမဟုတ်ဘူး။ အဲဒီတော့ သားအတွက် အိမ်ရှေ့က တိုက်ကြီးနဲ့ ငွေတစ်သိန်းဆိုရင် တော်ပြီ၊ ခင်ခင့်ဟို လက်ဝတ်လက်စားလည်း ဆင်ပေးစရာ မလိုဘူး၊ သူ့ဟာနဲ့သူ ပြည့်စုံပြီးသား၊ အဲဒီတော့ ခင်ခင့် ပါတဲ့ငွေနဲ့ သားငွေနဲ့ ပေါင်းပြီး အရင်းအနှီး ကောင်းကောင်းနဲ့ ကုန်သည်လုပ်ချင် လုပ်နိုင်တယ်၊ စက်မှုလက်မှု ထူထောင်နိုင်တယ်၊ သူ့ပညာ သူ ဆက်သင်ပြီး လခစား လုပ်ချင်သပဆိုလည်း လုပ်နိုင်တယ်၊ ဘာမှ ပူစရာ မလိုတော့ဘူး။

'အေး–မိဘက ဒါလောက် အမြော်အမြင် ကောင်းကောင်းနဲ့ လုပ်တဲ့ အလုပ်ကိုမှ သူ မနာယူနိုင်ပါဘူး ဆိုရင်တော့ ကျောကော့ပြီး ဆင်းပစေ၊ ဘာပစ္စည်း တစ်ပြားတစ်ချပ်မှ ပေးလိမ့်မယ် မထင်လေနဲ့တော့ပေါ့။

'ငါတို့သေရင် အမွေဆက်ခံနိုင်ဦးမယ် ထင်ရင်လည်း မှားမှာပဲ၊ ငါ့

ပစ္စည်းကို အကျိုးမရှိရာမှာတော့ မသုံးနိုင်ဘူး၊ မသေခင် စားလောက် နေလောက်ရုံ ချန်ပြီး အကုန်ကို လှူပစ်မယ်၊ အဲဒီအတိုင်း ငါ သန္နိဋ္ဌာန်ချပြီးသားပဲ'

မေမေက လေလျှောက်ကြီးနှင့် ပြောနေသော်လည်း တင်လှမောင်က ငိုင်မြဲ ငိုင်နေသည်။ မေမေကပင် တင်လှမောင်၏ အရိပ်အခြည်ကို ကြည့်ပြီး ဆက်လိုက်ပြန်၏။

'သားပြန်လာလို့ သူထင်သလို မအုပ်နိုင် မထိန်းနိုင် ဖြစ်ကုန်ရရင် ကောင်းတော့ မကောင်းဘူးပေါ့၊ အားလုံး အစီအစဉ်တွေလည်း ပျက်ကုန်မှာပဲ၊ အဲဒီတော့ ကြိုတင် ဖြေရှင်းထားနိုင်တဲ့ နည်းလမ်းတစ်လမ်းတော့ ငါ တွေးမိထားပါတယ်၊ တကယ်လို့ သူစွဲလမ်းနေတဲ့ ကောင်မသာ သူ့အရင် လင်ယူသွားမယ် ဆိုရင်ဖြင့် ...'

'ဒါကလည်း လောကမှာ မဖြစ်နိုင်ဆုံး အလုပ်တစ်ခုပါပဲ' ဟု ငြိမ်နေသော တင်လှမောင်က ဝင်ဖောက်လိုက်သည်။

'ဘာပြုလို့ မဖြစ်နိုင်ရမှာလဲ၊ လူစွမ်းကောင်း တစ်ယောက်ပဲ လိုပါတယ်၊ သူဟာ သူ့အစ်ကိုရဲ့ ဘဝကို တင့်တယ်စေလိုတဲ့ စေတနာမျိုးလည်း ရှိမယ်၊ လူကြီးမိဘ အစီအမံကိုလည်း နာခံမယ်ဆိုရင် သူ့အတွက်လည်း ထိုက်သင့်သလောက် အကျိုးခံစားရဦးမှာပါ'

'ဩော် ... ဒီအမှုမှာ ဓားစုတ်ရာ လက်ဝင်လျှိုရမဲ့ လူက ကျွန်တော် ဆိုပါတော့'

'ဓားစုတ်ရာ လက်ဝင်လျှိုရတဲ့ သဘောမျိုး မဟုတ်ပါဘူး၊ မုတ်ဆိတ်ကို ပျားစွဲတဲ့ သဘောမျိုးပါ၊ ငါဟာ စကားကို အင်မတန် ရှင်းရှင်း ပြောတတ်တယ်၊ နင်နဲ့ ပတ်သက်လို့ ငါ့မှာ ဘာတာဝန်မှ မရှိတော့ဘူး၊ နင့်အဖေဆီမှာ ကတိပေးလိုက်တဲ့အတိုင်း တစ်ဝမ်းတစ်ခါးအတွက် မျှတနိုင်တဲ့ ပညာကို ငါတို့ သင်ပေးပြီးပြီ၊ အခု ငါဖြစ်စေချင်တဲ့ မိန်းမနဲ့ ယူလိုက်မယ် ဆိုရင် နင်တို့ ရင်းနှီးစားနိုင်ဖို့ ငွေနှစ်သောင်း ပေးလိုက်ဦးမယ်၊ အဲဒီတော့ နင်တို့လည်း လူတစ်လုံးသူတစ်လုံး ဖြစ်နိုင်တယ်၊ သားဘဝလည်း တင့်တယ်သွားမယ်၊ လူကြီးတွေ အစီအမံလည်း မပျက်ရဘူးပေါ့'

'ဒီလိုဖြစ်နိုင်ဖို့ကရော ငှက်ပျောသီး အခွံနွှာစားသလို လွယ်တယ် မှတ်လို့လား ... မေမေက'

'မလွယ်ပေမဲ့ မခဲယဉ်းတန်ဘူးလို့ပဲ ငါထင်ပါတယ်၊ မင်းတို့ အထင်

ကြီးလွန်းနေတဲ့ ဒီကောင်မဟာ သားကို လက်လွှတ်ရမယ်လို့သာ သေချာရင် မင်းအတွက် မဆွတ်ခင်က ညွှတ်ချင်နေမှာပါ'

'ကိုကိုကကော လွယ်လွယ်ကူကူ လက်လွှတ်မှာလား၊ ကျွန်တော့်ကို သတ်ပစ်ချင်အောင် မုန်းသွားတော့မှာပေါ့'

'အတွေးမခေါင်စမ်းပါနဲ့၊ ငါတစ်ယောက်လုံး ရှိပါသေးတယ်၊ သား မပြန်မီ အတွင်းမှာသာ ဖြစ်မြောက်အောင် ကြိုးစားနိုင်မယ် ဆိုရင် ကိစ္စအားလုံးအတွက် ငါ တာဝန်ယူမယ်ပေါ့၊ နင်တို့အတွက် ငွေ ၂ သောင်း ပေးလိုက်မယ် ဆိုတာလည်း ငါ ကတိ ထပ်ပေးနိုင်ပါတယ်'

'စဉ်းစားဖို့တော့ အများကြီး လိုနေသေးတာပဲ'

'စဉ်းစားလေ ... လူကြီးတွေ စိတ်ချမ်းသာ ကျေနပ်ပြီး ညီအစ်ကိုနှစ်ယောက်စလုံး ကိုယ့်အိုး အိမ်ထောင် ကိုယ်စီနဲ့ အထိုက်အလျောက် သင့်သင့် မြတ်မြတ် တင့်တင့်တယ်တယ် နေချင်သလား၊ လူကြီးတွေ တစ်သက်လုံး မျက်နှာပျက် အရှက်ရအောင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပြီး ပြာပုံဝပ်ချင်ကြသလား ဆိုတာကို။ အေး ... ပြီးတော့ နင် အခုလို ဝတ်စားနေထိုင်မှုအားလုံးအတွက် မကြောင့်မကြ ဖြစ်နေရတာဟာ ဘယ်သူ့ကျေးဇူးကြောင့် ဆိုတာလည်း ထည့်တွေးဦးပေါ့'

'ခေါင်းရှုပ်စရာတော့ တော်တော်ကောင်းနေတာပဲ၊ ကျွန်တော့်ဘာသာ လွတ်လွတ်လပ်လပ် တွေးကြည့်ဦးမယ်လေ'

'ကောင်းပြီလေ၊ အားလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ဖို့ကို သဘောပေါက်နိုင်ပါစေလို့ ဆုတောင်းပါတယ်'

## [၁၄]

'အမောင် ... မျှော်လိုက်ရတာ အမောင်ရယ်၊ အခုမှ လာရသလား ဟင်'

အိသည် တင်လှမောင်ကို မြင်သည်နှင့် တစ်ပြိုင်နက်ပင် အိမ်လှေကားရင်းထိ အပြေးကလေး ဆင်းကြိုပြီး ခပ်လောလော ပြောလိုက်သည်။ သူ့မျက်နှာကလေးမှာ ဟန်ဆောင်ကလေးမျှ မပြုံးနိုင်အောင် ညှိုးလျှနေ၏။

'အမောင်လည်း စိတ်မချမ်းသာတာနဲ့ပဲ အိရယ်' ဟု တင်လှမောင်က အမှန်အတိုင်း ဖွင့်ပြောလိုက်ရသည်။

တစ်နေ့က အိတို့ အိမ်မှအပြန် သူတို့ကိစ္စကို မေမေနှင့် ဆွေးနွေး ပြောဆိုကြပြီးသည်၏ နောက်တွင် အိတို့ အိမ်သို့ ၂ ရက်မျှ မရောက်နိုင်ဘဲ ရှိခဲ့သည်။ သည်အတွင်းမှာ သူ၏ ဦးနှောက်သည် ချာချာလည်မျှ ဖြစ်ခဲ့ရ၏။ မေမေ စီစဉ်တင်ပြထားသည့် ကိစ္စမှာ ဘယ်ဘက်က လှည့်တွေးတွေး ဘေးကျပ် နံကျပ် ကျပ်စရာသာ ဖြစ်နေသည်။

ဤအိမ်မှ ရှောင်ခွာ ထွက်ပြေးကြည့်သော်လည်း စိတ်နောက်မှာ ကိုယ်မပါနိုင်ဘဲ ဖြစ်ရပြန်သည်။ သူ့၌ ဖြစ်ရာဘ၀ကို ရင်ဆိုင်ရဲသော၊ ကိုယ့်ကိုယ်ကို အားကိုးဝံ့သော သတ္တိစိတ်ဖွဲ့ မရှိ။ လူမမည် တစ်ယောက်ပမာ အသည်းကြောင်ကာ ကြောက်ရွံ့ တွန့်ဆုတ်နေမိသည်။

သို့သော် ... သူ့နောက်တွင် အိနှင့် ငွေနှစ်သောင်းကို အဖော်ပြုကြည့်လိုက်သော အခါတွင်မူ အင်အားပြည့်ကာ လန်းဆန်းတက်ကြွလာသလို ထင်ရသည်။ အားလုံးသော စိတ်ရှုပ်စရာများကို ဖယ်ထုတ်ကာ အိရုပ်သွင် ယဉ်စစကလေး တစ်ခုတည်းကိုသာ အာရုံစိုက်မိလိုက်သော အခါတွင်ကား သူ့စိတ်သည် အကြည်လင် အရွှင်မွေ့မိဆုံး ပေတည်း။

"အိအပေါ်မှာ ငါ့စိတ်တွေဟာ ပြောင်းလဲချက် ထူးလှပါကလား" ဟူ၍ပင် သက်ပြင်းရှိုက်ကာ မှတ်ချက်ချမိသည်။ "ချစ်သော ကိုကို့ကို သစ္စာဖောက်ကာ ပြစ်မှားမိလေပြီလား" ဟု တွေးမိပြန်တော့လည်း စိတ်မလုံဖြစ်ကာ ဖိုလှိုက်မိပြန်သည်။ ဒီထဲက ကြားဖောက်ပြီး– "ဒါဟာ ကိုကို ချမ်းသာဖို့ပဲ၊ ကိုကို့ အငြိုငြင်ကို မခံရအောင်လည်း မေမေက တာဝန်ယူမယ် ဆိုတော့ မဖြစ်နိုင်စရာ ဘာရှိသလဲ" ဟူ၍ လိပ်လို ကိုယ့်ဘက်ကိုယ်ယက်သည့် အတွေးမျိုးကိုလည်း တွေးတတ်လာသည်။ သို့သော်... "အိကို ငါ ဘယ်လို ပြောရပါ့" ဟု တွေးမိပြန်သော် ရင်တဒိတ်ဒိတ် ခုန်ရပြန်၏။

တင်လှမောင်က ဤလို အတွေးပေါင်းစုံနှင့် လုံးချာလိုက်နေရဆဲမှာ မေမေကတော့ သူ့ခြေလှမ်းကို ခပ်သွက်သွက်ပင် လှမ်းလိုက်သည်။ ပုံနှိပ်စက်မှ ပူပူနွေးနွေး ရောက်ရှိလာသော ဖိတ်စာကတ် တစ်ကတ်ကို ဒေါ်မြရွှေကြီးနှင့် စေပါးကာ အိထံသို့ ပို့ပေးလိုက်သည်။ တစ်ဖက်မှလည်း တင်လှမောင်အား နားပူနားဆာတိုက်ကာ သွေးထိုးပေးနေ၏။ သို့ကြောင့်ပင်

တင်လှမောင်က အခြေအနေကို အကဲဖမ်းရန်နှင့် မိမိတို့ လိုရာသို့ ဆွဲဆောင်သိမ်းသွင်းရန် ဟူ၍ အိတို့အိမ်ကို ယခု လာခဲ့ရခြင်း ဖြစ်သည်။

'အစက အိထင်တဲ့အတိုင်း ဖြစ်လာပြီ မဟုတ်လား၊ ဒေါ်မြရွှေကြီးဖိတ်စာ လာပို့သွားတယ်၊ ဒါဟာ အိစိတ်ကို သက်သက်မဲ့ လာကလိတာ သိလား၊ ဒီကိစ္စကို အထွန်းကော သိပြီးပြီလား ဟင်'

အိက အိမ်ပေါ်သို့ ဦးဆောင်တက်သွားရင်းမှ အသံကလေး ဆတ်ဆတ်နှင့် မေးလိုက်သည်။

'အဲဒါကို မပြောတတ်သလောက်ပဲ၊ အစတည်းက သူတို့မှာ အစီအစဉ် ရှိပြီးသားမို့ ဖေဖေက သွားရင်းလာရင်း ပြောပြရင်လည်း သိလောက်ပြီပေါ့၊ ဒါမှမဟုတ်လည်း မလိမ့်တပတ်နဲ့ အုပ်ချင် အုပ်ထားဦးမှာပဲ၊ အမောင့်ကို အရေးစိုက်ပြီး ဘယ်သူကမှ ပြောမပြတော့ ထင်ရ ခက်သားပေါ့'

'ဒါတစ်ခု–ခက်နေတာပဲ အမောင် ... သူ့သဘော ဘယ်လို ဆိုတာ သိရရင် အိတို့ ကြံနိုင်ပါသေးတယ်၊ သူ့ဆီကို စာမြန်မြန် ထည့်လိုက်ချင်တာပဲ'

'ဒါတော့ အမောင်လည်း တွေးမိသားပဲ၊ မဖြစ်နိုင်လို့ နေရတာ၊ ကိုကိုတို့က လျှောက်လည်နေကြမှာ ဆိုတော့ ဘယ်အရပ် ရောက်လို့ ရောက်မှန်း မသိနဲ့၊ ဘယ်လို ထည့်မလဲ'

အိက သက်ပြင်းရှည်တစ်ချက်ကို ဟင်းခနဲ ချလိုက်ရင်းမှ ဒူးကလေးနှစ်လုံးကို လက်နှင့်ပိုက်ပြီး ထိုင်ချလိုက်သည်။

'အခုနေမှာ အိဘက်ကတော့ အထွန်းမေတ္တာကလွဲရင် အားကိုးစရာ မရှိတော့ပါဘူး'

'အမောင့်ကိုရော တစ်ခါတလေကလေးမှ ထည့်ပြီး မစဉ်းစားတော့ဘူးလား အိရာ'

တင်လှမောင်က အဆမတန် အရဲစွန့်၍ ပြောလိုက်ကာ အိရှေ့ တည့်တည့်မှာ ကပ်ပြီး ထိုင်ချလိုက်သည်။ အိမျက်နှာကလေးမှာ ပြုံးယောင်သမ်းသွား၏။

'ဟုတ်သားပဲ၊ အိတို့ဘက်မှာ အမောင်ပါနဲ့ သုံးယောက်တောင် ရှိနေသေးတာ။ ကစဉ့်ကရဲတွေ၊ ဝမ်းနည်းစရာတွေတော့ မဖြစ်တန်ရာပါဘူး နော်'

အိ၏ ဖြူနုသွယ်ပျောင်းသော လက်ကလေး နှစ်ဖက်က တင်လှမောင် ပခုံးပေါ်မှာ သာသာကလေး တင်လာသည်။ သနပ်ခါ ပြိုးယောင်ပြုနေသော အိမျက်နှာကလေးကို မြင်ရလျှင် တင်လှမောင်မှာ ကြက်သီးမြမြ စိမ့်သွားလေ၏။ ပါးစပ်မှလည်း ဘာတစ်ခုမျှ ပြောလို့ မထွက်နိုင်အောင် ဖြစ်သွားသည်။

'ကဲ–ဘယ်လိုများ အကြံဉာဏ် ထုတ်မှာလဲ အမောင်' ဟု အိကပင် ဆက်ပြောသည်။

'အခု ... အခုတော့ မပြောတတ်သေးဘူးပေါ့၊ ဒါပေမဲ့ အမောင် ... အမောင် ကြံရင် အားလုံး ကောင်းဖို့အတွက်ပဲ ကြံမှာပါ'

တင်လှမောင်က မတင်မကျနှင့် ထစ်ထစ်ငေါ့ငေါ့ ပြောမိသည်။ ဒါကိုပင် ရိုးသားစွာ အားတက်သွားရှာပုံ ရသော အိမှာ အပြုံးကလေး ပို၍ ပွင့်သွားပြန်၏။

'အထွန်း မရှိတဲ့ခိုက်မှာ ဆိုရင် အမောင် တစ်ယောက်ကလွဲလို့ အိကို ဖြေသိမ့်ပေးမဲ့လူ မရှိပါဘူးကွယ်'

ဤစကားလေး တစ်ခွန်းကတော့ တင်လှမောင်နားထဲမှာ ချိုမြိန်လှသည်။ ဒါပေမဲ့ ဘာ့ကြောင့်များ ရင်ထဲက လှိုက်ခုန်လာရပြန်ပါလိမ့်၊ တင်လှမောင်မှာ သူ့အဖြစ်ကိုပင် သူ နားမလည်နိုင်ဘဲ ရှိနေသည်။ ဘာစကားကိုမျှလည်း ပြန်ပြောလိုက်နိုင်ခြင်း မရှိသေး။

'သူတို့ကတော့ ပိပိရိရိ အကွက်ဆင်ပြီး လုပ်နေပုံရတယ်။ အိတို့အနေနဲ့တော့ ဘာမှ မကြံသာသေးဘူးပေါ့။ ကဲ ... သွားကြမယ် အမောင်၊ နောက်များ အကြောင်းထူးရင်လည်း အိကို လာပြောပါနော်' ဟု အိကပင် မချိပြုံးကလေးနှင့် တင်လှမောင် ပခုံးကို ပုတ်ပြီး ထ နှင့် လေသည်။

'ဘယ် ... ဘယ်ကို သွားမှာလဲ အိရဲ့'

'ဩော် ... အိက ဈေးကို သွားမှာလေ၊ အခုတလော အပ်ထည်တွေ များလွန်းလို့ ဖေဖေ အနားရအောင် အိပါ သွားကူပြီး ချုပ်ပေးနေရတယ်၊ အမောင်လည်း ပြန်ပေဦးပေါ့၊ အကြံဉာဏ်လည်း ထုတ်ပါဦးနော်'

သည်လိုနှင့် တင်လှမောင် ပြန်ခဲ့ရပြန်သည်။ အိမ်ရောက်၍ မေမေက မေးတော့လည်း သူ၏ မရေမရာ ဇာတ်လမ်းကိုပင် ပြန်ခင်းပြရသည်။

'နင်ဟာ ထုပုံနဲ့ အ သေးတာပဲ ဆိုတဲ့ အစားမျိုးပဲ တင်လှမောင်၊

... သား ပြန်လာဖို့ နီးလာပြီ၊ သူ့ဆီက စကားစ ဒီလောက်ရလို့မှ နင် လိုရာကို ဆက်မပြောနိုင်ဘူးလား'

'ကျွန်တော် ပြောသမျှလည်း သူက ရိုးရိုးချည်း ထင်နေတော့ ပြောမထွက်ရဲတော့ဘူးပေါ့'

'ဒါလောက်တောင် ဆိုရင်လည်း မပြောဘဲနဲ့ ပြီးနိုင်အောင် တစ်မျိုး လှည့်ကြံရမလို ဖြစ်နေတာပေါ့'

'ဘယ်လိုတစ်မျိုးလဲ'

'ရတဲ့နည်းနဲ့ လှည့်ပတ်ယူဖို့ပေါ့'

'နောက်ပြီး ... ကိုကို ပြန်လာတော့ အပြစ်ရှိသမျှကို ကျွန်တော့်ချည်း ပုံချပြောမှာလား'

'မစိုးရိမ်တန်တာကို မစိုးရိမ်စမ်းနဲ့ဟယ်၊ ငယ်ရွယ်သူတွေဆိုတော့ သားမရှိခိုက်မှာ အိုးချင်းထား အိုးချင်းထိ ဖြစ်ကုန်ကြတာပဲ၊ တခြားလူမှ လည်း မဟုတ်တာ၊ ကိုယ့်ညီလေးကို ခွင့်လွှတ်လိုက်ပေါ့ သားရယ်၊ သား အတွက်လည်း မေမေတို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါတယ် ဆိုတာ မျိုးတွေ ငါ ကြည့်ပြောမယ်ပေါ့၊ ဒီလိုဆိုတော့ တို့မိသားစု အားလုံးလည်း အချစ်အခင်မပျက် ချမ်းချမ်းသာသာ နေနိုင်ကြမှာ မဟုတ်လား၊ ဒါတွေ ငါ့တာဝန် ထားလိုက်ပါ'

ဤလိုဆိုတော့ တင်လှမောင်မှာ ကန်စွန်းခင်းနှင့် ငြိသလို မကွန့်သာ၊ မလွန့်သာသလောက် ဖြစ်သွားပြန်သည်။

'ဒါဖြင့် ကျွန်တော် ဘယ်လို လုပ်ရမှာလဲ'

'ငါ စီစဉ်ပေးတဲ့အတိုင်း လုပ်ပေါ့'

သည်လိုနှင့် နောက်တစ်နေ့မှာပင် မေမေ့အစီအစဉ်အတိုင်း တင်လှ မောင်က စာတစ်စောင် ရေးရသည်။ စာမှာ ကိုကို့စာကို ရ၍ တင်လှမောင် က တစ်ဆင့် ရေးပေးလိုက်သလို ရေးရခြင်း ဖြစ်သည်။

> အရေးတကြီးကိစ္စနဲ့ အမောင် စာရေးလိုက်ပါတယ်။ ဒီနေ့ ကိုကို့ ဆီက စာတစ်စောင်ရပါတယ်၊ ဒီက ကိစ္စအားလုံးကို ကိုကို သိနေ ပါပြီ၊ ကိုကို နက်ဖြန်ည သန်းခေါင်ရထားနဲ့ ပြန်လာပါလိမ့်မယ်၊ ကိုကို မပြန်မီ ညဦးပိုင်းမှာ အမောင်က အိကို တစ်နေရာမှာ ခေါ်ထားနှင့် ဖို့လည်း စာထဲမှာ နေရာနှင့်တကွ အသေအချာ ထည့်ရေးလိုက်ပါ

တယ်၊ ဒီတစ်နည်းက လွဲရင် ဝေးရတော့မှာပဲလို့လည်း ပြောပါတယ်၊ အဲဒီတော့ နက်ဖြန်ည (၁၀) နာရီလောက်မှာ အမောင်ဖြစ်တဲ့နည်းနဲ့ လာခေါ်မယ်၊ လိုက်ဖို့ အသင့်ပြင်ထားပါ၊ အမောင်လာရင် ရိပ်မိကြမှာစိုးလို့ စီတာရန်းကို လွှတ်လိုက်ရတယ်။ ကိုကို့စာကိုလည်း ဖတ်ပြီးရင် ဖျောက်ဖျက်ပစ်ပါ ဆိုလို့ မီးရှို့လိုက်ပြီ။ ဒီစာကိုလည်း အိ ဖတ်ပြီး ဖျောက်ဖျက်ပစ်ပါ၊ နက်ဖြန်ည (၁၀) နာရီလောက်သာ မပျက်မကွက် စောင့်နေပါ၊ အမောင် ဆက်ဆက် လာခေါ်မည်။

**အမောင်**

ထိုစာကို ရေးပြီးလျှင် အသေအချာ ပိတ်၍ စီတာရန်းကို လွှတ်ရ၏။ အိထံမှ "ကောင်းပြီ" ဟု ပြောလိုက်သည့် သတင်းကိုလည်း စီတာရန်းကပင် ပြန်ယူလာခဲ့သည်။ ကိုကို ရှိစဉ်ကလည်း တစ်ခါတစ်ရံ စီတာရန်းကို လွှတ်တတ်သည်မို့ အိက အထွေအထူး တွေးမိဟန် မတူပေ။ ကိုကို စီစဉ်ပေးသည် ဆိုလျှင် ဘယ်လို စွန့်စားခန်းမျိုးကိုဖြစ်ဖြစ် အိက လိုက်နာမည်မှာလည်း သေချာနေသည်။

သူ၏ စွန့်စားခန်းအပေါ်မှာ မယုံမရဲနိုင်သလိုလိုနှင့် ချီတုံချတုံဖြစ်ကာ ထမင်းလုံးတစ္ဆေ အခြောက်ခံရသလို ဖြစ်နေသူကတော့ တင်လှမောင်သာဖြစ်သည်။ ပြဿနာကလည်း ကြာရှည်ချင့်ချိန်နိုင်း စဉ်းစားနေရန် အချိန်ရသည် မဟုတ်။ သူပြုမိသော အလုပ်အတွက် မှားသည်၊ မှန်သည် ပိုင်ပိုင် ဆုံးဖြတ်နိုင်စွမ်းသော သတ္တိစိတ်အားလည်း သူ့မှာ မရှိပေ။ သည်အချိန်တွေအတွင်းမှာ သူချစ်မြတ်နိုးသော တယောပြားကလေးနှင့် မဂ္ဂဇင်းစာအုပ်များကိုလည်း ယောင်၍မျှ မကြည့်အားနိုင်။ အိပ်ရာထဲမှာ ခွေပြီးတော့သာ အနေများနေသည်။

မည်သို့ပင်ဖြစ်စေ ... အချိန်ကတော့ ဘယ်သူ့ကိုမျှ စောင့်ဆိုင်းနေသည် မဟုတ်ရာ၊ သူတို့ ချိန်းဆိုထားသည့် နက်ဖြန်မှာ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ရောက်ရှိလာသည်။ တင်လှမောင်သည် မကြုံစဖူးသော စွန့်စားမှုကြီးကို ရင်ဆိုင်ရန်အတွက် မလုပ်စဖူးသော ကြိုတင်ပြင်ဆင်မှုကို ပြုရန် အရဲစွန့်ပြီး ဆုံးဖြတ်လိုက်သည်။

ပထမတော့ သူသည် သူ၏ အစီအစဉ်အတိုင်း အိမ်နောက်ဖေးမှ

ခြံတန်းကို ကျော်ဖြတ်ကာ ဒေါ်ငြိမ်းတင်၏ တဲကလေးသို့ သွားရန် ဖြစ်သည်။ သို့သော် သည်မိန်းမကြီး၏ မကောင်းသတင်းကို တွေးမိသောအခါ စိတ်မသိုးမသန့် ဖြစ်ရပြန်၏။

နောက်ဖေးတဲက ဒေါ်ငြိမ်းတင်ကြီးမှာ သူ့ယောက်ျားရှိစဉ်တည်းက တိတ်တိတ်ပုန်း အရက်ချက်ရောင်းခဲ့သူများ ဖြစ်သည်။ ယခု သူ့ယောက်ျားသေဆုံးသွားတော့လည်း သည်လက်ငုတ် အလုပ်ကိုပင် သူတစ်ယောက်တည်း ဆက်လက် လုပ်ကိုင်သည်။ ထို့ပြင် သူထံသို့ အရက်သောက်ရန် လာကြသော တွေ့လေရာ လူအောက်တန်းစားများကို မြှူတတ်၊ ချူတတ်သေးကြောင်းကိုလည်း သတင်းအနံ့ ထွက်နေသေးသည် မဟုတ်လား။ သို့အတွက်လည်း တင်လှမောင်က ကျောတွန့်သွားမိပြန်ခြင်း ဖြစ်လေသည်။

သို့နှင့် အစီအစဉ် ပြောင်းကာ စီတာရန်းကို လွှတ်ပြီး "ဂျင်" နှင့် ဂျင်ဂျာဘီယာ ပုလင်းများကို ဝယ်စေလိုက်ရ၏။ ဒါကလည်း ဘာအတွေ့အကြုံမျှ ရှိ၍မဟုတ်။ ကြားဖူးနားဝနှင့် စိတ်ကူးရှိသလို လုပ်နေခြင်းမျှ ဖြစ်ပေသည်။ စီတာရန်း ပြန်လာသောအခါ ထိုပစ္စည်းများကို ကားထဲမှာ တစ်ခါတည်း ထည့်ထားစေရ၏။

သည့်ပြင် အစီအစဉ်များကိုတော့ တင်လှမောင် ဘာကိုမျှ လုပ်ရန် မလိုပေ။ သူတို့ အခု သွားရမည့် ညောင်ဝိုင်းရွာကြီးမှာ မြို့နှင့် ၄ မိုင်မျှဝေး၍ ကားလမ်းနံဘေးမှာ ရှိသည်။ ဤရွာတွင် မေမေတို့ ကြွေးနှင့် သိမ်းထားသော အိမ်လွတ်တစ်ဆောင်လည်း ရှိ၏။ ထိုအိမ်ကို ကြိုတင် ရှင်းလင်းရန် မေမေက စေခိုင်းထားပြီးပေပြီ။ ကားကို ခေတ္တ ယူငင်သုံးစွဲရန်လည်း မေမေက ခွင့်ပြုထားပြီး ဖြစ်၏။

သူတို့ အခန်းထဲရှိ တိုင်ကပ်နာရီမှ (၁၀) ချက်တိတိ တီးလိုက်သော် တင်လှမောင်သည် အနည်းငယ် တုန်ယင်နေသော လက်များဖြင့် ဘလေဇာအကျီ မီးခိုးရောင် တစ်ထည်ကို ထပ်ဝတ်လိုက်သည်။ သည်အကျီအိတ်ထဲမှာ ယခုရက်များအတွင်း သုံးစွဲရန် မေမေ ပေးထားသော ငွေငါးရာလည်း အသင့်ရှိနေပြီး ဖြစ်သည်။ အိမ်အပေါ်ထပ်မှ မေမေ့ ချောင်းဟန့်သံကို ကြားရ၏။ တစ်ဖက်သော အခန်းငယ်မှ စီတာရန်း၏ လှုပ်ရှားသံကိုလည်း ကြားရသည်။ တင်လှမောင်၏ စွန့်စားခန်းကို သူတို့တွေ နားစွင့်၍ပင် နေကြပေသလော။

ခဏနေတော့ တင်လှမောင်သည် ကားရုံမှ ကားကို ထုတ်ယူ မောင်းနှင်ကာ အိတို့ လမ်းဘက်သို့ ထွက်လာပြီး ဖြစ်နေသည်။ သူသည် ကားကို လမ်းထိပ်မှာတင် ရပ်ထားခဲ့ကာ ကားပေါ်မှ ခပ်သွက်သွက် ဆင်းလျှောက်လာသည်။ ကောင်းကင်ထက်မှ အင်အားမရှိလှသော လတစ်ခြမ်းကွေးကလေးသည် အပြာရင့်ရောင် ကမ္ဘလာကို ပြုတ်လုတဲကာနှင့် ကုတ်ကတ်တွယ်ဖက်ထားရသလိုလို ထင်မိ၏။ သည်မလင်းတလင်း လရောင်အောက်မှာ တင်လှမောင်က ဖြတ်လျှောက်လာရသည်။

အိတို့ အိမ်ကလေးရှေ့ ရောက်လျှင် တင်လှမောင်က လက်နှိပ်ခေါင်းမီးကို ဟိုသည်ဝှေ့ပြီး နှစ်ချက်မျှ ဆင့်နှိပ်လိုက်သည်။ မီးရောင်သည် အိမ်အောက်ထပ် အမှောင်ရိပ်မှာ အသင့် စောင့်ဆိုင်းနေသော အိကို ဖမ်းမိသွား၏။ လွယ်အိတ်ကလေး တစ်လုံးကို နံဘေးမှ လွယ်ထားသော အိက ခပ်သုတ်သုတ်ကလေး ပြေးထွက်လာသည်။

'အမောင် ...'

လှိုက်မောသံဖြင့် တိုးတိုးကလေး ခေါ်ကာ အိက တင်လှမောင် လက်မောင်းကို သူ့လက်ကလေး နှစ်ဖက်ဖြင့် တွယ်ဖက်ထားလိုက်သည်။ တင်လှမောင် ရင်ထဲမှာ နွေးထွေး သိမ့်လှုပ်သွားရလေ၏။

'ကြောက်လိုက်တာ အမောင်ရယ် ... ခပ်မြန်မြန်'

အိ၏ လေသံမှာ ပီသခြင်း မရှိတော့သလောက်ပင် တိမ်ဝင်သွားသော်လည်း ခြေလှမ်းတွေကမူ အားကုန်သုတ်နေသည်။ ကားဆီသို့ ရောက်လာပါမှပင် နှစ်ယောက်သား ဟင်း ချနိုင်ကြ၏။ ပြီးတော့ တင်လှမောင် စိတ်ဂနာမငြိမ်အောင် လှုပ်ရှားနေသည်နှင့်အမျှပင် ကားကလည်း ခပ်ကြမ်းကြမ်း ပြေးလွှားနေလေသည်။ ဒါကိုတော့ အိသည် ကြောက်ရမှန်း အလျှင်းမသိဘဲ အလား တင်လှမောင်နံဘေးမှ ငြိမ်သက်စွာ လိုက်ပါလာပေသည်။

ညောင်ဝိုင်းရွာထဲသို့ အနည်းငယ်မျှ ကျော်ဖြတ်မိလျှင်ပင် သူတို့ ဆင်းရမည့် အိမ်သို့ ရောက်တော့၏။ နှစ်ယောက်သား အသက် အသံမပြုဘဲနှင့်ပင် ကားပေါ်မှ ဆင်းကြသည်။

မြင့်မားလှသော ကုက္ကိုပင်ကြီးမှာ သူတို့၏ ကားကလေးပေါ်တွင် စီးမိုးနေ၏။ ဝိုးတဝါး လရောင်ကလေးက ကျိုးတိုးကျဲတဲ ရော်ရွက်ဝါတွေကို ထိုးဖောက်ကာ ကွက်ကျိုကွက်ကျား လင်းနေသည်။

ရိုးညှာတံ မခိုင်တော့ပြီဖြစ်သော ရော်ရွက်ဝါကလေး အချို့သည် ညအမှောင်ထုထဲမှာပင် ပင်မြင့်ထက်မှ သက်လျောကြွေဆင်းလာကြ၏။ တချို့တလေက သူတို့ နှစ်ယောက်၏ ကိုယ်ပေါ်ကိုပင် ထိပါးပုတ်ခတ်သွားကြသည်။

တင်လှမောင်က အိလက်ကလေးတစ်ဖက်ကို မရဲတရဲနှင့် လှမ်းဆွဲလိုက်ကာ အိမ်ကြီးသို့ ဦးဆောင်လာခဲ့၏။ အိမ်မှာ လေးပင်တစ်ထပ်အိမ်ဖြစ်ရာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီး လှေကားထိပ်မှ တံခါးကို သော့ဖွင့်လိုက်သည်။ ပြီးတော့ အိတ်ထဲမှာ ပါလာသော ဖယောင်းတိုင် နှစ်တိုင်အနက်မှ တစ်တိုင်ကို ဓာတ်မီးခြစ်နှင့် ခြစ်ပြီး ထွန်းညှိလိုက်သည်။

အိမ်မှာ အတွင်းထဲတွင် အခန်းတစ်ခန်းမျှ ဖွဲ့ထားခြင်း မရှိပေ။ အိမ်ထောင် ပရိဘောဂ ဟူ၍လည်း ဘာမျှမရှိ၊ မြေရေအိုး အသစ်ကလေးတစ်လုံး၊ ဖန်ခွက်တစ်လုံးနှင့် သင်ဖြူးခပ်နွမ်းနွမ်း တစ်ချပ်သာ တွေ့ရသည်။ တင်လှမောင်က ဖယောင်းတိုင်ကို ကြမ်းပေါ်မှာ စိုက်ထူလိုက်ပြီးလျှင် 'ထိုင်လေ ... အိ' ဟု ပြောကာ သင်ဖြူးကလေးကို ဆွဲခင်းပေးလိုက်သည်။

အိက 'နောက်ပြီး အထွန်းက ဒီကိုလိုက်လာမှာနော်' ဟု မပွင့်တပွင့်ကလေး မေးလိုက်သည်။ တင်လှမောင်မှာ ယောင်တောင်တောင် ကြောင်အမ်းအမ်းနှင့် ခေါင်းနားပန်း ကြီးသလို ဖြစ်သွားရာမှ ဟန်ဆောင်အားတင်းကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

'အမောင်က ကားယူလာတော့ အထွန်းက ဘာနဲ့ လာမှာလဲ'

'မပူပါနဲ့ အိရာ၊ သင့်သလို ဖြစ်လာရမှာပေါ့'

အိမှာ နောက်ထပ်မမေးတော့ဘဲ တင်လှမောင်ကိုပင် ဝံ့ဝံ့စားစား မကြည့်ရဲတော့သလို မျက်လွှာကလေးချပြီး ကုပ်ကုပ်ယုံ့ယုံ့ ထိုင်နေရှာသည်။ ရှက်သွေးဖြန်းနေသော ဤအမူအရာကလေးကို မြင်ရပြန်တော့ တင်လှမောင် ရင်ထဲမှာ ကြင်နာစိတ် လွှမ်းသွားသည်။ သူပြုနေသော အမှုအတွက် သံသယစိတ် ဝင်လာမိရ၏။ သည်လိုဆိုတော့ ရင်ထဲမှာ ကတုန်ကယင်နှင့် လက်ဖျားများပင် အေးစက်လာသည်။ "ဒီအခြေအနေ ရောက်ပြီးမှတော့ မထူးတော့ပါဘူး" ဟု စိတ်ကို ပြန်တင်းရသည်။ ကားထဲမှာ သူယူလာသော ပုလင်းများကို တစ်ဆက်တည်း သတိရမိသွားပြန်သည်။

'ခဏကလေး နေရစ်နော်–အိ၊ အမောင် အောက်ကို ခဏသွားဦး

မယ်' ဟု ပြောပြီး ခပ်သွက်သွက် ပြေးဆင်းကာ ကားထဲမှ ပုလင်းများ၊ ဖန်ခွက်များကို ထုတ်ယူလာသည်။

တင်လှမောင်က ဖန်ခွက်နှင့် ပုလင်းများကို အိရှေ့မှာ ချလိုက်သောအခါ အိက ခပ်ကြောင်ကြောင်ကလေး မော့်ကြည့်ပြီး 'ဘာတွေလဲ အမောင်' ဟု မေးလိုက်သည်။

'လိုမယ်ထင်လို့ ယူလာတာ၊ သွေးပူအောင် သောက်လိုက်ပါလား'

တင်လှမောင်က တိုက်ရိုက် အဖြေမပေးပေမဲ့ အိက ရိပ်မိသွားပုံရသည်။ အိသည် အောက်နှုတ်ခမ်းသားကို ရှေ့သွားကလေးဖြင့် ဖိကိုက်ကာ မျက်နှာကို တင်းတင်းပြင်ပြီး ရှေ့သို့ တိုးရွှေ့လာသည်။ တင်လှမောင်က ဂျင်ပုလင်းကို ဖွင့်ကာ ဖန်ခွက်နှစ်လုံးထဲမှာ လက်နှစ်လုံး သာသာခန့်စီ လောင်းထည့်လိုက်၏။ ပြီးတော့ ဂျင်ဂျာဘီယာ တစ်ပုလင်းကို ဖောက်ကာ တစ်ဝက်စီ ခွဲဝေပြီး ထည့်လိုက်ပြန်သည်။

'ကဲ–ရော့' ဟု ဖန်ခွက်တစ်လုံးကို အိရှေ့မှာ ချပေးလိုက်ရာ အိသည် ကြောက်ကြောက်ရွံ့ရွံ့ ရွံ့ရွံ့မဲ့မဲ့နှင့် ကောက်ယူပြီး မျက်စိမှိတ်ကာ အတင်းမော့လျက် မျိုချပစ်လိုက်သည်။ တင်လှမောင်ကလည်း သူ့ဖန်ခွက်ကို ရှုံ့ကာမဲ့ကာနှင့် မော့ချလိုက်သည်။ အရည်များမှာ အာခံတွင်းမှ အူသိမ်အူမသို့ တိုင်အောင် ပူလောင်လောင် ရှတတကြီးနှင့် ဒလဟော ပြေးဆင်းသွားပုံရလေ၏။

'အား ...' ဟု ခပ်တိုးတိုးနှင့် သံရှည်ဆွဲ၍ ညည်းလိုက်ကာ တင်လှမောင်က ဖန်ခွက်ကို ပြန်ချလိုက်လျှင် အိက ခစ်ခနဲ ရယ်ပစ်လိုက်သည်။

'အမယ် တယ်ပြီး သတ္တိကောင်းနေသပေါ့လေ– အိက။ ကဲ–ရော့၊ ချလိုက်ဦး တစ်ခွက်' ဟု တင်လှမောင်က နောက်ထပ် ရောစပ်ပြီး ပေးလိုက်ပြန်သည်။ အိက မငြင်းမဆန် ကောက်ယူပြီး မော့ချလိုက်ပြန်၏။ တင်လှမောင်ကလည်း နောက်ထပ်တစ်ခွက်ကို အားကျဂုဏ်ပြိုင် သဘောမျိုးနှင့် သောက်ပစ်လိုက်ပြန်သည်။

သူတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ ပြုံးလိုက်ကာ အတန်ကြာ တိတ်ဆိတ်နေကြပြန်၏။ ရွာလယ်ဆီမှ သံရှည်ဆွဲ၍ အူလိုက်သော ခွေးအူသံများကို ကြားရသည်။ အိက ပခုံးကလေးတစ်ချက် တွန့်လိုက်လေ၏။

'ကြောက်သလားဟင်၊ တံခါး ပိတ်ထားလိုက်မယ်နော်'

တင်လှမောင်က တံခါးကို မင်းတုပ်ချပြီး သွားပိတ်ထားလိုက်သည်။ ခဏနေတော့ ဖယောင်းတိုင်မီးကလေးမှာ သက်တမ်းကုန်ဆုံးကာ ဟုတ်ခနဲ ငြိမ်းသွားလေ၏။ အိက အကြောင်းမရှိဘဲနှင့် ခစ်ခနဲ ရယ်လိုက်ပြန်သည်။

တင်လှမောင်က အိတ်ထဲမှာ ကျန်နေသေးသော ဖယောင်းတိုင်တစ်တိုင်ကို ထုတ်ယူကာ မီးခြစ်ကို ရှဲခနဲခြစ်ပြီး ထွန်းညှိလိုက်ပြန်သည်။ သို့သော် ... သူ့လက်များမှာ တုန်ယင်၍ နေကာ ဖယောင်းတိုင်ကို တော်တော်နှင့် စိုက်ထူမရဘဲ ရှိနေသည်။ သူ့မျက်စိထဲမှာတော့ ဖယောင်းတိုင်သည် လည်းကောင်း၊ အရာဝတ္ထု အားလုံးသည် လည်းကောင်း ယိမ်းထိုးလှုပ်ယမ်း နေကြသည်။

အိက တင်လှမောင်မျက်နှာကို လက်ညှိုးကလေး ထိုးကာ မပီမသနှင့် တခစ်ခစ်ရယ်သည်။ တင်လှမောင်က 'သောက်ဦးမလား' ဟု မေးလိုက်သည်။

'နည်းနည်းပဲ သောက်မယ်၊ မူးလာပြီ' ဟု အိက ပြန်ပြော၏။

တင်လှမောင်က ဂျင်လက်တစ်လုံးလောက်ကို ဂျင်ဂျာဘီယာနှင့် ရောပြီးပေးလိုက်သည်။ သူ့အတွက်လည်း အညီအမျှပင် ထည့်သောက်သည်။ သူတို့သည် ခေါင်းထဲမှာ တရိပ်ရိပ်တက်လာသည်ကို ခံယူရင်းနှင့် အကြာကြီးပင် ဆိတ်ငြိမ်နေကြပြန်လေ၏။ မီးတောက်၏ ဝါးမျိုခြင်းကို ခံယူနေရသော ဖယောင်းတိုင်ကလေးကတော့ တဖြည်းဖြည်းနှင့် အရည်ပျော်ကာ ချုပ်ငြိမ်သွားပြန်လေသည်။

'အိလေ ... ငယ်ငယ်တုန်းကများ တစ္ဆေသရဲဆို သိပ်ကြောက်တတ်တာပဲ။ အခုလို စွန့်စွန့်စားစား အဖြစ်မျိုးလည်း ကြုံရမယ်လို့ ကိုယ့်ကိုယ်ကို တစ်ခါမှ မထင် မတွေးမိဖူးပါဘူး' ဟု အိ၏ လျှာလေးအာလေးသံက မှောင်ထဲမှ ထွက်ပေါ်လာသည်။

'အမောင်လည်း ဒီလိုပဲပေါ့၊ အမောင် တစ်ခါမှ မတွေ့ဖူး မကြုံဖူးတာတွေကို အားလုံး လုပ်နေရတာပဲ'

'အဟဲ ... ကိစ္စမရှိပါဘူး အမောင်ရာ၊ အမောင့်ကျတော့လည်း ခိုး

ယူရမှာဆိုရင် အထွန်းကို ကူပြီး ခိုးပေးခိုင်းပေါ့။ အဟေးဟေး–ပျော်စရာ တောင် ကောင်းသေး'

'ဘာရယ် ... ဘာပြောတယ်၊ တကယ် ပျော်တယ်လား'

တင်လှမောင်က အမှောင်ထဲမှာ အိကို လိုက်စမ်းပြီး လက်ကလေး ကို ဖမ်းဆွဲထားလိုက်သည်။

'အို အို မရှုပ်စမ်းပါနဲ့၊ မှုးရတဲ့အထဲမှာ။ ဖယောင်းတိုင် ထွန်းပါဦး အမောင်ရဲ့' ဟု အိက သူ့လက်ကလေးကို ရုန်းရင်း ဖယ်ရင်းနှင့် ပြောလိုက် သည်။

'ဖယောင်းတိုင်လား ... တစ်တိုင်မှ မရှိတော့ဘူး' ဟု တင်လှမောင် က အိလက်ကလေးကို မလွှတ်ဘဲနှင့် ပြန်ပြောလိုက်သည်။

တကယ်လည်း ဖယောင်းတိုင်က ကုန်သွားပေပြီ။ အလင်းပေးစရာ မရှိတော့သော ဤအခါဝယ် အမှောင်ထုကသာလျှင် သူတို့နှစ်ဦးအား ခြွင်းချက်မရှိ ပိုင်စိုးကာ ဖမ်းစား ဝါးမျိုလိုက်တော့ပေပြီတည်း။

*

နောက်တစ်နေ့တွင်တော့ မေမေတို့ အိမ်မှ အစပြုကာ "မတင်အိနှင့် တင်လှ မောင်တို့ ခိုးရာ လိုက်ပြေးသွားပြီ" ဟူသော သတင်းမှာ တစ်မြို့လုံး ပျံ့နှံ့ သွားသည်။

လူယုံ သတ်သည်ကို လွန်ပြီးမှ သိရသော အိကတော့မူ အသည်း ကွဲအံ့သကဲ့သို့ပင် ငိုကြွေးတော့လေသည်။

'ဒါလောက်လည်း ဝမ်းမနည်းပါနဲ့ အိရယ် ... အိအပေါ်မှာ အမောင် က စေတနာဆိုးနဲ့ စိတ်ရိုင်းမွေးမြူခဲ့တာ မဟုတ်ပါဘူး။ အိအနေနဲ့လည်း ကိုကို့အပေါ်မှာ မျှော်လင့်ချက် မထားနိုင်တော့သလောက် လမ်းဆုံးနေပါ ပြီ၊ အမောင့်ဘက်က အမောင့် အခက်အခဲကိုလည်း ကြည့်ပါဦး အိရယ်'

တင်လှမောင်ကလည်း အိကို တတ်နိုင်သမျှ ချော့မော့ကာ သူတို့၏ အခက်အခဲ ကြုံရပုံများကို ရှင်းလင်းတင်ပြသည်။ သို့သော် ထိုစကားများ မှာ အိအတွက် နားဝင်နိုင်ဟန် မတူ။

'တိတ်စမ်း အမောင်၊ အိ ဘာမှ မကြားချင်ဘူး။ အိ ငိုမယ်၊ ငိုရမယ်၊ အသည်းကွဲအောင်ကို ငိုရမယ်၊ မိတင်အိ ဘဝဆုံးပြီ ... ခွေးဖြစ်ပြီ ... ခွေး

လုံးလုံး ဖြစ်သွားပြီ၊ ဒါ ဘယ်သူ့စနက်ဆိုတာ အိ သိပါတယ်၊ အမယ်လေး ... အကြံပက်စက်လိုက်ကြတာနော်၊ အဟီး ... အီး'

အိသည် ရှိုက်ငင်နေရင်းမှ ဒေါသသံကလေးဖြင့် တုန်တုန်ယင်ယင် အော်ပြောလိုက်ကာ အားရှိပါးရှိ ငိုချလိုက်ပြန်လေသည်။ ငိုရင်းနှင့်မှ အား မရနိုင်သေးသလို သူ့ဆံပင်တွေကို သူ ဖရိုဖရဲဖြစ်အောင် ဆွဲဆောင့်ပြီး ကြမ်းပေါ်မှာ လူးလိမ့်ချလိုက်ပြန်လေသည်။

'အမောင့်ကိုပဲ သတ်ပါတော့ အိရယ် ... အမောင့်ကိုပဲ သတ်လိုက်စမ်းပါတော့'

သည်အဖြစ်ကို မရှုရက်နိုင်သော တင်လှမောင်ကလည်း ဤလိုသာ တတွတ်တွတ် ပြောဆိုမိတော့သည်။ ညဦးက မသောက်စဖူး သောက်ထားသည့် အရှိန်ကလည်း လုံးဝ ပြေလည်သေးသည် မဟုတ်။ ခေါင်းထဲမှာ အုံခဲပြီး လေးလံနေသေးသည်။ ကြာသော် တင်လှမောင်မှာ စိတ်အညစ်ကြီး ညစ်လာရ၏။ ဘယ်လိုမှ မတတ်နိုင်တော့သောအခါ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ကလေးငယ်တစ်ယောက်ပမာပင် ရှိုက်ငင်ငိုကြွေးမိတော့သည်။

သူနှင့် ရောပြိုင်ကာ ငိုကြွေးနေသော တင်လှမောင်ကို မြင်ရတော့မှ အိက အငိုရပ်သွားကာ တင်လှမောင်ကို စိန်းစိန်းကြည့်လေသည်။ သည် အကြည့်မှာ ကရုဏာဒေါသောပင် ဖြစ်သလား၊ ခွင့်လွှတ်နိုင်မှုပင် ပါလေသလား၊ တင်လှမောင် မသိတတ်နိုင်။ သို့သော် မငိုတော့ခြင်း အတွက်ကိုမူ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

အိသည် တင်လှမောင်ကို နောက်ကျော ပေးလျက် တစ်ဖက်သော ထောင့်မှာ သွားရောက် ထိုင်ငေးနေသောအခါ၊ တင်လှမောင်ကလည်း တစ်ဖက်သောထောင့်မှ အိဘက်သို့ နောက်ကျောခိုင်းလျက် သူ့လက်မောင်းသူ ခေါင်းအုံးပြီး တစောင်း လှဲခွေနေလိုက်သည်။

ပြတင်းတံခါးများကို အားလုံးကုန် ပိတ်ထားလျက်ပင် ရှိနေသေးသည်တိုင် နေ့သစ်၏ အလင်းရောင်များက သူတို့၏ အိမ်ကလေးထဲကို အကြိုအကြားများမှ နေပြီး အလုအယက် ထွင်းဖောက် ဝင်ရောက်လာကြသေးသည်။ လေအသုတ်မှာ ကြွေပြုတ်၍ ကျလာရှာသော ရော်ရွက်ဝါကလေးများ၏ ညည်းတွား လူးလိမ့်သံကိုလည်း အိမ်ခေါင် သွပ်မိုးပေါ်မှ

မကြာမကြာ ကြားနေရသည်။ တော်တော်နေတော့ ရွာလယ် လမ်းမကြီးဆီမှ ကြေးစည်သံ သာသာကလေးနှင့်အတူ 'ဆွမ်းတော်ဖျို့' ဟု ဟစ်လိုက်သံကို ကြားရ၏။

တင်လှမောင်က သူ့လက်မှ နာရီကို မြှောက်ကြည့်လိုက်ရာ ၉ နာရီခွဲလု နီးပေပြီ။ အိတစ်ယောက် ထမင်းဆာနေရှာမလားဟု တွေးလိုက်မိသည်။ သူ့ဝမ်းထဲမှာလည်း ဆာသလို၊ လောင်သလို ရှိလာ၏။ သို့ပေမဲ့ အငြိမ်ကြီး ငြိမ်နေသော အိအား မေးရ၊ ပြောရမည်ကို မဝံ့ရဲသလို ရှိသည်နှင့် မိမိပါ ဆက်လက်ပြီး ငြိမ်သက်မြဲ ငြိမ်သက်နေရသည်။

တစ်စတစ်စနှင့် နေရင့်ကာ မွန်းတည့်သို့ နီးလာချိန်တွင်တော့ တင်လှမောင်သည် တဖြည်းဖြည်း ငိုက်မျဉ်းကာ အိပ်ပျော်သွားလေ၏။

တင်လှမောင် အိပ်ရာမှ နိုး၍ အိထံကို လှမ်းကြည့်လိုက်သောအခါ အိကို မတွေ့ရပေ။ အိမှာ ခဏတစ်ဖြုတ် တပိုတပါး ဆင်းသွားသည်ဟု ထင်မိသည်။ လှေကားထိပ်က တံခါးမမှာ ခပ်ဟဟ ပွင့်နေ၏။ နာရီကို ကြည့်လိုက်ပြန်တော့ ညနေ ၄ နာရီဆီသို့ နီးကပ်စွာ ပြည့်ညွန်းလျက်ရှိသည်။

ဩော် ... ဤလို အရေးအခင်း ကိစ္စတွေထဲမှာ ဤမျှပင် အအိပ်ကြူးမိလေသည်ကောဟု တင်လှမောင်က သူ့အဖြစ်သူ စဉ်းစားရင်းနှင့် မြေရေအိုးလေးထဲမှ ရေတစ်ခွက် ခပ်ယူကာ ပြတင်းပေါက်ကို ဖွင့်ပြီး မျက်နှာသစ်ချလိုက်သည်။

ပြီးတော့ ချောင်းတစ်ချက်ဟန့်၍ အသံပေးလိုက်ကာ လှေကားမှ ဆင်းပြီး ဟိုဟိုသည်သည် အနီးအနားကို ကြည့်လေ၏။ သို့တိုင် အိ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသောအခါမှ စိတ်ပူလာသည်။ ရွာထဲတွင် ဟိုယောင်ယောင် သည်ယောင်ယောင် လျှောက်ရင်း ကြည့်မိပြန်၏။ သူ့ကို အထူးအဆန်းသဖွယ် ပြန်လည်အကဲခတ် ကြည့်ရှုသူများကိုသာ တွေ့ရသည်။ အိကိုတော့ အရိပ်အယောင်မျှ မမြင်ရသေး။ ဘယ်သူ့ကို မေးရ၊ စမ်းရမည်လည်း မသိ။ ခပ်ဝေးဝေးမှာ ရှိနေသော အကြော်ဆိုင်ကလေးဆီသို့ ရောက်လာမှပင် သူက မေးဖြစ်တော့သည်။

'အိ ဆိုတဲ့ မိန်းကလေးတစ်ယောက် ဒီဘက် လျှောက်လာတာများ မတွေ့မိဘူးလား အဒေါ်ကြီး'

'မတွေ့မိပါဘူး မောင်ရင်ရယ်'

တင်လှမောင်က ဘယ်လိုလုပ်ရမည် မသိတော့သလောက်ဖြစ်ကာ စိတ်ပျက်သွားလေသည်။

'ဩော် ... မောင်ရင် မေးတဲ့ အိလား၊ ဘာလားတော့ မသိဘူး။ မိန်းကလေး လှလှတစ်ယောက်တော့ နေ့လယ်ပိုင်းက မြင်လိုက်မိတယ်'

နောက်ခိုင်း၍ လှည့်ထွက်တော့မည် အပြုတွင် အဒေါ်ကြီး၏ နောက်ဆက်တွဲ စကားကို ကြားရပြန်မှ တင်လှမောင် မျက်နှာက ဝင်းလက်လာသည်။

'အသားဖြူဖြူ ဆံပင်ကောင်းကောင်းလေ၊ ဟုတ်ရဲ့လား'

'အေးကွယ့် ... တစ်ပတ်လျှိုထုံး ဆံမြိတ်ချကလေးနဲ့၊ ဆံပင်တွေကလည်း တယ်ကောင်းကိုး'

'သူ ... သူ ဘယ်သွားတာ မြင်မိလဲ အဒေါ်ကြီးရယ်'

'ကားကြုံကို လက်ပြစီးပြီး မြို့ထဲဘက်ကို လိုက်သွားလေရဲ့ကွယ့်'

'ဩော် ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗျာ'

တင်လှမောင်က ကျေးဇူးတင်စကားကို ကတိုက်ကရိုက်ပင် ပြောခဲ့ပြီး သူတို့ တစ်ညတာမျှ နေခဲ့သော အိမ်ကလေးကို ပြန်လာခဲ့သည်။ အိမ်ကလေးပေါ်တွင် ညက အိနှင့် ပါလာသော လွယ်အိတ်ကလေးကို တွေ့ရ၏။ အိမှာ မည်မျှ စိတ်နလုံး နောက်ကျိကာ သွေးရူးသွေးတန်း ထွက်သွားရှာသည် မသိ၊ လွယ်အိတ်ကလေးကိုပင် ယူမသွားနိုင်ခဲ့ပေ။ တင်လှမောင်က လွယ်အိတ်ကလေးကို ကောက်ယူကြည့်လိုက်ရာ အထဲမှာ ပိုးဆာရီထဘီကလေးကို တွေ့ရလေသည်။ ကိုကို အမြတ်တနိုး ဝယ်ပေးလိုက်ရှာသော ထဘီကလေးပါကလားဟု ကိုကို့မျက်နှာကို ပြေးမြင်မိကာ ရင်ထဲမှာ ဆို့သွားရလေသည်။

ထိုနောက်တော့ လွယ်အိတ်ကလေးကိုယူ၊ အိမ်ကို သော့ပြန်ပိတ်ပြီး ကားကို တရကြမ်း ပြန်မောင်းကာ မြို့ထဲကို ပြန်လိုက်လာရသည်။ ကံကြမ္မာသည် မည်မျှ ပွေလီဆန်းပြားစွာ မွှေနှောက်နေပြီ မသိ၊ သူ မြို့ထဲအရောက်တွင် သတင်းဆိုးတစ်ရပ်က ဆီးကြိုနှင့်ပြန်လေသည်။

'မတင်အိတစ်ယောက် ညက ခိုးရာလိုက်သွားတယ်၊ နေ့လယ်က သူ့အဖေအိမ် ပြန်လာပြီး ဆေးမှားသောက်မိသလို အဆိပ်သောက်သလိုလိုနဲ့ ဆေးရုံရောက်နေပြီ'

မြို့ထဲတွင် ပွစိ ပွစိဖြစ်နေသော သည်သတင်းက တင်လှမောင် ကားကလေးကို ဆေးရုံသို့ အမြန်ဆုံး ရောက်ရှိသွားစေသည်။ အိရှိရာ အခန်းသို့ တင်လှမောင် အပြေးဝင်သွားသော အခါတွင်ကား အခန်းထဲမှ ခပ်ဖြည်းဖြည်း ထွက်လာသော ဆရာဝန်ကြီးနှင့် အပေါက်ဝမှာ ဆုံမိနေ၏။

ဆရာဝန်ကြီးက တင်လှမောင်ကို မြင်လျှင် ခေါင်းကို ခပ်လေးလေး ယမ်းလိုက်ကာ 'ဆုံးရှာပြီ' ဟု တီးတိုးရေရွတ်လိုက်သည်။ တင်လှမောင် သည် မိုးကြိုးစက် ထိမှန်လိုက်သလို တုံ့ခနဲ ရပ်သွားပြီးမှ နတ်ကျသလို တုန်ယင်သောကိုယ်ဖြင့် မွှန်မွှန်ထူထူ ဝင်ရောက်လာခဲ့သည်။

အိ ဖေဖေသည် ခုတင်ထက်မှ သူ့သမီး၏ ကိုယ်အထက်ပိုင်းကလေး ကို ပွေ့ထူ ချီမ ထားလေ၏။ အိ၏ လှပသော မျက်နှာကလေးကတော့ အိပ်ပျော်နေသလို လတ်လတ်ဆတ်ဆတ်ပင် ရှိနေသည်။ တင်လှမောင် စိတ်မှာ "အိရယ် ... ဟောဒီက ငမိုက်သား အမောင်ကိုတော့ သတ်မသွား ဘဲနဲ့ ကိုယ့်ကိုယ်ကိုမှ ရက်ရက်စက်စက် ဒုက္ခရှာသလားဟင်" ဟု အတင်း လှုပ်နှိုးပြီး မေးလိုက်ချင်သလိုလို ဖြစ်သွားသည်။

"ဟုတ်သားပဲ ... တို့ဘက်မှာ အမောင်ပါနဲ့ သုံးယောက်တောင် ရှိသေးတာ၊ ကစဉ့်ကရဲတွေ ဝမ်းနည်းစရာတွေတော့ မဖြစ်တန်ရာပါဘူး နော်"

အိ နှုတ်ခမ်းသားကလေးတွေက လှုပ်ရှလာကြကာ ယခုပင် ပြော လိုက်သလို အိ ပြောဖူးသော စကားကလေး တစ်ခွန်းကို ပြန်လည် ကြားယောင်လိုက်မိပြန်သည်။ ထိုစဉ်က ဤအဖြစ်မျိုး ကြုံရလိမ့်မည်ဟု သူ နည်းနည်းကလေးမျှ ထည့်သွင်း စဉ်းစားမိဖူးခြင်း မရှိပေ။ လူငယ်ပီပီ တစ်ဖက်သတ် နားသွင်းထားသည့် ပျော်ရွှင်စရာများကိုချည်း သက်သက် သာသာ လှည့်တွေးခဲ့မိသည်။

"အခုတော့ သေပြီ၊ အမောင် သတ်လို့ သစ္စာရှင်မကလေးတစ်ယောက် သေသွားပြီ"

တင်လှမောင်သည် မခံမရပ်နိုင်သော အတွေးစိတ်ကြောင့် အံကြိတ် ၍ မတင်းနိုင်အောင် ဖြစ်သွားသည်။ သူသည် လွယ်အိတ်ထဲမှ ပိုးဆာရီ ထဘီကလေးကို ထုတ်ယူကာ အိအလောင်းပေါ်မှာ အပြေးကလေး သွား ရောက် လွှမ်းခြုံထားလိုက်ပြီးနောက် ... 'အမောင့်ကိုပါ သတ်သွားပါတော့

အိရယ်' ဟု တစ်ခွန်းမျှသာ ဆိုနိုင်တော့ကာ ပုံလျက်သား လဲကျသွားတော့သည်။

*

တင်လှမောင်မှာ သတိကောင်းစွာ ရလာပြီးနောက်တွင် ပုလိပ်ဘက်မှ စစ်ဆေးမေးမြန်းခြင်းကို ခံယူရသေး၏။ သို့ရာတွင် အိဖခင် ကိုယ်တိုင်က အမှုမလုပ်သာအောင် သက်ညှာသောကြောင့် လည်းကောင်း၊ မေမေ ကိုယ်တိုင် လိုက်လာကာ သူ၏ ထက်မြက်သော ဉာဏ်ဖြင့် ချေဖျက်နိုင်သည်ကြောင့် တစ်ကြောင်း အမှုမဖွင့်နိုင်ဘဲ တရားသေ လွတ်မြောက်လာခဲ့သည်။

သို့သော် တင်လှမောင်မှာ ယခင်က တင်လှမောင် မဟုတ်တော့။ တစ်ဘဝ တစ်ဖြစ်လဲလိုက်သလို ပြောင်းလဲလာသော တင်လှမောင် ဖြစ်ခဲ့ပေပြီ။

သူသည် အိတစ်ယောက် လောလောလတ်လတ် ဆုံးရှုံးသွားရခြင်းအတွက် သူ့ကိုယ်ကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချမိသည်။ တကယ်ဆိုတော့ ဤအမှုမှာ သူ့အနေနှင့် ဝေက်ဝမ်းကျ ဖြစ်စရာမလို။ (တိုက်ရိုက် သက်ဆိုင်သူ) ကာယကံရှင်များချည်း စိတ်သဘောရှိသလို ဖြေရှင်းယူကြရဖို့ ဖြစ်သည်။ ယခုတော့ သူသည် မိုက်ချက် နက်နဲစွာ ဓားခုတ်ရာမှာ လက်ဝင်လျှိုခဲ့ပြီးပေပြီ။

အပြစ်ကင်းမဲ့ရှာသော "အိ" မှာ သူ၏ ပယောဂဖြင့် ပိုးစိုးပက်စက် ဖြစ်သွားရရှာ၏။ ယခုအနေမှာမှ တင်လှမောင် အမိုက်အမဲက ချုံးပွဲချပြီး ငိုနေတော့ရော ဘာအကြောင်း ထူးလာတော့ပါမည်နည်း။ ငိုရုံမကဘဲ လဲသေသွားဦးတော့လည်း အိတစ်ယောက် ပြန်မရှင်လာနိုင်တော့ပါပြီ။ မကြာမီ ပြန်ရောက်လာမည့် ကိုကို့မျက်နှာကိုကော သူ ဘယ်လိုလုပ်ပြီး ကြည့်ရပါမည်နည်း။

တင်လှမောင်က နက်နက်နဲနဲ စဉ်းစားနေမိသည်။

"ဒီကိစ္စကို ဒီလောက်ထိ မတွေးခေါ်နိုင်ခဲ့တာ၊ ဒီအိမ်က ရှောင်ခွာပြီး ထွက်မသွားနိုင်တာဟာ ငါ သူရဲဘောနည်းလို့၊ ညံ့ဖျင်းလွန်းလို့ပဲ။ ငါ့မှာ အရာရာကို နှိုင်းဆချင့်ချိန်နိုင်ဖို့နဲ့ မြော်မြင်သိကျွမ်းနိုင်ဖို့ ပညာရပ်

တွေ လိုသေးတယ်၊ အခက်အခဲကို ကောင်းမွန် သင့်မြတ်အောင် ဖြေရှင်းနိုင်ဖို့နဲ့ စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်တဲ့ သတ္တိမျိုးလည်း လိုသေးတယ်။

"လွန်ခဲ့ပြီးတဲ့ အမှားအယွင်း တစ်ခုအတွက် ဝမ်းနည်း အားငယ်နေရုံနဲ့ မပြီးဘူး၊ အမှားအယွင်းကို ပြန်လည်သုံးသပ်ပြီး ပြုပြင်နိုင်စွမ်း ရှိရမယ်၊ နောင်လာမယ့် သက်တမ်းတစ်လျှောက်မှာ လိုအပ်တဲ့ အရည်အချင်းများကို အတတ်နိုင်ဆုံး ပြည့်စုံအောင် အားထုတ်ကြိုးပမ်းပြီး ကောင်းသည်ထက် ကောင်းအောင် ပြုမူနေထိုင်ရမယ်။

"ငါ့ဘဝအတွက် အကောင်းအဆိုး ဟူသမျှဟာ ငါ့မှာသာ တာဝန်ရှိတယ်၊ ဒီနေ့ကစပြီး ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ်လမ်း ကိုယ်သွားဖို့ ရှိတော့တယ်" ဟူ၍ အနိုင်အမာ ဆုံးဖြတ်ချက် ချလိုက်နိုင်သော အခါတွင်ကား တင်လှမောင်သည် မေမေတို့ထံ ပြန်လည် လိုက်ပါသွားခြင်း မပြုတော့ဘဲ ထိုရပ်၊ ထိုမြေကိုပါ တစ်ခါတည်း နောက်ကျောခိုင်းကာ တစ်ကိုယ်တည်း လွင့်လေတော့သည်။

## [ ၁၅ ]

တင်လှမောင် နောက်ကွယ်မှာ ကိုကိုနှင့် မေမေတို့ ဘယ်ဇာတ်ကို ဘယ်လို ခင်းရစ်ကြသည် ဆိုသည်ကိုကား တင်လှမောင်သည် (၁၅) နှစ်လုံးလုံး မသိ၊ မကြားခဲ့ရပေ။ မသိ၊ မကြားရအောင်လည်း တမင်နေလာခဲ့ခြင်း ဖြစ်ပေသည်။ ယခုတစ်ဖန် စိတ်လည်ကာ သည်မြို့ကို ပြန်လည်ရောက်ရှိ လာတော့မှသာ သည်မြို့ရှိ မိတ်ဟောင်းဆွေဟောင်းများထံမှ လည်းကောင်း၊ ဖေဖေ့ထံမှ လည်းကောင်း အကြောင်းမျိုးစုံကို တစ်ဆင့်စကား ကြားသိခဲ့ရပြန်ခြင်း ဖြစ်လေသည်။

တင်လှမောင် ထွက်သွားပြီး၍ ၄–၅ ရက်မျှ အကြာတွင် ကိုကိုတို့ ပြန်ရောက်လာပေသည်။ ကိုကိုသည် ဖေဖေ့တစ်ယောက်တည်းကိုသာ အကြိုလာသော စီတာရန်း၏ ကားနှင့် ပြန်သွားစေကာ လမ်းခုလတ်မှာ ဆင်းကျန်ရစ်လေ၏။

သူကိစ္စမှာ အိတို့ အိမ်သို့ သွားရောက်ရန် ဖြစ်ကြောင်းကိုကား အထူးပြောစရာလိုမည် မဟုတ်ပေ။ တိုက်ဆိုင်လှသည်မှာ ထိုနေ့သည် သွားလေ

သူ အိအား ရည်မှန်းကာ ရက်လည်ဆွမ်းသွတ်နေသောနေ့ပင် ဖြစ်နေတော့ပေသည်။ သို့ဖြင့် ကိုကိုသည် သူ့အသည်းကို ဖွဲ့မီးပမာ လောင်ကျွမ်းစေမည့် သတင်းအား အိဖေဖေထံမှ လည်းကောင်း၊ ညွှ့်ပရိသတ် အချို့တို့ထံမှ လည်းကောင်း ကြားသိလိုက်ရဟန် တူပေသည်။

ကိုကိုသည် အိမ်သို့ ပြန်ရောက်လာသောအခါတွင်လည်း မည်သူ့ကိုမျှ နှုတ်ဆက်နိုင်၊ စကားဆိုနိုင်ခြင်း မရှိဘဲ အနိုင်နိုင် သယ်ပိုးလာရဟန်တူသော ခြေလှမ်းများဖြင့် အခန်းထဲသို့သာ တန်းတန်းမတ်မတ် ဝင်သွားကာ အတွင်းမှ မင်းတုပ်ချပြီး တံခါးကို ပိတ်ထားလိုက်လေသည်။

စားကောင်းသောက်ဖွယ်များကို တပင်တပန်း ချက်ပြုတ်စီမံထားစေလျက် သားအား ချော့မော့နှစ်သိမ့်ပေးရန် စောင့်ဆိုင်းနေသော မေမေမှာလည်း အရိပ်အခြည်ကို အကဲခတ်ကာ အလိုက်သင့်သာ လက်လျှော့ပြီးကြည့်နေလိုက်ရသည်။

မေမေသည် ဖေဖေ့ကိုသာ သားအတွက် လက်ထပ်ရန် စီစဉ်ပြီးသည့်အကြောင်းကို လည်းကောင်း၊ တင်လှမောင်နှင့် အိတို့ အကြောင်းကို လည်းကောင်း အနည်းအပါး ပြောပြထားလေ၏။ ဖေဖေမှာ လွန်ခဲ့ပြီးသော ကိစ္စအတွက် အကျိုးအပြစ်ကို ဝေဖန်နေ၍လည်း အကြောင်းမထူးနိုင်တော့သည့် တူတူမို့ သားအား ကူညီပြီး နှစ်သိမ့်ဖျောင်းဖျပေးရန်ကိုသာ စိတ်ကူးကြံစည်နေရတော့သည်။

သို့သော် ကိုကိုသည် နာရီပေါင်းများစွာ အသက် အသံ မပြုဘဲ အခန်းအောင်းနေသော အခါတွင်ကား မေမေရော ဖေဖေပါ စိုးရိမ်လာကြရသည်။ 'သားရေ ... သား၊ အပြင်များ ထွက်ပါဦးကွယ်' ဟု မေမေနှင့် ဖေဖေသည် သား၏ အခန်းတံခါးကို လက်နှင့် ပုတ်ကာ ချော့မော့ ခေါ်ငင်ကြသည်။ သို့သော် ကိုကိုကား မလှုပ်။

ကြာတော့ မေမေတို့သည် ဘာများဖြစ်နေပြီလဲဟု စိုးရိမ်ကာ သား၏ အခန်းပတ်လည်မှ ချောင်းကြည့်ရန် အပေါက်ငယ်တစ်ခုကို ခဲခဲယဉ်းယဉ်းရှာပြီး ချောင်းမြောင်း ကြည့်ရှုရသည်။ ကိုကို့ကို မြင်တွေ့ရသည်ကဖြင့် ရင်နင့်စရာ ကောင်းလှပါ၏။

'အဖြစ်ဆိုးလိုက်တာ အိရယ် ... အထွန်း လာအောင်မှ မဆိုင်းနိုင်ဘူးလား ဟင် ... အထွန်း အသည်းတွေ မွမွကြေကုန်ပြီ၊ သိလား'

အိပ်ရာခုတင်ထက်၌ ကိုကိုသည် အိရုပ်ပုံ ပန်းချီကားကြီးကို ရင်မှာ အပ်လိုက်၊ ပါးနှင့် ကပ်လိုက်၊ စကားတီးတိုး ပြောဆိုလိုက်ဖြင့် သူရူး တစ်ယောက်ပမာ ဖြစ်ချင်တိုင်း ဖြစ်နေတော့လေသည်။ ဖေဖေသည် သား ကို ရူးသွပ်သွားလေမည်လား ဟူ၍ပင် စိုးရိမ်မကင်း ရှိမိရလေ၏။

'ကျုပ် မကြည့်ရက်လိုက်တာ မငွေခင်၊ ကျုပ်တို့ မိသားစုအတွက် ကံကြမ္မာဆိုး ဝင်လာပြီ ထင်ပါရဲ့'ဟု ဖေဖေက လှိုက်လှဲစွာ ပြောဆိုမိသည်။

'အမယ်လေးရှင် ... နိမိတ်မရှိ နမာမရှိ ရှင်မို့ပြောရက်တယ်၊ လူငယ် တွေ ဆိုတာ သွေးပူ သွေးလောတော့ ဒီလို ဖြစ်တတ်ကြတာပဲ၊ နောက်ပြီး မကြာခင် မေ့သွားမှာပါ၊ မသကာ သူတို့ လက်ထပ်ပွဲအတွက် ရက် နည်း နည်း ပါးပါး ရွှေ့ပေးလိုက်ရုံပေါ့'

မေမေကတော့ သားအတွက် စိတ်မကောင်း ဖြစ်မိသည်တိုင် စိတ်ကို ပြန်တင်းပြီး ခပ်ပေါ့ပေါ့ ပြောဆိုလေသည်။ 'ဒီတစ်နေ့တော့ သူ့သဘော အတိုင်း လွှတ်ထားလိုက်ဦးမှပဲ'ဟူ၍လည်း ဆက်လက် ပြောဆိုလိုက်သည်။

ကိုကို၏ လှုပ်ရှားမှုကို စတင်ကြုံတွေ့ရသည်ကတော့ ညဦးသန်းခေါင် ယံ အချိန်ကြီးတွင် ဖြစ်လေ၏။ ထိုအချိန်မှာ တစ်အိမ်လုံး၊ တစ်ရပ်လုံး အိပ်မောကျနေချိန်လည်း ဖြစ်ပေသည်။ ဤအချိန်မှာပင် မေမေတို့ ခြံဝင်း ထဲမှ ပေါက်ကွဲသံများနှင့်အတူ ထိန်လင်းသော မီးရောင်တစ်ရောင်ကိုလည်း တွေ့မြင်လိုက်ရကာ လူအများပင် လန့်နိုးပြီး ကျွက်စီကျွက်စီ ဖြစ်သွားကြရ သည်။

ကိုကိုသည် အိကို တင်ဆောင် ခိုးယူသွားသည့် အဖြစ်ကို တွေးမိ၍ များ နာကြည်းထိခိုက်သွားလေသည်လား မသိ။ ကားရုံထဲမှ ကားကို ကားရုံ အပြင်သို့ ထုတ်မောင်းကာ ဓာတ်ဆီလောင်းပြီး မီးတင်ရှို့နေခြင်း ဖြစ်လေ ၏။ လူအများနှင့် ဝိုင်းဝန်း ငြိမ်းသတ်နိုင်၍သာ အခြားတစ်ပါးသို့ ကူးစက် လောင်ကျွမ်းမှု မရှိခြင်း ဖြစ်သည်။

ပြီးတော့လည်း ကြောင်တက်တက်ကြီးနှင့် မထုံတက်သေး ဖြစ် နေသော ကိုကို့အား ဘယ်သူကမျှ ပြစ်တင်စကား မဆိုရက်နိုင်ဘဲ ရှိကြ ပြန်သည်။ ဖေဖေကသာ ကိုကို့အား ဖေးမ တွဲခေါ်ကာ အခန်းထဲသို့ ပြန်လည် ပို့ပေးရလေ၏။ ထိုအခါမှပင်လည်း ညီလေး၏ ပန်းချီကားပေါ်မှာ ကိုကို ပြစ်ဒဏ်ပေးထားသည့် ဓားချက်များကိုပါ တွေ့မြင်ရခြင်း ဖြစ်ပေသည်။

ဒါကပင် ကိုကို့စိတ်မှာ ဘယ်မျှ မခံမရပ်နိုင် ဖြစ်နေရသည်ကို ဖော်ပြနေသော အထောက်အထားလည်း ဖြစ်နေသည်။ ဖေဖေမှာ ရှုမြင်မကောင်းတော့သော ထိုပန်းချီပုံကားကို လွယ်ကူရာ အဝတ်မည်းကြီး တစ်စဖြင့် အုပ်ထားလိုက်ရသည်။

'သားရယ် ... စိတ်ကို ဖြေစမ်းပါဦးကွယ်' ဟူ၍လည်း သတိပေးရ၏။

'သား ဘယ်လိုလုပ်ပြီး ဖြေရမှာလဲ ဖေဖေ၊ မေမေဟာ သားကို မချစ်ဘူး၊ သားကို မေမေ မချစ်ဘူး'

လှိုင်းကြွနေသော ရင်ထဲမှ အက်ကွဲ နစ်နာနေသော အသံဖြင့် ကိုကိုက လှိုက်လှဲစွာ ပြောဆိုပြန်လေသည်။

'ဒီလိုလည်း အယူမသီးပါနဲ့ကွယ်၊ စိတ်ဆန္ဒ အယူအဆချင်းသာ မတူညီတာပါ၊ သားမေမေဟာ သားကို ချစ်တာပဲပေါ့၊ ကျေးဇူး မကန်းကောင်းပါဘူး သားရယ်'

'ကျေးဇူးမကန်းပါဘူး ဖေဖေ၊ သားစိတ်ထဲ ဝမ်းထဲမှာ ဘယ်လောက်ခံစားနေရသလဲ ဆိုတာသာ မေမေ့ကို သိစေချင်တာပါပဲ'

'သိပါတယ် သားရယ်၊ မင့်မေမေ သိလို့ စိတ်မကောင်း ဖြစ်နေရှာပါတယ်ကွယ်၊ သားကသာ ကြိုးစားအားတင်းပြီး အစားလေးများ စားလိုက်ဦးနော်၊ သားက အလိမ္မာသားနဲ့ဟာ'

ဖေဖေက ရင်ခွင်ပိုက် ကလေးငယ်ကို ချော့သလို ချော့ပြီး၊ အချိန်အခါ မဟုတ်ကြီးမှာပင် ဂိုးဒင်းပတ်မုန့်များနှင့် ဟောလစ်များကို သူကိုယ်တိုင် သွားယူပြီး တိုက်ကျွေးခဲ့သည်။ ကိုကိုကလည်း ကြိုးစားအားတင်း၍ စားရှာပါ၏။ ပြီးတော့မှ စိတ်မောမောနှင့် တစ်ခဏတာမျှ အိပ်ပျော်သွားလေသည်။

သို့ရာတွင် သည်အချိန်အတွင်းမှာ မေမေက အမှားတစ်ရပ်ကို ကျူးလွန် လိုက်ပြန်လေသည်။

မေမေသည် သားချစ်၏ သောကကို တတ်နိုင်သမျှ ဖြေဖျောက်၍ပေးလိုသောဆန္ဒ ရှိ၏။ မေမေက သားအနေနှင့် အိရပ်ပုံကို ကြည့်ရ၊ မြင်ရတိုင်းမှာ သောကမီးပွားများကာ ဖြေဆည်ရန် ခက်တော့မည်ဟု ယူဆပြီးလျှင် သား အိပ်ရာနံဘေးမှ အိရပ်ပုံကားကို ဗီရိုအထက်ဆုံးထပ်မှာ သော့

ခတ်၍ သိမ်းထားလိုက်ပြီးနောက်၊ သားမြင်လျှင် "ငါဟာ မကြာမီ လက်ထပ်ရမယ့် သူပါကလား" ဟု သတိရကာ ဆင်ခြင်ဖြေဆည်နိုင်ရန် အတွက်ဟု ဆိုပြီး မင်္ဂလာဖိတ်စာ တစ်စောင်ကိုလည်း သား၏ ခေါင်းအုံးနံဘေးမှာ သွားရောက် ချထားလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤခန့်မှန်းချက်မှာ မည်မျှ လွဲချော်နေသည်ဟုဆိုလျှင် ကိုကိုသည် အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် မျက်စိမဖွင့်ရမီမှာ အိရုပ်ပုံကို စမ်းသပ်ကြည့်ရှုလိုက်ရာမှ မတွေ့ရသည်နှင့် တစ်ခါတည်း မျက်လုံးများ ပြူးကျယ်လာကာ ရုတ်ခနဲ ထ လိုက်သည်။ ဤတွင် အိရုပ်ပုံအစား နေရာယူကာ ရောက်ရှိနေသော မင်္ဂလာဖိတ်စာကတ်ကို သွားတွေ့သည်။

**"မောင်ထွန်းဝေနှင့် မခင်ခင်"**

ကိုကိုသည် သူ့ကို ပြောင်လှောင်နေသည်ဟု ထင်ရသော ဤစာလုံးကို တွေ့သည်နှင့် တစ်ပြိုင်တည်းမှာပင် ဖိတ်စာကတ်ကို အစိတ်စိတ် အမြွာမြွာ ခြေမွဆုတ်ဖြဲပစ်လိုက်ကာ ဝုန်းဒိုင်းကြဲမျှ ဆူညံခုန်ပေါက်နေလေသည်။

'အိရုပ်ပုံလေး ဘယ်ရောက်သွားပြီလဲဟင် ... ဘယ်သူ ဘာလုပ်သလဲဟင်'

ထိုအချိန်မှာ ဖေဖေ အလုပ်သွားနေပြီး မေမေက စက်ချုပ်လျက်ရှိနေရာ၊ ရွှေရွှေ ပြေးလာပြီး ဗီရိုအံဆွဲထဲမှာ မေမေ သိမ်းဝှက်ထားကြောင်းကို ပြောရသည်။ ကိုကိုမှာ ခေါင်းငိုက်စိုက် ကျသွားကာ မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် အုပ်ထားလိုက်သည်။

'အသက်မရှိတဲ့ ဒီရုပ်ပုံကလေးလောက်ကိုမှ ကြည့်ခွင့်မပေးနိုင်ဘူးဆိုတော့ မလွန်လွန်းဘူးလား ရွှေရွှေ၊ ဒီဘဝမှာ ထွန်းဝေ ဘယ်လိုလုပ်ပြီး ဖြေရဦးမှာလဲ ... ဟင်'

ကိုကိုက ဝမ်းနည်းသံကြီးနှင့် မကျေမချမ်း ပြောဆိုလိုက်သည်။ ထိုနောက် ရဲတင်းတစ်လက်ဖြင့် အံဆွဲသော့ကို ရိုက်ချိုးဖွင့်ဖောက်ကာ အိရုပ်ပုံကလေးကို ထုတ်ယူ ပွေ့ပိုက်ပြီးလျှင် နောက်ဖေးခြံတန်းကို ကျော်ဖြတ်၍ မုဆိုးမ ဒေါ်ငြိမ်းတင်ကြီး၏ တဲကလေးဆီသို့ တန်းတန်းမတ်မတ် ထွက်ခွာသွားလေသည်။

သားအတွက် စိတ်ဖြေစရာ ဖြစ်မည် ထင်၍သာ မေမေက ပြုလုပ်ခြင်း ဖြစ်သော်လည်း နေ့အတွက် လေးရပြန်ပါလေပြီ။

အတော်ကြီးကြာတော့ 'ကိုကိုတစ်ယောက် အရက်တွေ အရမ်းသောက်ပြီး မူးလဲနေလေရဲ့' ဟူသော သတင်းကို ဒေါ်ငြိမ်းတင်ကြီးက လာပေးသည်။ 'ကျွန်မလည်း သောက်နေကျ မဟုတ်ဘဲနဲ့ မသောက်ပါနဲ့ ကိုထွန်းဝေရယ်လို့ အတန်တန် တားပါတယ် အစ်မကြီးရယ်၊ ပြောမနိုင် ဆိုမရနဲ့ သူ့ဟာသူ အတင်းဝင်သောက်တော့လည်း ကြည့်နေလိုက်ရတာပဲ' ဟူ၍လည်း ဖြည့်စွက်တင်ပြသည်။

ဤအကြောင်းများကို မေမေ သိသောအခါ အတော်ကြီး စိတ်ဆိုးသွားပုံရသည်။ 'ဩော် ... သူ့ကောင်မပုံကို ဒါလောက်တောင် အမြတ်တနိုးဖြစ်နေရသတဲ့လား၊ အမြီးပေါက်ချင်နေတဲ့ ခွေးကောင်က' ဟု ကရုဏာဒေါသောနှင့် မပြောစဖူး ပြောလေသည်။ ပြီးတော့လည်း စီတာရန်းကို သွားရောက် တွဲယူစေပြီးလျှင် ဧကရာဇ်မြစ် ရှာရ၊ ရေလောင်းပေးရနှင့် အလုပ်များနေပြန်လေ၏။

သို့သော် ထိုနေ့မှ အစပြုကာ ကိုကိုကတော့ ပေပေတေတေ ဖြစ်မြဲဖြစ်လာသည်။ သူ့ ဂရုစိုက်သည်မှာ အိရုပ်ပုံကလေး တစ်ခုသာ ဖြစ်၏။ ဒါကိုတော့ ဘယ်လောက် မူးသည် ဖြစ်စေ၊ မမူးသည် ဖြစ်စေ အပါးမှ အပျောက်မခံခဲ့ပေ။ သည့်ပြင်က လွဲလျှင်တော့ အစားအသောက်ကိုပင် ဘယ်မှာ စား၍ စားမှန်း မသိရ။ အိမ်မှာလည်း ကပ်သည် မရှိ၊ သူ့အခန်းကို သော့ပိတ်ပြီး အချိန်ရှိတိုင်း ပြင်ပမှာ ထွက်နေသည်။ ဒေါ်ငြိမ်းတင် တဲမှာ မူးလဲနေပြန်ပြီ ဆိုမှသာ အိမ်မှ သွားရောက် တွဲခေါ်ရသည်မှာ ထုံးစံလိုဖြစ်လာ၏။ ကိုကို၏ ရိုးသားသော သိက္ခာကို သိရှိခဲ့ကြသော အရပ်သူအရပ်သားများမှာပင် သူ့အဖြစ်အတွက် ရင်ထုမနာ ဖြစ်လာကြသည်။

'သားရယ် ... ပြီးတဲ့ကိစ္စကို ပြီးပါစေ၊ ကိုယ့်ဘဝကို နစ်မွန်းအောင် မလုပ်ချင်ပါနဲ့၊ မင်း ဒီအတိုင်းဆိုရင် ခက်တော့မယ်' ဟု ဖေဖေက ဝတ္တရားအတိုင်း ချော့မော့ဆုံးမလျှင်–

'အဆိပ်ဆေးကို သောက်ပြီး အူတွေ အသည်းတွေ အပိုင်းပိုင်း အတစ်တစ် အဖြတ်ခံရတာနဲ့ စာရင်တော့ ကျွန်တော့်ဘဝက မဆိုးပါဘူး ဖေဖေ' ဟု မဲ့ပြုံးကြီးနှင့် ဆင်ခြေပြန်ပေးကာ ဘာကိုမှ အမှုမထားလိုတော့သော အနေမျိုးဖြင့် အိမ်မှ ထွက်ခွာသွားပြန်သည်။

'မင်းမေမေ့ကို နည်းနည်းမှ မသနားတော့ဘူးလားကွယ်' ဟု မေမေ

က မေးပြန်လျှင်လည်း 'မေမေကတော့ ကျွန်တော့်ကို သနားတယ်ပေါ့နော်' ဟု ခပ်ပြုံးပြုံးနှင့် ပြန်မေးကာ ထွက်မြဲထွက်၍၊ မူးမြဲ မူးလာသည်။

လက်ထပ်ရန် ရက်ပိုင်းမှာလည်း နီးသည်ထက် နီးကပ်လာ၏။ မတတ်သာတော့သောအခါ မေမေမှာ သမီးရှင်များအား တောင်းပန်ပြောဆိုကာ တစ်လတိတိ ရက်ရွှေ့ဆိုင်းလိုက်ရသည်။

နံနက်ပိုင်း အိပ်ရာထမှာ ဖရဆော့ သောက်နေသော ကိုကိုအား ထိုအကြောင်းကို ရွှေရွှေက ဦးဦးဖျားဖျား သတင်းလာပေးသည်။

'ကိုကိုတို့ မင်္ဂလာဆောင်တော့ တစ်လတိတိ ရက်ရွှေ့လိုက်ရပြီ'

'ဘာပြောတယ် ... တစ်လ၊ အဟား-ဟား တစ်နေ့တောင် မဆိုင်းနိုင်ဘူးဗျာ'

ကိုကိုက အော်ကျယ်ဟစ်ကျယ်နှင့် ရယ်မောပြောဆိုကာ အိရပ်ပုံကလေးကို ကောက်ယူပြီး ထွက်ခွာသွားသည်။

ကိုကိုထွန်းဝေ သည်တစ်ကြိမ် ထွက်ခွာသွားခြင်းမှာ မိဘ အရိပ်အာဝါသမှ အပြီးအပိုင် ပြန်မလာတမ်း ထွက်ခွာသွားခြင်းပင် ဖြစ်နေလေသည်။

'ခင်ဖျား ကျုပ်ကို မယူရင် နှစ်လောင်းပြိုင် အသေပဲ' ဟု ခြိမ်းခြောက်ကာ ကိုကိုထွန်းဝေက နောက်ဖေးတဲမှ ဒေါ်ငြိမ်းတင်ကြီးကို လက်ထပ်ယူထားလိုက်ပြီ ဟူသော သတင်းမှာ ရင်သပ် အံ့ဩလောက်အောင် တစ်မုဟုတ်ချင်း ပျံ့လွင့်လာ၏။ သူတို့ လက်ထပ်ပွဲကို အသိအမှတ် ပြုကြရသူ တစ်စုကတော့ ထိုအိမ်မှာ ကျက်စားတတ်လေ့ရှိသော ယစ်ထုတ်တစ်စုပင် ဖြစ်ပေသည်။

ထိုသည့်နေ့မှ အစပြုကာ ကိုကိုထွန်းဝေနှင့် ဒေါ်ငွေခင်တို့ သားအမိနှစ်ဦး၏ မာန်နှင့် ငြိုးစိတ်များက အပြိုင်အဆိုင် ဖြစ်လာတော့ခြင်းလည်း ဖြစ်ပေသည်။

သိသိသာသာ ထိခိုက်သွားကြသည်မှာလည်း မေမေတို့မှာပင် ဖြစ်သည်။ သားနှင့် လက်ထပ်အံ့ဆဲဆဲဖြစ်သော သတို့သမီးရှင်များကိုဆိုလျှင် အင်မတန်မှပင် မျက်နှာပူကာ တောင်းပန် အောက်ကျို့ကြရရှာ၏။ သည်အထဲမှပင် စေ့စပ်ပြေငြိမ်းနိုင်ခြင်း မရှိဘဲ အကြိတ်အနယ် အပြိုင်အဆိုင် ဖြင့် ငြင်းခုံခိုက်ရန် ဖြစ်ပွားလာကြသည်။ နောက်ဆုံးမှာ မေမေတို့ဘက်မှ

လွှန်ကျူးချက်က အထင်အရှားမို့ အိမ်ရှေ့ တိုက်သစ်ကြီးကို လျော်ကြေးအဖြစ် ပေးအပ်လိုက်ရသည်။

ခင်ခင်သည် အခြားသော စက်ပိုင်သား တစ်ယောက်နှင့် ကောက်ခါငင်ခါ လက်ထပ်လိုက်ပြီးလျှင် အောင်နိုင်သူများ အဖြစ်နှင့် တိုက်သစ်ကြီးပေါ်မှာ အခံ့စား လာရောက်နေထိုင်ကြသည်။

အိမ်နောက်ဖေး တဲမှာတော့ ကိုယ့်ဘဝကိုယ် အညွန့်တုံး၍ နင်းပြားဖြစ်အောင် လုပ်နေသော သားဖြစ်သူ အရက်သမား၏ အမြဲတမ်း ဆူပူနေတတ်သော တဲကုပ် တဲစုတ်ကလေး။

ဤကွာခြားချက်သည် မေမေ့အား အသည်းဆတ်ဆတ် မခါဘဲ နေနိုင်စွမ်းပါတော့မည်လော။ ဘာမဟုတ်သည့် အညတရ မိန်းကလေးတစ်ဦးအတွက် မိခင်တစ်ယောက်လုံးကို အသည်းကွဲအောင် ပုန်စား ပုန်ကန် ပြုလုပ်သွားသော သားဆိုး သားမိုက်ကို “သား” ဟူ၍လည်း မပြောလို၊ မကြည့်လိုတော့ပါပြီ။

ရည်ရွယ်ချက် ကြီးမားစွာနှင့် မွမ်းမံဆောက်လုပ်ထားရသော အိမ်ရှေ့က တိုက်သစ်ကြီးပေါ်မှာ တစ်ရုံဆံ ပုဂ္ဂိုလ်များက ဝင့်ကြွားစွာ တက်ရောက် နေထိုင်ကာ ပြက်ရယ်ပြုနေခြင်းကိုကော မေမေက ဘယ်လို ရှုဆိတ်နိုင်ပါဦးမည်နည်း။

ထိုနေ့မှ စတင်ကာ အိမ်ရှေ့အိမ်နောက် တံခါးများကို ယောင်၍မျှ မဖွင့်ရန် မေမေက သံမဏိ စည်းကမ်းချက်အနေနှင့် ထုတ်ပြန်ထားလိုက်သည်။ သူ့အနေဖြင့် “သား” ဟူ၍ ခေါ်ငင်သုံးစွဲရန်ကို ဝေး၍ တစ်ပါးသူက “အမေ” ဟု ခေါ်သည်ကိုမျှ ကြားနိုင်ခြင်း မရှိတော့အောင်လည်း အစွဲနာသွားသည်။

သား၏ သတင်းကို စပ်၍ ပြောလာ၊ မေးလာသူများကိုလည်း ရန်သူကဲ့သို့ မှတ်ပိုက်ထားသည်။ ရွှေရွှေမှာလည်း ကိုကိုထွန်းဝေ၏ သတင်းကို ပြောမိကာမျှနှင့်ပင် ဤအိမ်မှ နှင်ထုတ်ခြင်း ခံခဲ့ရသည်။ “သည်အကောင်ကို ကျွေးရမည့်အစား ခွေးကို ကျွေးပစ်မည်” ဟူသောအနေနှင့် အရွဲ့တိုက်ကာ စားကောင်းသောက်ဖွယ် ထမင်းဟင်းများကို နေ့စဉ် သွန်ကြရသော နိစ္စဘတ် ဝတ္တရားကြီးကိုလည်း အငြိုးကြီးစွာ ထမ်းဆောင်ခဲ့သည်။

သေလျှင် အမွေပစ္စည်း မကျန်ရစ်ရအောင် ဟူ၍လည်း နှစ်စဉ်

ငွေလုံးကြေးလုံးများကို ခန့်ခွဲဖြန့်ဝေပြီး လှူပစ်သည်။ လူအများနှင့် ဆက်ဆံရလျှင် စကား အပေါက်အစ များတတ်သည်ဟု ဆိုကာ အိမ်တွင် ဖိတ်ခေါ်ညှော်ခံရသော အလှူဒါနမျိုးကိုတော့ ဘယ်အခါမျှ မလုပ်၊ သူတစ်ပါး၏ သာရေးနာရေးများသို့လည်း ဘယ်အခါတွင်မျှ မသွားတော့။ အိမ်ကို လာသော ဧည့်သည်များကိုပင် တံခါးဝမှ စစ်မေးစေကာ စိတ်လိုမှ တွေ့ခွင့်ပေးသည်။

အိမ်သည်က နှစ်လိုဟန်မရှိသော ဤအိမ်မျိုးကို ဧည့်သည်အဖြစ်လာရမည်မှာ မျက်နှာပူစရာ ဖြစ်နေသည်ကြောင့် တစ်စတစ်စနှင့် ဧည့်သည်အဝင်အထွက် နည်းပါးလာသည်။ နှစ်ပရိစ္ဆေဒ ကြာသော် မည်သူနှင့်မျှ ဆက်ဆံမှုမရှိသလောက် နည်းပါးသွားကာ လောကနှင့် သီးခြား ကင်းလွတ်နေသယောင် ဖြစ်လာသည်။ ကိုယ့်ကိုယ်ကို အကျဉ်းချထားသည့်ပမာ မြေကြီးကို မနင်းမိဘဲနှင့်ပင် နှစ်ပေါင်းများစွာ ကြာမြင့်လာသည်။

သားဖြစ်သူဘက်မှလည်း ပြေပြစ်ညီညွတ်စရာ လုံးဝ မရှိခဲ့။ မေမေ၏ ငြိုးစိတ်နှင့် ပြုမူနေသမျှကို ဘာလောက်မျှ အရေးမထားသည့် ပုံဟန်မျိုးဖြင့်– **"ဟောဒီ လောကကြီးမှာ ပျော်စရာတွေချည်းပါ၊ အဟက်–ဟက်–ဟဲ–ပျော်လွန်းလို့ပါဗျာ"** ဟု သံကြောင်သံကွဲဖြင့် တစ်ခါ ပြန်ရွဲ့သည်။ ရွှေပေါ်မြတင် ပစ္စည်းထုထည် ဂုဏ်အရှိန်အဝါနှင့် နေစေလိုလှသော မိခင်၏ စေတနာကို တန်ပြန်လုပ်ကာ စုတ်စုတ်ပွဲပွဲနှင့် အညွန့်တုံးလုပ်နေသည်။

ငွေကြေးရနိုင်သော အလုပ် ဟူ၍ ဘာကိုမျှ မလုပ်။ သူ့အပေါ်မှာ သနားကြင်နာစိတ်ကို အရင်းခံပြုကာ (ဝဋ်ကြွေးမကင်းခဲ့ရှာဟန်ဖြင့်) လုပ်ကျွေး ပြုစုနေသည့် မိန်းမကြီး၏ လုပ်စာကို ထိုင်စားသည်။ တကယ့်အကျဉ်းအကျပ်ထဲ ရောက်ရှိနေပြီ ဆိုပါမှ သူလုပ်လေ့ရှိသော အလုပ်တစ်ခုကား အသက် (၇၀) တွင်းသို့ ချဉ်းကပ်နေပြီ ဖြစ်သည့်တိုင် သီလ ကောင်း၍ ကျန်းမာတုန်းပင်ဖြစ်သော ပန်းချီဆရာကြီး ဦးမြတ်စံထံမှာ သွားရောက်ကာ ဆိုင်းဘုတ်အစ၊ ပန်းချီ ဒီဇိုင်းအစ ကူညီရေးသားပေးခြင်းဖြင့် အနည်းငယ်မျှသော ငွေစကြေးစကို ရရှိနိုင်ခြင်းသာ ဖြစ်သည်။

ဖြစ်သင့် ဖြစ်ထိုက်သည်ထက် ကျော်လွန်ကာ အာဃာတ ထားနေကြသော သည်သားအမိအတွက် စိတ်မချမ်းမသာ ဖြစ်ရဆုံးမှာ ဖေဖေပင်ဖြစ်လေသည်။ လူ့လောကထုံးတမ်းထက် လွန်ကျူးနေသော သည်သား

အမိကို ဘယ်လိုဖျောင်းဖျ၍မျှလည်း မရ။ သားဖြစ်သူ၏ ဆင်းရဲမွဲတေပုံကို မရှုဆိတ်နိုင်၍ ငွေလုံးငွေရင်း ထောက်ပံ့ကူညီပါမည် ဆိုတော့လည်း ခါးခါးသီးသီး ငြင်းဆန်သည်။

'ကျွန်တော့်အတွက် ရသင့်ရထိုက်တဲ့ ပစ္စည်းဥစ္စာဆိုလို့ ဘယ်သူ့ဆီမှာမှ တစ်ပြားတစ်ချပ် မရှိခဲ့ပါဘူး၊ ဘယ်သူက ပေးပေးလည်း မလိုချင်ပါဘူး။ ကိုယ့်ဘဝနဲ့ ကိုယ်ပဲ ပျော်ပါတယ်' ဟုသာ ပြောတတ်သည်။ သည့်ထက်သည် တိုက်တွန်းပေးကမ်းလာလျှင်တော့ ကိုကိုသည် ဒေါနှင့် မာန်နှင့် ဖြစ်လာကာ အိမ်မှာ မွေးသည့် ကြက်ငှက်တိရစ္ဆာန်များကို လည်းကောင်း၊ သူ့မိန်းမ ဒေါ်ငြိမ်းတင်ကြီးကို လည်းကောင်း စောင်းမဲ အော်ငေါက်လေပြီတည်း။ သည်အခါ မေမေ သိမည် စိုးရသည်က တစ်ဖက်မို့ ဖေဖေကပင် အလျှော့ပေးလိုက်ရပြန်လေသည်။

ဖေဖေ တတ်နိုင်သည်မှာ သားဖြစ်သူ မသိအောင် ဒေါ်ငြိမ်းတင်ကြီးကို ကြက်စာချမှု ပေးကမ်းရခြင်းသာ ဖြစ်သည်။ ဒေါ်ငြိမ်းတင်ကလည်း ဖေဖေ မကြိုက်သော သူတို့၏ တိတ်တိတ်ပုန်း အရက်ချက်လုပ်ငန်းကို ရပ်စဲလျက် အကြော်ရောင်းပြီး ကိုကို့ဆိုးမျိုးကို သည်းခံကာ လုပ်ကျွေးသမှုပြုရှာသည်။ သို့ရာတွင် ကိုကိုကား ရတတ်သည့် နေရာများမှ ရှာဖွေသောက်စားကာ ဝါရင့်အရက်သမားကြီး အဖြစ်ကို ခံယူဆဲ။

မေမေမှာလည်း သူလုပ်ချင်တာကို မလုပ်ရလျှင် စိတ်ကြီးပြီး သေလုမြောပါး တက်နေတတ်သည်။ သို့အတွက် ဆရာသမားများ ပင့်ခေါ်လျှင်လည်း နည်းနည်းမျှ မကြိုက်။ 'ကျုပ်မှာ ဘာရောဂါ ရှိလို့လဲ၊ ကျုပ်မှာ ဘာရောဂါ ရှိလို့လဲ' ဟု ဝမ်းလိုဏ်သံ ပါအောင် အော်တတ်သည်။ ဒါက မေမေ့ပျော့ကွက်တစ်ကွက်ပင် ဖြစ်ပေ၏။ ပျော့ကွက်ကို ထိလျှင်လည်း ရမ်းတတ်သည်မှာလည်း ဓမ္မတာသာ ဖြစ်သည်။

မေမေသည် တဖြည်းဖြည်း ပိန်ချုံးလာသော ကမ္ဗဒ္ဓာန်းရုပ်ကို မှုန်နံ့သာ သ ကာ သား၏ တန်ပြန်မှုကို ဘာမျှ မဖြစ်သလို တင်းခံသည်။ သူ စိတ်ကူးတည့်ရာတွေကို လုပ်ချင်တိုင်း လုပ်နေရလျှင်လည်း ခံနိုင်ရည်ရှိသည် သာတည်း။

တစ်ကြိမ်သော အခါက အသည်းနှင့်စဖွယ်ရာ မှားယွင်းခဲ့ကြသော အမှားတစ်ရပ်ကို သက်ဆုံးတိုင် ဆောင်ယူကာ ငြိုးမာန်ဖွဲ့ကြရင်းမှ လူ့လောကနှင့် သီးခြားကင်းလွတ်ကာ ရှုပ်ထွေးပွေလီလာရသော ဤတိုက်အိမ်အိုကြီး၏ အရှင်သခင်များ အကြောင်းကို အစ်ကိုလေး (တင်လှမောင်) သည် စာရေးဆရာကြီး တစ်ယောက်ပီပီ အသေးစိတ် ကျနစွာ ပြန်လည်ပြောပြသွားပေ၏။

ကျွန်တော်မှာလည်း စုတ်တသပ်သပ် ရင်တမမနှင့် စိတ်ဝင်စားစွာ နားထောင်ခဲ့ရသည်။ ကျွန်တော် စိတ်ဝင်စားသည်နှင့် အမျှပင် စာဖတ်ပရိသတ်သည်လည်း စိတ်ပါဝင်စားကာ ကျွန်တော် (အောင်တင်) တစ်ယောက်ကိုပင် မေ့နေလောက်ပြီ ထင်မိသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ မပြီးဆုံးသေးသော သူတို့၏ ဇာတ်ကြောင်းကို (တာဝန်တစ်ရပ်အနေနှင့်) ဆက်လက် တင်ပြသွားရဦးမည်ပင် ဖြစ်ပါ၏။

*

အစ်ကိုလေး၏ နောက်ကြောင်းပြန် ဇာတ်လမ်းကို သမ်းဝေငိုက်မျဉ်းရန်မျှ သတိမရနိုင်ဘဲနှင့် နားထောင်လာခဲ့သည်မှာ မိုးစင်စင်လင်း၍ နေရောင်ခြည်ဦးကို တွေ့မြင်လာရသည် အထိပင် ဖြစ်ပေရာ၊ ဇာတ်အိမ်လည်းကာ စကားပြတ်သွားကြသည့် နောက်တွင် ကျွန်တော်တို့ အခန်းသို့ ဦးစွာ ရောက်ရှိလာသူမှာ အဘပင် ဖြစ်ပေသည်။

'ဖေဖေတောင် နိုးလာပြီလား၊ ကျွန်တော်တို့ဖြင့် စကားကောင်းနေရတာနဲ့ အိပ်တောင် မအိပ်လိုက်ရပါဘူး' ဟု အစ်ကိုလေးက ဆီးပြောသည်။

'ဖေဖေလည်း မအိပ်ရပါဘူးကွာ၊ မင်းမေမေက တက်လို့ချည်းနေတယ်'

'တယ်ခက်ပါလား ဖေဖေ၊ ဘာဖြစ်ရပြန်ပါလိမ့်'

'မေးစရာ လိုသေးသလားကွာ၊ သားနဲ့ သားမိန်းမကို လက်ခံတာ မကြိုက်ဘူးတဲ့ကွ၊ ဒီတစ်ခါတော့ ဖေဖေလည်း ခပ်တင်းတင်းပဲ ပြန်ပြော

လိုက်တယ်၊ ခင်ဗျားတို့ ဖြစ်ချင်တိုင်း ဖြစ်လာကြတာကို ကျုပ်တစ်သက်လုံး စိတ်မချမ်းမသာနဲ့ ကြည့်လာခဲ့ရပါတယ်၊ ခင်ဗျားတို့ဟာ ကိုယ့်စိတ်အလို ကိုသာ သိပြီး၊ သူတစ်ပါးရဲ့ စိတ်အလိုကို နည်းနည်းမှ မလိုက်လျောကြ ပါဘူးလို့၊ အခုတော့ သားဟာလည်း လမ်းဆုံးကို သွားရလုနီးပါပြီ၊ ဘယ် လောက်ပဲ ဆိုးတယ် မိုက်တယ်ပြောပြော၊ သားဟာ သားပဲမို့ ခင်ဗျားစိတ် ကို လျှော့ချင်လျှော့ မလျှော့ချင်နေ၊ ကျုပ်တော့ လက်ခံထားရမှာပဲလို့၊ ဟုတ် တယ် မဟုတ်လားကွယ်၊ မငြိမ်းတင် ဆိုတာဟာရော–ခမျာကြီး သနားဖို့ ဘယ်လောက် ကောင်းသလဲ၊ သားက ဆိုးချင်တိုင်း ဆိုးနေတာကို သူမို့ သည်းညည်းခံပြီး ပေါင်းနေနိုင်သေးတာ'

ဘဘက စကားဆုံးသွားတော့မှ ဆေးပြင်းလိပ်ကို ပါးစပ်မှာ တပ် လိုက်ပါသည်။

'ဟုတ်ပါရဲ့ ဘဘ၊ ဒေါ်ငြိမ်းတင်ကြီး တစ်ယောက်လည်း မပေါ်လာ သေးဘူးနော်၊ အကြော်ရောင်းဖို့များ' ဟု ကျွန်တော်က ဝင်ထောက်လိုက်ရာ ကျွန်တော့်စကား မဆုံးမီပင် ဘဘက ဝင်ဖြတ်ပြောပါသည်။

'ဟော့– မင်းတို့ တကယ် မသိကြသေးဘူးလား၊ သူ့ကို ညထဲက မယ်မြင့်အခန်းမှာ အတူနေဖို့ ပြောထားရတာကွ၊ မယ်မြင့်လည်း မင်းမေမေ ကို စောင့်ကြည့်ပြုစုနေတာနဲ့ပဲ ချက်ရေး ပြုတ်ရေးကို ဒီနေ့ သူ့ပဲ လွှဲထား ရတာ၊ အခု ရေနွေးတည်နေလေရဲ့ကွ'

'ကိုကိုလည်း ခုထိ မနိုးသေးဘူး ဖေဖေ၊ ဖေဖေ အအိပ်ပျက်ရင် နေမကောင်းမှာ စိုးရတယ်၊ အိပ်လိုက်ပါဦးလား' ဟု အစ်ကိုလေးက ဘဘ အတွက် သက်သက်ညှာညှာ ပြောရှာသည်။

'နေပေစေကွာ၊ အိပ်လို့လည်း ရမှာ မဟုတ်ပါဘူး' ဟု ဘဘက ပြန်ပြောရင်း ကိုကို့ခုတင် အနီးသို့ သွားကာ ခြင်ထောင်ကို လှပ်ကြည့် လိုက်သည်။

'အင်း' ဟု ကိုကို၏ လူးလွန့်သံကို ကြားရ၏။ မရှေးမနှောင်းမှာ ပင် ဆရာဝန်လည်း ရောက်ရှိလာလေသည်။

ဆရာဝန်သည် ကိုကို့ခေါင်းမှ အနာကို ဆေးထည့်ပေး၏။ ထိုးဆေး ကိုလည်း တစ်နာရီ တစ်ကြိမ်ကျမျှ စောင့်ကြည့်ထိုးပေးသည်။ ဆေးသုံးလုံး မျှ ထိုးပေးပြီးတော့မှ ဆရာဝန် ပြန်သွားလေ၏။ ကိုကိုမှာ ပါးစပ် တလှုပ်

လှုပ်နှင့် မပီမသ စကားလုံးများကို မကြာခဏ ညည်းတွားပြောဆိုတတ်ပေသည်။

ဆရာဝန်က လူမမာအတွက် စိတ်ထိခိုက် လှုပ်ရှားစရာကို မဖြစ်စေနှင့်ဟု ကျပ်တည်းစွာ တားမြစ်သွားပေရာ၊ အစ်ကိုလေးမှာ ကိုကို့အခန်းသို့ မဝင်ဝံ့ရဲအောင် ဖြစ်သွားသည်။ ရေနွေးလာပို့သော ဒေါ်ငြိမ်းတင်ကြီးကို လှစ်ခနဲ မြင်လိုက်ရတော့လည်း ... 'မကြည့်ချင်ဘူး၊ မကြည့်ချင်ဘူး' ဟု ကိုကိုက အော်သည်။ နောက်တော့ ဒေါ်ငြိမ်းတင်ကြီးမှာလည်း ကိုကို့မျက်မှောက်သို့ မလာဝံ့ရှာတော့ပေ။

ကိုကို့အခန်းတွင် အမြဲတမ်း စောင့်ကြည့်နေနိုင်သူမှာ ကျွန်တော်တစ်ဦးတည်းသာ ရှိတော့ပေ၏။ ဘဘနှင့် စီတာရန်းမှာလည်း အပေါ်ထပ်တွင် "တက်" နေတတ်သော ကြီးကြီးငွေအတွက် အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်နှင့်သာ ရှိနေကြရသည်။ ဒေါ်မြိုင်ကတော့ ကြီးကြီးငွေအခန်းမှာ အမြဲတမ်း တာဝန်ယူရသူ ဖြစ်နေသည်။

ကိုကို့အခန်းမှ အညောင်းအညာပြေ သဘောနှင့် ကျွန်တော် ထွက်လာလျှင် ဖြစ်စေ၊ ဘဘနှင့် စီတာရန်းတို့ ဝင်ရောက်ပြီး ပြန်ထွက်လာသည့်အခါတွင် ဖြစ်စေ အခန်းပြင်ဘက်မှာ ပက်လက်ကုလားထိုင် တစ်လုံးနှင့်ထိုင်စောင့်နေသော အစ်ကိုလေးသည် ကိုကို့အခြေအနေကို စိုးရိမ်ပူပန်စွာ စောင့်မေးလေ့ ရှိလေ၏။ ဒေါ်ငြိမ်းတင်မှာလည်း အိမ်ဝေယျာဝစ္စများနှင့် ကိုကို့အတွက် လိုအပ်သော ပြင်ပအကူအညီများကို လုပ်ဆောင်ပေးရင်းမှ ကိုကို့ အခြေအနေကို မကြာခဏ လာမေးတတ်ရှာသည်။

နေ့လယ်ပိုင်းတွင်တော့ ကိုကိုသည်– 'အထွန်းကို ... အထွန်းကို လာကြည့်ဖော်တောင် မရတော့ဘူးလား အိရယ်' ဟု ပန်းဟိုက်စွာ ညည်းညူနေပေသည်။ ပြီးတော့လည်း ဘာတွေမှန်းမသိ၊ ရှည်ရှည်ဝေးဝေး ပြောဆိုနေသေးသည်။ ခဏနေတော့ အသံတိမ်ငင်သွားကာ သတိလစ်နေတော့လေ၏။

ကိုကို သတိလစ်နေပြီ ဆိုသော အခါတွင်မှ အစ်ကိုလေးနှင့် ဒေါ်ငြိမ်းတင်ကြီးပါ ကိုကို့အခန်းသို့ ဝင်ရောက်လာကြသည်။ အစ်ကိုလေးကမူ အားမလို အားမရဟန်ဖြင့် ကိုကို့အား အတင်းဝင်ရောက် ပွေ့ယူထားလိုက်ပြီးလျှင်– 'ကိုကို ... ကိုကို' ဟု မေးဖျားကို လှုပ်ကာ လှုပ်ကာ

စိုးရိမ်တကြီး ခေါ်ငင်လျက် ရှိသည်။ စီတာရန်းမှာသာ ဆရာဝန်ကို ပြေးခေါ် ရပြန်လေ၏။

ကိုကို့အသားတွေမှာ အေးတိအေးစက် ဖြစ်နေသည်။ သွေးတိုးပုံမှာ နေးကွေးလေးလံလွန်းလှပါချေ၏။ ဆရာဝန် ရောက်လာတော့လည်း ချွေးဒီးဒီးကျလုနီးမျှ ကြိုးစားပြီး ကုမ ရှာပါလေသည်။ ညနေပိုင်းတွင်မှ ကိုကိုက သတိပြန်ရလာ၏။ သို့ရာတွင် ဆရာဝန်ကမူ အားတက်ဟန် မပြဘဲ ခေါင်းယမ်း၍သာ ထွက်ခွာသွားလေသည်။

'ညီလေး ... ညီလေး'

ကိုကို့နှုတ်မှ ဤအသံကို ကြားလိုက်ရသည်တွင်မူ အားလုံးပင် အာရုံစိုက်မိကြသည်။ ကိုကို သတိရလာပြီဖြစ်၍ ယခုကလေးတွင်မှ အခန်းတွင်းက ပြေးရှောင်၍ သွားရရှာသော အစ်ကိုလေးမှာလည်း အခန်းတွင်းမှ အသံကို မည်မျှ ဂရုပြုနေရှာသည် မသိ၊ ကိုကို့နှုတ်မှ အသံဆုံးလျှင် ဆုံးချင်းပင် အပြေးကလေး ဝင်ရောက်လာလေသည်။

'ကိုကို ... ညီလေး ဒီမှာရှိတယ် ကိုကို'

အစ်ကိုလေးသည် ခေါင်းအုံး ၄ လုံးမျှ ဆင့်မှီထားသော ကိုကို၏ ဦးခေါင်းရှိရာသို့ သူ့ဦးခေါင်းကို ငုံ့ကပ်ပြီး ကြင်ကြင်နာနာ ပြောရှာသည်။ ကိုကိုသည် အရောင်အဆင်း ကင်းမဲ့သော မျက်လုံးများဖြင့် မျက်လွှာကို လှန်ကာ ကြည့်လေ၏။ ပြီးတော့ မသဲကွဲသေးဟန်ဖြင့် လက်တယမ်းယမ်း မြှောက်၍ စမ်းလေသည်။ 'ညီလေး ... ညီလေး' ဟု ထပ်၍ ခေါ်ရင်းနှင့်မှ အစ်ကိုလေး မျက်နှာကို ကိုကိုက စမ်းမိသွားသည်။

'ကိုကို' ဟု အစ်ကိုလေးက ပြန်ထူးလိုက်၏။

'အိကို ဘယ်မှာ ထားသလဲ ဟင်၊ ကိုကို့ကို ပြန်ပေးပါ ... ညီလေး ရယ်'

ကိုကိုက ပန်းဟိုက် ရှိုက်ငင်လျက် တစ်လုံးချင်း ပြောဆိုနေတော့ဖြင့် အစ်ကိုလေး မျက်နှာမှာ မရှုနိုင်၊ မကယ်နိုင် အသည်းနင့်သွားပုံ ရလေသည်။ နှုတ်ခမ်းသားများ တဆတ်ဆတ် တုန်လာကာ ပါးပြင်တစ်လျှောက်မှာ မျက်ရည်ကြောင်းများ လိမ့်ဆင်းလာလေ၏။ ပြီးတော့ ကိုကို့ပခုံးကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ကာ ပါးချင်း အပ်ထားလိုက်တော့လေသည်။

ဘဘနှင့် ကျွန်တော်တို့ တစ်တွေမှာ သည်ညီအစ်ကို နှစ်ဦး၏

ဖြစ်ရပုံကို ရင်ထဲမှာ မသက်မသာနှင့် ကြည့်ရှုကာ အရုပ်ကြီးများလို ငြိမ်နေမိကြသည်။ လွန်ခဲ့သော (၁၅) နှစ်ကျော်က အဖြစ်ကို ကိုကိုသည် မနေ့တစ်နေ့ကမှ ဖြစ်ခဲ့လေသကဲ့သို့ပင် အစွဲအလမ်း ကြီးလှပါချေတကား။

'အိက ကိုကို့ကို အရက်–အရက်သမားကြီးမို့ ... မုန်း–မုန်းသွားပြီထင်ပါရဲ့၊ ပါးကို ... ပါးကိုတောင် ရိုက်တယ်၊ ကိုကို ... မနာပါဘူး၊ သူ့ကို ညီညီ ... ပြန်ပေးပါကွယ်၊ ကိုကိုလေ ... သူ့ကို ...'

ကိုကိုသည် တစ်လုံးချင်း ပြောဆိုနေရာမှ အသံတိမ်ဝင်သွားကာ မောဟိုက်နေပြန်လေသည်။ အစ်ကိုလေးသည် ကိုကိုက သူ့ကို ခွင့်လွှတ်ရုံမကဘဲ အသနားခံကာ တောင်းပန်နေပြန်ခြင်းကိုပင် ပြစ်ဒဏ်ခံနေရသလို ရင်ထဲမှာ မချိမဆံ့ ဖြစ်နေပုံ ရလေသည်။

'ညီလေး ဘယ်လို လုပ်ရမှာလဲ ကိုကို၊ ညီလေး အသက်နဲ့ လဲပေးချင်ပါတယ် ကိုကို'

အစ်ကိုလေးမှာ ဆွေးဆွေးမြည့်မြည့်ကြီး ပြောဆိုနေပေသည်။

'ညီရေ ...'

ကိုကိုသည် အသံတစ်ချက် ထွက်ပေါ်လာကာ– အစ်ကိုလေး၏ လည်ပင်းကို လှမ်းဖက်လိုက်သည်။ သို့ရာတွင် အသံလည်း နောက်ထပ် မထွက်နိုင်၊ လက်မှာလည်း မခိုင်မြဲတော့ဘဲ မျက်လုံး အထက် လည်ပြီး ပျော့ခွေသွားလေသည်။

ထိုအချိန်မှစ၍ ကိုကိုသည် နောက်ထပ် သတိလည်လာခြင်း မရှိတော့ပေ။ အသက်ကလေး ယှဲ့ယှဲ့မျှသာ ရှိတော့သော ခန္ဓာကိုယ်ကို ထားရစ်ခဲ့ကာ ကိုကို၏ ဝိညာဉ်သည် သူ အစွဲအလမ်း ကြီးလှစွာသော ချစ်သူ "အိ" ကိုပင် ပြေးလွှားရှာဖွေလျက် ရှိလေသလော။

ဘဘသည် မျက်လုံးကြီးများ နီကာ၊ နဖူးကြောနှင့် မေးရိုးကြီးများ ထောင်ကားလာလျက် သားအတွက် ပရိဒေဝမီးကို ကြိတ်မှိတ် ခံစားနေရဟန် ရှိပေ၏။ အစ်ကိုလေးမှာလည်း ကိုကို့ထံ ပြေးပြေးလာကြည့်လိုက်၊ လမ်းထွက်လျှောက်လိုက်နှင့် မျက်လုံးအိမ်များ စွတ်စိုကာ နေမထိ ထိုင်မသာ ဖြစ်နေပေတော့သည်။

ဒေါ်ငြိမ်းတင်ကြီးလည်း သူ့တဲကလေးသို့ ပြန်ပြေးသွားကာ အားရပါးရ ရှိုက်ငင် ငိုကြွေးနေပေပြီ။

ကျွန်တော်တို့သည် ဤပုံအတိုင်းဖြင့် နာရီပေါင်းများစွာ စောင့်ကြည့်နေခဲ့ရ၏။ ကိုကိုသည် တစ်နေ့နှင့် တစ်ညဉ့်လုံးလုံး မျောတင်နေရာမှ သူ၏ ဝိညာဉ်သည် နောက်ဆုံးပိတ် ကွန်းခိုရာစခန်းကို တွေ့ရှိသွားဘိအလားနံနက် အရဏ်တက်လောက်တွင် ကိုယ်ခန္ဓာမှ အပြီးအပိုင် ခွဲခွာချုပ်ငြိမ်းသွားတော့လေသည်။

'မငွေခင်ရေ ... မငွေခင်ရေ၊ မင့်သား– မင်းအိမ်က ခွာသွားပါပြီကွယ်'

ဘဘသည် ယူကျုံးမရ အသံနှင့် တီးတိုးရေရွတ်ကာ အိမ်ပေါ်သို့ပြေးတက်သွားသည်။ ခဏနေတော့ ပြန်ဆင်းပြေးလာပြီး မချိလှသောအသံဖြင့် အံ့ဩစရာသတင်းကို ပြောပြလေ၏။

'သွားပြီ ... မင်းမေမေပါ လိုက်သွားပြီ၊ မာနချင်းပြိုင်လာတဲ့ သားအမိတွေ သေမင်းဆီကိုတောင် အပြိုင်ပြေးကြတယ် ထင်ပါရဲ့'

ဘဘပြောသည်မှာ ပြောလောက်စရာလည်း ဖြစ်နေပေသည်။ ဘဘအိမ်ပေါ်တက်သွားချိန်တွင် ကြီးကြီးငွေသည် ဒေါ်မြိုင့်လက်ပေါ်မှာ အသက်ပျောက်သွားစပင် ရှိနေကာ၊ ဒေါ်မြိုင် ငိုချလိုက်သည်နှင့် တိုးနေခြင်းဖြစ်ပေ၏။ ကျွန်တော်တို့က ဤမျှ အဖြစ်မြန်မည် မထင်စားမိပေမဲ့ကြီးကြီးငွေ အဖို့ အမှည့်ကြွေ သဘောမျိုး ဖြစ်ရဟန် တူပေသည်။ အစ်ကိုလေး မှာလည်း ခေါင်းငိုက်စိုက် ကျသွားတော့ပေသည်။

'ဒီလောက် နှစ်တွေ ကြာညောင်းလာခဲ့ပြီမို့ ဒီအဖြစ်ကို မေ့မေ့ ပျောက်ပျောက် ထားပြီး ကျွန်တော့်အပေါ်မှာ စိတ်ပြေတန်ကောင်းကြပြီ ထင်လို့ကျွန်တော် ပြန်လာတာ၊ အခုတော့ ... ကိုကိုနဲ့မေမေ့ အဖြစ်ဆိုးကို လာကြည့်ရသလို ဖြစ်နေတာပါပဲ ဖေဖေရယ်'

'ဖြစ်ပြီးနေမှတော့ စိတ်ကို ဖြေကြရုံပေါ့ကွယ်၊ အမှားတစ်ခုကိုဆိုးသည်ထက် ဆိုးအောင် လုပ်လာကြလို့လည်း ဒီအခြေ ဆိုက်ခဲ့တာ၊ အခုတော့ သူတို့ ဝဋ်ကျွတ်သွားပြီလို့သာ အောက်မေ့ရမှာပေါ့'

## [၁၇]

ကြီးကြီးငွေနှင့် ကိုကိုတို့၏ ဈာပနကို တစ်ပြိုင်နက် ပို့ဆောင်ရသည်မှာ ကြေကွဲစရာ ကောင်းလှပါပေသည်။ လွန်ခဲ့သော (၁၅) နှစ်ကျော်က

ဖြစ်ပျက်ခဲ့သော ကိုကိုတို့၏ အချစ်ဇာတ်လမ်း တစ်ပုဒ်မှာလည်း သိမိလိုက်ကြသူများမှ တစ်ဆင့် တစ်မြို့လုံးမှာလိုလို ပြန်လည် ပျံ့နှံ့နေပြန်သည်။

ဤအထဲမှ ထူးခြားချက် တစ်ခုကို ထပ်မံ သိရှိရသည်မှာ ပွဲဈေးတန်းတွင် အိအမှတ်ဖြင့် ကိုကို အတင်းဝင်ပြီး ဖက်ယမ်းခံရသူ မိန်းကလေးသည် လွန်ခဲ့သော တစ်ဆယ့်ခြောက်နှစ်ခန့်က ကိုကို့ချစ်သူ အိနှင့် တစ်ပုံစံတည်း လိုလို တူညီလှပါသည် ဆိုခြင်း ဖြစ်ပေသည်။ ထိုမိန်းကလေးမှာ တစ်နယ်မှ အလည်ရောက်နေသူ မြို့ပိုင်၏ တူမကလေး ဖြစ်ပြီးလျှင် ထိုနေ့ညက ပွဲဈေးတန်းမှာ ကိုကိုနှင့် တွေ့ကြုံပြီးသည့် နောက်တစ်နေ့မှာပင် ရှက်လှပါသည် ဆိုကာ ပြန်သွားရှာကြောင်းကိုလည်း သိရှိရပေသည်။

သေသောသူ ကြာလျှင်မေ့ဟု စကားတစ်ရပ်ပင် ရှိခဲ့သည့်တိုင် ဖြစ်ခဲ့သည့် အဖြစ်တစ်ရပ်ကို အဟောင်းအမြင်းမခံဘဲ တသသ ပြန်လည် လွှမ်းဆွတ်နေခြင်းဖြင့် ကိုကို့ သည်းလွှာထက်မှာ အိသည် အမြဲတမ်း သစ်လွင်ကာ မမေ့မပျောက်နိုင် ဖြစ်နေရဟန်လည်း တူပေသည်။

သို့ကြောင့်လည်း ကိုကိုသည် အိနှင့် တစ်ထပ်တည်းလို တူညီလှပါသည် ဆိုသော မိန်းကလေးကို တွေ့မြင်လိုက်ရသည့် အခါမှာ မဆည်နိုင်၊ မတန့်နိုင် တမ်းတမ်းစွဲ ဖြစ်ကာ စိတ်ဝေဒနာ အထိနာသွားခြင်းလည်း ဖြစ်နိုင်ပေသည်။

ကိုကိုတို့ကို သင်္ဂြိုဟ်သည့် နေ့တွင်မှ အစ်ကိုလေးအား ပြန်လည်တွေ့မြင်ကြရသူ မိတ်ဟောင်းများမှာလည်း ခင်မင် ကြင်နာစွာ လာရောက် နှုတ်ဆက်သူက နှုတ်ဆက်ပြီး အံ့ဩသမှု ဖြစ်ကြပြန်သည်။

ထို သိဟောင်း ကျွမ်းဟောင်းများနှင့် နောက်ပေါက် လူငယ်များထဲတွင် ထူးသည်ထက် ထူးခြားကာ အံ့ဩကြရခြင်းမှာကား နာမည်ကျော် စာရေးဆရာကြီး "လှမွန်" ဆိုသည်မှာ အစ်ကိုလေးပင် ဖြစ်နေသည် ဆိုခြင်းကြောင့်ပင် ဖြစ်ပေ၏။ အစ်ကိုလေးတွင် တစ်ထိုင်တည်းမှာပင် မိတ်ဆွေများစွာ ရရှိသွားပေသည်။

'ဘာကြောင့်များ ဒါကို ထုတ်ဖော်ချင်ရတာလဲ ဖေဖေရယ်' ဟု အစ်ကိုလေးက ကန့်ကွက်သယောင် ပြောဆိုတော့လည်း

'သားလေးတစ်ယောက်ပဲ "ဘဝ" ဆိုတာကို အဓိပ္ပာယ် ဖော်နိုင်တာ၊

အမှားကို နင်းပြီး အမှန်တရားကို ရှာဖွေတတ်တာမို့ ဖေဖေ ဂုဏ်ယူစမ်းပါ ရစေကွယ်' ဟု ဘဘက ဆိုသည်။ သည်လိုဆိုတော့လည်း အစ်ကိုလေးက ခွန်းတုံ့ မလှန်သာတော့ပါပေ။

ဤတွင်မှ ကျွန်တော်ကလည်း သတိရလာသည်။ ကျွန်တော့်ကို အစ်ကိုလေး ပြောခဲ့သည်များတွင် စာရေးဆရာကြီး တစ်ယောက်အဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သော အစ်ကိုလေး၏ဖြစ်စဉ် အကြောင်းအရာများ မပါဝင်ခဲ့သေးပါတကား။

ကျွန်တော်က အစ်ကိုလေး၏ အရိပ်အခြည်ကို စောင့်ကြည့်ကာ အခွင့်သာမည် ထင်ခိုက်တွင်မှ သိချင်တာကို မေးမြန်းကြည့်ရသည်။

'အစ်ကိုလေးအဖြစ်က မဆန်းပါဘူး ညီရာ' ဟု နိဒါန်းပျိုးလိုက်ကာ အစ်ကိုလေးက သူ့အဖြစ်ကို အတိုချုံး၍ ပြောပြပါ၏။

အစ်ကိုလေးသည် ဤမြို့ကို နောက်ကျောခိုင်းကာ စွန့်ခွာခဲ့သည့်နောက်တွင် ရန်ကုန်မြို့သို့ ဦးတည်ရောက်ရှိလာလေသည်။ မေမေ ပေးထားသော ငွေငါးရာထဲမှ မသုံး မဖြစ်သည်လောက်ကိုသာ ခြိုးခြံကုတ်ကတ်၍ သုံးစွဲကာ အလုပ်တစ်ခု ရရှိနိုင်ရေးအတွက် ပင်ပန်းကြီးစွာ ရှာဖွေခဲ့ရ၏။

အပြီးအပိုင် မေ့ပျောက်ပစ်ပါတော့မည် ဆိုသည့်တိုင် အသည်းစွဲအောင် ထိခိုက်လာသော ရင်ထဲက ဒဏ်ရာမှာလည်း တနုံ့နုံ့ ဒုက္ခပေးတတ်သေးသည်။ သို့ရာတွင် အစ်ကိုလေးသည် ထိုဒဏ်ရာက လှုံ့ဆွလာတိုင်းမှာ ကြိုးစား၍ အနိုင်တိုက်ခိုက်ကာ "ငါ့ဘဝအတွက် ဒီတစ်ကြိမ်ပဲ အမှားခံမယ်၊ ဒီကရှေ့ကို တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ပြုပြင်သွားမယ်" ဟူသော အဓိဋ္ဌာန်ချက်ကို ခိုင်မာစွာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပေသည်။ သည်အတွင်းမှာ သူ (၁၀) တန်း အောင်မြင်သည့် သတင်းကိုလည်း သတင်းစာများမှာ တွေ့လိုက်ရပေသည်။

ခြောက်လလောက်နေတော့ ကုန်တိုက်တစ်တိုက်တွင် အရောင်းစာရေး တစ်နေရာ ရရှိလေ၏။ သူသည် ထိုလခနှင့်ပင် လောက်ငအောင် သုံးစွဲ နေထိုင်နိုင်ခဲ့ပေသည်။ သို့သော် ထိုအလုပ်သက်မှာ တာမရှည်ခဲ့ရှာပေ။ ဂျပန်က အင်္ဂလိပ်ကို စစ်ကြေညာပြီးလျှင် ဒုတိယကမ္ဘာစစ်၏ လှိုင်းဂယက်များက ရိုက်ခတ်လာသောကြောင့်ပင် ဖြစ်ပေသည်။

မြို့ကြီးပြကြီးများမှ လူများစွာသည် မိမိလုပ်ငန်းများကို ဖျက်သိမ်း

ပြီးလျှင် တောနယ် အနံ့အပြားတွင် စစ်ဘေးဒုက္ခသည် ဘဝနှင့် ရောက်ရှိနေကြသည်။ ရန်ကုန်မြို့ပေါ်တွင်လည်း ဖုံးမိုး၊ စက်သေနတ်မိုးများ တစ်သုတ်ပြီး တစ်သုတ် ရွာချနေ၏။

အစ်ကိုလေးမှာ သူ၏ အခန်းနီးချင်း အဖော်များနှင့်အတူ ရွှေတိဂုံဘုရားတွင် သွားရောက်ခိုလှုံနေရသေးသည်။ ကံကောင်း ထောက်မ၍ပင်လား မသိ၊ ထိုစဉ်မှာပင် နယ်သို့ ကိုယ်လွတ်လက်လွတ် ထွက်ခွာသွားလိုသော စာအုပ်ဆိုင်ရှင် တစ်ဦးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် သွားတိုးမိသည်။ အစ်ကိုလေးသည် သူ့မှာ ရှိတတ်သမျှသော ငွေဖြင့် စာအုပ်အားလုံးကို ဝယ်ယူလိုက်နိုင်လေ၏။

ဂျပန်ခေတ်ထဲတွင်ကား စာအုပ်ပိုင်ရှင် ဘဝနှင့် စာအုပ် ရောင်းရသလောက်ကိုသာ မျှတအောင် သုံးစွဲနေထိုင်ပြီးလျှင် ဖုံးကြား၊ စက်သေနတ်ကြားမှာပင် စာပေထဲ၌ နစ်မျောနေခဲ့သည်။ အစ်ကိုလေးသည် ဆိုင်ရှိ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ လောကီလောကုတ် စာအုပ်မျိုးစုံတို့ကို တစ်အုပ်မကျန် ဖတ်မှတ် သိမှီးကာ အမြတ်အထွက်ကြီး ထွက်နေတော့ပေ၏။

ဆိုင်ရောင်းရင်းနှင့် ဆိုင်မှာ စာအုပ်လာဝယ်တတ်လေ့ရှိသော လူတန်းစား ပေါင်းစုံနှင့် ဆက်သွယ်မိကာ ဘဝတက္ကသိုလ်ကိုလည်း သင်တန်းတက်နိုင်ခဲ့သေးသည်။ ထိုစာအုပ်ဝယ်သူ ပရိသတ်များထဲမှ တပ်မတော်သားအချို့နှင့် ရင်းနှီးခင်မင်လာပြီးလျှင် ဂျပန်–မြန်မာ ဆက်ဆံမှု အတွင်းရေးများကိုလည်း သိတန်သမျှ သိခွင့်ရခဲ့သည်။ အရပ်ထဲမှာလည်း ဂျပန်–မြန်မာ ဆက်ဆံရေးမှာ ပွစိပွစိ ဖြစ်နေခိုက်ပင်တည်း။

အစ်ကိုလေးသည် သူချစ်မြတ်နိုးသော စာအုပ်များကို စွန့်လွှတ်ခဲ့ကာ တပ်မတော်ထဲသို့ ခြေစုံပစ်၍ ဝင်လိုက်ပြန်လေသည်။ ဖက်ဆစ် တော်လှန်ရေးတွင် အစ်ကိုလေးသည် ပခုံးမှာ ဒဏ်ရာရခဲ့ဖူးလေ၏။ နောက် မဟာမိတ်များ ပြန်လည်ရောက်ရှိကာ စစ်တပ်များ အသစ်ဖွဲ့ချိန်တွင်တော့ အစ်ကိုလေးသည် သေနတ်ကို စွန့်လွှတ်လိုက်ပြန်လေသည်။

သည့်နောက်မှာဆိုလျှင် စာပေနှင့် ပတ်သက်၍သာ အသက်မွေးပါမည်ဟု စိတ်နှလုံး တုံးတုံးချမှတ်ခဲ့သည်။ သို့သော် စာပေနယ်သို့ တက်လှမ်းရန်မှာ ခဲယဉ်းလှပါလေ၏။ အစပထမ၌ သတင်းစာတိုက် တစ်တိုက်တွင် သတင်းထောက် ပေါက်စကလေး ဖြစ်ရန်ကိုပင် အတော် စွမ်းရည်ပြ၍

ကြိုးစားခဲ့ရသည်။ ထိုသတင်းထောက် ဘဝမှပင် ဝတ္ထုတိုကလေး အစ၊ ဆောင်းပါးကလေး အစ စမ်းသပ်ရေးသားခဲ့သည်။ စာပေနှင့် ဗဟုသုတ ရှာမှီးရန်ကိုလည်း အစ်ကိုလေးသည် ဘယ်သောအခါတွင်မျှ ဦးမလေးခဲ့ပါချေ။

အစ်ကိုလေး၏ လက်စွမ်းလက်စများကို စာပေနယ်နှင့် စာပေပရိသတ်က လိုလိုချင်ချင် အသိအမှတ် ပြုလာကြသည်တွင်ကား "အောင်မြန်မာ နေ့စဉ်" သတင်းစာတိုက်ကြီးမှ တွေ့ဆုံဓွေ့စပ်လာခြင်းများဖြင့် အောင်မြန်မာ နေ့စဉ်တွင် ပေါ်ပင် သတင်း ဆောင်းပါးကလေးများကို အပတ်စဉ် ရေးသားရသော "ကော်လံ ဆောင်းပါးရှင်" တစ်ယောက် ဖြစ်လာခဲ့သည်။ နောင်အခါတွင် ထိုအောင်မြန်မာ သတင်းစာကြီးမှာပင် အယ်ဒီတာ အဖွဲ့ဝင်တစ်ဦး ဖြစ်လာရပြန်၏။ ထိုမှတစ်ဆင့် တာဝန်ခံအယ်ဒီတာ ဖြစ်ခဲ့ပြန်လေသည်။

ဤသို့ သတင်းစာဆရာအဖြစ် အဆင့်ဆင့် တိုးတက်လာနေဆဲတွင် ရေးသားခဲ့သော စာအုပ်စာတမ်း၊ ဝတ္ထုဆောင်းပါးများမှာလည်း အောင်မြင်သည်ထက် အောင်မြင်လာကာ နာမည်ကျော် သတင်းစာဆရာ၊ စာရေးဆရာ ဟူသော အဆင့်အတန်းဖြင့် ရပ်တည်နိုင်ခဲ့သည်။

အစ်ကိုလေး၏ လုပ်ရည်ကိုင်ရည် ရိုးသားမှုတို့ကြောင့် အောင်မြန်မာ သတင်းစာပိုင်ရှင် အယ်ဒီတာချုပ်ကြီး၏ အားထားခင်မင်မှုကိုလည်း ရရှိခဲ့သည်။

ယခု နောက်ဆုံး အခြေအနေမှာကား အသက်အရွယ် ကြီးရင့်ပြီဖြစ်သော "အောင်မြန်မာ" သတင်းစာပိုင်ရှင် အယ်ဒီတာချုပ်ကြီးသည် အလုပ်မှ အနားယူတော့မည် ဖြစ်လေရာ၊ အစ်ကိုလေးကိုပင် အယ်ဒီတာချုပ်အဖြစ် လွှဲအပ်ရန် စီစဉ်ထားလေသည်။

သို့ကြောင့် အယ်ဒီတာချုပ်အဖြစ် ခံယူလွှဲအပ်ခြင်း မပြုရမီ အနားယူရန် ခွင့်တစ်လမျှ ရရှိခဲ့သည်။ ထိုသို့ တစ်လမျှ နားနေခွင့် ရရန်အတွက်ကိုပင် အစ်ကိုလေးသည် သတင်းစာတွင် အခန်းဆက် ဝတ္ထုရှည်ကြီးနှင့် ဆောင်းပါးများ မပျက်မကွက် ပါရှိနိုင်စေရန် အားသွန်ကြိုးပမ်းကာ တစ်လစာမျှ ကြိုတင် ရေးသားခဲ့ရသေးပေ၏။ ပြီးတော့မှသာ နှစ်ပေါင်းကြာမြင့်စွာ ခွဲခွာထားခဲ့သော ဘဘတို့ထံကို စိတ်လည်ပြီး ထွက်ခွာလာမိခြင်း ဖြစ်လေသည်။

အစ်ကိုလေးသည် သူ့ဘဝ ဇာတ်ကြောင်းကို အတိုရှန်း၍ ပြောပြသွား

သော်လည်း ကျွန်တော်ကတော့ အင်မတန်ပင် အားကျလေးစား မိပါလေသည်။

'ဒါ့ကြောင့် ဘဘက အစ်ကိုလေးအတွက် ဂုဏ်ယူထိုက်တယ်လို့ ပြောတာပေါ့၊ ကျွန်တော်လည်း အစ်ကိုလေး ရေးတဲ့ ဝတ္ထုတွေကို သိပ်ကြိုက်တာပဲ'

'အစ်ကိုလေး ဝတ္ထုတွေကို အများက နှစ်သက် လက်ခံလာတာဟာ မဆန်းပါဘူးကွယ်၊ တစ်ချိန်တုန်းက အစ်ကိုလေးအနေနဲ့ အချစ်ဆိုတာကို ပေါ့ပေါ့ဆဆ သဘောထားမိဖူးပေမဲ့ အိတစ်ယောက်ကို ဆုံးရှုံးလိုက်ရတဲ့ နောက်မှာ အချစ်ဆိုတာရဲ့ နက်နဲသိမ်မွေ့မှုကို ကိုယ်တိုင်ကိုယ်ကျ ခံစားလာရတယ်။

'အိအတွက် အသည်းအက်အောင် ခံစားရချက် ပြင်းလာတာနဲ့အမျှ အိအပေါ်မှာ ငါထားရှိတဲ့ မေတ္တာထုထည်ဟာ မသေးသိမ်ပါကလားလို့ သိမြင်လာမိတယ်။ သစ္စာတရားရဲ့ သဘောကိုလည်း လေးလေးပင်ပင် သိမြင်လာမိတယ်၊ အထူးသဖြင့်တော့ ငယ်ရွယ်သူတွေဟာ ငါ့လို မမိုက်မှားကြပါစေနဲ့ ဆိုတဲ့ စေတနာဟာ အထန်ပြင်းဆုံးပါပဲ။

'အဲဒီတော့ သိမ်မွေ့နူးညံ့လှတဲ့ အချစ်စစ်ရဲ့ သဘောသဘာဝတွေရယ်၊ သစ္စာရယ်၊ စေတနာရယ်ကို စရနယ်ပြီး လူငယ်တွေရဲ့ စိတ်ဓာတ်မွန်မြတ်ရေး၊ အသိပညာ တိုးတက်ရေးတွေကို ရှေးရှုဦးတည်ထားတဲ့ အစ်ကိုလေးရဲ့ ဝတ္ထုဇာတ်လမ်းတွေဟာ အများသူငါ လက်ခံစရာ ဖြစ်လာရတာပါပဲ။ အရင်းခံကတော့ စေတနာပေါ့လေ၊ ကိုယ့်စေတနာက ရောင်ပြန်ဟပ်လာတာပါပဲ' ဟု အစ်ကိုလေးက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပြန်လေသည်။

ကျွန်တော်မှာ ဤရှင်းလင်းချက်ကို ကြားသိရသည်တွင်မှ အစ်ကိုလေးသည်လည်း သွားလေသူ အိတစ်ယောက်အပေါ်မှာ အစွဲအလမ်း ကြီးရှာသူ၊ ချစ်မိနေသူ တစ်ယောက်ပါလားဟု မှတ်ချက်ချမိသည်။ ဤမှတ်ချက်ကို အထောက်အကူ ပြုလာခြင်းကိုလည်း မကြာမီမှာပင် တွေ့ရှိရပါလေ၏။

ကိုကိုတို့အား ရက်လည် ဆွမ်းသွတ်ပြီးသည့် နေ့တွင် ဒေါ်ငြိမ်းတင်ကြီးသည် ကိုကို အမြတ်တနိုး ထားရှိခဲ့သော အိရုပ်ပုံလွှာ ပန်းချီကား

ကြီးကို ယူလာကာ ဘဘအား ပေးအပ်လေသည်။ ဤတွင် အစ်ကိုလေးသည် ဘဘလက်မှ ပန်းချီကားကို တယုတယ လှမ်းယူလိုက်ပြီးလျှင်-

'ဒါကို ကျွန်တော် သိမ်းထားပါရစေလား ဖေဖေ' ဟု ပြောလိုက်သည်။

ဘဘသည် အစ်ကိုလေးမျက်နှာကို အဓိပ္ပာယ်ရှာဖွေသည့် အသွင်ဖြင့် ခပ်စူးစူး ကြည့်လေ၏။ ပြီးတော့မှ 'မင်းကပါ အစွဲအလမ်း ထားနေပြန်သလား သားရယ်' ဟု ပြန်မေးသည်။

'မှန်တာပြောရရင် စွဲလမ်းတာကတော့ ကျွန်တော်လည်း ကိုကို့ထက် လျော့နည်းလိမ့်မယ်လို့ မထင်မိပါဘူး ဖေဖေ၊ ဒါပေမဲ့ ကုစားပုံချင်းကတော့ ကွာပါတယ်။ ကျွန်တော်က ဦးနှောက်ကို နောက်ကြောင်း မပြန်သာအောင် စာပေနဲ့ ဖို့ပြီး အသည်းဒဏ်ရာကို စေတနာလုပ်ငန်း၊ အပြုလုပ်ငန်းနဲ့ အစားထိုး ဖာထေးခဲ့ရတာ'

'ဒီလိုဆိုရင် မင်းကိုကို အနေနဲ့ကတော့ ကုစားတယ်လို့ ဆိုနိုင်မယ် မထင်ပါဘူးကွယ်၊ ဆိုးသည်ထက် ဆိုးအောင်သာ လုပ်နေခဲ့တာပဲ'

'မဟုတ်ပါဘူး ဖေဖေ၊ ဒါဟာလည်း သူ့နည်းနဲ့သူ ကုစားတာလို့ပဲ ဆိုနိုင်ပါတယ်၊ လူတွေဟာ ခံစားရချက်ဒဏ် ပြင်းလာတဲ့အခါမှာ ဒီအဖြစ်ထဲက ထွက်ပေါက်ရှာပြီး တစ်နည်းနည်းနဲ့ ကုစားကြရတာပဲ။ တချို့ အဆိပ်သောက်တယ်၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်တယ် ဆိုတာမျိုးတွေဟာလည်း လောလောဆယ် ခံစားရတဲ့ဒဏ်ကို မခံမရပ်နိုင်ဖြစ်ပြီး သူ့နည်းနဲ့သူ ကုစားကြတာတွေပါ။ ကိုကိုလည်း သူ့အသည်းကို အရက်နဲ့စိမ်ပြီး ထင်ရာမြင်ရာတွေကို တစ်ဇွတ်ထိုးလုပ်ရင်း ကုစားခဲ့တာပေါ့။ ကိုကို့ဖြစ်ရချက်က နစ်နာလိုက်တာ ဖေဖေရယ်၊ ကျွန်တော် အသည်းနာလိုက်တာ'

'အေး ... ဒါတွေကို ခွဲခြားသိမြင်တတ်လို့လည်း သားဘဝဟာ တိုးတက်ခဲ့တာပေါ့ကွယ်၊ ဖြစ်ပြီးခဲ့တာအတွက်လည်း သောကမပွားပါစေနဲ့တော့၊ အခု သား ယူထားချင်တဲ့ ဒီရုပ်ပုံလေး တစ်ခုကနေပြီး အဟောင်းကို အသစ် ပြန်ဖြစ်မှာကိုလည်း ဖေဖေ မလိုလားဘူးကွယ့်'

'ဒါတော့မစိုးရိမ်ပါနဲ့ ဖေဖေရယ်၊ ကျွန်တော်အဖို့ (၁၅) နှစ်လုံးလုံး အောင်အောင်မြင်မြင် ထိန်းနိုင်လာပြီးမှတော့ အကျိုးမရှိတာကို မဖြစ်စေရပါဘူး၊ ဒီပုံလေးဟာ ကျွန်တော့်ကို အသည်းစွဲအောင် သင်ခန်းစာပေးသွား

တဲ့ အိရဲ့ ပုံတူတစ်ခုလည်း ဖြစ်တယ်၊ ကျွန်တော်ချစ်တဲ့ ကိုကိုရဲ့ အမြတ်တနိုး ပစ္စည်းနဲ့ အနုပညာ လက်ရာကောင်းတစ်ခုလည်း ဖြစ်တယ်၊ ဒါ့ကြောင့် ပစ်စလက်ခတ် မဖြစ်ရအောင် ထိန်းသိမ်းထားချင်တဲ့ သဘောပါ'

'အေးလေ ... ယူတော့လည်း ယူတာပေါ့၊ သား ပြန်ဖို့က ဝေးသေးတယ် မဟုတ်လား'

'ကျွန်တော် ဒီမှာ နေချင်စိတ် သိပ်မရှိတော့ဘူး ဖေဖေ'

'မှန်တယ်၊ ဖေဖေလည်း ခရီးဝေး ထွက်ချင်နေတာပဲ၊ ကဲ–မြန်မြန် ကိစ္စပြီးတာ ကောင်းပါတယ်၊ မောင်အောင်တင်က တို့လူတွေကို အကုန် စုလိုက်စမ်းကွာ၊ ဘဘ ခေါ်တယ်လို့'

ဘဘက ဤသို့ ပြောပြီးသည့်နောက်တွင် ကျွန်တော်၊ ဒေါ်မြိုင်၊ ဒေါ်ငြိမ်းတင်နှင့် စီတာရန်းတို့ပါ အစ်ကိုလေးနှင့်ဘဘ အနီးတွင် စုဝေးမိကြသည်။

'မင်းတို့ အားလုံးဟာ ဘဘအပေါ်မှာ သစ္စာရှိရှိနဲ့ အကျိုးပြုလာကြတဲ့ လူတွေလို့ ဘဘ သဘောထားပါတယ်၊ ဒါပေတဲ့ ခွဲချိန်တန်တော့လည်း ခွဲကြရဦးမှာပေါ့၊ ဟုတ်လား'

ဘဘ၏ အသံကပင် ဝမ်းနည်းသံ ပါနေသည်မို့ ကျွန်တော်တို့ အားလုံးမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ညှိုးငယ်စွာ ကြည့်ရှုမိကြကာ ဘဘ ဘာဆက်ပြောမည်ကို ဆိတ်ဆိတ်ငြိမ်ငြိမ် နားစွင့်နေပါသည်။

'ဘဘမှာ သာသနာ့ဘောင်ကို ဝင်ချင်စိတ် ရှိနေတယ်။ ဒါပေမဲ့ မပိုင်နိုင် မခိုင်မာလုသေးဘူး၊ အဲဒီတော့ ခရီးဝေး ထွက်ရင်းနဲ့မှ အချိန်ယူပြီး ဆုံးဖြတ်ချင်တယ်၊ ဘဘ ခရီးစဉ်ကတော့ အတိအကျ မရှိသေးဘူး။ ဗမာပြည် အနှံ့အပြား သွားမယ်၊ သီဟိုဠ်ဘက် ယိုးဒယားဘက်လည်း ရောက်ချင် ရောက်မယ်၊ အဲဒီတော့ မင်းတို့ အားလုံးရဲ့ နေရေး ထိုင်ရေးကို ဘဘ စီစဉ်ပေးခဲ့မယ်၊ ဘဘမှာ မင်းတို့ ကြီးကြီးငွေ လှူဒါန်း သုံးဖြုန်းသွားလို့ ပစ္စည်းအင်အားလည်း သိပ်မရှိလှတော့ဘူး'

ဘဘက ဤသို့ ပြောဆိုကာ ကျွန်တော်နှင့် ဒေါ်မြိုင်၊ ဒေါ်ငြိမ်းတင်တို့အား ငွေငါးထောင်မျှစီ ခွဲဝေပေးပါသည်။ ငွေငါးထောင် ရသည်ကို ကျွန်တော်တို့ တစ်ဦးမှ ဝမ်းသာခြင်း မရှိပါ။ ဒေါ်မြိုင်နှင့် ဒေါ်ငြိမ်းတင်က

ဆိုလျှင် တရှုပ်ရှုပ် ငိုကြွေး၍ပင် နေပါသေးသည်။ ကျွန်တော်မှာ သူတို့နှင့် ရောရ မငိုမိရန် အနိုင်နိုင် အားတင်းချုပ်တည်း၍ နေရပါ၏။

'ဒီငွေငါးထောင်နဲ့ ကျွန်တော် ဘာလုပ်ရမှာလဲ ဘဘ' ဟူ၍ပင် ငိုသံပါပါနှင့် ပြန်မေးမိပါသည်။

'မင်း ပညာသင်ပေါ့ မောင်အောင်တင်၊ တစ်နေ့မှာ မင်းရဲ့ ပညာရေးကို ထူထောင်ပေးရမယ် ဆိုတာ ဘဘ စိတ်ပိုင်းဖြတ်ပြီးသားပဲ'

'ဒီလိုဆိုရင် သူ့အတွက် ကျွန်တော် တာဝန်ယူနိုင်ပါတယ် ဖေဖေ၊ ကျွန်တော် ခေါ်သွားပါ့မယ်' ဟု အစ်ကိုလေးက ဝင်ထောက်ပြန်ပါသည်။

'ဘယ့်နယ်လဲ ... မင်း သူနဲ့ လိုက်နေနိုင်ပါ့မလား၊ ဘဘတော့ တိုက်တွန်းချင်တာပဲ'

ကျွန်တော့်အဖို့တော့ မေးနေရန်ပင် မလိုပါ။ အစ်ကိုလေးကဲ့သို့သော ပညာပါရမီရှင် တစ်ယောက်အား ခိုလှုံဆည်းကပ်ခွင့် ရသည်ဆိုခြင်းမှာပင် မမျှော်လင့်သော အခွင့်ထူး ဖြစ်နေပါပြီ။ 'ကျွန်တော် လိုက်သွားပါ့မယ် ဘဘ' ဟူ၍ပင် အဖြေပေးလိုက်ရပါ၏။

'မောင်အောင်တင် အတွက်တော့ စိတ်အေးရပြီ၊ မမြိုင်က တောက ညီမတွေဆီကို ပြန်၊ မငြိမ်းတင်လည်း ဒီငွေနဲ့ ကောင်းရောင်းကောင်းဝယ် ရင်းနှီးစားပေါ့၊ ဟုတ်လား'

ဒေါ်ငြိမ်းတင်နှင့် ဒေါ်မြိုင်က ရှိုက်သံ မစဲကြသေးဘဲနှင့်ပင် ခေါင်းညိတ်လိုက်ကြပါသည်။

'စီတာရန်းကတော့ ဘဘ ခရီးထွက်တဲ့နောက်ကို လိုက်ချင် လိုက်နိုင်တယ်၊ မလိုက်ချင်ရင်လည်း ရထိုက်သမျှကို အပြီးအပြတ် ခွဲပေးလိုက်မယ်၊ ဘယ့်နယ်လဲ'

'ဘဘတစ်သက်မှာ ကျွန်တော်မခွဲဘဲ နေနိုင်ပါတယ်၊ ဘဘ ဘုန်းကြီး လုပ်လည်း ကျွန်တော် ကပ္ပိယပေါ့' ဟု စီတာရန်းက ပြောလေသည်။

သို့ဖြင့် ကျွန်တော်တို့သည် လူငယ်တို့သဘာဝ အချစ်ဇာတ်လမ်း တစ်ပုဒ်တွင် ပါဝင်ခဲ့ရာမှ ကြေကွဲဖွယ်ရာ အမှုအခင်းတို့ ပေါ်ပေါက်လာကာ သားအမိနှစ်ဦးသား **ချစ်ငြိုးချစ်မာန်** ပြိုင်ဆိုင်သွားလေကြသော တိုက်အိမ်အိုကြီးကို သုံးရက်မျှလောက် အတောအတွင်းမှာပင် အသီးသီး အသက အသက စွန့်ခွာပြီး မိမိတို့ ခရီးစဉ်အတိုင်း ထွက်ခွာကြပါတော့သည်။

ဤဇာတ်လမ်းအတွက်မှာ ဤနေရာတွင် နိဂုံးချုပ်ရန် သင့်ပြီ ထင်ပါ၏။ သို့ရာတွင် ဘဝဇာတ်ဆရာသည် မမျှော်လင့် မမှန်းထားသော အဆစ်အချိုး ကလေးတွေနှင့် ကွေ့ကာ လှည့်ကာ ကျီစယ်သမှု ပြုတတ်လေသေးရာ၊ ဤဇာတ်လမ်း၏ နောက်ဆက်တွဲ တစ်ရပ်ကို ကျွန်တော်တို့ ရန်ကုန်ရောက်ပြီးသည့် နောက်ပိုင်းမှာ ထူးဆန်းစွာ ဆက်စပ် လာပြန်ခြင်းဖြင့် ကျွန်တော့်အနေနှင့် ဆက်လက် တင်ပြရန် တာဝန်ရှိလာရပြန်ပေသည်။

## [ ၁၈ ]

အစ်ကိုလေးသည် မြေနီကုန်းဘက်တွင် နှစ်ထပ်တိုက်တစ်တိုက်၏ အောက်ထပ် အခန်းကျယ်ကြီး တစ်ခန်းကို ငှားရမ်းကာ တစ်ဦးတည်း နေထိုင်သူဖြစ်ပေသည်။ အစားအသောက်ကိုမူ ကြုံရာမှာ သင့်သလို စားသောက်နေသူ ဖြစ်လေ၏။ ကျွန်တော် ရောက်ရှိသွားသော အခါတွင်ကား အစ်ကိုလေးထံမှာ အတင်းခွင့်ပန်ကာ ထိုစနစ်ကို ပြောင်းလဲပစ်ရလေသည်။

'ကျွန်တော် တစ်ယောက်လုံး ရှိနေတာ အစ်ကိုလေး ဘာမှ မပူနဲ့၊ အိုးခွက် ဝယ်ပြီး အိမ်မှာ ချက်စားမယ်' ဟု ပြောကာ ကျွန်တော်က အစားအသောက်အတွက် လုံးဝ တာဝန်ယူလိုက်ပါသည်။ သို့တိုင်အောင်–

'အိမ်ကတော့ အခုမှ အိမ်နဲ့ တူလာတာပဲ၊ ဒါပေမဲ့ ငါ့ညီမှာ ကျောင်းတစ်ဖက်နဲ့ မပင်ပန်းဘူးလားကွယ်' ဟု အစ်ကိုလေးက သက်သက်ညှာညှာ မေးတတ်ရာပါသေးသည်။

အစ်ကိုလေးသည် ကျွန်တော် ရောက်စမှာပင် အလွန် စနစ်ကျ၍ ကျောင်းသားများ၏ ဉာဏ်ရည်အလိုက် မခိုမကတ် သင်ကြားမှုရှိသော အလွတ်ပညာသင်ကျောင်း တစ်ကျောင်းမှာ ကျွန်တော့်အား အပ်နှံထားခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်၏ ကျောင်းချိန်မှာ နေ့လယ် (၁၂) နာရီမှ ညနေ (၃) နာရီထိသာ ရှိလေရာ၊ နံနက်–ည ထမင်းကို ကောင်းစွာ ချက်ပြုတ်နိုင်ချိန် ရှိပါသည်။ ညစာ စားပြီးချိန်မှ စ၍ ကိုယ့်ဘာသာ စာကြိုးစားရန်လည်း အချိန်တပုံတပင်ကြီးပင် ရှိပါသေး၏။

အစ်ကိုလေးကလည်း ထိုညပိုင်း အချိန်များမှာ ကျွန်တော့်အား ထိထိ ရောက်ရောက် ကူညီသင်ပြပေးလိုက်ပါသေးသည်။ နေ့ပိုင်းအချိန်များ

မှာလည်း ဝတ္ထုအသစ်တစ်ပုဒ်နှင့် ဆောင်းပါးများကို ရေးသည့်အခါ ရေးနေရင်းမှ "အညောင်းပြေ" ဟု ဆိုကာ ကျွန်တော် လုပ်နေသော အိမ်မှုကိစ္စများတွင် တောက်တိုမည်ရ ဝင်ရောက် ကူညီတတ်ပါသေးသည်။

အစ်ကိုလေးအတွက် အားလပ်ခွင့် ရှိနေသေးသော ရက်ပေါင်း (၂၀) ခန့်မျှ အချိန်အတွင်းတွင် သို့ကလို မေတ္တာ ကရုဏာကို အရင်းခံ ထားတတ်သော အစ်ကိုလေးအား ကျွန်တော်သည် တစ်နေ့ထက် တစ်နေ့သာ ချစ်ကြည်ညို၍ လာရပါတော့၏။

*

ဝင်လုလုဆဲဆဲ နေရောင်သည် ပန်းဥယျာဉ်ထဲသို့ တစောင်းရွှေရွှေ ကျဆင်းလျက် ရှိပေသည်။ ရွက်လှရောင်စုံများနှင့် ဒေလီယာ နီညိုပွင့်ကြီးများပေါ်တွင် ရွှေရောင်ပါးပါးကလေး ထပ်လူးလိုက်သောအခါ အရောင် ပို၍ပွင့်လာကြသည်။

တိုက်စွန်း အရိပ်ကျနေသော ဘက်မှ ဇလပ်စကြာ ဇီဇဝါ ဆင်စွယ်ပန်းနှင့် နှင်းဆီဖြူများကလည်း နောက်ခံ အမှောင်ထဲမှာမှ ဖွေးဖွေးလွလွ ထည်ဝါနေကြဟန် တူပေသည်။

နေရောင် ကျဆင်းပုံကပင် အဆင်ပြေလှလေသလော၊ ဤအကွက်ကို မြင်တတ်သော ဥယျာဉ်မှူးတို့ကပင်လျှင် တမင်စီရင် ဖန်တီးထားခဲ့လေသလော။

လူတို့၏ အဆင်တန်ဆာ ဖြစ်သော ပိုးရောင်၊ ဖဲရောင်၊ စိန်ရွှေရောင်တို့ကလည်း ရောင်စုံထွေပြားလှပါဘိ။ သည်အထဲမှာ ပင်နီတိုက်ပုံနှင့် ရွှေဝါနှင့် အနက်ရောင်ရောသည့် မန်ကျည်းစေ့ ကွက်စိပ်ခွဲ လုံချည်ကလေးကိုသာ ရိုးရိုးကလေး ဝတ်ဆင်ထားသော ကျွန်တော့် အစ်ကိုလေးမှာ ပိုမိုထင်ပေါ်ကာ အများတကာ၏ အာရုံစိုက်မှုကို ခံယူနေရသည်။

အစ်ကိုလေး၏ ဖြူဝင်းသန့်ရှင်းသော အသားအရေနှင့် ကြည်လင်ချောမွေ့သည့် ရုပ်ရည်မှာလည်း ဘာအဝတ် ဘာအဆင်နှင့် ဖြစ်စေ တင့်တယ်လိုက်ဖက်သည်သာ ဖြစ်ပါသည်။ ကျွန်တော်သည် အစ်ကိုလေးအတွက် အတွင်းကျိတ် ဂုဏ်ယူမိပါ၏။

သို့ရာတွင် အစ်ကိုလေးသည် သူ၏ ပြန်ကြားချက်ကို တုံ့ဆိုင်း

တုံ့ဆိုင်းနှင့် အတိုချုပ်သဘောသာ ပြောနေသည်ကိုဖြင့် ကျွန်တော် အား မလို အားမရ ရှိလှပါသည်။ စောစောက အယ်ဒီတာချုပ် (ဟောင်း) ကြီးမှာ ဆိုလျှင် အစ်ကိုလေး၏ ဂုဏ်ရည်ကို မိုးမွှန်လောက်အောင်ပင် ပြောဆိုသွားခဲ့ သေးသည်။ အစ်ကိုလေးကလည်း ထိုအဖွဲ့အနွဲ့မျိုးနှင့် လိုက်လျောညီထွေ စွာပင် ပညာစွမ်းပြ မိန့်ခွန်းရှည်ကြီးနှင့် တုံ့ပြန်လိုက်သည် ထင်ပါ၏။ ယနေ့ပင် အစ်ကိုလေးအဖို့ အယ်ဒီတာချုပ်အဖြစ် ခံယူရသည့် နေ့ထူးကြီး ပင် မဟုတ်ပါလား။

သို့ရာတွင် အစ်ကိုလေးကို စူးစူးစမ်းစမ်း အာရုံစိုက်နေသော ကျွန်တော် သည် မကြာမီ အတွင်းမှာပင် အစ်ကိုလေး၏ မျက်လုံးရိပ်ကို ဖမ်းမိသိရှိ သွားပါတော့သည်။ အစ်ကိုလေးသည် မသိမသာကလေးမျှ ဆိုသလိုသာ တစ်နေရာသို့ မျက်လုံးရောက်သွားတတ်ခြင်း ဖြစ်သော်လည်း ကျွန်တော် သည် ထိုအရိပ်အကဲကို ဖမ်းနိုင်လိုက်ပါ၏။ ထိုသည်နှင့် တစ်ပြိုင်နက်မှာ ပင် ကျွန်တော့်ပါးစပ်မှာ ဟင်းလင်း ပွင့်ကာ မျက်လုံးမရွှေ့နိုင်အောင် ဖြစ် သွားတော့ပါသည်။

တစ်ပတ်လျှိုထုံး ဆံမြိတ်ချတွင် နှင်းဆီဖြူပွင့်သာ ပန်ဆင်ထား လျက် မီးခိုးရောင်ဖျော့ဖျော့ တက်ထရွန်အင်္ကျီ လက်ရှည်ကို အပြာရင့်ရင့် ဇင်းမယ်ထဘီနှင့် တွဲဖက်ဝတ်ဆင်ထားသည့် အသက် (၂၀) ခန့် မိန်းကလေး တစ်ဦးသည် ၃ ၄ ယောက်မျှသာ ရှိသော အမျိုးသမီးပရိသတ် အလယ်မှ အစ်ကိုလေးအား အာရုံစူးစိုက်စွာ လှမ်းမျှော်ကြည့်ရှုလျက် ရှိပါ၏။ သူ့ မျက်နှာ ဝင်းပပကလေးက အစ်ကိုလေး၏ အသည်းစိုင်ကို ဝင်ရောက် ထိုးဖောက်ကာ ဖမ်းစား တိုက်ခိုက်လျက် ရှိပြီကိုလည်း ကျွန်တော် သိရှိ ရပါပြီ။

အစ်ကိုလေးသည် မျက်လွှာကို အနိုင်သိမ်းလျက်၊ စကားကို အတို ရှန်း၍ ပြောကြားကာ သူ့နေရာမှာ ပြန်ထိုင်လိုက်သည်တိုင် သူ၏ ခံစားရ ချက်က မျက်နှာပေါ်မှာ စင်စင်ကြယ်ကြယ် မပြယ်လွင့်နိုင်သေးသည်ကို လည်း ကျွန်တော် အပြစ်မဆိုလိုတော့ပါ။

ထိုအမျိုးသမီး၏ မျက်နှာက သွားလေသူ "အိ" တစ်ယောက်နှင့် ဘာ့ကြောင့်များ ထပ်တူ ချွတ်စွပ် တူညီနိုင်ရလေသနည်း။ အိ၏ ပန်းချီကား ကိုသာ မြင်ဖူးသည့် ကျွန်တော်ပင် တူညီမှုကို မှတ်မိ သိရှိနိုင်ပါသေးသည်။

ကိုကိုထွန်းဝေ တစ်ယောက် စိတ်ကယောင်ချောက်ချား ဖြစ်သွားရသည်မှာလည်း ဤသို့ တူညီမှုမျိုးကို တွေ့ရှိရ၍ပင် ဖြစ်ပေသည်။ လူတစ်ဦးနှင့် တစ်ဦးတွင် ဤမျှလောက် တူညီမှု ဆိုသည်မှာလည်း ရှိနိုင်တတ်ဖို့ အခဲယဉ်းသားပင် ဖြစ်ရာ၊ ကိုကို တွေ့သည်မှာလည်း ဤမိန်းကလေးပင်ဖြစ်မည်လော၊ ဘုရား သိကြား မ လို့ ကိုယ့်အစ်ကိုလေးကိုတော့ မဖမ်းစားပါလေနဲ့ မမချောရယ်။

ကျွန်တော်က ထိုအမျိုးသမီးကလေး အပေါ်မှာ မနာလိုစိတ်ပေါ်ကာ ဆုတောင်းမိရကျိုး မနပ်ခဲ့လေပါ။

အခမ်းအနားမှာ သတင်းစာတိုက်တွင် ကျင်းပခြင်း မဟုတ်ဘဲ ကုက္ကိုင်းဘက်ရှိ သတင်းစာတိုက်ပိုင်ရှင် (အယ်ဒီတာချုပ်ဟောင်း) ဦးထွန်းအောင်၏ အိမ်တွင်းဥယျာဉ်၌ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံကာ ကျင်းပခြင်းဖြစ်ရာ၊ အခမ်းအနား ပြီးဆုံး၍ တိုက်တွင်းမှ ရောင်စုံမီးပွင့်များ လင်းထိန်လာသည်တွင်မူ လူရှင်းသလောက် ရှိသွားပေပြီ။

အစ်ကိုလေးတို့ စားပွဲမှာ တိုက်စွန်းမှ ကျရောက်လာသော မီးရောင်အောက် တည့်တည့်တွင် ရှိနေ၏။ ထိုစားပွဲတွင် ဦးထွန်းအောင်နှင့် မွန်ရည်သားနားသော အသက် (၆၀) ကျော် လူကြီးတစ်ဦးသာ ကျန်ရှိတော့ကာ၊ စာပေကိစ္စ တစ်ရပ်ကို ဦးတည် ဆွေးနွေးနေပေသည်။

ကျွန်တော့်မှာ သူတို့နှင့် ခပ်လှမ်းလှမ်း စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ကျန်ရှိနေကာ၊ သူတို့ ပြောကြသည်များကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေရသည်။

ထူးဆန်းသည်မှာ အိနှင့် တူသော အမျိုးသမီးကလေးမှာလည်း မူလက သူထိုင်နေသော နေရာမှာပင် တစ်ယောက်တည်း ငေါင်းစင်းစင်း ကျန်ရှိနေခြင်း ဖြစ်ပါ၏။ သူသည် တစ်ယောက်တည်းမို့ ပျင်းရိငြီးငွေ့ဟန် မတူဘဲ သိမ်သိမ်မွေ့မွေ့ကလေး ထိုင်ကာ အစ်ကိုလေးတို့ စားပွဲကို အာရုံစိုက်လျက် ရှိပါသည်။

ကျွန်တော့်မှာ အစ်ကိုလေးထံမှာ စိတ်ရောက်လိုက်၊ ထိုမိန်းကလေးထံမှာ စိတ်ရောက်လိုက် ဖြစ်ကာ အမြန် ပြန်နိုင်ရေးကိုပင် စိတ်စောနေမိပါ၏။

နာရီဝက်ခန့်နီးနီး အချိန်ကုန်သွားတော့မှ အစ်ကိုလေးတို့ ဝိုင်းက

စကားလက်စ ပြတ်သွားကာ 'ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ' ဟု ပြောရင်း ထ လိုက်ပါသည်။ ဤတွင်–

'နေပါဦးလေ– ကိုလှမွန်ရဲ့၊ ဦးတို့လည်း အခုပဲပြန်မှာ၊ ဦးတို့ ကားနဲ့ပဲ လိုက်ပို့ပေးမပေါ့' ဟု ပြောရင်းနှင့် ဧည့်သည်လူကြီးကပါ တစ်ပါတည်း ထ လိုက်ပြန်ပါသည်။ ပြီးတော့ 'ဟဲ–ဟဲ– ဟိုမှာလေ ဦးသမီးက စာရေးဆရာကြီး ဦးလှမွန်ကို တွေ့ဖူးချင်လှပါချည်ရဲ့ ဆိုလို့ ခေါ်လာခဲ့ရတာ၊ လာဟော့ သမီး' ဟု တစ်ဆက်တည်း ပြောရင်း အိနှင့်တူသော မိန်းကလေးကိုပါ လှမ်းခေါ်နေလိုက်ပြန်သေးသည်။

အမျိုးသမီးကလေးသည် သူ့ဖခင် ခေါ်လေမှပင် ခပ်ပြုံးပြုံး မျက်နှာပေးဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ထ လာပါတော့၏။

'အဲဒါ ဦးရဲ့သမီးထွေး ခင်မိမိပါပဲ'

'ဟုတ်ကဲ့ ခင်ဗျာ ... တွေ့ရတာ ဝမ်းသာပါတယ်'

အစ်ကိုလေးကလည်း မျက်နှာကို ခပ်ရွှင်ရွှင် ပြုံးထားသည်။ သို့ရာတွင် သူ့အသံမှာ ခပ်ထစ်ထစ် ဖြစ်၍နေကာ၊ မျက်လွှာကို ချပြီး သိက္ခာကြီးမားသည့် မဟာထေရ်ကြီး ဟန်မျိုးတစ်ပိုင်း ဖြစ်နေသည်။ အစ်ကိုလေး၏ မူရာဟန်ပန်ကို ကြည့်ကာ ခင်မိမိ၏ ဖခင်အား ဦးထွန်းအောင်က မသိမသာ မေးငေါ့ပြီး ပြုံးပြလိုက်သည်ကိုလည်း တွေ့ရသည်။ သူ့အမူအရာမှာ "ကိုယ့်လူ ဘယ်လောက်ရိုးသလဲ" ဟု ဖော်ကြွားလိုရိပ် ရှိမည် ထင်ပါသည်။ ခင်မိမိ ဖခင်ကလည်း ပြုံးယောင်ပြုကာ ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။

'မိအဖို့လည်း ဒီကနေ့ဟာ တောင့်တနေတဲ့ ဆန္ဒတစ်ရပ်နဲ့ ပြည့်တဲ့နေ့ပါပဲ ရှင်'

မိ ခေါ် ခင်မိမိကတော့ မရိုးလွန်း၊ မရဲလွန်းသော အနေအစားမျိုးဖြင့် ခပ်မှန်မှန် ပြောလေ၏။

'ကဲ– ကိုလှမွန်တို့လည်း ပို့ပေးရအောင် သွားလိုက်ဦးမယ် ဘိုးဘိုးအောင်ရေ'

ခင်မိမိ ဖခင်က အစ်ကိုလေးတို့ သတင်းစာတိုက်သားများက ချစ်စနိုး ခေါ်ဝေါ်သည့် နာမည်ဖြင့် ဦးထွန်းအောင်ကို ရင်းနှီးစွာ နှုတ်ဆက်လေသည်။

'ကျွန်တော်တို့လည်း ခွင့်ပြုပါ ဘိုးဘိုးအောင်'

အစ်ကိုလေးကလည်း ထပ်မံနှုတ်ဆက်သည်။ 'မိလည်း ပြန်ပါဦးမယ် ဘဘကြီး' ဟု မိကပါ နှုတ်ဆက်သည်။ ပြီးတော့ သူတို့ သားအဖက ရှေ့မှ ထွက်သွားရာ 'လာ ညီလေး' ဟု ကျွန်တော့်ကိုပါ အစ်ကိုလေးက ခေါ်ပြီး နောက်မှ လိုက်သွားကြသည်။

အိမ်ရှေ့မှာ ရပ်ထားသော ဆလွန်းကားကြီးကို ခင်မိမိ ဖခင်က ကိုယ်တိုင် မောင်းသောအခါ ခင်မိမိက သူ့ဖခင် အနီးမှာ ထိုင်၏။ ကျွန်တော်တို့ ညီအစ်ကိုက နောက်ခန်းမှာ လိုက်ပါလာကြရသည်။

'ခင်မိမိက အိမ်တွင်းမှု လုပ်ဖို့နဲ့ စာဖတ်ဖို့ကို တယ်ပြီး ဝါသနာကြီးသကွဲ့၊ (၇) တန်း အောင်ကတည်းက ကျောင်းကထွက်ပြီး အိမ်တွင်းမှုကို ဦးစီးနိုင်ခဲ့တယ်။ စာအုပ်လည်း မျိုးစုံအောင် ဝယ်တတ် ဖတ်တတ်တယ်၊ ကိုလှမွန် စာအုပ်တွေ ဆိုရင်လည်း သူ့ဆီမှာ အစုံရှိတာပဲ'

ကားကလေးက မြေနီကုန်းဘက်သို့ ဦးတည် ပြေးနေဆဲတွင် ခင်မိမိ ဖခင်က သူ့သမီး အကြောင်းကို ပြောလာလေသည်။

'ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျာ' ဟု အစ်ကိုလေးက ထောက်ခံချက် ပေးရ၏။

'ဆရာ ဦးလှမွန်ကို စာပေပရိသတ် တစ်ယောက်အနေနဲ့ မိ အများကြီး ကြည်ညိုမိပါတယ်၊ ဖေဖေကလည်း ဆရာဦးလှမွန်ရဲ့ ဂုဏ်သတင်းကို ဘဘကြီး ဦးထွန်းအောင်ဆီက ကြားရသမျှနဲ့ သူကိုယ်တိုင် တွေ့ဖူးသမျှကို ဂရုတစိုက် ပြန်ပြောနေတာပါပဲ၊ လူကိုယ်တိုင်ကိုတော့ ဒီနေ့မှပဲ တမင်လိုက်လာလို့ တွေ့ဖူးရပါတယ်။ မိ ဝမ်းသာလို့ မဆုံးပါဘူးရှင်'

'ကျွန်တော်လည်း ဦးနဲ့ ခင်မင်ရတာ အတော်ကြာသွားပါပြီ၊ ဦးမှာ စာပေဝါသနာရှင် သမီးထွေးတစ်ယောက် ရှိနေတယ် ဆိုတာတော့ ဒီနေ့မှ သိရတာပါပဲ။ ခင်မင်စရာ ညီမငယ်တစ်ဦး တိုးရတာပေါ့ ခင်ဗျာ'

ယခုတစ်ကြိမ်တွင်တော့ အစ်ကိုလေးသည် အထစ်အငေါ့ မရှိဘဲ ချောချောမွေ့မွေ့ပင် ပြောနိုင်ပေပြီ။ "တို့အစ်ကိုလေးလည်း ဘယ်မှာ ခေလို့လဲ" ဟု ကျွန်တော်က တွေးမိ၏။ အစ်ကိုလေး၏ ဘဝလမ်းစဉ်မှာ မိသည် အိကဲ့သို့ ထပ်တူပြုကာ ဝမ်းနည်းစရာတွေကို မဖန်တီးလာပါစေနှင့် ဟူ၍လည်း တိတ်တိတ်ခိုး ဆုတောင်းလိုက်မိသည်။

'မိအနေနဲ့ ဆရာ့ကို တစ်ခုတော့ တောင်းပန်ချင်ပါတယ်၊ သန်ဘက်ခါ မိရဲ့ အနှစ် ၂၀ မြောက် မွေးနေ့အလှူပွဲမှာ ဆရာ ကြွရောက် ချီးမြှင့်နိုင်မယ် ဆိုရင် မိရဲ့ အလှူဟာ သိပ်ပြီးတော့ ကျက်သရေ ရှိသွားမှာပါပဲ၊ မိ ဖိတ်တာ ကို ဆရာ လက်ခံစေချင်ပါတယ်၊ ဒီနေ့ မိ လိုက်လာတဲ့ အထဲမှာ ဒီကိစ္စလည်း အပါအဝင်ပါပဲ'

ခင်မိမိက သူ့ဆန္ဒကို တင်ပြလာသည်တွင်တော့ အစ်ကိုလေးက ခပ်ဆိုင်းဆိုင်းနှင့် စဉ်းစဉ်းစားစား လုပ်နေသည်။

'ဝမ်းနည်းပါတယ်၊ အလုပ်လွှဲပြောင်း လက်ခံစ ဆိုတော့ ကျွန်တော့် မှာ အချိန်ရလိမ့်မယ် မထင်ပါဘူး'

'ကိစ္စမရှိပါဘူး ဆရာ၊ ဆရာ့အတွက်ဆိုရင် အချိန်အကန့်အသတ် မထားပါဘူး၊ သန်းခေါင်လောက် ဖြစ်ပါစေ၊ ဆရာ လာနိုင်တဲ့ အချိန်မှာ မိအဖို့ လှူဒါန်းကျွေးမွေးရဖို့ အသင့်ရှိနေမှာပါ။ အဲဒီ တစ်နေ့လုံးအတွက် မိနစ် ၂၀–၁၅ မိနစ်လောက် အချိန်ပေးနိုင်ရင် ဖြစ်မှာပါပဲ'

'ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါ့မယ်လေ'

'ဆရာ့အတွက်တော့ အနှောင့်အယှက် ဖြစ်မလား မသိပါဘူး၊ မိ အဖို့တော့ ဆရာ့ဆီက ဒီကတိကို ရတာ သိပ်ဝမ်းသာတာပါပဲ ဆရာရယ်။ အဟင်း'

မိသည် မျက်နှာကလေး ဝင်းပနေကာ ရယ်သံကလေး ခပ်သွဲ့သွဲ့ ဖြင့် သူ့စကားကို အဆုံးသတ်လိုက်လေသည်။

'ဘယ် အနှောင့်အယှက် ဖြစ်နိုင်မှာလဲ ခင်ဗျာ၊ လူတစ်ဖက်သားရဲ့ စေတနာကို ခံယူရတယ် ဆိုတာဟာ နည်းတဲ့ အခွင့်အရေးမှ မဟုတ်ပါဘဲ'

အစ်ကိုလေးကလည်း ပြေပြေပြစ်ပြစ်ပင် ပြန်ပြောနေ၏။ အိမ်ရှေ့ ရောက်၍ ကားရပ်လိုက်သည်တွင်မူ မိသာမက မိ၏ ဖခင်ကပါ သူ့သမီး ၏ အလှူပွဲသို့ လာဖြစ်အောင် လာစေလိုကြောင်းဖြင့် ထပ်မံဖိတ်ကြားကာ နှုတ်ဆက် ထွက်ခွာသွားကြသည်။

'ကဲ ... ညီလေးလည်း မှတ်မိတယ် မဟုတ်လားကွယ်၊ အိန့် ဘယ်လောက် တူလိုက်သလဲနော်'

အစ်ကိုလေးသည် တစ်ချိန်လုံးက အောင့်ထားခဲ့ရဟန် တူသော ဤ စကားကို အိမ်ထဲသို့ ဝင်မိလျှင် ဝင်မိချင်း ဖွင့်အန်လိုက်ပါသည်။

'ဟုတ်ပ၊ အစ်ကိုလေးရယ်၊ နာမည်ချင်းပါတောင် ဆင်လိုက်ရသေး' ဟု ကျွန်တော်ကလည်း လေးလေးပင်ပင် ထောက်ခံချက် ပေးမိသည်။

အစ်ကိုလေးမှာ သည်မျှနှင့် မတန်နိုင်သေးဘဲနှင့် သူ့အခန်းတွင်းသို့ တန်းဝင်သွားပြန်ပါသည်။ ပြီးတော့ ၂၀ လက်မ ပတ်လည်ခန့်ရှိသော သားရေအိတ် အပြားကြီးကို ဆွဲထွက်လာပါ၏။ ဤသားရေအိတ်ကြီးမှာ အတွင်းမှ ကတ္တီပါခံကာ အထူး အော်ဒါပေးပြီး မှာယူချုပ်လုပ်ထားသော အိတ်ကြီး ဖြစ်၍၊ ထိုအိတ်ထဲမှာ အိရုပ်ပုံပန်းချီကားကြီး ထည့်သွင်းထားခဲ့ သည်ကို ကျွန်တော်သိပြီး ဖြစ်ပါသည်။

အစ်ကိုလေးသည် ရန်ကုန်ပြန်ရောက်ပြီးမှ ပထမအကြိမ်အဖြစ်နှင့် အိရုပ်ပုံကားကြီးကို တစိမ့်စိမ့် ကြည့်ရှုနေပေသည်။ ကျွန်တော်လည်း တစ်ဖက် သော စားပွဲစွန်းမှာ ထိုင်ကာ အစ်ကိုလေးနှင့် အတူပင် ကြည့်ရှုနေမိသည်။ စစ်စစ်ပေါက်ပေါက် ကြည့်နိုင်မှ ကွာခြားချက် တစ်ခုကို တွေ့ရှိရသည်မှာ တစ်ပတ်လျှို ဆံထုံးတွင် အိသည် ဆံမြိတ်ရှည်ကို သူ့ဆံပင်အတိုင်း ရိုးရိုး ချထား၍၊ မိကတော့ ယခုခေတ် ဆင်ယင်ထုံးဖွဲ့မှုအတိုင်း ဆံမြိတ်ရှည်ကြီး ကို ဖွားဖွားပွပွ ပြုလုပ်ထားခြင်းပင် ဖြစ်ပေသည်။ ပြီးတော့ အင်္ကျီ လက်ရှည် ပုံစံချင်းမှာလည်း ခေတ်အလျောက် အနည်းငယ် ကွဲပြားနေကြ ၏။ သည်မျှသာပင် ဖြစ်လေသည်။

'သိပ်ပြီး တူနိုင်တတ်တာပဲကွယ်၊ တစ်ခေတ်တည်းသာဆိုရင် အမြွှာညီအစ်မလို့တောင် စွပ်စွဲနိုင်လောက်တယ်'

အစ်ကိုလေးသည် ခပ်တိုးတိုး ရေရွတ်နေရင်းနှင့်မှ သားရေအိတ်ကို ပြန်ပိတ်ထားလိုက်သည်။ ပြီးတော့ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေ၏။ အစ်ကိုလေး စိတ်ထဲမှာ အတိတ်သည် ပြန်လည်သစ်လွင် ကာ လှုပ်ရှားလျက်ရှိပြီကို ကျွန်တော် သိပေသည်။ ကျွန်တော် စာကြည့် စားပွဲမှာ စာသွားကြည့်နေတော့လည်း အစ်ကိုလေးသည် အခါတိုင်း နေ့ များ ကဲ့သို့ စာပြပေးခြင်း မပြုလာပေ။

တမေ့တမော ဆိုသလို လမ်းလျှောက်နေပြီးမှ သူ့အခန်းသို့ အစ်ကို လေး ဝင်သွားသည်။ ခဏမျှအကြာတွင် အစ်ကိုလေး အခန်းမှ တယောသံ တစ်သံကို မကြားစဖူး ကြားရ၏။ အစ်ကိုလေးမှာ တယောပြားကလေး တစ်ခု ရှိကြောင်းကို ရောက်စကပင် သိရသော်လည်း ... 'အစ်ကိုလေးမှာ

တယောကို အဖော်လုပ်နေနိုင်လောက်အောင် မအားပါဘူးကွယ်၊ သီချင်းလည်း မရပါဘူး၊ ငယ်ငယ်တုန်းက ဝါသနာပါဖူးတာနဲ့ ဝယ်ထားမိတာပါ' ဟု အစ်ကိုလေးက ပြောဖူးသည်။ ယခုတော့ အစ်ကိုလေးသည် ဟို ... လွန်ခဲ့သော ခြောက်နှစ်ဆီသို့ပင် ပြန်သွားနေလေပြီလား။

သူသူငါငါ ရဟတ်ပုံလယ် ... သံသရာစက်မှာကွယ် ...
အဆက်မပြတ်တော့တယ်၊ ကြုံရ ဆုံရတယ်–ချစ်လမ်းတွေက
သွယ်– ချစ်ဝက်ပါကြီးဝယ်–ချစ်မဝ တဝဲလည်လည် ...။

တယောသံသည် ခေတ်ဟောင်းမှ သီချင်းတစ်ပုဒ်ကို ပြန်လည်ဖော်ကျူးပြီးတော့မှပင် တဖြည်းဖြည်း ဆိတ်ငြိမ်သွားလေသည်။

*

နောက်တစ်နေ့ အလုပ်ဝင်သည့် အချိန်မှ စ၍ အစ်ကိုလေးမှာ ခေါင်းမဖော်နိုင်လောက်အောင် အလုပ်တာဝန်များ၏ ဖိစီးခြင်းကို ခံယူနေရပေသည်။ ကျွန်တော့်အဖို့ သတင်းဆရာ တစ်ယောက်၏ တာဝန်မှာ ဤမျှပင် များပြားလှပါကလားဟု ယခုမှ ကိုယ်တွေ့ လက်တွေ့ သဘောပေါက်ရခြင်းလည်း ဖြစ်ပါသည်။ အစ်ကိုလေးသည် နံနက်–ည ထမင်းများကိုပင် အချိန်နှင့် စားသောက်ရသည် မရှိတော့ပေ။ ည ပြန်လာပြီဆိုတော့လည်း (၉) နာရီ၊ (၁၀) နာရီသည် အစောဆုံးဖြစ်၍၊ တစ်ခါတစ်ရံ သန်းခေါင်ချဉ်းအောင်ပင် နေရလေ့ရှိကြောင်းကို အစ်ကိုလေး ပြောပြသဖြင့် သိရှိရပါသည်။

သို့ရာတွင် နှစ်ရက်မြောက် နေ့တွင်မူ ည (၇) နာရီလောက်မှာ အစ်ကိုလေး ပြန်ရောက်လာပါသည်။ ပြီးတော့ သူပြန်လာရခြင်း၏ အကြောင်းရင်းကိုလည်း ခရီးရောက်မဆိုက်မှာပင် အစ်ကိုလေးက ပြောပြလိုက်ပါသည်။

'ဘိုးဘိုးအောင်ပေါ့ကွယ် ... ဟိုအိမ်ကို သွားဖြစ်အောင် သွားလိုက်ပါ ဆိုပြီး သူကိုယ်တိုင် အလုပ်တွေ ဝင်ကူလုပ်နေလို့ အားနာတာနဲ့ ထွက်လာခဲ့ရတယ်၊ ညီလေးလည်း လိုက်ခဲ့စမ်းပါကွာ'

အစ်ကိုလေးက ခင်မိမိ၏ မွေးနေ့အလှူပွဲအတွက် ကျွန်တော့်ကိုပါ အဖော်ခေါ်နေပြန်တော့လည်း ကျွန်တော်မှာ အဝတ်အစား အသင့်အတင့် လဲလှယ်ကာ လိုက်ပါသွားရပြန်လေသည်။

'ဦး ... ဦးဖေခင်က ဘိုးဘိုးအောင်နဲ့ အတော်ခင်တယ်၊ ၁၉၂၀

တက္ကသိုလ် သပိတ်ကြီးကို မီလိုက်သူတွေပေါ့၊ အမျိုးသားစိတ်လည်း ရှိတယ်၊ စာပေလည်း လိုက်စားတယ်၊ ဒါပေမဲ့ အစိုးရဘက်မှာ အလုပ်ဝင်ပြီး ခရိုင်ပညာဝန်ကနေ တိုင်းပညာဝန်အထိ လုပ်လာခဲ့သူပေါ့၊ အခုမှ ပင်စင်ယူပြီး ရန်ကုန် ပြန်ရောက်လာတာ၊ အလုံဘက်မှာ အိမ်နဲ့ ခြံနဲ့ အခြေတကျပါပဲ'

ခင်မိမိ ဖခင်အကြောင်းကိုလည်း ဘတ်စ်ကား စောင့်ရင်းနှင့် အစ်ကိုလေးက ပြောပြပါသေးသည်။

ခင်မိမိတို့ အိမ်မှာ ရိုးရိုးဆင်ဝင် တစ်ထပ်အိမ် ဖြစ်၍ အတော်ကလေးတော့ ကျယ်ဝန်းသပ်ရပ်ပါသည်။ ခြံမြေမှာလည်း အသင့်အတင့် ကျယ်ဝန်းသည် ဖြစ်ရာ ဟင်းစား အပင်ငယ်များနှင့် ပန်းအလှများကို စနစ်တကျစိုက်ပျိုးထားပေသည်။

ခင်မိမိ၏ မွေးနေ့အလှူမှာ ဘုန်းကြီးများကို အရဏ်ဆွမ်းကပ်ကာ အခြားပရိသတ်များအတွက်လည်း နံနက် (၇) နာရီမှ (၁၀) နာရီအထိ ဖိတ်ကြား၍ ဧည့်ခံခဲ့ပြီး ဖြစ်ကြောင်းကိုလည်း သိရပါသည်။ ကျွန်တော်တို့မှာ အထူး ဧည့်သည်တော်များပင် ဖြစ်နေကြပါ၏။ ခင်မိမိ၏ မိခင်၊ ဖခင်မှ စ၍ တစ်အိမ်သားလုံးကပင် အထူး ဂရုတစိုက်နှင့် ဖော်ရွေစွာ ဧည့်ဝတ်ပြုကြပါသည်။

အစားအသောက်များ တည်ခင်းကျွေးမွေးခြင်း မပြုမီ ဧည့်ခန်းမှာ ချိတ်ဆွဲထားသည့် မိသားစုဓာတ်ပုံများကို ပြသကာ ရှင်းလင်းပြောပြသည်မို့လည်း ခင်မိမိတွင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက် ရှိသေးကြောင်းကို သိရှိရပါသည်။ အစ်ကိုမှာ တက္ကသိုလ်ဒီဂရီနှစ်ဆင့် ရပြီးသူဖြစ်၍ နိုင်ငံခြားသံရုံး တစ်ရုံးမှာ အလုပ်လုပ်နေကြောင်း သိရှိရပါသည်။ အစ်မလုပ်သူမှာလည်း မခေပါ၊ ဝါဏိဇ္ဇဝိဇ္ဇာ အောင်မြင်ပြီး၍ အထက်တန်း စာရင်းစစ်တစ်ယောက်ပင် ဖြစ်ပါသည်။ သူတို့ နှစ်ဦးလုံးမှာ အိမ်ထောင်ခွဲများ ဖြစ်ကြပါသည်။ ရန်ကုန်မြို့ပေါ်မှာပင် နေကြကြောင်းကိုလည်း သိရှိရပါသည်။

ထိုနောက်တော့ ခင်မိမိပိုင် စာအုပ်များကို ခင်မိမိက ပြသပါသည်။

'တစ်အိမ်လုံးမှာ မိ အမြတ်နိုးဆုံး နေရာဟာ စာဖတ်ခန်းနဲ့ မီးဖိုဆောင် ပါပဲ၊ ပြင်ပပြင်လွင်ကိုလည်း ထွက်ခဲ့သွားခဲ့ပါတယ်၊ ကိုကိုနဲ့မမတို့ အိမ်ကိုတောင် အကြောင်းမရှိဘဲ မိ မရောက်တတ်ပါဘူး၊ မိက လူတွေထက်

စာအုပ်ကို ခင်မင်သူမို့ အပေါင်းအသင်းလည်း နည်းပါတယ်။ ခေတ်မျက်စိနဲ့ ကြည့်ရင်တော့ မိကို တစ်ဘာသာ ဖြစ်နေတာ တွေ့ရမှာပါပဲ'

ခင်မိမိက စာအုပ်များကို ပြသရင်းနှင့် သူ့ဓလေ့၊ သူ့ဝါသနာကို ခပ်အေးအေး ပြောကြားကာ ပြုံးနေပါသည်။ သို့ရာတွင် အစ်ကိုလေးကတော့ မိ၏ စကားများထက် မိ၏ စာအုပ်များကိုသာ ပိုမို အာရုံစူးစိုက်နေမိဟန်တူပါသည်။

မိ၏ စာအုပ်များကလည်း စိတ်ဝင်စားစဖွယ် စုံလင် များပြားလှပါ၏။ နှောင်းခေတ်နှင့် ယခုခေတ် မဂ္ဂဇင်း၊ ဂျာနယ် မျိုးစုံကို သူ့အမျိုးအစားနှင့် သူ အထပ်လိုက် အထပ်လိုက် သိုမှီးထားသည်များမှာ အားကျစရာ ကောင်းလှပါသည်။ ရှေးဟောင်း စာဆိုကြီးများ၏ စာပေများကိုလည်း ဗီရိုကြီးတစ်လုံးမှာ တစုတရုံးတည်း တွေ့ရှိနိုင်ပါ၏။

ခေတ်ပေါ် မြန်မာစာအုပ်များ ဆိုလျှင်ဖြင့် ဗီရိုကြီး၊ ဗီရိုငယ်များတွင် စာရေးဆရာအလိုက် တသန့်စီ ခွဲခြား၍ပင် ထားနိုင်ပါသည်။ "စာရေးဆရာကြီး လှမွန်" ဟု ရေဆေး ပန်းချီစာလုံးဖြင့် သပ်ရပ်စွာ ရေးကပ်ထားသော မှန်ဗီရို အဆင့်နှစ်ဆင့်ကို တွေ့မြင်ရသည်ကြောင့်လည်း အစ်ကိုလေး ကိုယ်စား ကျွန်တော့်ဘဝင်မှာ ပီတိလှိုင်းတို့ ရိုက်ခတ်ကြွရှ၍ လာမိပါသေးသည်။

အစ်ကိုလေးကတော့ ဗီရိုအားလုံးကို အနည်းငယ်မျှစီ မွှေနှောက်လှန်လှောပြီး ကြည့်ရှုသွားပါသည်။ နောက်ဆုံး ရောက်ရှိသွားသည်မှာတော့ အင်္ဂလိပ်ဘာသာ စာအုပ်မျိုးစုံ ဗီရိုကြီး ဖြစ်ပေ၏။

'အင်္ဂလိပ်စာအုပ်တွေကတော့ မိမှာ စာရေးဆရာအလိုက် ခွဲခြားနိုင်လောက်အောင် မစုံလင်လှပါဘူး။ အားလုံးပဲ ရောနှောပြီး ထားလိုက်ရပါတယ်' ဟု မိက အစ်ကိုလေး၏ နောက်ပါးမှ ရပ်လျက် ပြောနေ၏။

အစ်ကိုလေးကတော့ စာအုပ် အနည်းငယ်မျှကို ထုတ်ယူပြီး စူးစိုက်စွာ ကြည့်ရှုနေပြန်ပါ၏။

သူ ထုတ်ယူထားသော စာအုပ်များတွင် **လောင်းဖယ်လို၏ ကဗျာကောက်နုတ်ချက် စာအုပ်၊ မောပါးဆင့်၏ ဝတ္ထုတို ညွန့်ပေါင်း၊ ဟဲမင်းဝေး၏ ဖဲရား–ဝဲလ်တူအမ်း(မ်)စ်၊ တော်စတွိုင်း၏ အင်နာကရီနီနား(စ်)၊ အိုင်ဗင်စတုံး၏ လပ်(စ်) ဖော် လိုက်(ဖ်)။ ပါးလ် ဘတ်(ခ်) ၏ လက်တား(စ်)**

**ဖရှန် ပီကင်း၊ ဂျက်လန်ဒန်၏ အိုင်ရင်ဟီးလ်** စသည်တို့ကို တွေ့လိုက်ရပါသည်။

ခဏကလေး နေတော့ အစ်ကိုလေးက စာအုပ်များဆီမှ မျက်နှာလွှဲကာ မိကို ခပ်ပြုံးပြုံး ခပ်စူးစူး ပြန်ကြည့်လိုက်လေသည်။

'စိတ်မရှိပါနဲ့နော်၊ တစ်ခါတုန်းက မိ ဖေဖေက မိကို (၇) တန်းသာ အောင်တယ်လို့ ပြောဖူးတယ် မှတ်ပါတယ်'

အစ်ကိုလေးက ဤသို တိုက်ရိုက်ကြီး မေးပစ်လိုက်တော့မှ မိက ပါးချိုင့်ကလေးနှင့် သွားဖွေးဖွေးပေါ်အောင် ပြုံးရယ်ပစ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျောင်းမှာတော့ (၇) တန်း အောင်ရုံပဲ မိ နေဖူးပါတယ်၊ ဒါပေတဲ့ မိ ဝါသနာပါတဲ့ စာပေကို ဖတ်နိုင်အောင်တော့ အင်္ဂလိပ် တစ်ဘာသာတည်းကို အိမ်မှာပဲ လေ့လာယူရပါတယ်၊ အဘိဓာန်စာအုပ်တွေနဲ့ ဖေဖေရယ်၊ ကိုကို မမတို့ရယ်ဟာ မိရဲ့ ဆရာတွေပါပဲ'

အစ်ကိုလေးကလည်း နှစ်ခြိုက်ရွှင်လန်းစွာ ပြုံးလိုက်ပါသည်။

'ဟောဒီစာအုပ် အားလုံးရဲ့ ပိုင်ရှင်ဟာ ခေတ်နောက်ကျသူတော့ မဖြစ်နိုင်ပါဘူး'

'အဟင်း ... ဆရာ့လို ပုဂ္ဂိုလ်တစ်ဦးက ဒီလို ထင်မြင်ချက်ပေးနေရင် မိတော့ ခေါင်းကြီးချင်စိတ်တောင် ပေါက်သွားပြီ'

မိက အစ်ကိုလေးဆီသို့ မျက်လုံးတစ်ချက် ဝင့်လိုက်ရာမှ ရှက်ပြုံးကလေးနှင့် ခေါင်းငုံ့သွားပါသည်။ ပြီးတော့မှ ထမင်းစားခန်းတွင် စားစရာများ အသင့်ပြင်ပြီး ဖြစ်ကြောင်းကို ပြော၍ ကျွန်တော်တို့အား ရှေ့ဆောင်ပြုကာ ခေါ်သွားပါသည်။ မိ ဖခင် ဦးဖေခင်နှင့် မိခင် ဒေါ်တင်တင်ကြီးတို့လည်း အတူလိုက်ပါလာကြပါ၏။

ဤထမင်းစားခန်းတွင်မှ မိအပေါ်မှာ ပိုမို အံ့ဩရပါသေးသည်။ (၈) ယောက်စာ စားပွဲရှည်ကြီးတွင် ပြင်ဆင်ထားလိုက်သော မြန်မာမုန့်အမျိုးစုံတွေမှာ ပွဲဈေးတန်းသဖွယ်ပင် မှတ်ထင်ရပါ၏။

'ကဲ ... ညီလေးရေ၊ တို့များတော့ နိဗ္ဗာန်ဈေးနဲ့ တွေ့ပြီ ထင်တယ်ဟေ့'

အစ်ကိုလေးက စားပွဲဘေးမှာ ရပ်ကာ သကြားရည် စိမ်ထားသည့် အောင်ဗလမုန့်ကြော် တစ်ခုကို နှိုက်လိုက်ရင်းမှ အစွန်းတစ်ချက် ဖောက်လိုက်ရာ မိတို့ မိသားစု သုံးဦးက ရယ်နေကြပါသည်။

မိက ဆပ်ပြာခွက်နှင့် လက်ဆေးကြွေဇလုံကို ယူလာပေးတော့လည်း အစ်ကိုလေးက သကြားရည် စွန်းပေနေသော သူ့လက်ကို ငုံ့ကြည့်ပြီး 'အခု မှတော့ မထူးတော့ပါဘူးကွယ်၊ နေပါစေတော့' ဟု ပြောကာ အောင်ဗလ မုန့်ကို ပါးစပ်ထဲသို့ သွင်းလိုက်တော့ရာ၊ မိတို့ သားအမိတစ်တွေက ထပ်မံ ရယ်မောကြပြန်ပါသည်။

'ဆာနေတဲ့ လူတစ်ယောက်အဖို့မှာ ဒီလို သရေစာမျိုးစုံကို စားချင့် စဖွယ် တစုတဝေးကြီး တွေ့ရတဲ့အခါ အလျင်စလို ဖြစ်သွားမိတာပါပဲ၊ ရိုင်း နေရင်လည်း ခွင့်လွှတ်ကြပါနော်' ဟု အစ်ကိုလေးကပင် ရယ်ရယ်မောမော ရင်းရင်းနှီးနှီး ပြောဆိုနေပါ၏။

'သရေစာ မျိုးစုံတာက အရေးမကြီးပါဘူးကွယ်၊ သူ့မွေးနေ့အတွက် သူကိုယ်တိုင် ဦးစီးလုပ်တာ မှန်ပေမဲ့ ဒေါ်ဒေါ်တို့ အိမ်သားတွေဆို ၂ ရက်၊ ၃ ရက်လောက်က ကြိုပြီး သူ့အလိုကျ ကူညီညာလုပ်ရ၊ အညွှန်တိုက် ခံရနဲ့ သိပ်မသက်သာလှပါဘူး'

ဒေါ်တင်တင်ကြီးကလည်း သူ့သမီးကို ချီးမွမ်း ခြေကျော့ကာ ပြော နေပါသည်။

'ခက်တာပါပဲ၊ ကျွန်တော်က အိမ်သားတွေ ပင်ပန်းတာကို မသိချင် ယောင် ဆောင်ပြီး ရှေ့တစ်နှစ်ကျရင်လည်း ဆက်ဆက် ဖိတ်ကျွေးပါဦးလို့ ပြောမလို့ဟာ။ ဒေါ်ဒေါ်က ဒီလို ဖွင့်ပြောနေတော့ ကျွန်တော် ဘာပြောရပါဦး မလဲ'

'အမယ် ... ဒေါ်ဒေါ့် စကားလည်း မဆုံးသေးပါဘူး ကိုလှမွန်ရဲ့၊ ဒေါ်ဒေါ်တို့ အိမ်သားတွေ ဒီလောက် ပင်ပန်းခံလုပ်ရပေမဲ့ ဧည့်သည်တွေ က နှစ်နှစ်ခြိုက်ခြိုက် မရှိကြရင် ပင်ပန်းရကျိုး မနပ်ဘူး၊ ဆရာကိုလှမွန်တို့ လို အမြောက်ကလေး အပင့်ကလေးနဲ့ စားသောက်သွားတော့မှသာ အမော ပြေသွားတယ်၊ ပင်ပန်းရကျိုး နပ်တယ်လို့ ပြောမလို့ပါကွယ့်'

စကားအဆုံးတွင် ဒေါ်တင်တင်ကြီးက ခပ်သဲ့သဲ့ ရယ်နေတော့မှ အားလုံးပင် ရယ်မောကြရပြန်ပါသည်။ အစ်ကိုလေးမှာ ယခုမှ တွေ့ဖူး သိဖူး ရသူများ အနေနှင့် "စိမ်း" မနေရအောင် နှုတ်ခပ်ရွှင်ရွှင် ပြုနေသော်လည်း မျက်နှာထားနှင့် ကိုယ်အမူအရာမှာ သိမ်မွေ့လှသည်ဖြစ်ရာ၊ သူတို့ အိမ်သား အားလုံးက လေးလေးစားစား ရှိကြသည်ကိုလည်း တွေ့ရပါသည်။

'တကယ်ပြောတာပါ ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ မွေးနေ့ပါတီ ပေးကြတဲ့ ဖိတ်စာတွေကို တပုံတပင်ကြီး ရခဲ့ဖူးပါတယ်၊ သူတို့ရဲ့ အပြုအမူ အစီအစဉ်တွေကို အမိပ္ပာယ်ရှိတယ် မထင်လို့ ရှောင်နိုင်သလောက်လည်း ရှောင်ခဲ့တာပါပဲ၊ ဒီနေ့လို တစ်ဘာသာ စီစဉ်ထားတဲ့ ပွဲမျိုးကိုတော့ အခုမှလည်း တွေ့ဖူးပါတယ်၊ အားရ နှစ်လိုမိတာလည်း အမှန်ပါပဲ၊ ဒါကြောင့် ဒီအလှူပွဲမျိုးကို ညီမ မခင်မိမိက အနှစ် ၁၀၀ မြောက်အထိ ဆင်နွှဲနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်'

အစ်ကိုလေးသည် ဤမျှအထိ တည်ကြည်စွာ ပြောလာပြီးမှ 'ကျွန်တော်တို့ဘက်က ဒါလောက်ဆိုရင် ဝတ္တရားကျေပြီး စားသာပါပြီနော်' ဟု ဆက်လိုက်ရာ၊ ဦးဦးဖေခင်နှင့် ဒေါ်ဒေါ်တင်က ရယ်မောကြပြန်သည်။ သို့သော် ခင်မိမိ တစ်ယောက်ကတော့ အများနည်းတူ ပြုံးရယ်ခြင်းပြုရန် သတိရဟန် မတူဘဲ အစ်ကိုလေးဆီသို့ စိတ်အားထက်သန်စွာ ကြည့်ရှုလိုက်ကာ–

'ပါတီပေးတာတွေကို ရှောင်နိုင်သလောက် ရှောင်တယ်ဆိုရင် ဆရာ အရက်မသောက်ဖူးဘူးလားဟင်' ဟု ကောက်ခါငင်ကာ မေးလိုက်ပါသည်။ ဦးနှင့် ဒေါ်ဒေါ်မှာ သူ့သမီး၏ အမေးအတွက် အစ်ကိုလေးကို အားနာသွားဟန်ဖြင့် ကြည့်လိုက်ကြပါ၏။

အစ်ကိုလေးမှာလည်း ခပ်ကြောင်ကြောင်နှင့် တွေဝေသွားပါသည်။ ခင်မိမိ အမေးအတွက် ကျွန်တော့်မှာပင် အစ်ကိုလေး၏ အတိတ်ဇာတ်ကြောင်းကို ပြန်လည် သတိရမိသေးသည် ဖြစ်ရာ အစ်ကိုလေးသည်ကော သတိမရဘဲ နေနိုင်ပါမည်လော။ သို့သော် တစ်ခဏ အတွင်းမှာပင် အစ်ကိုလေးက ဣန္ဒြေဆည်ကာ ပြုံးလိုက်နိုင်ပါသည်။

'တစ်သက်နဲ့ တစ်ကိုယ်မှာ တစ်ခါတော့ မူးအောင် သောက်မိဖူးပါရဲ့' ဟူ၍လည်း မယုတ်မလွန် ပြောပေသည်။

'ဝတ္ထုရေးတဲ့အခါမှာ သဘာဝကျအောင် တမင်စမ်းကြည့်ရတာ ဟုတ်လား'

ခင်မိမိ အတွန့်တက်လာပြန်သည်တွင်တော့ အစ်ကိုလေး မျက်နှာမှ အပြုံးကလေးမှာ ပြယ်လွင့်သွားပါတော့သည်။ ဘာမှ အဖြေမပေးနိုင်ဘဲ ခင်မိမိ မျက်နှာကိုသာ ဆွေးဆွေးမြည့်မြည့် ကြည့်နေတော့ပါ၏။ အစ်ကို

လေး စိတ်ထဲမှာ မိသည် "အိ" ပင် ဖြစ်နေလေပြီလား မသိ။ ကျွန်တော်က တွေးတော စိုးရိမ်စ ပြုလာပါသည်။ သို့ရာတွင် သည်တစ်ခဏမှာ မိအဖေ ဦးဖေခင်အား ကျေးဇူးတင်စရာ ကောင်းလှပါ၏။

'ကဲ– ကိုလှမွန်ရဲ့ အဖိုးထိုက်တန်တဲ့ အချိန်တွေကို သိပ်ပြီး မဖြုန်းမိကြပါစေနဲ့တော့၊ ကျွေးစရာရှိတာကို ကျွေးကြပါကွယ်' ဟု ဝင်ဖြတ်ပြောသောကြောင့် ဖြစ်ပါသည်။

'ဟုတ်ပါ့ ... ဘာစားကြမလဲ၊ ဆရာကိုလှမွန်ရဲ့ ညီလေးကလည်း စကားနည်းလှချည်လားကွယ်၊ ပျင်းများ နေရှာသလား၊ ကဲ–စားချင်တာ ဒေါ်ဒေါ့်ပြော' ဟု ဒေါ်ဒေါ်ကလည်း ကျွန်တော့်ကို ဂရုတစိုက် မေးမြန်းနေပါသည်။

ကျွန်တော်က 'မပျင်းပါဘူး ခင်ဗျာ' ဟု အလိုက်သင့် ပြန်ပြောရ၏။

မိကလည်း 'ဆရာလည်း စားချင်တာကို ပြောပါနော်၊ စားပွဲက ကျယ်နေတော့ ဝေးနေရင် မိ ယူပေးပါ့မယ်၊ အသုပ်စားချင်ရင်လည်း မိ ပြင်ပေးပါ့မယ်၊ အဟင်း ... မိက ပညာမတတ်ပေမဲ့ မုန့်ရောင်းစားရင် တဝမ်းတခါးတော့ ဝလောက်ပါတယ် ဆရာရဲ့' ဟု စကားတစ်မျိုး ပြောင်းလိုက်ပြန်ခြင်းဖြင့် ကျွန်တော်တို့ ဝိုင်းမှာ စိုစိုပြည်ပြည် ဖြစ်လာပြန်ပါသည်။

ဤတွင်မှ 'ဒါလည်း ပညာတစ်ရပ်ပဲပေါ့၊ ဒီပညာမျိုးလည်း လူတိုင်းစိတ်ဝင်စားတာ၊ တတ်မြောက်တာ မဟုတ်ပါဘူး' ဟု အစ်ကိုလေးက ပြန်ပြောလေသည်။

ထို့နောက် ထမင်းမစားရသေးသော အစ်ကိုလေးက မုန့်ဟင်းခါးသုပ်တစ်ပန်းကန် စားပြီး ဘူးသီးကြော်၊ ဆန္ဒင်းမကင်းတို့နှင့် လက်ဖက်ရည်ကြမ်းသောက်နေပါသည်။ ကျွန်တော်ကတော့ ငရုတ်သီးစိမ်း ခပ်စပ်စပ်နှင့် မိုးကျလက်ဖက်သုပ်ကိုစားပြီး မုန့်ကျွဲသည်းနှင့် မုန့်လုံးရည်ပေါ် တစ်ပန်းကန်ကို အစပ်ပြေ စားလိုက်ပါသည်။

'ဟောဒီဘက်မှာ မုန့်ပေါင်းနဲ့ မုန့်ဆီကြော်လည်း ရှိတယ်ကွယ့်၊ နမ်းယိုကလေးများကော မကြိုက်ကြဘူးလားကွယ်' ဟု ဒေါ်ဒေါ်ကလည်း လောကွတ်ပြုနေပါသည်။

'တော်ပါပြီခင်ဗျာ၊ စားကောင်းတိုင်းသာ အားလုံး လျှော ... းရင်

အစာအိမ် အချဉ်ပေါက်သွားပါလိမ့်မယ်' ဟု အစ်ကိုလေးက ပြန်ပြောရ၏။

'လူတစ်ဦးနဲ့ တစ်ဦး အကြိုက်ချင်းက မတူကြတော့ ကြိုက်ရာ စားနိုင်ကြပါစေ ဆိုတဲ့ စေတနာနဲ့ မိက အမျိုးမျိုး လုပ်ထားရတာပါ'

'ကျွန်တော့်အမြင်နဲ့တော့ ဗမာ့အာဟာရ၊ ဗမာ့အစားအစာကို ဒီလို ပွဲထုတ်ပေးတာဟာ ဗမာ့စီးပွားရေးနဲ့ ဗမာ့ယဉ်ကျေးမှုကို တစ်နည်းတစ်ဖုံ ထိန်းသိမ်းထားခြင်းပဲလို့ သဘောပေါက်ပါတယ်။

'ဗမာ့မြေပေါ်မှာသာ ဗမာ့အာဟာရကို မထည့်ဝါ မခမ်းနားဘူး၊ ပွဲကြီးပွဲကောင်း မဝင်ဆံ့ဘူး ထင်နေကြပေမဲ့ နိုင်ငံရပ်ခြား ရောက်သွားပြီဆိုရင် ကိုယ့်ရိုးရာအစာကို အသွေးထဲ အသားထဲကကို တောင့်တယူကြရတာပါ၊ ဦးတို့လည်း ကြားဖူးမှာပေါ့၊ နိုင်ငံခြားရောက် ဗမာတွေဆိုရင် မုန့်ဟင်းခါးအတု လုပ်စားရတာနဲ့ ဘာနဲ့ ရှုပ်ထွေးလာကုန်ပြီ။

'အဲဒီလို မရှိတဲ့အရပ်ရောက်မှ တန်ဖိုးကို သိကြတာမျိုးထက် အခုလို နေ့စဉ် သုံးစွဲနေစဉ် အတွင်းမှာပဲ ကိုယ့်အစာအာဟာရကို အဆင့်အတန်း မြင့်သည်ထက် မြင့်အောင် ကြံဖန်နိုင်မှ၊ ပွဲထုတ်ပေးမှ နည်းမှန်လမ်းမှန် ကျပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဗမာပီပီ ကိုယ့်အစားအစာကို ကြိုက်လည်း ကြိုက်ပါတယ် ခင်ဗျာ၊ ဝမ်းဗိုက် မဆံ့တော့လို့သာ'

'ဟော-အမျိုးစုံအောင် စားနိုင်ဆုံးကတော့ ဘိုးဘိုးအောင်ကွယ့်၊ သူ့ကို လွန်သွားမှာ စိုးလို့ ဦးက သတိပေးလိုက်ရသေးတယ်၊ ဝ တစ်လုံးက နှစ်လုံးဖြစ်အောင် ကာဗွန်စက္ကူ ခံရိုက်တာမျိုးသာ တွေ့ဖူးမိပါတယ်၊ ဘိုးဘိုးအောင် စင်စစ်က ဇူဇကာ ဖြစ်သွားတာတော့ ခုမှ မြင်ဖူးရတာပဲလို့' စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဆိုသလို ပြောဆိုနေကြပါသည်။

တစ်နာရီသာသာခန့် အချိန်ကုန်ပြီးတော့မှပင် မိတို့ အိမ်မှ လိုက်ပို့သော ကားနှင့် ကျွန်တော်တို့ ပြန်ကြရ၏။

ထိုနေ့ည သတင်းစာတိုက်မှ အစ်ကိုလေး ပြန်လာပြီး အိပ်ရာဝင်ခါနီးမှာတော့ ကျွန်တော်က ပြောမိလေသည်။

'အစ်ကိုလေးရယ် ... ကံကြမ္မာက အစ်ကိုလေးအတွက် အိရဲ့ကိုယ်စား မိကိုများ ဖန်တီးပေးလိုက်သလား မသိဘူးနော်၊ သူ့အစ်မရင်းနဲ့တောင် သိပ်မတူလှဘဲ အိနဲ့မှ လာတူနေတာ သိပ်ထူးဆန်းတာပဲ'

'ညီလေးလည်း စကားမပြောဘူး၊ မပြောဘူးနဲ့ ပြောမယ့်ပြောတော့ အစ်ကိုလေးစိတ်ကို ဆွဲလှုပ်သလို ရှိလိုက်တာကွယ်၊ အစ်ကိုလေးတို့ ဘက်ကသာ ကိုယ့်အတွေ့အကြုံနဲ့ ကိုယ်မို့ လှုပ်ရှားနေတာ၊ ဒီလိုတော့ မပြောကောင်းပါဘူး၊ ကောင်မကလေးက အစ်ကိုလေးထက်လည်း (၁၄) နှစ်တောင် ငယ်ရှာပါတယ်ကွာ'

'ဘာပဲပြောပြော မိဟာ တစ်မျိုးတော့ တစ်မျိုးပဲနော်'

'အေး–အပြောအဆိုရော၊ စိတ်သဘောထားရော သာမန်ထက်တော့ ထူးတယ်ကွယ့်၊ ဘာပဲဖြစ်ဖြစ် တို့များနဲ့တော့ မဆိုင်ပါဘူးလေ'

'အစ်ကိုလေးက မဆိုင်ဘူး ဆိုပေမဲ့ သူတို့စိတ်က ဆိုင်ချင် ဆိုင်နေသလားမှ မသိတာ'

'အား–ရှူး ... ဝိတ်တိတ်နေစမ်းပါ ကောင်ကလေးရာ'

အစ်ကိုလေးမှာ ကျွန်တော့်စကားကို အထိတ်တလန့် ဖြစ်သလိုနှင့် တားမြစ်လိုက်ကာ အိပ်ရာထဲမှာ လှဲချလိုက်တော့သည်။ မည်သို့ပင် ဖြစ်စေ ဖြစ်ခဲ့ပြီးသော အတိတ်ဇာတ်လမ်းမှ အချစ်၏ နိပ်စက်လှည့်စားတတ်ပုံများကို ကိုယ်တွေ့မျက်မြင် သိခဲ့ရပြီမို့ အစ်ကိုလေးတစ်ယောက် ချစ်ဝက်ပါထဲမှာ ဘေးမသီ ရန်မခပါစေရန်ကိုတော့ ကျွန်တော်က အလေးအနက်ထားကာ ဆုတောင်းရပေမည်။

## [၁၉]

ကျွန်တော့်အတွက် ကျောင်းတွင် စနစ်တကျ စာသင်ရသည်မှာ ၃–၄ လမျှပင် ဖြစ်သော်လည်း မြန်မာဘာသာ (၇) တန်း အောင်မြင်ခဲ့ဖူးခြင်းနှင့် ဦးကြီးသိန်းတို့ အိမ်မှာ အင်္ဂလိပ်စာကို အခြေခံရခဲ့ခြင်း၊ ဘဘတို့ အိမ်မှာလည်း မပြတ် လေ့လာခဲ့ခြင်းများကပါ အထောက်အပံ့ ပေးနိုင်သည်ကြောင့် ယခုနှစ် အင်္ဂလိပ်–မြန်မာ (၇) တန်း စာမေးပွဲကြီးတွင် ကျွန်တော် ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။

စာမေးပွဲ ဖြေဆိုပြီးသည့်တိုင် အေးဆေးစွာ နေရန်တော့ အချိန်မရခဲ့ပါ။ ရှေ့တစ်နှစ်မှာ တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်နွှဲနိုင်ရန်အတွက် အားသစ်လောင်းကာ ကြိုးပမ်းနေရပါသည်။ ကျွန်တော်က မဖြစ်မနေ ဇွဲကြီးကြီး

ထားသည်ကို အစ်ကိုလေးကလည်း နှစ်ခြိုက်ဝမ်းသာ အားပေး ထောက်ခံသမှု ပြုခဲ့ပေသည်။

ကာလအတန်ကြာ တိမ်မြုပ်နေခဲ့သော ဘဘတို့ထံမှလည်း စာတစ်စောင် ရရှိလာပါသေး၏။ ဘဘသည် နယ်အနှံ့ ဘုရားလှည့်ဖူးရာမှ သီဟိုဠ်အရောက်တွင် ညီဘုန်းတော်ကြီးထံမှာပင် ရဟန်းအဖြစ် ခံယူပြီးကြောင်း၊ တစ်နှစ် တစ်ဝါမျှတော့ တစ်နေရာတည်းမှာ တည်ငြိမ်စွာ နေဦးမည် ဖြစ်ကြောင်း၊ မြန်မာပြည်သို့ ပြန်လာဦးမည် မလာမည်ကို မပြောနိုင်သေးကြောင်း၊ သစ္စာရှိ တပည့်ကြီး စီတာရန်းသည်လည်း မခွဲမခွာပင် ရှိနေကြောင်း၊ ကျွန်တော်နှင့် အစ်ကိုလေးတို့ စိတ်အေးချမ်းစွာနှင့် ကြီးပွားတိုးတက်စေရန် ဆုတောင်းပါကြောင်းများကို ဝမ်းသာဝမ်းနည်း ဆိုသလိုဖတ်ရှုရပါသည်။

ကျွန်တော်တစ်ယောက် ကျောင်းစာများကို အားသွန်ကြိုးပမ်းနေဆဲမှာ အစ်ကိုလေးနှင့် မိတို့ အိမ်သားများ၏ ဆက်ဆံမှုကလည်း တိုးတက်ရင်းနှီးလာသည်ကို တွေ့ရှိရပေသည်။ အစ်ကိုလေးသည် "မခင်မိမိ" ဟု ခေါ်စမှတ်ပြုရာမှ သူတို့ အိမ်သားများကဲ့သို့ပင် "မိ" ဟူ၍ ရဲရဲဝံ့ဝံ့ ခေါ်နိုင်ခဲ့ပေပြီ။ မိအနေနှင့်လည်း "ဆရာ" ဟူသော အသုံးအနှုန်းမှ ကျွန်တော်ကဲ့သို့ပင် "အစ်ကိုလေး" ဟု ခေါ်တတ်လာချေပြီ။ ကျွန်တော့်ကိုပင် မိက **ကိုအောင်**ဟု ခေါ်ခဲ့၍၊ ကျွန်တော်ကလည်း **မမမိ** တစ်ခွန်း၊ **မိ** တစ်ခွန်း ဖြစ်နေပါတော့သည်။

မိသည် ဦးဦးဖေခင်နှင့် ဖြစ်စေ၊ ဒေါ်ဒေါ်တင်နှင့် ဖြစ်စေ သတင်းစာတိုက်နှင့် အိမ်ရှိရာသို့ စွပ်စွပ်ရွှပ်ရွှပ် ရောက်ရောက်လာတတ်သည့်နည်းတူ အချိန်ဆင်းရဲ ပါးရှားလှသော အစ်ကိုလေးသည်ပင်လည်း တစ်ပတ်လျှင် တစ်ခါ၊ နှစ်ခါ ဆိုသလို မိတို့ အိမ်ဘက်သို့ အကြောင်းအမျိုးမျိုးဖြင့်လစ်ခနဲ လစ်ခနဲ ရောက် ရောက် သွားတတ်ပေပြီ။

ကျွန်တော့်အတွက် စာမေးပွဲ နီးကပ်လာသည်တွင်ကား အစ်ကိုလေးသည် အိမ်ဖာဟီရများ လုပ်ဆောင်ရန်ကို လုံးဝ တားမြစ်ကာ ထမင်းချက်ရန်နှင့် အဝတ်လျှော်ရန်၊ အိမ်ရှင်းရန်ကို လူငှားဖို့ စီစဉ်လိုက်လေသည်။

ဤအကြောင်းများကို မိတို့ အိမ်သားများ သိရှိသွားသည်တွင်တော့ ဒေါ်ဒေါ်တင်သည် လူငှားမည့် အစီအစဉ်ကို တားမြစ်ကာ ကျွန်တော် စာမေး

ပွဲ ဖြေဆိုပြီးသည်အထိ ကူညီရန် ဟူ၍ သူတို့၏ အိမ်ဖော်အဒေါ်ကြီး တစ်ဦးကို တဆောင်တယောင် လွှတ်ပေးထားလေသည်။ ဒါနှင့်မျှ အားမရသေးသလို မိ ကိုယ်တိုင်လည်း တစ်ခါတစ်ခါမှာ ရောက်လာတတ်ပြီးလျှင် အဒေါ်ကြီးနှင့် အတူ ကူညီကာ စီမံခန့်ခွဲ လုပ်ကိုင်ပေးတတ်ပါလေသေး၏။

ဤအခါများတွင် အစ်ကိုလေး၏ ကြည်ကြည်နူးနူး ဖြစ်နေသော မျက်နှာနေ၊ မျက်နှာထားများကိုလည်း မပြေးသော် ကံရာရှိနိုင်ပါ့မလား ဆိုသကဲ့သို့ ကျွန်တော်က တွေ့မြင်နေရပေသည်။

အစ်ကိုလေးသည် (၃၄) နှစ်မျှ ရှိနေပြီဖြစ်သော သူ့အသက်အရွယ်နှင့် ဂုဏ်သိက္ခာကို စောင့်ထိန်းနေရသလို၊ မိအတွက်မှာလည်း မိန်းမသားဟူသော ဣန္ဒြေကို ဆည်တန့်နေရသည်မို့သာ သူတို့၏ အတွင်းစိတ်များကို မဖွင့်နိုင်၊ မအန်နိုင် ဖြစ်နေရကြောင်းကိုလည်း ကျွန်တော် ရိပ်စားမိပါလေသည်။

ကျွန်တော်သည် အရမ်းကာရော ထင်မြင်ချက်ပေးနေခြင်း မဟုတ်ဘဲ အစစ်အမှန်ကို တွေးခေါ်နေမိခြင်းသာ ဖြစ်ကြောင်းမှာလည်း မကြာမြင့်မီမှာပင် အထင်အရှား ပေါ်ပေါက်လာပါတော့သည်။

စာမေးပွဲတွင် နောက်ဆုံးဘာသာ တစ်ရပ်ကို အပြီးသတ် ဖြေဆိုခဲ့ပြီး၍ ခေါင်းထက်မှ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားကာ ပေါ့ပါးလွတ်လပ်စွာနှင့် ကျွန်တော် အိမ်ကို ပြန်ခဲ့သော နေ့မှာပင် ဖြစ်သည်။

ထိုနေ့မှာ ... (အခါတိုင်းတွင် အိမ်မှာ ရှိတတ်သည့် အချိန်အခါ မဟုတ်ပါဘဲနှင့်) အစ်ကိုလေးကို အိမ်မှာ တွေ့ရပေသည်။ အစ်ကိုလေးသည် အခါတိုင်းကကဲ့သို့ စာရေးနေခြင်း၊ စာဖတ်နေခြင်းလည်း မဟုတ်၊ အိပ်ရာထဲမှာ တစောင်းလှဲခွေကာ အငြိမ်သက်ကြီး ငြိမ်သက်လျက် ရှိခြင်းဖြစ်ပေ၏။ ကျွန်တော်က အစ်ကိုလေးကို ဤသို့ တွေ့ရလိမ့်မည်ဟု မမျှော်လင့်မိသဖြင့် စိတ်လက်ပေါ့ပါးစွာ လေတချွန်ချွန် ချွန်လာခဲ့သည်ကိုမှလည်း လှည့်ကြည့်ခြင်း၊ လှုပ်ရှားခြင်း အလျှင်းမရှိပါပေ။

'ဘာဖြစ်လို့လဲဟင်၊ အစ်ကိုလေး နေမကောင်းဘူး ထင်တယ်'

ကျွန်တော်က အံ့အားသင့်ရာမှ စိုးရိမ်ပူပန်စွာ မေးမိတော့မှ ... 'ဩော်' ဟု စိတ်မပါ့တပါနှင့် ရေရွတ်လိုက်သော စကားတစ်ခွန်းကို အနိုင်နိုင် ရရှိတော့ပေသည်။

'ဘယ်လောက်ကြာပြီလဲ အစ်ကိုလေး၊ ဘယ်လိုဖြစ်တာလဲ'

'စောစောတုန်းကတော့ ခေါင်းသိပ်ကိုက်လို့ ပြန်လာတာပဲ၊ ဒါပေမဲ့– အဲ ... ဒါပေမဲ့ အခုဟာကတော့ ဘာရောဂါမှန်း မသိတော့ပါဘူးကွာ'

'ဟာ ... ဒီလိုဆို ဘယ်ဖြစ်နေလဲ အစ်ကိုလေးရဲ့၊ ဆရာဝန် ခေါ်ပေးမယ်နော်'

သည်လိုတော့လည်း အစ်ကိုလေးက ခေါင်းယမ်းလိုက်ပြန်၏။

'ဒါဖြင့်လည်း လမ်းထိပ်က ဗမာဆရာကြီးကိုပဲ သွားပင့်မယ် ဟုတ်လား'

အစ်ကိုလေးသည် ဤတွင်မှ 'ဟာကွာ ...' ဟု ခပ်ညည်းညည်း ဆိုရင်း ပြုံးလာ၏။

'တကယ်ဆိုတော့ လူသားတစ်ယောက် အနေနဲ့ ကိုယ့်ကိုယ်ကို နည်းနည်းမှ အထင်မကြီးထိုက်ပါဘူးကွာ ... သိလား' ဟူ၍လည်း မဆက်မစပ်ကြီး ပြောလိုက်သည်။

'ခင်ဗျာ ... ဘာကို ဘယ်လို ပြောတာပါလိမ့်'

'ဩော် ... အစ်ကိုလေးအဖြစ်ကို ပြောတာပါ ညီရာ၊ အစ်ကိုလေး အနေနဲ့ ဟိုကိစ္စတွေ ဖြစ်ပြီးခဲ့တဲ့နောက်မှာ ဘယ်လောက် သန့်ရှင်းအောင် နေလာခဲ့သလဲ၊ ကိုယ့်စိတ်ကို အတော်ထိန်းနိုင်တယ်လို့လည်း အထင်ကြီးခဲ့မိတာပဲ။ ဒါပေမဲ့ ညီလေးရယ် ... ပေါက်ကွဲ ပွင့်ထွက်လာတော့လည်း ဘာမှ မတတ်နိုင်ပါဘဲကလား၊ ဒီနေ့ကို အခြေအနေကလည်း ဖန်တီးပေးနေလွန်းပါတယ်ကွာ'

အစ်ကိုလေးသည် ခေါင်းအုံးပေါ်ကို တံတောင်နှင့် ထောက်ကာ ခေါင်းကြွပြီး ကျွန်တော့်ဘက်သို့ လှည့်လာလေသည်။ 'ဒီဇာတ်လမ်းမှာ ညီလေးလည်း သိတန်သလောက် သိခဲ့ပြီမို့ အစ်ကိုလေးက ပြောပြနေတာပါ'

'ဟုတ်ကဲ့၊ ပြောပါ အစ်ကိုလေး' ဟု ကျွန်တော်က ထောက်ခံချက်ပေးရ၏။

'အစ်ကိုလေး ခေါင်းသိပ်ကိုက်နေလို့ သတင်းစာတိုက်က ပြန်လာတော့ အိမ်မှာ မိ ရောက်နေတာ တွေ့ရတယ်၊ အစ်ကိုလေး ရေးလက်စ စာမူကို ဖတ်ချင်လို့ လာတာတဲ့၊ ဒါပေမဲ့ အစ်ကိုလေး နေမကောင်းတာ သိသွားတော့ သူ့ခမျာလည်း အတော်ကလေး ပျာယာခတ်သွားရှာတာပါပဲ၊

အဒေါ်ကြီးကို အိမ်ပြန်လွှတ်ပြီး ဆေးအယူခိုင်း၊ သူကိုယ်တိုင်ကတော့ မီးဖိုထဲမှာ ရေနွေးအိုး ဝင်တည်၊ အစ်ကိုလေးကို "ဖျားမှာစိုးရတယ်၊ ဘယ်လို နေသေးသလဲ" မေးပြီး နဖူးကို မရဲတရဲ လာစမ်းသွားလိုက်နဲ့ပေါ့။

'အဒေါ်ကြီး ပြန်လာတော့လည်း ချွေးထုတ်ရအောင်တဲ့၊ ငန်းဆေးကို ရေနွေးပူပူတစ်ခွက်နဲ့ လာတိုက်တယ်လေ၊ သူလုပ်နေတာတွေ ကြည့်ပြီး အစ်ကိုလေး ရင်တွေဟာ လှိုက်ခုန်လာတာပဲ၊ ဒါနဲ့ "ရင်တုန်လိုက်တာကွယ်" လို့ ဖွင့်ညည်းမိသွားတော့လည်း သူက ဘာပြောသလဲဆို ... "ချွေးထုတ်ပြီးမှ သွေးဆေးကို သကြားကလေးနဲ့ ရောပြီး တိုက်ပေးမယ်" တဲ့၊ အစ်ကိုလေး ရင်ဘတ်ပေါ်ကိုလည်း သူ့လက်ကလေးနဲ့ လာဖိပေးထားသေးတယ်။

'အစ်ကိုလေးတော့ ကိုယ့်ကိုကိုယ် (၁၈) နှစ်သားကလေး ပြန်ဖြစ်သွားသလို ထင်လိုက်မိတာပါ ညီလေးရယ်၊ အိနဲ့ တူလှတဲ့ သူ့မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်ရင်းနဲ့ ငယ်ငယ်က ခံစားရသမျှတွေဟာ ထပ်တူထပ်မျှ ပေါ်ပေါက်နေတော့တာပါပဲ၊ ဒါပေမဲ့ ချွေးစို့စို့ ထွက်လာရင်ပဲ ခေါင်းကိုက်တာကတော့ အတော်ကြီး သက်သာသွားတယ်။

'အစ်ကိုလေးလည်း စိတ်ကို တည်ငြိမ်ပါစေတော့ ဆိုပြီး စပ်မိစပ်ရာ စကားတွေကို လျှောက်ပြောမိတာပဲ၊ ဒီထဲကပဲ စကားစဟာ ဘယ်လိုက ဘယ်လို လှည့်ရောက်သွားမိတယ် မပြောတတ်ပါဘူး၊ ရာဇဝင်တုကလျာ မင်းသမီးဟာ နတ်ရှင်နောင် မင်းသားထက် အသက် (၁၄) နှစ်လောက် ကြီးတာတွေ၊ ပြည်နဝဒေးကြီးဟာ ရှင်နှောင်းကို ကလေးအရွယ်ကတည်းက မေတ္တာသက်ဝင်ပြီး စောင့်စားနေရပုံတွေကို ရောက်သွားမိတယ်၊ ဒီမှာတင်ပဲ အစ်ကိုလေးကို အသက်ဘယ်လောက် ရှိပလဲလို့ သူက မေးတာပဲ။

'အစ်ကိုလေးက (၃၄) နှစ်လို့ ဆိုတော့လည်း "ယုံချင်စရာ မကောင်းလိုက်တာ" တဲ့။ "အစ်ကိုလေးဟာ သိပ်ပြီး အရွယ်တင်တာမို့ အသက် (၂၀) လောက် မိန်းကလေးတစ်ဦးနဲ့တောင် ရှေ့သွားနောက်လိုက် ညီနိုင်ပါသေးတယ်" တဲ့၊ ဒါကို သူ အပြောင်အပြက် သဘောမျိုးနဲ့ ပြောတာ မဟုတ်ဘူး၊ လွှတ်ခနဲ ပြောလိုက်မိပြီးမှ ရှက်သွားပုံရတယ်။ ဒီလို သူ့စိတ်ထဲမှာ လှုပ်ရှားနေတာကိုပါ သိရတော့ အစ်ကိုလေးလည်း ရင်ထဲမှာရှိတာကို မထိန်းနိုင် မသိမ်းနိုင် ဖြစ်ပြီး နှုတ်က ပွင့်ထွက်သွားမိတာပဲပေါ့'

'ဒါကို သူက ငြင်းလိုက်သလား အစ်ကိုလေး'

ကျွန်တော် ဖြတ်မေးတော့လည်း အစ်ကိုလေးက ခေါင်းယမ်းလိုက်ပြန်သည်။

'မငြင်းပါဘူး၊ အစ်ကိုလေး အပေါ်မှာ ထားရှိတဲ့ မေတ္တာထဲမှာ ကြည်ညိုလေးစားတဲ့ဘက်က ပိုပြီး လွန်ကဲပါတယ် ဆိုတာပဲ ပြောရှာတယ်၊ စိတ်ထဲမှာ ရှိနေတာကို အမှန်အတိုင်း ပြောရတာမို့ သူ့ကို အထင်မသေးဖို့လည်း ပြောသွားတယ်'

'ဒါနဲ့များ ... အစ်ကိုလေးက'

'မင်း မသိပါဘူး ညီရာ၊ ဒါမျိုးဆိုတာက ကြည်နူးရတာက နည်းနည်း၊ ပူပန်ရတာက များများ ဆိုတာလိုကြီးပါ။ ကြည်နူးမှုက လွန်ကဲနေပါတယ် ဆိုတဲ့ သူ့အဖို့ အတိတ်က အစ်ကိုလေး ဘာဖြစ်ခဲ့တယ်ဆိုတာ သိသွားရင် စိတ်ထား မပြောင်းပါဘူးလို့ ဆိုနိုင်မလား၊ နောက်ပြီး အစ်ကိုလေးကို လေးလေးစားစား ဆက်ဆံနေကြတဲ့ သူ့မိဘများက ဒီအကြောင်းကို သိသွားရင်တော့ကော ...'

'ဒါလောက်ထိလည်း နှိုက်နှိုက်ချွတ်ချွတ် မပူပါနဲ့ အစ်ကိုလေးရယ်၊ ကျွန်တော့်စိတ်ထင်တော့ ဒီတစ်ကြိမ်ဟာ အစ်ကိုလေးအတွက် အောင်မြင်ရဖို့ပါ'

ကျွန်တော်က သည်လို အားပေးလိုက်သည်တွင်မှ အစ်ကိုလေးက ကျွန်တော့်စာမေးပွဲကို သတိရသွားဟန် တူပါသည်။

'ဩော်–ဒါထက် မင့်းစာမေးပွဲကော ညီလေး၊ ဖြေနိုင်ခဲ့ရဲ့လား'

'ဖြေနိုင်ပါတယ် အစ်ကိုလေး၊ ဖြေခဲ့သမျှကို ဆရာ့ဆီမှာ ပြန်ပြောတော့ ဆရာက မင်း အောင်ရမယ်လို့ အားပေးလိုက်ပါတယ်'

'အင်း ... ငါ့ညီလည်း အတော် ထူးချွန်တာပါပဲကွယ်၊ ဒီတစ်ခါ အောင်ရင်တော့ တက္ကသိုလ် ကျောင်းတော်သားကြီး ဖြစ်တော့မှာပဲ'

*

ကျွန်တော်က လက်ထဲမှ ပတ်ကားဖောင်တိန်ကလေးကို ခုံမင်နှစ်သက်စွာ လှည့်ပတ် ကြည့်ရှုနေမိသည်။ 'ညီလေးရေ ... မင်း အောင်တယ် ဟေ့' ဟု မနေ့က ညဦးပိုင်းမှာ စောစောပြန်ရောက်လာသော အစ်ကိုလေးက အိမ်အဝင်ဝမှပင် ဝမ်းသာအားရ အော်ပြောလာသည်ကိုလည်း နားထဲမှ ပြန်လည် ကြားယောင်မိတုန်းပင် ရှိနေသည်။

ကျွန်တော့်အဖို့ တက္ကသိုလ်ဝင် စာမေးပွဲကြီးကို အောင်မြင်ရသည်မှာ ပူပူနွေးနွေးပင် ရှိနေသေးသည် မဟုတ်လား။

အစ်ကိုလေးက သတင်းစာတိုက်သို့ သတင်းရောက်ရှိလာသည်နှင့် တစ်ပြိုင်နက်မှာပင် ကျွန်တော့်ကို ပြန်ပြောလာသည်သာမက သူ အမြဲတမ်း စာရေးလေ့ရှိသော ပတ်ကား ဖောင်တိန်ကလေးကိုပါ ဆုအဖြစ်နှင့် ချီးမြှင့်ခဲ့သည်။ ဤဖောင်တိန်ကလေးနှင့် ရေးရမှ လက်တွေ့ပါသည် ဆိုသော အစ်ကိုလေးက ဒါကိုပင် ပေးအပ်ချီးမြှင့်လာခြင်းအတွက် ကျွန်တော်က ငြင်းပယ် ကန့်ကွက်ပါသေး၏။ သို့ရာတွင် 'ကိုယ်မြတ်နိုးတဲ့ပစ္စည်းနဲ့ ချီးမြှင့်မှ တန်ဖိုးရှိတော့မပေါ့' ဟု ဆိုကာ အစ်ကိုလေးက အတင်းပင် လက်ခံစေခဲ့သည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်လုံးပင် ပျော်နေကြ၏။ သီဟိုဠ်မှ ဘဘထံသို့လည်း ဤအကြောင်းကို စာတစ်စောင် ထည့်လိုက်ရသေးသည်။

သည့်ထက် အဆင်ပြေနေသေးသည်မှာ ယနေ့သည် ဝါဆိုလပြည့်နေ့ ဖြစ်၍ အစ်ကိုလေးပါ ရက်အားကြုံနေသည်ဖြစ်ရာ၊ ညီအစ်ကို နှစ်ယောက်သား လွတ်လပ်စွာ လည်ပတ်ရန်နှင့် ရုပ်ရှင်ကြည့်ကြရန်ကိုပါ တိုင်ပင်စီစဉ်ထားကြသေးသည်။ အစ်ကိုလေးသည် ရေမိုးချိုးပြီး၍ အခန်းထဲမှာ အဝတ်အစား လဲလှယ်နေတုန်း ဖြစ်ပါ၏။ သည် အခိုက်မှာပင် မိ ရောက်လာလေသည်။ သူ့လက်ထဲမှာ စက္ကူပတ်ထားသော အထုပ်ပြားပြားကြီးတစ်ခုပါလာ၏။ ကျွန်တော့်ကို မြင်တော့ ပြုံး၍ စကားဆိုပါသည်။

'မိ သိပ်ဝမ်းသာပါတယ် ကိုအောင်၊ စာမေးပွဲအောင်တာ သိသိချင်း လာမလို့ဟာ၊ အိမ်မှုကိစ္စတွေ များလွန်းနေတာနဲ့ကို မရောက်ရဘူး၊ ဒီနေ့တောင် မေမေတို့ ဥပုသ်စောင့် သွားတာကို မလိုက်ဘဲ နေခဲ့လို့သာ လာနိုင်တာ'

'ကျွန်တော်တို့လည်း ဥပုသ်နဲ့ ခပ်ဝေးဝေးပါပဲ မမမိရယ်၊ လက်ထဲက ဘာလဲ၊ ကျွန်တော့်ဖို့လား၊ ဒီမှာ အစ်ကိုလေးကလည်း ဆုပေးထားပြီလေ'

'အဟင်း ... ဒါက အစ်ကိုလေးဖို့ကွ၊ ကိုအောင့်ဖို့က ကတိပဲ ပါခဲ့တယ်'

'ဟွန်း ... မမမိ ဟာကလဲ'

'မဟွန်းနဲ့လေ ... ကိုအောင် တက္ကသိုလ် ရောက်ရောက်ချင်း ဝယ်ရမယ့် စာအုပ်ဖိုး တစ်ဝက်ကို မိ စုထားတဲ့ငွေနဲ့ တာဝန်ယူမယ်ပေါ့၊ ဒါကို အခု ကတိပေးထားမှာ ပြောတာ'

'အလကားပါ မမမိရယ်၊ ကျွန်တော် ဘာမှ မလိုချင်ပါဘူး၊ မမမိ စေတနာရှိတာ သိရတာကိုပဲ ဝမ်းသာလှပါပြီ'

'ဒီလိုလည်း ဘယ် ဟုတ်ဦးမလဲကွာ၊ စေတနာသမားကလည်း အကောင်အထည် ဖော်ပေးရဦးမှာပေါ့၊ ဒါနဲ့ ကိုလေးကော ရှိသလားဟင်'

ကျွန်တော်က အခန်းထဲကို မေးငေါ့ပြလိုက်ပါသည်။ ထိုစဉ်မှာပင် အစ်ကိုလေးလည်း အခန်းထဲမှ ထွက်လာသည်။ မိကို မြင်တော့ အစ်ကိုလေးသည် ရွှန်းရွှန်းစားစား ပြုံးနေ၏။ ပြီးတော့ မိ ခေါင်းမှာ ပန်ဆင်လာသော ပုန်းညက်ခိုင်ကလေးကို ညွှန်ပြကာ–

'ပုန်းညက်တွေတောင် ပေါ်နေပြီနော်၊ အချိန်တွေဟာလည်း ကုန်မှန်း မသိ ကုန်သွားတာပဲ' ဟု ပြောလိုက်ပါသည်။

'ဟုတ်ပါရဲ့ ကိုလေးရယ်၊ ဒီရန်ကုန်ရောက်မှ မိ မွေးနေ့တောင် နှစ်ကြိမ်မြောက် ကျင်းပပြီးခဲ့ပြီ မဟုတ်လား၊ အရင်တုန်းက ဆိုရင်တော့ မိရဲ့ မွေးနေ့က အရပ်တကာ လှည့်လုပ်ရသလိုပဲလေ၊ ဖေဖေ နယ်ပြောင်းတိုင်း လျှောက်လိုက်နေရတာ ဗမာတစ်ပြည်လုံးမှာ မိတို့ ရောက်ဖူးတဲ့ မြို့က မနည်းတော့ပါဘူး'

မိက လွန်ခဲ့သော သုံးလခန့်ကမှ ကျင်းပ ပြီးစီးခဲ့သော သူမ၏ (၂၁) နှစ်မြောက် မွေးနေ့အလှူအကြောင်းနှင့် သူတို့ ရောက်ဖူးသော မြို့များ အကြောင်းကို ပြောပြနေပါသည်။ အစ်ကိုလေးကလည်း မိ ပြောသော မြို့တွေထဲမှာ သူရောက်ဖူးသည်သာ များကြောင်း၊ ဖက်ဆစ်တော်လှန်ရေး အတွင်းက မြို့နယ် အတော်နှံ့ခဲ့ကြောင်းများကို ဖြည့်စွက် ထောက်ခံကာ ပြောပါသည်။

ထိုမှဆက်ကာ မိသည် ရန်ကုန်မြို့မှာ သူ့ချက်မြှုပ်ဒေသပင် ဖြစ်ကြောင်း၊ ယခု ဘယ်ကိုမျှ ပြောင်းရွှေ့ရတော့မည် မဟုတ်သဖြင့် ရန်ကုန်မှာပင် ခေါင်းချရလိမ့်မည် ထင်မိကြောင်းကို ပြောဆိုပြန်ပါသည်။

'လူ့ကံက အဆန်းသားကလား မိရယ်၊ ကိုယ့်သင်္ချိုင်းမြေ တည်နေရာကို ဘယ်သူအမှန် သိနိုင်လိမ့်မလဲ၊ ကိုလေးဆို အညာမြေမှာ မွေးပြီး

မြေလတ်နယ် (...) မြို့မှာ ကြီးလာခဲ့တာ၊ ဟော ... အခု ရန်ကုန် ရောက နေပြန်ပြီ'

'ဟင် ... ကိုလေး နေခဲ့တဲ့ (...) မြို့ကိုလည်း မိ ရောက်ဖူးတာပေါ့၊ မြို့ငယ်ထဲမှာဖြင့် တော်တော်ပျော်စရာ ကောင်းပါတယ်၊ ဒါပေမဲ့ ...'

မိသည် တစ်စုံတစ်ခုကို ပြောဆိုရန်အတွက် ချီတုံချတုံ လုပ်နေသေးသည်။ ပြီးတော့မှ စဉ်းစဉ်းစားစား အမူအရာနှင့် 'မိ ရောက်သွားတုန်းက တန်ဆောင်တိုင်ရက် အတွင်းမှာပဲ၊ တောပွဲကို ခဏတော့ ကြည့်မယ်ဆိုပြီး ဈေးတန်းထဲက လျှောက်သွားတော့ အရက်သမားကြီး တစ်ယောက်နဲ့ တွေ့နေလို့ ကိုလေးရယ်၊ မိဖြင့် ကြောက်လိုက်တာ။ အရက်သမားကြီးက ဘယ်လိုရုပ်ကြီးမှန်းလည်း မသိဘူး၊ မိကို မီးထွက်လုမတတ် မျက်လုံးကြီးနဲ့ စိုက်ကြည့်ပြီး အိ ... အိ ... ကိုယ့်အသက်ကလေးရယ် ... တဲ့၊ အသံတုန်တုန်ကြီးနဲ့ ခေါ်နေလိုက်တာ'

မိက စကားကို ပြတ်တောင်းပြတ်တောင်း လုပ်လိုက်ပြီးနောက် နှောင်းဖြစ်ကို ပြန်တွေးနေရသလို ငြိမ်သက်သွားပြန်သည်။ အစ်ကိုလေးနှင့် ကျွန်တော့်မှာ တစ်ယောက်ကို တစ်ယောက် ဖျတ်ခနဲ ကြည့်မိလိုက်ကြ၏။ ပြီးတော့ အစ်ကိုလေးမှာ စိတ်မသက်မသာ ဖြစ်သွားသလို သက်ပြင်းရှည်ကြီး တစ်ချက်ကို ရှိုက်ချလိုက်လေသည်။

ကျွန်တော့်မှာ အခြေအနေကို ထိန်းနိုင်ရန် ကြားဝင်လိုက်ရပါတော့၏။

'ဒါထက် မိက စာမေးပွဲ အောင်တဲ့လူတော့ အကြွေးထားပြီး အစ်ကိုလေး အတွက်တော့ ဘာတွေယူလာတယ် မသိဘူး'

'ဩော် ... ဟော ... စကားကောင်းနေရတာနဲ့ ဒါကိုတောင် မေ့နေမိတယ်၊ ဒီမှာလေ ... မဆန်းပါဘူး'

မိက ယခုမှ မျက်နှာကလေး ပြန်ဝင်းလာပြီး ပါလာသော စက္ကူထုပ်ကို ဖြေလေ၏။

'ဟာ ...'

'ဟင် ...'

အစ်ကိုလေးနှင့် ကျွန်တော့်မှာ အံ့အားသင့်လှစွာနှင့် ပြိုင်တူ ရေရွတ်လိုက်ကာ တစ်ယောက်မျက်နှာကို တစ်ယောက် အပြန်အလှန် ကြည့်ရှုမိကြရပြန်သည်။

အထုပ်ထဲမှ ထွက်ပေါ်လာသည်မှာ မောင့်ကပ်ပြီးသား မိ၏ ဆေးရောင်စုံ ဓာတ်ပုံကြီးပင် ဖြစ်နေ၏။ မိသည် ခြေအနည်းငယ် ဆင်း၍ ခပ်စောင်းစောင်းနှင့် ပုံပုံကလေး ထိုင်နေပုံမှာ အိနှင့် တထေရာတည်းလို ဖြစ်နေသည်။ ဆံမြိတ်ရှည်နှင့် တစ်ပတ်လျှိုထုံးမှာ ပန်းတစ်ပွင့် ပန်ဆင်ထားသည်က အစပင် တူညီလှစွာ၏။ မိက အင်္ကျီလက်စကနှင့် ငွေချည်ထိုး အချိတ်ထဘီကို ဝတ်ထားပြီး၊ အိက အင်္ကျီလက်ရှည်နှင့် စူရတီဖဲပျော့ ထဘီကို ဝတ်ထားသည် လောက်သာ ကွာခြားတော့သည်။

အစ်ကိုလေးသည် ဓာတ်ပုံကို စိန်းစိန်းစားစား ကြည့်နေရင်းမှ ဘာမပြော ညာမပြော လှည့်ထွက်သွားကာ အခန်းထဲသို့ တောက်လျှောက် ဝင်သွားလေ၏။ ခဏနေတော့ အိရုပ်ပုံပန်းချီကားကြီး ထည့်ထားသည့် သားရေအိတ်ကို လက်တွင် ဆွဲလျက် ခြေလှမ်းခပ်လေးလေးနှင့် ပြန်ထွက်လာလေသည်။

'ဒီမှာ ကြည့်စမ်း ... မိ'

အစ်ကိုလေးက သားရေအိတ်ကြီးကို ဖွင့်ပြီး ပန်းချီကားကို ထုတ်ပြလိုက်သည်။ သည်တစ်ခါ အံ့အားသင့်ရသူမှာ မိပင် ဖြစ်လေ၏။ သူ့ဓာတ်ပုံနှင့် ယှဉ်တွဲချထားလိုက်သည့် ပန်းချီကားကြီးကို မျက်လုံးဝိုင်းဝိုင်းကလေးနှင့် အကြောင်သား ငေးငိုင်ကြည့်ရှုရင်း စကားတစ်ခွန်းမှ ပြောမထွက်နိုင်လောက်အောင်ပင် ရှိနေသည်။

'အံ့ဩသွားသလား မိ' ဟု အစ်ကိုလေးက မပြုံးတပြုံး မျက်နှာထားနှင့် မေးလိုက်သည်။

'အံ့ဩဆို မျက်လှည့်ပြနေသလားလို့ ထင်မိတာပဲ ကိုလေး၊ ဒီပုံကို ဘယ်က ရတာလဲ ဟင်'

'အဲလေ ... မိအနေနဲ့ကတော့ အံ့ဩရမှာပဲပေါ့၊ ကိုလေးလည်း ဒီအကြောင်းကို ပြောချင်နေတာ ကြာလှပါပြီကွယ်၊ ဒီနေ့တော့ ပြောဖြစ်အောင်ပဲ ပြောရမှာပဲ၊ ညီလေးရေ ... တို့အစီအစဉ်ကို အချိန်ပြောင်းဦးမှပဲ ထင်တယ် ကွယ်'

အစ်ကိုလေးက မိကို ပြောရာမှ ကျွန်တော့်ကိုပါ ဆက်ပြောလိုက်ကာ သူ့လက်မှ နာရီကို ပင့်မြှောက် ကြည့်ရှုလိုက်ပါသည်။ ကျွန်တော်တို့

သည် ၃ နာရီခွဲပွဲ ရုပ်ရှင်ကြည့်ရန် စီစဉ်ထားသည်ဖြစ်ရာ အချိန်အတော် နီးကပ်နေပြီ ဖြစ်ပါ၏။

'ဟုတ်ကဲ့၊ ကျွန်တော် တစ်ယောက်တည်းပဲ သွားမယ်လေ၊ အစ်ကို လေး ကိစ္စရှိရင် နေရစ်ပါ'

ကျွန်တော်က အစ်ကိုလေး မပါရှိသည့်အတွက် သွားလိုစိတ် မရှိ လှတော့သော်လည်း သူတို့ လွတ်လပ်စွာ စကားပြောနိုင်စေရန်ကို ရည်စူးပြီး ရှောင်ခွာခဲ့ရပါသည်။

*

'အား ... အစ်ကိုလေး ဘယ်လိုများ ဖြစ်လာပါလိမ့်ဗျာ'

ကျွန်တော်က အံ့အားသင့်စွာ ဆိုမြည်မိ၏။ ကျွန်တော် ရုပ်ရှင်က ပြန်လာ တော့ အစ်ကိုလေးတို့ကို အိမ်မှာ မတွေ့ရတော့ပါချေ။ ပြီးတော့ အိမ်ကို သော့ခတ်ကာ ထားရစ်ခဲ့သည်လည်း မဟုတ်ရာ အနီးအနားကို ခေတ္တခဏ သွားလိမ့်မည်ဟု ထင်မိသည်။ အိမ်သော့ကို အစ်ကိုလေးနှင့် ကျွန်တော် တစ်ယောက်တစ်ချောင်း ဆောင်ထားသည်မို့ (မိတို့ အိမ်သို့ လိုက်ပါ သွားသည် ဖြစ်စေ) ဝေးဝေးသွားလျှင်တော့ သော့ခတ်ထားခဲ့ရမည်ဟုပင် ကျွန်တော်က တွက်ချက်မိခြင်း ဖြစ်သည်။

သို့ရာတွင် တစ်စ တစ်စနှင့် ည အမှောင်ထုသည်သာ နက်ရှိုင်း လာခဲ့၏။ မိုးကလည်း တစိမ့်စိမ့် တဖွဲဖွဲ့ ရွာစ ပြုနေသည်။ အစ်ကိုလေး တို့မှာ အရိပ်အယောင်မျှပင် မမြင်ကြရသေး။ သက်ရှယ် နုနယ်၍ ဆင်ခြင် နည်းပါးသူများ ဆိုလျှင်လည်း နှစ်ဦးသဘောတူ ထွက်ပြေးသွားကြလေ ပြီလားဟု ထင်စားရန် ရှိသေးသည်။ ယခုတော့ အခြေအနေကို စဉ်းစား၍ မရနိုင်ဖြစ်ကာ စိုးရိမ်ပူပန်စ ပြုလာရ၏။

ဤကဲ့သို့ ကျွန်တော်တစ်ယောက်တည်း စိုးရိမ် စိတ်မချ ဖြစ်နေ ရပြီးခါမှ အစ်ကိုလေးက ပေါ်ပေါက်လာလေသည်။ ပေါ်လာပြန်တော့လည်း တွေးရခက်ကြီးနှင့် အံ့အားသင့်သွား စေပြန်သည်ပင် ဖြစ်ပါ၏။

အစ်ကိုလေး၏ တစ်ကိုယ်လုံးမှာ မိုးရေများ စက်စက်ပေါက်ပေါက် ကျအောင် ရွှဲစိုကာ တုန်ခိုက်၍ နေပေသည်။ ခေါင်းထက်က ဆံပင်များမှ

စီးကျလာသော ရေစီးကြောင်းတွေမှာ မျက်လုံးအိမ်ကို လည်းကောင်း၊ မျက်မှန်ကို လည်းကောင်း ကျော်ဖြတ်ကာ စီးဆင်းနေကြသည်။

အစ်ကိုလေးသည် မျက်နှာမှ ရေစီးကြောင်းများကို သုတ်ရင်း၊ ဖယ်ရင်းမှ မမြင်မစမ်းနှင့် ယိမ်းထိုးလှုပ်ယမ်းလျက် ရှိလေ၏။ ချမ်းလှသဖြင့် တုန်ယင်နေပုံလည်း ရပေသည်။ သို့ကြောင့်သာ ကျွန်တော်က စိုးရိမ် ထိတ်လန့်စွာ အော်လိုက်မိခြင်း ဖြစ်ပါ၏။

ကျွန်တော့်အသံကို ကြားတော့မှ အစ်ကိုလေးက ခပ်ဝါးဝါးနှင့် ပြန်ကြည့်ကာ ပြုံးလိုက်သည်။ ဤအပြုံးမှာ အပြုံးမည်ကာမျှ ဝတ်ကျေ တမ်းကျေ ပြုံးလိုက်ခြင်း ဖြစ်ကာ အသက်မပါလှသည်ကို ကျွန်တော် သိပါသည်။

ပြီးတော့မှသာ အစ်ကိုလေးသည် နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်ကြီးပေါ်ကို လေးလေးပင်ပင် ထိုင်ချလိုက်ပါ၏။ ကျွန်တော်က အစ်ကိုလေး ဝတ်ရန် အနွေးထည်ကြီးနှင့် ကိုယ်သုတ်ပဝါကြီးကို သွားယူပေးလိုက်ရသည်။

'အစ်ကိုလေးတော့ ဖျား ... ဖျားလိမ့်မယ် ထင်– ထင် ... တယ်'

အစ်ကိုလေးသည် အဝတ်လဲရင်းနှင့်မှ သွားချင်းရိုက်အောင် မေးခိုက်ခိုက်တုန်ပြီး ပြောလေသည်။

'ထီးလေး ဘာလေး ယူသွားရောပေါ့ အစ်ကိုလေးရယ်၊ မိတို့များကလည်း ဒါလောက်တော့ အရိပ်အခြည် သိတတ်ဖို့ ကောင်းပါတယ်၊ ကားနဲ့ ပြန်ပို့ပေးရောပေါ့' ဟု ကျွန်တော်က မိကို အပြစ်ပြောမိတော့သည်။

အစ်ကိုလေးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ မထုံတက်သေး လုပ်နေ၏။ ဆံပင်ကို ကိုယ်သုတ်ပဝါကြီးနှင့် ပွတ်သုတ်ကာ အဝတ်များ လဲလှယ်ပြီးတော့မှသာ ကျွန်တော်က အခန်းထဲသို့ တွဲပို့ပေးရသည်။

အိပ်ရာခုတင်ထက်မှာ စောင်ခြုံပေးထားပြီးနောက် တဟီးဟီးနှင့် အဖျားတက်လာတော့မှပင် လွတ်ခနဲ လွတ်ခနဲနှင့် ပြတ်တောင်းပြတ်တောင်း ညည်းညူ ပြောဆိုသည်များကို ထောက်ရှုကာ သူတို့ အကြောင်းကို ကျွန်တော် သိခွင့်ရတော့ပေသည်။

ညနေက ကျွန်တော် ထွက်ခွာသွားသည့်နောက်တွင် အစ်ကိုလေးသည် သူ၏ အကြောင်းကုန်စင်ကို မိအား ပြန်လည်ပြောပြခဲ့၏။ ပထမတော့ မိသည် စိတ်ဝင်တစားပင် နားထောင်နေခဲ့ဟန် တူလေသည်။ သို့ရာ

တွင် အစ်ကိုလေးက အိကို ခိုးပြေးသွားပြီး၍ အဆိပ်သောက်ကာ အိ သေဆုံးသွားကြောင်းကို ရောက်သည်တွင်မူ မိသည် ရုတ်တရက် မျက်နှာ ပျက်သွားရာမှ ရှိုက်ကြီးတငင် ငိုချလိုက်တော့ပေသည်။

ငို၍ အားရသောအခါ ဤအပြစ်မှာ သူ့အတွက် ခွင့်လွှတ်နိုင်လောက် သည့် အပြစ်မဟုတ်ကြောင်း၊ သူနှင့် အစ်ကိုလေး၏ ဇာတ်လမ်းကို ရှေ့ ဆက်ရန် မဖြစ်နိုင်တော့ပါ၍ ရပ်တန်းက ရပ်ပါတော့မည် အကြောင်းများ ကို ပြောဆိုပြီး သူတစ်ယောက်တည်း အိမ်ကို ပြန်သွားတော့သည်။

အစ်ကိုလေးမှာ သံမှိုစွဲထားသလို တစ်ယောက်တည်း ငေးငိုင်ကာ ကျန်ရစ်၏။ သူ့အဖို့ ကမ္ဘာလောကကြီးသည် ဟာလာဟင်းလင်းနှင့် ကျဲ တောက်တောက်ကြီး ဖြစ်သွားသည် ထင်မိသည်။

'ဒါဟာ ကိုယ်ပြုမှားမိတဲ့ အပြစ်အတွက် လှလှကြီး ဒဏ်ခံရတာပဲ၊ ခံနိုင်ရည်ရှိအောင်ပဲ ခံပေတော့ပေါ့' ဟု စိတ်ကို ဖြေဆည်ကာ တင်းထား သော်လည်း အဖြစ်ဟောင်းနှင့် အဖြစ်သစ်အတွက် ရောနှောက်ခံစားရမှုက ပြင်းထန်လှသည်မို့ တင်းမရနိုင် ဖြစ်နေသည်။

ရင်ထဲမှာ အနေခက်လှသောအခါ သက်သာလို သက်သာငြား ဟု လမ်းထွက်လျှောက်မိသည်။ အိမ်ကို သော့ခတ်ခဲ့ရန်၊ ထီးနှင့် မိုးကာကို ယူ ရန်လည်း လုံးဝ သတိမရမိပေ။ ဆွေးဆွေးမြည့်မြည့်နှင့် တွေးချင်ရာတွေး ကာ ခြေဦးတည့်ရာ လျှောက်လာခဲ့သည်မှာလည်း တက္ကသိုလ်နယ်မြေထဲ သို့ပင် ရောက်လာခဲ့ပြီ ဖြစ်လေ၏။ သည်အခိုက်မှာ မိုးခပ်သဲသဲ ရွာချလိုက် တော့သည်။ ဤတွင်မှာလည်း အစ်ကိုလေးမှာ သူရူးသဖွယ် ဖြစ်နေသော သူ့အဖြစ်အတွက် သတိဝင်လာသည်။

သို့နှင့် ဘတ်စ်ကား စီးပြန်ရန် အိတ်ထဲသို့ နှိုက်ကြည့်လိုက်မိတော့ လည်း ပိုက်ဆံက တစ်ပြားမျှ ပါမလာခဲ့ပြန်ပေ။ တက္ကသိုလ်နယ်မြေရှိ အသိ တစ်ဦးဦး၏ အိမ်ကို ဝင်ရန်မှာလည်း ကိုယ့်အဖြစ်နှင့် ကိုယ် လိပ်ပြာမလုံ ဖြစ်နေသည်။ နောက်တော့ ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ မိုးရေထဲ မှာပင် ပေပေတေတေ ပြန်လျှောက်လာခဲ့ရသည်။

အစ်ကိုလေး၏ အဖြစ်ကို ဤမျှထိ ဆက်စပ်နားလည်လာသောအခါ ကျွန်တော်က ကျွန်တော် ချစ်မြတ်နိုးသော အစ်ကိုလေး၏ ကိုယ်စား မ သတ္တဝါတို့၏ အချစ်စိတ် ဆိုသည်ကို အထင်သေးစွာ ပြန်တင်ရှုတ်ချမိသည်။

ငယ်ရွယ်စဥ်က ပြုမိမှားသော အဖြစ်တစ်ရပ်အတွက် နောင်တစိတ်ကို အသည်းနှင့်မျှ ခံစားရကာ ရှေ့ခရီးတစ်လျှောက်တွင် ထိုကဲ့သို့သော အပြစ်အနာများကို တမြုတမြေးမျှ မတင်ရလေအောင် ဖြူဖြူစင်စင် ပြုပြင်ထိန်းသိမ်းလာခဲ့သူ တစ်ဦးအပေါ်ဝယ်၊ အကောင်း ဟူသမျှကို ကျော်လွန်ပြီး အဖြစ်ဟောင်းကလေး ကွက်ကွက်ကိုသာ ကြည့်တတ် မြင်တတ်လေသည်မှာ အဘယ်မျှ ပေါ့ပြက်သော မေတ္တာမျိုးပါနည်း။

ခွင့်လွှတ်နိုင်မှုကို ကိုယ့်ဘက်က မျှမျှတတ မထားလိုဘဲ တစ်ချက်လွှတ် အမိန့်မျိုးဆန်ဆန် ကိုယ့်အလို တစ်ခုတည်း အတွက်သာ ပြဋ္ဌာန်းတတ်သော မိသည် ကျွန်တော့် အစ်ကိုလေးထက် သာလွန်မွန်မြတ်သော၊ အပြစ်ကင်းမဲ့သော ပုဂ္ဂိုလ်မျိုးကို သံသရာဆုံးအောင် ရှာဖွေစေဦးတော့၊ လောကီနယ်ထဲတွင်ဖြင့် တွေ့ရအံ့ဟု မထင်ပါ။

ပုထုဇဥ်သားမှန်လျှင် ချို့ယွင်းချက် တစ်ခုခုတော့ ရှိတတ်သည် ဟူသော သဘောကို တရားမဲ့စွာ ပစ်ပယ်၍၊ အပြစ်အနာကို မေတ္တာဖြင့် ဖာထေးခြင်း မပြုနိုင်သော မိအား ယခင်က အထင်ကြီးခဲ့သည်နှင့် အမျှပင် ယခုအခါမှာ ကျွန်တော် နာကြည်းမိပါ၏။

သို့ရာတွင် အကယ်၍ မိ အနေနှင့် စိတ်ပြောင်းလာလျှင် အစ်ကိုလေးအဖို့ သက်သာရာ ရလေမည်လား ဟူသော မျှော်လင့်ချက်တစ်ခုနှင့် ကျွန်တော်တို့ဘက်က အလွန်မရှိစေရန် အတွက်ကိုမူ ကျွန်တော်သည် ဆရာဝန် ခေါ်သွားရင်းနှင့် မိထံသို့ ဝင်ရောက် သတင်းမေးရပါသေး၏။

ကျွန်တော် ရောက်သွားသည့် အချိန်မှာ ဦးနှင့် ဒေါ်ဒေါ်တို့ မရှိကြပါ။ မိသည် ခေါင်းကိုက်၍ အခန်းထဲမှာ လှဲနေရကြောင်းကို အိမ်ဖော်တစ်ယောက်က ပြောပြပါသည်။ ကျွန်တော်က သူ့အခန်းဝမှာ သွားရပ်ကာ ပြောရပါသည်။

'မိ ခေါင်းကိုက်နေလို့ ဆို၊ အစ်ကိုလေးလည်း အအေးမိပြီး ကောက်ရသလို ဖျားနေတယ် မိရယ်'

'ဘာလဲ၊ ဆရာဝန် မခေါ်တတ်လို့ မိကို လာပြောရတာလား'

မိက နောက်ကျောခိုင်းနေရာမှ ကျွန်တော့်ကို လုံးဝ လှည့်မကြည့်ဘဲ အငေါ်တူးတူး ပြန်ပြောပါသည်။ ကျွန်တော့်မှာ ထိန်းချုပ်ထားရသော စိတ်

များ ပေါက်ကွဲလုလု ဖြစ်သွားကာ ဘာဆိုဘာမျှ ပြန်ပြောနိုင်ခြင်း မရှိဘဲ ခြေကို ဆောင့်နင်းပြီး လှည့်ထွက်ခဲ့မိပါသည်။

တရေစိမ် မခံသော မေတ္တာရှင်တစ်ယောက်က မည်မျှ လျစ်လျူပြု နိုင်ပါစေ၊ ကျွန်တော် ချစ်ကြည်ညိုသော အစ်ကိုလေးအား ကျွန်တော်ပင် အနွံ့အတာခံကာ ပိုက်ထွေးယုယ ပြုစုရပါချေမည်။ အစ်ကိုလေး၏ မိတ်ဆွေ ဖြစ်သော ဆရာဝန်ကလည်း အထူးဂရုစိုက်ကာ ပြုစုကုမ ပေးရှာပါသေး၏။

'အစ်ကိုလေး မိုက်တာပါပဲ ညီလေးရယ်၊ တစ်ကြိမ်တစ်ခါ အသည်းကျွမ်းအောင် ခံစားခဲ့ရတာကို အမှတ်မထားနိုင်သေးဘဲနဲ့ မီးကို ဝင်တိုးမိအောင် တိုးသေးတာ ကိုယ့်မိုက်ပြစ်နဲ့ ကိုယ် ခံရမှာပဲပေါ့' ဟု အစ်ကိုလေးကတော့ သူ့ကိုယ်သူသာ အပြစ်တင်ပြီး ပြောနေပါသည်။

ကျွန်တော်မှာ ယခုအချိန်ထိအောင် အစ်ကိုလေးက တစ်ဖက်သူကို အပြစ်မယူ ကြည်ဖြူနေနိုင်ခြင်းအတွက် မကျေမချမ်း ဖြစ်နေရသည့်တိုင် အစ်ကိုလေးစိတ်ကို အနှောင့်အယှက် မပြုလိုသည်မို့ ငြိမ်သက်စွာ နားထောင်နေခဲ့ရပေသည်။

တစ်ပတ်လောက် နေတော့ အစ်ကိုလေးမှာ သိသိသာသာပင် နေကောင်းစ ပြုလာ၏။ သို့ရာတွင် စိတ်ဝေဒနာကတော့ တော်တော် အထိနာသွားဟန် တူပေသည်။ အသားအရေများ ညှိုးချုံးကာ ယူပစ်လိုက်သလို ပိန်ကျသွားပေသည်။ သူ့ဘဝကို သူ့ပညာနှင့် အသိတရားကသာ ထိန်းချုပ်မထားနိုင်ခဲ့လျှင် ဘယ်လို အဖြစ်သို့ ရောက်ရှိသွားမည်ကို မတွေးရက်နိုင်အောင် ရှိလှသည်။

အစ်ကိုလေး နေမကောင်းနေသည့် အတွင်းမှာ ဘိုးဘိုးအောင်နှင့် ဦးဦး ဖေခင်တို့လည်း နှစ်ကြိမ်မျှ လာရောက် မေးမြန်းကြပါသေးသည်။ လူမမာ မေးရင်းနှင့် ရယ်စရာ မောစရာများ၊ နိုင်ငံရေးနှင့် စာပေရေးရာများကို ဆွေးနွေးပြောဆိုသွားကြတော့လည်း အစ်ကိုလေးသည် မချိသောနှလုံးကို ဖုံးအုပ်သိုဝှက်ကာ အလိုက်သင့် ပါဝင်ရောနှောနိုင်ခဲ့သည်သာ ဖြစ်ပါသည်။

မိကတော့မူ ရက်အကန့်အသတ် မထားဘဲ တတ်နိုင်သမျှဟု ပြောကာ သက်သတ်လွတ် စားပြီး ဥပုသ်စောင့်နေကြောင်းဖြင့် ဦးဦး ဖေခင်ထံမှ သတင်းရရှိပါ၏။ မှတ်ကျောက်တင် မခံသော အယောင်ဆောင် မေတ္တာမျိုးဖြင့် အေးအေးချမ်းချမ်း နေနိုင်သူတော့ နေနိုင်မည်ပင် ဖြစ်ပါသည်။

(၁၀) ရက်မြောက်သော နေ့တွင်မူ အစ်ကိုလေးသည် သတင်းစာတိုက်သို့ အလုပ် ပြန်ဆင်းနိုင်လာ၏။ သိပ်ပြီး ပင်ပန်းမခံသေးရန်ကိုမူ ကျွန်တော်က တဖွဖွ သတိပေးခဲ့ရသေးသည်။

အလုပ်ဆင်း၍ ၄–၅ ရက်မျှ ကြာခဲ့သည်တွင်ကား ကျွန်တော့်အနေနှင့် အစ်ကိုလေး အပေါ်မှာ စိတ်ချလက်ချ ရှိစပြုလာသည်။ အစ်ကိုလေးသည် ဒုတိယမြောက် အသည်းဒဏ်ရာကိုလည်း အကျိုးပြု လုပ်ငန်းများနှင့်ပင် ကုစားနိုင်လိမ့်မည်ဟု မျှော်လင့်မိပေသည်။

သို့ရာတွင် ကျွန်တော့် မျှော်လင့်ချက်မှာ မကြာမီ ရက်ပိုင်း အတွင်းတွင်ပင် မွမွကြေကြေ လွင့်စဉ် ပြိုကွဲရခြင်းမှာ ကျွန်တော့်အတွက်ပါ အထိနာလှပါချေသည် တကား။

ထိုနေ့ညနေတွင် အစ်ကိုလေးသည် သက္ကလတ်ဝတ်စုံ (၃) စုံမျှကို စတိုးဆိုင်ကြီး တစ်ဆိုင်မှာ အပ်နှံထားခဲ့သဖြင့် သွားရောက်ယူပေးရန် ကျွန်တော့်အား စေလွှတ်လိုက်ပါသည်။ ကျွန်တော် ဝတ်စုံများ ယူဆောင်ပြီး ပြန်လာသောအခါတွင်မူ အစ်ကိုလေးသည် သူ၏ တယောပြား အိတ်ကလေးနှင့် လက်ဆွဲသားရေအိတ်ကို အသင့်ပြင်ဆင်လျက် ခရီးထွက်တော့မည့် ဆဲဆဲလို ဖြစ်နေတော့ပါသည်။

'အစ်ကိုလေး ဘယ်သွားမလို့လဲ ဟင်'

ကျွန်တော်က မေးတော့မှ အစ်ကိုလေးက မချိသွားဖြဲ ပြုံးလိုက်ပါသည်။ ပြီးတော့ ကျွန်တော် ယူလာသည့် ဝတ်စုံများကို လက်ဆွဲအိတ်ထဲသို့ ထည့်သွင်းရင်းနှင့်–

'ညီလေး ကောလိပ်ရောက်ရင် ဆိုင်းယင့်စ်ကို ယူနော်' ဟု ကျွန်တော့် အမေးကို မဖြေဘဲ မဆီမဆိုင် မှာကြားနေပြန်ရာ၊ ကျွန်တော့်ရင်မှာ လှုပ်ရှားစ ပြုလာရပါသည်။

'အစ်ကိုလေး မရှိပေမဲ့ ဘာမှ အားမငယ်ပါနဲ့ကွယ်၊ ဒီသက်ဒီရွယ် ရောက်မှတော့ ကိုယ့်ဘဝကိုယ် ပြုပြင် တိမ်းမတ်နိုင်ကောင်းပြီပေါ့'

အစ်ကိုလေးက ဆက်လက်မှာကြားနေပြန်တော့လည်း ကျွန်တော်မှာ အစ်ကိုလေးကိုသာ ဝမ်းနည်းပန်းနည်း ပြန်ကြည့်ပြီး နှုတ်ဆွံ့နေသလို ဖြစ်နေသည်။

'ညီလေးကို ဖေဖေ ပေးခဲ့တဲ့ ငွေ ၅၀၀၀ ရယ်၊ အစ်ကိုလေး ထားခဲ့

တဲ့ ငွေ ၂၀၀၀ ရယ်ကို လိုအပ်သလို ဘဏ်မှာ ထုတ်ယူပြီး သုံးပေါ့ ဟုတ်လား၊ ရော့ ... ဒီမှာ ချက်စာအုပ် ယူထားလိုက်'

အစ်ကိုလေးက သည်လိုပြောနေပြန်တော့ ဆို့နင့်နေသော ရင်ကို ရှင်းနိုင်ရန်အတွက် တံတွေးတစ်ချက် မျိုချလိုက်ကာ ကျွန်တော်က စကား စ နိုင်ပါတော့သည်။

'ကျွန်တော့်အရွယ်တုန်းက အစ်ကိုလေးလည်း လောကကို ရင်ဆိုင်ရမှာ သိပ်ကြောက်ခဲ့တယ်ဆို၊ ကျွန်တော့်ကျမှ ပစ်ထားခဲ့တော့မှာလား အစ်ကိုလေး။ အစ်ကိုလေးက ဘယ်ကို သွားမှာမို့လဲဟင်၊ ကျွန်တော့်ကိုပါ ခေါ်သွားပေါ့ အစ်ကိုလေးရယ်'

'ကိုယ့်စိတ်က နေလို့မဖြစ်နိုင်အောင် ဒုက္ခပေးနေတော့လို့ အရှုံးနဲ့ ထွက်ပြေးရမဲ့ လူတစ်ယောက်နောက်ကို ဘာလို့ ဒုက္ခခံပြီး လိုက်ရမှာလဲ ညီလေး။ ညီလေးမှာ ဘဝတက်လမ်းကို ရှေးရှုစရာတွေ အများကြီး ကျန်ပါသေးတယ်ကွယ်၊ ငါ့ညီကို ကြီးပွားစေချင်လွန်းလို့၊ သနားလွန်းလို့ အစ်ကိုလေး ခေါ်မသွားရက်တာပါ၊ အစ်ကိုလေး သွားမဲ့ နေရာလည်း မသိချင်ပါနဲ့တော့ ညီလေး။ နိုင်ငံခြား တစ်နေရာကနေပြီး ညီလေးကို အမြဲ သတိရနေမယ်၊ အောက်မေ့ လွမ်းဆွတ်နေမယ် ဆိုတာသာ ယုံပါကွာ'

'ဟင့်အင်း ... အစ်ကိုလေးက နောက်ကွယ်ရောက်မှ အောက်မေ့မှာ၊ ကျွန်တော်က အခုလွမ်းတယ်၊ အခုအောက်မေ့တယ်၊ ကျွန်တော် မခွဲနိုင်ဘူး'

ကျွန်တော်က စိတ်ထဲမှာ ရှိသည့်အတိုင်း ဖွင့်ပြောတော့ရာ အစ်ကိုလေး မျက်နှာမှာ ညှိုးရိပ်သမ်းသွားပါသည်။ သို့ရာတွင် တစ်ခဏချင်းမှာ ဖြေဆည်အားတင်းကာ ပြုံးလိုက်ပြန်ပါ၏။

'မဖြစ်ကို မဖြစ်နိုင်တော့တာမို့ ဒီလို စီစဉ်ရတာပါညီရာ၊ အစ်ကိုလေး ဒုက္ခရောက်နေတာကို မမြင်ချင်စမ်းပါနဲ့တော့၊ အစ်ကိုလေး အနေက ဖြစ်နိုင်ရင် မနက် (၃) နာရီလောက်မှာ ထွက်မဲ့ လေယာဉ်ပျံကိုတောင် အခု ထွက်လိုက်စေချင်တယ်၊ မနက် ဒီက ထ သွားရရင် အချိန်မမီမှာ တောင် စိုးရိမ်မိလွန်းလို့ သူငယ်ချင်း တစ်ယောက်အိမ်မှာ အခုည သွားအိပ်နေရမှာ၊ ကဲ–ညီလေးရယ် လိမ်လိမ်မာမာသာ နေရစ်ပေတော့ကွယ်'

အစ်ကိုလေးက ပြောပြောဆိုဆိုနှင့် လက်ဆွဲအိတ်ကို ကောက်ဆွဲပြီး တစ်လှမ်းချင်း ခပ်လေးလေး လှမ်းထွက်တော့ပါသည်။

'ကျွန်တော် တောင်းပန်ပါတယ် အစ်ကိုလေးရယ်၊ မသွားပါနဲ့၊ မသွားပါနဲ့၊ ကျွန်တော် မနေခဲ့နိုင်ဘူး၊ အစ်ကိုလေး မသွားရဘူး'

ကျွန်တော် ချစ်ကြည်ညိုသော အစ်ကိုလေး၊ ကျွန်တော့်ဘဝကို ထူထောင်ပေးသည့် ကျေးဇူးရှင် အစ်ကိုလေး၊ သည်အစ်ကိုလေးနှင့် ပြန်လည်ဆုံတွေ့ခြင်း မရှိနိုင်တော့အောင် အပြီးသတ် ခွဲခွာရမည်ကို ကျွန်တော့်ရင်ထဲက မခံမရပ်နိုင် ရှိလွန်းလှပါသည်။ ကျွန်တော်သည် ပါးစပ်မှ ပြောမိပြောရာကို ပြောပြီး အစ်ကိုလေး၏ လက်ဝဲလက်ကို လက်မောင်းရင်းမှနေကာ တအားဖက်တွယ် ဆုပ်ကိုင်ထားလိုက်မိပါ၏။ အစ်ကိုလေးကတော့ ရီဝေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ခပ်တွေတွေ ပြန်ကြည့်နေတော့သည်။ ပြီးတော့ တစ်ခဏချင်းမှာပင် အစ်ကိုလေး၏ မျက်နှာထားသည် တင်းခနဲ ဖြစ်သွား၏။ ထိုသည်နှင့် တစ်ပြိုင်နက်မှာပင် သားရေအိတ်ကို ဖုတ်ခနဲ လွှတ်ချလိုက်ကာ ပြင်းထန်သော လက်သီးတစ်ချက်သည် ကျွန်တော်၏ နားရင်းဆီသို့ "ခွပ်" ခနဲ ကျရောက်လာလေသည်။

ကျွန်တော်မှာ နောက်သို့ ဖင်ထိုင်လဲကျသွားတော့၏။ မျက်လုံးထဲမှာ မီးဝင်းခနဲ ဖြစ်ကာ ခေါင်းထဲမှာ ထုံကျဉ် မူးဝေပြီး တော်တော်နှင့် ခေါင်းမထူနိုင်အောင်လည်း ဖြစ်သွားရသည်။

အစ်ကိုလေးသည် ဤတွင်မှပင် သူ့လက်ဆွဲ သားရေအိတ်ကို ကောက်ဆွဲလျက် ဦးခေါင်းငိုက်စိုက်နှင့် လေးလေးလံလံ ထွက်ခွာသွားသည်ကိုတော့ ကျွန်တော်၏ မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများက မြင်လိုက်နိုင်ပါသေး၏။ အရှေ့ကိုလော၊ အနောက်ကိုလော ဘယ်ဝယ်ဘယ်ဆီ ထွက်ခွာသွားသည်ကိုဖြင့် ကျွန်တော် မသိစွမ်းနိုင်တော့ပါပြီ။ ကျွန်တော် မည်မျှ ဝမ်းနည်း ဆွေးမြည့်ရသည်ကိုကော ဘယ်လိုလုပ်၍များ စာဖွဲ့နိုင်ပါဦးမည်နည်း။

၁၀ မိနစ်ခန့် ငြိမ်သက်စွာ နေခဲ့ပြီး၍ ခေါင်းထဲမှ ထုံကျဉ် မူးဝေခြင်းများ ပပျောက်သွားတော့လည်း ရင်ထဲမှာ၊ ဦးနှောက်ထဲမှာ ဟာလာ ဟင်းလင်းကြီးသာ ရှိနေ၏။ ဤအဖြစ်အတွက် ကျွန်တော်က ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်သည်။ ကြုံရာ ဘားတစ်ခုခုသို့ သွားရောက်ကာ အရက်ကို မူးလဲသည်အထိ သောက်လိုက်ရပေမည်။

*

'အမိုက်မ မိတစ်ယောက် မိုက်မိ မှားမိလေသမျှအတွက် အခုတစ်ခါ ထပ်ပြီး တောင်းပန်ပါရစေဦး ကိုလေးရယ်၊ မိအပြစ်ကို ကျေပါနော်'

'အို ... ထ–ထ–ဘယ့်နှယ် ခြေထောက်ကို ဆံပင်နဲ့ တိုက်နေရတယ် လို့ပဲ၊ မလုပ်ကောင်းပါဘူးမိရယ်၊ ကိုယ့်မှာ ဘာအပြစ်မှ မရှိဘဲနဲ့ ဒါလောက် ပဲ တောင်းပန်နေရသတဲ့လား၊ တကယ် အပြစ်ရှိတာက ကိုလေးရယ်ပါ'

'အို–ဟင့်အင်း ... ဒီလို မပြောရဘူး၊ ဒီလိုပြောတာကို မိ မကြားချင် ဘူး၊ တစ်ကြိမ်တစ်ခါ မှားခဲ့ဖူးတာက ဟိုတုန်းက တင်လှမောင် ဆိုတဲ့ ကောင်ကလေး။ အခုဟာက မိ ကြည်ညိုတဲ့ စာရေးဆရာကြီး လှမွန် ... မိချစ်တဲ့ ကိုလေး ... ကဲ'

'အမယ် ... သူ ခုမှ စကားတွေ သိပ်တတ်နေတယ်၊ တော်တော်ကြာ ကိုလေးကို မေ့ပြီး တင်လှမောင်ကိုသာ သတိရနေမှဖြင့်'

'ဘာလဲ၊ ကိုလေးက ဘာမနာလိုနေရတာလဲ၊ ဒါလောက်ရှိလှတာ တင်လှမောင်ကိုပဲ မိ ချစ်မယ်၊ သူ့မှာ ရှိဖူးတဲ့ အပြစ်ကို မိမေတ္တာနဲ့ ဆေး ကြောပြီးတော့ ချစ်နေမယ်၊ ကဲ'

'တင်လှမောင်က မိကို သူ့ထက် အသက်ကြီးနေလို့ ချစ်ရမှာ ရှက် နေရင်တော့ကော ...'

'တယ် ... ဘယ်သူ့ကို စောင်းတရားဟောနေရတုန်းဟင်၊ အဲဒီ တင်လှမောင်တော့ ရင်ဘတ်ကြီးကို ပိတ်ထုပစ်လိုက်ရပြန်'

'ဟဲ–ဟဲ–ဟဲ–ဟဲ'

'ခစ်–ခစ်–ခစ်'

ရယ်သံများနှင့် ရောနှောက်လိုက်သော စကားသံ တတွတ်တွတ်ကို နားထဲမှာ ကောင်းစွာ ကြားနေရသည့်တိုင် ဦးခေါင်းထဲမှာ ရီဝေလေးလံ၍ နေကာ မျက်စိမဖွင့်နိုင် ဖြစ်နေရသေးသည်။ အိပ်မက်မဟုတ်နိုင်သည် ကိုတော့ ကျွန်တော် ကောင်းစွာ သိနေပါ၏။ သို့တိုင်အောင် အိပ်မက်နှင့် တူလှချည်ဟုလည်း ထင်စားမိသေးသည်။ ဝိုးတဝါးအသိကို မဖြေရှင်းနိုင် သေးဘဲနှင့်ပင် ကျွန်တော်က မှိန်းနေလိုက်ပြန်ပါ၏။

'ကဲ သွား–သွား–မျက်နှာသစ်ပါဦး၊ ကိုအောင်လည်း နှိုးလိုက်တော့ မယ် နော်'

'နှိုးပါနဲ့ဦး မိရယ်–အိပ်ရေးဝအောင် အိပ်ပါစေ ... ဒီကောင်ကို အစ်ကို

လေး သိပ်သနားနေမိတယ်၊ သွားခါနီး ရက်ရက်စက်စက် လုပ်ပစ်ခဲ့ရတုန်း ကများ ရင်ထဲမှာ နင့်သွားတာပဲ'

'ဟွန်း ... ညီအစ်ကိုတွေက သိပ်အဖြစ်သည်းတာပဲ၊ ကိုလေးညီက လည်း မူးသာမူးတယ်၊ အမူးပါးကြီး သိလား၊ စကားမတတ်ဘူး မတတ်ဘူး နဲ့၊ တတ်လိုက်တာလည်း လွန်ပါရော'

'အဲ-အဲ-သူ ဘာတွေပြောလဲလို့ ပြန်ပြောစမ်းပါဦးမိရယ်၊ ကားပေါ် မှာတုန်းကလည်း ဦးနဲ့မို့ သေသေချာချာ မမေးခဲ့ရဘူး'

'ဘာပြောရမလဲ ကိုလေးရဲ့၊ မိကို ရန်လာတွေ့တာပေါ့၊ ဘယ်လို မေတ္တာမျိုးမို့ ကိုလေးအပေါ်မှာ ခွင့်မလွှတ်နိုင်ရတာလဲတဲ့၊ ကျောက်မျက် ရတနာကောင်း မှန်ရင် အနာလွတ်ခဲ့ပါတယ်တဲ့၊ အစ်ကိုလေးလို စာရေး ဆရာ၊ သတင်းစာဆရာကောင်း တစ်ယောက်ကို တိုင်းပြည်က လက်လွှတ် လိုက်ရတာမှာ ခင်ဗျားဟာ တရားခံပဲတဲ့၊ ဒီအကြောင်းကို တိုင်းပြည်က သိအောင် ဖော်ကောင်လုပ်ရပါလိမ့်မယ်တဲ့၊ အောင်မလေး ... အရှည်အဝေး ပါပဲ ကိုလေးရယ်၊ မိတောင် ပြန်မပြောတတ်တော့ဘူး'

'ဒီတော့ မိက ...'

'မိက ငိုတာပေါ့၊ မိအသည်းထဲမှာလည်း လောင်ကျွမ်းသလို ဖြစ် ပြီး တမြည့်မြည့် ဆွေးနေခဲ့ရတာပါ၊ ကြည်ညိုလွန်းမက ကြည်ညိုနေတဲ့ လူတစ်ယောက်ကို မမျှော်လင့်ခဲ့ဖူးတဲ့ ပြစ်ချက်မျိုးနဲ့ ယှဉ်တွဲပြီး သိလိုက်ရ တော့ ရင်ထဲမှာ သိပ်နာပြီး ကိုယ့်စိတ်ကိုယ် လှည့်စားမိတာ၊ တင်းမာမိတာ ပေါ့။ တကယ် အစစ်အမှန်ကျတော့ ဘယ်မှာ ဟန်ဆောင်လို့ ရတော့မှာလဲ၊ မိလေ ... ကိုအောင်ကို စိတ်ဆိုးရမဲ့အစား မရှက်နိုင်၊ မကြောက်နိုင် လူး လို့ချည်း ငိုပစ်မိတာ တစ်အိမ်လုံးလည်း သိကုန်ပါရောပေါ့'

'ဒါပေမဲ့ ခမည်းတော်ကြီးက တော်ရှာပါတယ်ကွယ်'

'အဟင်း ... တော်လို့သာ ပြေးမဲ့ဆဲဆဲ ဝရမ်းပြေးကြီးကို ဖမ်း လာမိတာပေါ့၊ ဖေဖေက နှစ်ဦးနှစ်ဖက် ဒုက္ခရောက်အောင် ကိုယ့်စိတ်ကိုယ် ဘာလို့ လှည့်စားချင်ရတာလဲတဲ့၊ မိကိုပဲ ဆုံးမနေသေးတယ်၊ ကိုလေးညီ ကိုရော ဖေဖေကိုယ်တိုင် ချော့သိပ်လိုက်ရတယ် သိလား၊ မေမေနဲ့ မိနဲ့က တော့ ညကြီးမင်းကြီးပဲ ဒရိုင်ဘာကို နှိုးပြီး ဘိုးဘိုးအောင် အိမ်ကို ပြေး လိုက်ရသေးတယ်'

'တော်တော် ဒုက္ခရောက်သွားကြတာပေါ့လေ၊ ကိုလေး ရင်ထဲမှာလည်း ဒါလောက်မကအောင် မီးတောက်နေလို့သာ ပြေးရတာ ခင်ဗျာ့ရဲ့'

'ဟုတ်သေးဘူး-မိ သိပါတယ်၊ ယူကေသွားပြီး ခုနစ်လွှာအက ကြည့်မလို့ ဟာကို။ ခစ် ... ခစ်'

'ဟဲ-ဟဲ- တောက်တီးတောက်တဲ့တွေ ပြောရှေ့မယ်ကွာ၊ ဆက်စမ်းပါဦး ... ခုန စကားကို'

'ပြောပါ့မယ် ကိုလေးရဲ့၊ ဘိုးဘိုးအောင်ကလည်းလေ ကိုလေးနိုင်ငံခြား သွားတော့မယ် ဆိုတာကို မိတို့ ပြောပြမှ သိရတော့ အံ့အားကြီးကို သင့်လို့ပဲ၊ ဘယ်နိုင်ငံသွားမယ် ဆိုတာ သူ့အဖို့လည်း မမှန်းမဆတတ်အောင် ဖြစ်ရတာပဲတဲ့၊ နေကောင်းပြီး အလုပ်ပြန်ဝင်စကတည်းက ဘာအကြောင်းမှ မပြဘဲ အလုပ်ထွက်ပါရစေ ပြောနေလို့ တစ်လလောက် စဉ်းစားပါဦးလို့ သူပြောထားရတာ၊ ဒီလို လုပ်သွားလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူးတဲ့၊ ဘဘကြီးခမျာ အတော်ကြီးကို စိတ်ထိခိုက်သွားရှာတာ၊ နောက်ပြီး ယူ-ဘီ-အေ ရုံးမှာ သွားစုံစမ်းရင်တော့ ဘယ်နိုင်ငံ သွားတယ် ဆိုတာ သိရမှာပေါ့တဲ့၊ ပြောပြီး မိတို့ အိမ်ကိုတောင် ဖေဖေနဲ့ တိုင်ပင်ပြီး သတင်းစုံစမ်းဖို့တဲ့၊ လိုက်လာခဲ့သေးတယ်'

'နို့ ... ယူ-ဘီ-အေ ကော သွားစုံစမ်းသေးသလား'

'ဟင့်အင်း ... အိမ်ပြန်ရောက်တော့ ဖေဖေက ပြောတယ်လေ၊ သွားဖို့ မလိုပါဘူးတဲ့၊ မောင်အောင်တင်က မနက် သုံးနာရီလောက် ထွက်မယ့် လေယာဉ်နဲ့ လိုက်မှာလို့ ပြောတယ်တဲ့၊ လေဆိပ်ကို ဖေဖေနဲ့ မိနဲ့ အမီ သွားစောင့်ပြီး ပြန်ခေါ်လာရင် ပြီးတာပါပဲတဲ့၊ အဟင်း ... မိတို့ အိမ်သားတွေ ဆိုတာ ဝရမ်းပြေး စောင့်ဖမ်းရတာနဲ့ ညက အကောင်း မအိပ်ရဘူး၊ သိလား'

'ကိုလေးကော အိပ်ပျော်တယ် မှတ်လို့လား၊ ဒီရောက်တော့ အချိန်ကလည်း ၄ နာရီထိုးလို့ မိုးလင်းလုနေပြီ၊ ပြီးတော့ ဒါလောက် ဝမ်းသာနေတဲ့ လူတစ်ယောက် ဝမ်းသာနေတာကိုပဲ တစိမ့်စိမ့် အရသာခံနေရသေးတာ။ ဘယ်မှာ အိပ်နိုင်တော့မှာလဲ'

မိုန်းနေသော ကျွန်တော်မှာ ကြားရသမျှဖြင့် ဇာတ်ရည် လည်သွားတော့ပြီ ဖြစ်ပါ၏။ ညဦးက ဘားမှ ထွက်လာပြီးနောက် စိတ်လိုက်မာန်ပါ

မိတို့ အိမ်သို့ ရောက်လာမိသည်ကိုလည်း မှုန်ဝါးဝါးနှင့် သတိရလာသည်။ သို့ဖြင့် ကိုယ်ကို အားနှင့် လိမ်ညှစ်ပြီး သမ်းဝေလိုက်ကာ 'ဝါး ... ဟား ... ကောင်းပါ့ဗျာ' ဟု ဆိုလိုက်ရသည်။

'ဟေး ... ညီလေး'

အစ်ကိုလေးက ကျွန်တော့်မျက်နှာပေါ်မှ စီးမိုး ငုံ့ကြည့်ပြီး ခေါ်လိုက်သည်။

'အစ်ကို ... လေး ...'

ကျွန်တော်ကလည်း အစ်ကိုလေး လက်ကို အားရပါးရ ဆွဲညှစ်ထားလိုက်သည်။

'မင်း–ကိုလေး လက်သီးနဲ့ ထိုးခဲ့မိတာကို ခွင့်လွှတ်နိုင်တယ်နော်'

'ကျွန်တော့်မေတ္တာက အထိအခိုက် မခံတာ မဟုတ်ပါဘူး အစ်ကိုလေး'

ကျွန်တော်က ဝမ်းသာမျက်ရည်များ ဝေ့လည်ကာ သည်လို ပြောတော့ မိက မခံမရပ်နိုင်သလို မျက်နက်ကလေး ဇွေကြည့်ပြီး ကိုလေးလက်မောင်းကို ပိုင်ပိုင်နိုင်နိုင် အမူအရာမျိုးနှင့် လာရောက် ဖက်တွယ်ထားလိုက်သည်။

'မမမိကိုလည်း ကျွန်တော် တောင်းပန်ပါတယ်ဗျာ' ဟု ကျွန်တော်က ပြောရ၏။

'တောင်းပန်စရာ မလိုပါဘူး ကိုအောင်ရယ်၊ ကိုအောင်ကြောင့်သာ အချိန်မီ သိရတာမို့ မိက ကျေးဇူးတင်နေပါသေးတယ်၊ နို့မို့ဆို ... မိ ရင်ကွဲသေမှာ သိလား'

'တော်ပါတော့ မမမိရာ ... နှစ်ပေါင်း (၇၀၀) က (၇) စက္ကန့်တိတိ စွန်းလာပါပြီ'

ကျွန်တော်က လက်ပတ်နာရီကို မြှောက်ကြည့်ပြီး ဟန်ပါပါ ပြောလိုက်ရာ မိက ကျွန်တော့်ရင်ဘတ်ကို တစ်ချက် လှမ်းထုလိုက်ပါသည်။

'ဘာပဲဖြစ်ဖြစ်လေ ... ညက ဖြစ်မိတာအတွက် ဦးနဲ့ ဒေါ်ဒေါ်တို့လည်း သိပ်အားနာစရာ ကောင်းနေတာမို့ တောင်းပန်ရဦးမှာပါပဲ'

'တောင်းပန်ချင် နောက်မှ တောင်းပန်ပေါ့၊ မေမေရော ဖေဖေရော

ရာပြည့်စာအုပ်တိုက်

ရွှေတိဂုံဘုရားကို အရဏ်ဆွမ်းကပ် သွားကြတယ်၊ ပြီးတော့ ဘဘကြီး ဦးထွန်းအောင် အိမ်လည်း တစ်ခါတည်း ဆက်သွားကြဦးမှာ'

'ဩော်–ကိုလေးတောင် မသိလိုက်ဘူး၊ ကားယူသွားသေးသလား'

'မယူဘူး ကိုလေး၊ ဘတ်စ်ကားနဲ့ သွားကြတယ်'

'ကဲ–ဒါဖြင့် ညီလေး ထ၊ အိမ်ပြန် အဝတ်လဲပြီး တက္ကသိုလ်ဘက် သွားကြရအောင်၊ ဟိုမှာ ကိုလေးမိတ်ဆွေ ကထိက တစ်ဦးနဲ့ တိုင်ပင်ပြီးမှ ညီလေး ကျောင်းတက်ဖို့နဲ့ ယူသင့်တဲ့ ဘာသာရပ်တွေကို စီစဉ်ပေးရမယ်။ မိလည်း လိုက်ခဲ့ပေါ့'

*

မကြာမီ ကားကလေးသည် တက္ကသိုလ်ဆီသို့ ဦးတည်ပြေးနေ၏။ ကားရှေ့ခန်းမှ ကျွန်တော်က ကားနောက်ခန်းသို့ လှမ်းကြည့်မိလျှင် ကြည်နူးဝင်းပနေသော အစ်ကိုလေးတို့၏ မျက်နှာများကို မြင်ရသည်။

ပီတိဖြင့် ဖြိုးကြွယ်နေသော ကျွန်တော်တို့ သုံးဦးသား စိတ်တွင် ကားကလေးသည် ပေါ့ပါး ညင်သာလွန်းလှသည်ဟု ထင်မှတ်နေမိ၏။ မျက်နှာကို လေတိုးဖော့သွားသည်ကပင် အရသာ ရှိနေပေသေးတော့သည်။

တကယ်ဆိုတော့လည်း ဤလမ်းခရီးသည် ဘုန်းကြီးကျောင်းသား တစ်ကောင်ကြွက် ဘဝမှ ကောလိပ်ကျောင်းသား ဘဝသို့ ရောက်ရှိလာရသော ကျွန်တော်၏ အောင်မြင်တိုးတက်မှု လမ်းခရီးဖြစ်သလို ...

အပြစ်ရှာ၍ အနာတွေ့မိသည်ကို ခွင့်လွှတ်ခြင်းဖြင့် စင်ကြယ်အောင် ဆေးကြောခဲ့ပြီးသော ရင့်သန်ကြီးမားသည့် မေတ္တာရှင် နှစ်ဦးအတွက်မှာလည်း သံသာလေကမ်း တိုင်အောင် ရည်မျှော် ပေါက်ရောက်သွားကြမည့် ချစ်လမ်းခရီး ဟူ၍ပင် မှတ်ပိုက်ထားကြလိမ့်မည်မှာ မလွဲပါချေ။ ။



စိန်စိန်

# ချစ်ပြိုး ချစ်မာန်

"အနှစ်သက်ဆုံး မြန်မာစာအုပ် (၁၀) အုပ်ထဲက (၁) အုပ်။"

–ဝင်းပေ(မြဝင်) [ ဒွတ်ဘာရီ၊ အောက်တိုဘာ ၁၉၅၇ ]။

" အချစ်ကြီး၍ အမျက်ကြီးရသော သားအမိ၏ ချစ်ပြိုးချစ်မာန်သည် စိန်စိန်၏ လက်စွမ်းကြောင့် ထင်းခနဲ ပေါ်လာရသည်နှင့်အမျှ မာနစိတ်၊ ဒေါသစိတ်တို့သည် ထိတ်လန့်ဖွယ် ကောင်းပေစွ ဟူသော အသိအမြင်နှင့်အတူ ဘယာနကရသကို အပြည့်အဝ ခံစားလိုက်ရသည်။ ဝတ္ထုထဲက ဇာတ်ကောင်နာမည်များကို မေ့သွားပြီဖြစ်သော်လည်း ထိုဝတ္ထုက ပေးသော ဘဝအသိ အာနိသင်ရှိလှသည့် ဘယာနကရသသည် ယခုတိုင် ရင်ထဲမှာ စွဲကျန်နေပါသည်။"

–မောင်ခင်မင်(ဓနုဖြူ)။ ဘာသာစာပေ သုတေသနစာတမ်းများ(၂၀၁၈)၊ စာ ၂၀၃။



ရှုမဝမဂ္ဂဇင်း(၁၉၆၂ ဇွန်၊ ဇူလိုင်၊ ဩဂုတ်)တွင် ဖော်ပြခဲ့စဉ်က–

YP467

3500Ks